www.burmeseclassic.com

သူရိန်

# ထောင်မှူးကြီးသိန်းဝင်းနှင့်သူရိန်ထွန်း

စီစဉ်သော

# လည်ပြန်ဆုစားတမ်း

ပါဝင်

အကျဉ်းထောင်သုတ၊ ရသဝတ္ထုတိုများ



မြောင်းမြမောင်ကို၊ အငြိမ်းစားထောင်အရာရှိတစ်ဦး၊ မင်းသူရိန်၊ ဗဟိုထောင် စိုးဝေ
ထောင်မှူးကြီးသိန်းဝင်း၊ ပီတြွအောင်၊ ဧရာဝတီမင်းသျှင်၊ ထောင်မှူးမှ ရွှေသုန္ဒရီ

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
သူရိန်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ▭ ၂၀၁၆၊ ဇူလိုင်လ
အုပ်ရေ ▭ ၅၀၀
မျက်နှာဖုံး ▭ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ▭ *Maw Maw (New Idea)*
အတွင်းဖလင် ▭ *Eagle*

■

ပုံနှိပ်သူ
ဒေါ်ယဉ်ယဉ်မွန်
(မြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ
ဦးသူရိန်ထွန်း (မြဲ)(၀၀၄၃၆)
သူရိန်ထွန်းစာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၈၀၀ ကျပ်

၅၉၅ ● ၅၃
ကလောင်စုံ
လည်သူစားတမ်းအပါအဝင် အကျဉ်းထောင်သုတ၊ ရသဝတ္ထုတိုများ/ ကလောင်စုံ။ –ရန်ကုန်။
သူရိန်ထွန်းစာပေ၊ ၂၀၁၆။
၂၀၄–စာ ၊ ၁၃ စင်တီ × ၂၀ ၅ စင်တီ။
(၁) လည်သူစားတမ်းအပါအဝင် အကျဉ်းထောင်သုတ၊ရသဝတ္ထုတိုများ

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လည်သူ့စားတမ်း<br>*မြောင်းမြမောင်ကို* | ၁ |
| ၂။ | ဝါသောတော်များလက်ဆောင်တော့ရှုံး<br>*အငြိမ်းစားထောင်အရာရှိတစ်ဦး* | ၂၄ |
| ၃။ | လူကိုသုံ့ပါဖိ<br>*မင်းသုရိန်* | ၃၈ |
| ၄။ | လွတ်မည့်ရက်ကိုစောင့်နေသူ<br>*ရိုးဇော* | ၅၆ |
| ၅။ | အတိတ်မှလာသောသက်သေ<br>မဟိုစော | ၇၆ |
| ၆။ | ကျွန်တော်နှင့်ဆုံတွေ့ခဲ့ရသည့်ထောင်တွင်းကနာမည်ကြီးပုဂ္ဂိုလ်များ<br>ထောင်မှူးကြီးသိန်းဝင်း | ၉၉ |
| ၇။ | အသူခံမောင်ကျောက်တဲနှင့်အဆိပ်ပင်ရေလောင်း<br>စိုးကြွယ်အောင် | ၁၂၀ |
| ၈။ | ကြံကြီးစည်များ<br>*ဇေယျာမင်းသျှင်* | ၁၄၁ |
| ၉။ | ကျွန်ုပ်မှာထောင်ထွက်ပါမောင်<br>*တောင်ရှုမမ* | ၁၇၀ |
| ၁၀။ | ပြန်လည်မွေးဖွားခြင်း<br>*ရွှေသုန္ဒရီ(သာလွှာတော်)* | ၁၉[illegible] |

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

မိအေးတို့လင်မယားနှင့် ဦးရွှေမောင်တို့လင်မယား အတော်တော့် ရေစက်ဆုံကြသည်။ ဒီတစ်ခါ မမျှော်လင့်ဘဲ လူချင်း၊ ဆုံခဲ့ရပြန်သည်။ ထိုအခါ ဦးရွှေမောင်တို့ လင်မယားက မိအေးတို့လင်မယားအတွက် အတော်စိတ်မကောင်းဖြစ်ကြရသည်။ ဦးရွှေမောင်တို့လင်မယားမှာ မိအေးတို့အတွက် စိတ်မကောင်းဖြစ်နေရစဉ် မိအေး၏ မူမမှန်သောစိတ်ကြောင့် ဒေါသဖြစ်ကြရပြန်၏။

တစ်ကြိမ်က ရွှေမောင်တို့၊ သူတို့လင်မယားနှစ်တွဲသည် တစ်နေရာတွင် ကြုံခဲ့ကြသည်။ အလွန်ခင်မင်သော မိသားစုဆက်ဆံရေးနှင့် ဆက်ဆံခဲ့ကြသည်။ ထိုစဉ်က မိအေးတွင် ကလေးသုံးယောက်ရှိ၍ ဦးရွှေမောင်တို့တွင် ကလေးခြောက်ယောက် ရှိနေပြီဖြစ်၏။

လခစားတို့ဘာဝ တွေ့ဆုံကြုံကွဲ ပျော်ရာမနေရ တော်ရာနေရဆိုသလို တစ်နေရာတွင်ဆုံပြီး ကွဲခဲ့ကြရာ ယခု မြို့တစ်မြို့တွင် ဆုံတွေ့ကြပြန်သည်။ လူချင်း

www.burmeseclassic.com

www.burmeseclassic.com



ဆုံသည်နှင့်တစ်ပြိုင်နက် မိအေးအား ကလေးခြောက်ယောက်နှင့် အပူသယ် ဒုက္ခသယ်ဘဝနှင့် တွေ့နေရတော့သည်။ အကြောင်းမှာ မိအေး၏ ယောက်ျား ကိုပေါ်တာအား ဦးရွှေမောင်၏ထောင်တွင် အချုပ်သားဘဝနှင့် တွေ့ရခြင်းကြောင့်ပင် တည်း။

ကိုပေါ်တာမှာ ငွေကိုင်စာရေးကြီးဖြစ်၍ အစိုးရငွေမကိုက်သဖြင့် ထောင် သို့ ရောက်နေသည်ဟု သိရ၏။ မည်သို့ပင်ဖြစ်စေ ဦးရွှေမောင်မှာ ထောင် တာဝန်ခံတစ်ဦးဖြစ်နေ၍ မိအေးစိတ်သက်သာစေရန် အကြောင်းက တိုက်ဆိုင် လာပြန်သည်။ သို့နှင့် မိအေးမှာ အတော်စိတ်သက်သာရာ ရသွားရှာလေသည်။ စိတ်သက်သာရာ ရသည်နှင့်အမျှ မိအေးသည် တစ်ပြန်တစ်လှည့် ကူညီသည့် အနေဖြင့် ဦးရွှေမောင်တို့ ကလေးများအတွက် ထောက်ပံ့ရေးဆိုင်များမှ အပင် ပန်းခံပြီး အဝတ်သွားထုတ်ပေးခြင်း ပစ္စည်းအဆန်းပေါ်တိုင်း လာရောက်သတင်း ပေးခြင်းဖြင့် သွားလိုက်လာလိုက်နှင့် ကူညီနေရှာ၏။

ဦးရွှေမောင်ဇနီး မိကြည်ကလည်း ပိုက်ဆံကုန်တာချင်းအတူတူ ကိုယ်တိုင် ဆိုင်သို့မသွားဘဲရနေသဖြင့် မိအေးအားပင် ကြုံတိုင်း ပိုက်ဆံပေး၍ ပစ္စည်း ဝယ်ခိုင်းနေခဲ့၏။ သို့နှင့် ဦးရွှေမောင်တို့မှာ မိအေးဒုက္ခသည့်အား ယခင်ကထက် ပင် သနားကြင်နာခြင်း ဖြစ်ကြရသည်။

ယင်းသို့ မိအေးအား သနားကြင်နာ၍မဆုံးမီ မိအေးအား စေတနာ ပျက်စေသည့်အကြောင်းက ပေါ်လာချေတော့သည်။ အကြောင်းမှာ ထောက်ပံ့ရေး ဆိုင်မှ မိအေးဝယ်ပေးခဲ့သော ပစ္စည်းများမှာ သူတကာနှင့် စကားစပ်မိ၍ပြော ကြရာမှ မိအေးပစ္စည်း ဝယ်ပေးတိုင်း ဈေးက ပိုပေးနေရခြင်းကြောင့်ပင်တည်း။

အမှန်မှာ မိအေး ... ဤကဲ့သို့ မလုပ်ထိုက်ဟု ဦးရွှေမောင်က ယူဆ လေသည်။ မိအေးမှာ မည်သူနှင့်မှ ဆွေမျိုးတော်သည်မဟုတ်၊ အကြောင်း ကြောင်းကိုထောက်၍ ဦးရွှေမောင်သည် ထောင်ဥပဒေနှင့် ဆန့်ကျင်ပြီး မိအေးအား အိမ်ပေါ်သို့ အတက်ခံခဲ့ခြင်းဖြစ်သည်။

အကျဉ်းထောင်ဥပဒေတွင် ထောင်အရာရှိများသည် ထောင်တွင်းအကျဉ်း သားတို့၏ ဆွေမျိုးများနှင့် လုံးဝဆက်ဆံခြင်း မပြုရဟု ရတိပြတ်ဆိုထား၏။ ယင်းသို့ အဆိုရှိပါလျက် လက်အောက်ငယ်သားပင် မဟုတ်ဘဲ၊ ထောင်တာဝန်ခံ တစ်ယောက်လုံးက မိမိ၏ဘေးဒဏ်ကို မငဲ့ကွက်ဘဲ တရားခံတစ်ဦး၏ ဇနီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သော မိအေးကို အချိန်မရွေး အိမ်ပေါ်တက်ခွင့်ပြုပြီး မစားရမသောက်ရနှင့် ဆက်ဆံခြင်း ရနေခဲ့လေသည်။ ဒီကြားထဲက မိအေးသည် ဝယ်နိုင်းသည့် ပစ္စည်းအပေါ်တွင် ဈေးတင်ချနေသည်မှာ ဒေါသဖြစ်စရာဟု ဦးရွှေမောင်က ဆိုလေသည်။ ဦးရွှေမောင်၏ ဇနီးအလိုကျတုန်းကမူ ဤသို့ပြော၏။

"မပြောပါနဲ့ . . . ကိုရယ်၊ သူ့ခမျာ ကြပ်တည်းလို့နေမှာပေါ့။ ပြီးတာပြီးပါစေ။ နောက်လည်း သူ့ မခိုင်းတော့ပါဘူး"

"မဟုတ်ဘူး . . . မဟုတ်ဘူး . . . ငါဟာ . . . သူတို့အပေါ် အများကြီး စိတ်ကောင်းထားတယ်။ သူ့ယောက်ျား ငါ့လက်တွင်းမှာ ရှိနေတယ်။ ဘယ်သူ ဘာပြောပြောဆိုတဲ့ သဘောနဲ့ တရားဥပဒေအတွင်းက ငါအကူအညီပေးတယ်။ တရားဥပဒေနဲ့ ဆန့်ကျင်ပြီးတောင် သူ့ကို ငါ့အိမ်မှာ ထွက်စေဝင်စေလုပ်ထားတာ ငါ့မှာ ဘေးဘယ်လောက်များသလဲ။ သူ့ကိုလည်း ပြောပြီးသားဘဲ။ ဒါတောင် လူလည်လုပ်တယ်၊ လိုချင် ပြောင်ပြောင်ပြောပေါ့။ ဒါ အစ်ကိုကြီး အစ်မကြီး ပိုက်ဆံမရှိလို့ ကျွန်မ ဈေးတင်ထားတယ်။ မုန့်ဖိုးပေး။ ဒါမှမဟုတ် သူ ငွေလိုရင် ချေးပေါ့။ အမှန်ပြောမယ်ဆို မိအေးဟာ မမွဲသေးပါဘူး။ လိမ်မှာလိုက်တာမှ သူ့ဆီက ပိုက်ဆံတစ်ပြားကုန်မှာ စိုးလိုက်တာ မင်းလည်းအသိဘဲ မိအေးဟာ ညာဥ်ကိုမကောင်းဘူး"

မိကြည်က ဒီအကြောင်းနှင့်ပတ်သက်၍ ဘာမှမပြောရန် ဦးရွှေမောင်အား ရှိခိုးဦးတင်မတတ်ပြောနေ၍ ကတိသာ ပေးလိုက်ရသည်။ ဦးရွှေမောင်က မိအေးကိုတွယ်မည်ဟု စိတ်ကူးလိုက်လေသည်။ ဤနေရာ၌ ဦးရွှေမောင်နှင့် မိအေးတို့ရာဇဝင်ကို ဖော်ပြရန် လိုမည်ထင်ပါ၏။

☼☼☼

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

မိအေးသည် သဘောကောင်းပုံ ဖြစ်လေသည်။ လူ့ဂိုကြည့်တော့ ပျော့စိစိ။ သို့ရာတွင် ငနဲမက ဆင်လောက်အားရှိသည်။ သူ့ယောက်ျားနိုင်၏။ အိမ်နီးပတ်ဝန်းကျင်ကိုလည်း နိုင်၏။ အများသူငါ ကြောက်ပါသည်ဆိုသော ပညာရှိ အမည်ခံ ဦးရွှေမောင်ကိုပင် ကုပ်ပေါ် တက်စီးသွားသောဟူ၏။ အာဂဆိုမှ အာဂမ ပေတည်း။

မိအေးနှင့် ရွှေမောင်သည် ငယ်သူငယ်ချင်းများမဟုတ်။ သို့ရာတွင် ခင်မင်စွာ နေခဲ့ကြသည်မှာ နှစ်ပေါင်းနှစ်ဆယ်မျှမက ရှိလေ၍၊ မိအေးက ကလေး ခြောက်ယောက်မိခင် ဖြစ်သလို၊ ရွှေမောင်ကလည်း ကလေးကိုးယောက်၏ဖခင် ပင် ဖြစ်ကြပြီဖြစ်၏။ သို့နှင့် မိအေးက ရွှေမောင်အကြောင်းသိသလို၊ ရွှေမောင် ကလည်း မိအေးပါးစပ်ဟလျှင် မိအေးဗိုက်ထဲရှိ အူသိမ်အူမ,မကျန် အဆုံးထိ တောက်လျှောက်မြင်၏။ မိအေး အလိမ္မာကြီးသလို၊ ရွှေမောင်ကလည်း သာလိမ္မာ က အဘခေါ်ရအောင် မိအေးအပေါ်တွင် အလိမ္မာကြီးလေ၍ မိအေးသည် ရွှေမောင် ကိုတော့ ခပ်လန့်လန့်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



မိအေး၏ ယောက်ျားသည် ရုံးကြီးတစ်ရုံးတွင် ငွေကိုင်စာရေးကြီးဖြစ်ရာ သူတို့၏ အိမ်ထောင်ရေးမှာ စားမှုဝတ်မှုအတွက် ပြည့်စုံကြ၏။ သို့နှင့် မိအေးသည် သူ့ကိုယ်သူ အမြဲကျော့နေအောင် ပြင်ဆင်ဝတ်စားကာ၊ ဝတ္ထုဖတ်လိုက်၊ အချိန်တန် ကလေးမွေးလိုက်နှင့် စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေရလေသည်။

ယင်းသို့ မိအေး စိတ်ချမ်းသာ ကိုယ်ချမ်းသာကို မြင်ရသော ရွှေမောင်သည် မိအေးအား တစ်ခါတစ်ရံ ရိုက်သတ်ချင်စိတ် ပေါက်မိနေသည်။ အကြောင်းကား ဤသို့ရှိ၏။

ဦးရွှေမောင်သည် မိအေးအားခင်သလို၊ သူမယောက်ျား ကိုပေါ်တာကိုလည်း အလွန်ခင်၏။ အမှန်ပြောရလျှင် ရွှေမောင် မိအေးကိုခင်သော်လည်း ချဉ်သည့်အခါများစွာရှိ၍ 'ချဉ်ခင်ကြီး' ဟု ဆိုရပေမည်။ ကိုပေါ်တာကိုလည်း ညီကဲ့သို့ ခင်မင်မိလေသည်။

ကိုပေါ်တာသည် နာမည်နှင့်လိုက်အောင် သဘောကောင်းသူဖြစ်သည်။ သားမယားအပေါ် စေတနာရှိရှိနှင့် မညည်းမညူလုပ်ကျွေးသူ ယောက်ျားကောင်းဖြစ်၏။ မိအေးကဲ့သို့သော မိန်းမအချို့သည် အလွန်ခွကျ၏။ ယောက်ျားလုပ်သူက ထမင်းမှု ကောင်းနေသည်ကိုပင် ထမင်းမာလျှင် မာပြန်ပြီ ပျော့လျှင် ပျော့ပြန်ပြီဟု အကြောင်းပြတတ်သော မိန်းမမျိုးများစွာရှိကြရာတွင် မိအေးသည် ဤကဲ့သို့ မိန်းမမျိုးအဖွဲ့တွင်တော့ သဘာပတိလုပ်လောက်သော အရည်အချင်းရှိ၏။

မိအေးတို့၏ အိမ်ထောင်ရေးကို တစေ့တစောင်းကြည့်နေသော ရွှေမောင်သည် ဤကဲ့သို့ မြင်ရ၏။

နံနက် ၅နာရီထိုးလျှင် ကိုပေါ်တာသည် ကလေးများ ဆာမည်စိုး၍ ကော်ဖီဖျော်ရန် ရေနွေးထတည်တော့သည်။ ရေနွေးဆူလျှင် ကော်ဖီဖျော်၏။ ပြီးလျှင် ထမင်းတစ်အိုး ဆက်တည်ပြန်သည်။ ပြီးလျှင် ဈေးကနီးနီးမှ ဈေးသို့ပြေး၏။ ဈေးအပြန်ချက်ပြုတ်လိုက်ရာ နံနက် ၈ နာရီမထိုးမီ အားလုံးပြီးစီးလေသည်။

ဆေးတံကလေး တခဲခဲနှင့် ကိုပေါ်တာသည် လူကောင်ကြီးသလောက် ချက်ရေးပြုတ်ရေးတွင် လျင်မြန်ကျင်လည်၏။ ဖျော်ပြီး လက်ဖက်ရည်ကိုသောက်ပြီး ကိုပေါ်တာသည် ဆေးတံကို ဖိမ်နှင့်ဖွာရင်း သားငယ်သမီးငယ်တို့ကို ကော်ဖီတိုက်၏။ မိအေး ဘယ်ကိုသွားပါသနည်း။ မိအေး အိပ်တုန်းလေ။

www.burmeseclassic.com

www.burmeseclassic.com



နံနက် ၈ နာရီခွဲအချိန်မှာ မိအေး အိပ်ရာမှထသော စံတော်ချိန်ပေတည်း။ အိပ်ရာမှ ထသောမိအေးသည် ပထမ မီးဖိုချောင်ကို မျက်စောင်းထိုးလေသည်။ ချက်ပြီးပြုတ်ပြီးမြင်လျှင် သူမသည် ရေချိုးခန်းထဲ ဝင်သွားသည်မှာ ထွက်မလာတော့။ ကိုပေါ်တာက ကလေးများနှင့် ရုံးချိန်မီရန် ထမင်းခူးစားပြီး အားလုံးသိမ်းဆည်းပြီးမှ ရုံးသို့ ထွက်သွားလေသည်။

မိအေးသည် ကိုပေါ်တာ ချက်ထားခဲ့သည့် ထမင်းကို မြိန်ရေရှက်ရေ ထစားလေသည်။ တစ်ခါတစ်ခါ ခံတွင်းမတွေ့၍မလား မသိ၊ ဗျစ်တောက် ဗျစ်တောက်မြည်၍လည်း စား၏။ ယင်းသို့ စားပြီးလက်ပါသုတ်လျက် တံတောင်နီးပါးရှိ ဆေးပေါ့လိပ်ကြီးကို စွဲကိုင်လျက် ယိမ်းနွဲ့နွဲ့ဟန်ဖြင့် ရွှေမောင်တို့အိမ်သို့ ကူးလာလေတော့သည်။

"ကဲ ... အကိုကြီး ... ဘာစာအုပ်ရှိသလဲ၊ ငှားပါဦး"

"သဘောပါဗျာ ... ဟောဟိုမှာ"

ဦးရွှေမောင်ကလည်း စာရူးဖြစ်၍ စာအုပ်သေတ္တာ တစ်လုံး နှစ်လုံး လှောင်ဖတ်၏။

မိအေးသည် သူအလိုရှိရာ စာအုပ်ရရှိလျှင် မပြန်သေးဘဲ လေကန်ပြန်သည်။ သူမ၏လေမှာ နှစ်ပုံတစ်ပုံက လေညှင်းလေပြေလို ရှိုက်၍ရှူ၍ ကောင်းသော်လည်း တစ်ဝက်ခန့်လေကို မီးသတ်ပိုက်လုံးမှရေကို မှုတ်ထုတ်သည့် လေကဲ့သို့ အင်အားကောင်းတတ်လေသည်။

"အဲ ... အကိုကြီး၊ ကျွန်မတို့ဟာ မိဘလက်ထက်က ဒီလို မဝရေစာ ကသီလင်တ ဘယ်နေရာမလဲ လယ်ဧက သုံးထောင်ကျော်လောက် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ နေခဲ့ရတာပါ။

"ဒီလိုပေါ့ ... မိအေးရယ် အခုလည်း အခြေအနေ သိပ်မဆိုးပါဘူး။ ပင်ပန်းတယ်ထင်ရင် အိမ်စေလေး ဘာလေး ငှားပေါ့။ ရွှေမောင်က အမြင်ကပ်သော်လည်း ပညာရှိစကားဆို၏။

"ဟင် ... မဖြစ်ဘူး ... မဖြစ်ဘူး စီးတဲ့ရေ ဆယ်တဲ့ကန်သင်း မဟုတ်လား အစ်ကိုကြီးရဲ့။ ဒီလောက် စစ်စစ်ပေါက်ပေါက်နေတာတောင် အကြွေးက မကင်းချင်ဘူး။ အိမ်စေနဲ့သာဆို ပြီးရောပေါ့။

"ဟုတ်တာပေါ့လေ"

www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေမောင်က ခတ်သိမ့် စကားမြန်မြန်ပြတ် မြန်မြန်ပြီးပါစေတော့ဟု နေလိုက်ပြန်သည်။ သို့နှင့် မိအေးသည် ရွှေမောင်၏ဖနီးမိကြည်ဆီသို့ သူမ၏ လေပိုက်ခေါင်းကို လှည့်ပြန်၏။

"ဟင် ... အစ်မကြီးတို့မှာ သူဌေးအဖြစ် နောက်ကျမှာစိုးလို့ ထင်ပါရဲ့ ချွေးတလုံးလုံးနဲ့ အကိုကြီးကို ဘာလို့ အလကားထားသလဲ။ မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုတာ စာမှာရှိတယ် ... ဟဲ ... ဟဲ ..."

အလိမ္မာခဲက အကြံကောင်းပေးလေသည်။

"အင်း ... ပြောကြတာပဲ။ ရှင့်အစ်ကိုကြီးကိုလည်း မေးကြည့်ဦးလေ မီးမှ မွေးတတ်ကဲ့လားလို့"

မိကြည်က မိအေးအား စက်ချုပ်ရင်း ပြောလိုက်သည်။

ထိုအခါ မိအေးသည် သူမ၏အပေါက်ကို ရွှေမောင်ဘက်သို့ ရွှေ့ပြောင်း ပြန်သည်။

"ဟင်း .... မီးတောင် မမွေးတတ်တဲ့လူက အစ်မကြီးကို ဆရာလုပ် လိုက်သေး။ တစ်ခါတလေများ ရိုက်မောင်း ပုတ်မောင်းလုပ်သေး။ တို့အိမ်ကဟာ ကြီးများ ဒီလိုလုပ်ကြည့်စမ်း ... လက်ရွယ်တဲ့ဘက်ကအသားကို လှီးပစ်မယ်"

ပြောရင်းနှင့် မိအေး၏ အကြွားဇာတိနာ ပေါ်လာပြန်သည်။ မိအေး ဤသို့ကြွားမှုရှိနေ၍ ရွှေမောင်က မိအေးအား စိတ်ကူးနှင့် ပါးကို မကြာခဏ ရိုက်ပစ် လေသည်။

မိအေးတွင် မိဘလက်ထက်က လယ်ကေသုံးထောင်ကျော်ရှိသည်ဟု ကြွားတာက သူ့ဟာသူ သုံးသိန်းပြောပြော အရေးမဟုတ် မဆီမဆိုင်။ သူ့လင် သူနိုင်ပုံကို ရိုးရိုးမပြောဘဲ အလုပ်တွင် စိတ်ဝင်စားနေသည့် မိကြည်ကို ဥပါယ် တံမျဉ်ဖြင့် ငေါ့လိုက်၏။ ရွှေမောင်အားလည်း အသုံးမကျတဲ့ဟာကြီးဟု ကလီချင် ၏။ မိအေးသည် စကားအဓိပ္ပာယ် ဘယ်ကိုရောက်သည်မသိ မလိမ္မာ၍ ပြော သည် မထင်ပါနဲ့။ သိလိုက်တာမှ သိသိသိနှင့်နေသော မိန်းမဖြစ်သည်။ သို့တစေ စကားနိုင်ရလျှင် ပြီးရောဟူသော သက်သက်လေသမားဖြစ်လေသည်။

ရွှေမောင်တို့လင်မယားမှာ အသက်အရွယ်အားဖြင့် မိအေးတို့လင်မယား ထက် ကြီးကြ၍ အခါပေါင်းများစွာ အနိုင်ငုံခံကြရ၏။ မိအေး ထိုသို့ပြောလျှင် မခံနိုင်၍ ထဟောက်သူမှာ ရွှေမောင်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မိအေး လိုချင်တာလည်း ရပြီ။ ကိုယ့်အပေါက် ကိုယ်ပိတ်ပြီး ပြန်တော်မူတော့"

ထိုသို့ပြောလိုက်လျှင်လည်း မိအေးစိတ်မဆိုး၊ ရယ်ဖြဲဖြဲနှင့် ပြန်သွားတတ်လေသည်။

မိအေးမကောင်းမှန်းသိသော်လည်း မိအေးအား ရွှေမောင်တို့လင်မယားက ခင်မင်နေသောအကြောင်း ရှိလေသည်။ ထိုအကြောင်းမှာ မိအေးသည် သာရေးနာရေးရှိလျှင် မနေတတ်ပေ။ ရွှေမောင်၊ မိကြည်တို့တွင် ကလေးတစ်ပြုံကြီးရှိရာ ကလေးတစ်ဦးတော့ နေမကောင်း ထိုင်မကောင်းသည်က များ၏။ ထိုအခါ မိအေးသည် ဆေးဝါးရှာပေးခြင်း၊ ညအိပ်တန် လာအိပ်ခြင်း၊ ဆေးရုံကို သူကိုယ်တိုင် ကလေးအား ပွေ့ပိုက်တန်ပွေ့ပိုက် ပြေးခြင်းများကို လုပ်ပေးတတ်၏။ သို့နှင့် အဆိုးနှင့်အကောင်း ရောပြွမ်းနေသော မိအေးကို မပစ်ပယ်နိုင်ကြပေ။

မှန်ပါသည်။ ပုထုဇဉ်ဟူသမျှတွင် အကောင်းချည်းပဲ မရှိနိုင်။ မိအေးအကြောင်း၊ ရွှေမောင်က ပြောနိုင်သလို ရွှေမောင်မကောင်းကြောင်းကို မိအေးမည်မျှ မှတ်တမ်းတင်ထားမည်မသိ၊ လူဟူသမျှ မိမိသာကောင်းသည်ဟု ထင်ကြသည် မဟုတ်ပါလော။

ဘာပဲပြောပြော မိအေးကောင်းတာ တစ်ခုကျန်သေး၏။ သူမလိုချင်သည့်အရာကို ချိုချိုသာသာနှင့် မြှောက်ပင့်တောင်းတတ်သလို သူမ၏အမှားကို သေသေချာချာ ထောက်ပြပြီး ရွှေမောင်က နင်းဟောက်သောအခါတွင် သူမသည် ချွန်ထက်နေသည့် နှုတ်သီးကို အသုံးမပြုမူ၍ ...

"ဟဲ ... ဟဲ ... အစ်ကိုကြီးက ရိုက်ရင်လည်း ခံရမယ့်သူပါ။ မိအေးကို ဆုံးမမယ့်သူ မရှိပါဘူး ... အစ်ကိုကြီးရယ်၊ အစ်ကိုကြီးကို မိအေးရဲ့အစ်ကိုအရင်းလို သဘောထားပါတယ်"

ဟုပြောပြီး မျက်ရည်စမ်းစမ်းနှင့် နေတတ်လေသည်။ ထိုအခါ မိအေးအား စိတ်ဆိုးနေသောမိကြည်ပင် စိတ်ပြေသွားကာ မိအေးဘက်သား ဖြစ်သွားပြန်၏။

"မိအေးရယ် ... နင့်အစ်ကိုကြီးအကြောင်း နင်လည်း အသိသားပဲ။ နင့်အစ်ကိုကြီးက သိပ်စိတ်တိုတာ။ သူ မကြိုက်တာမပြောနဲ့၊ ကိုကိုကလည်း မိအေးဆို သိပ်နိုင်တာပဲ။ နောက် ဒီလိုမပြောပါနဲ့။ ကိုယ်ချင်းလည်း စာကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မိအေးနှင့် ဦးရွှေမောင်တို့ စကားစစ်ပွဲတစ်ချီ ပြီးသွားတိုင်း မိသားစု ဆက်ဆံရေးမှာ အချစ်တိုးလာသည်ဟု ထင်ရသည်။ အကြောင်းမှာ မိအေးသည် ပြန်မပေးသော အချေးအငှား အလွန်ထူ၏။ ရွှေမောင်တို့အိမ်မှ ငရုတ်တစ်တောင့် ဆားတစ်ဖွင့် မပါလျှင် ထမင်းမျိုမဖြစ်သလို နေ့တစ်ဒူဝ လာ၍ချေး၏။ ပါးစပ်က တော့ ဗျစ်တောက်ဗျစ်တောက်။ အဲ ...ရွှေမောင်နှင့်မိအေး စကားစစ်ထိုးပွဲ ပြီးပြီဆိုလျှင် မိအေးက ချေး၍ငှား၍ကောင်းသလို မိကြည်ကလည်း ရှောရှောရှူရှူ ကြည်ဖြူတော်မူ၏။ မိအေးကတော့ ချေးသမျှ ငှားသမျှ ပြန်ပေးရိုး ထုံးစံမရှိ။

တစ်နေ့တွင် မိအေးတို့သားအမိ ပွဲဈေးတန်း ထွက်သွားကြလေသည်။ ဘာဖြစ်လာကြသည်မသိ၊ ကလေးများနှင့် ချက်ချင်းပြန်ပြေးလာကြ၏။ ထို့နောက် ပွဲသို့ သူမ၏ယောက်ျားအားခေါ်ပြီး ပြန်သွားတော့သည်။ ရွှေမောင်က ဘာများ ပါလိမ့်ဟု မိအေးကလေးအကြီးအား ခေါ်မေးမိသည်။ ကလေးထံမှ ကြားရသမျှ မှာ ကလေးတစ်ဦးက ပွဲခင်းတွင် သူတို့အား ကြဲဖတ်နှင့်ပေါက်၍ ကလေးအငယ် မျက်လုံးကို ထိမှန်သွားကြောင်း။ ထိုမှဆက်၍ မိအေးက ကြဲဖတ်ပေါက်သူ ကလေး ဆွေမျိုးတစ်သိုက်နှင့် ရန်ဖြစ်ရာ မိအေးသည် အိမ်သို့ပြန်ခဲ့ပြီး ကိုပေါ်တာကို ခေါ် သွားကြောင်း သိရ၏။

ဦးရွှေမောင်သည် မိအေးစိတ်ရော၊ ကိုပေါ်တာစိတ်ရော သိ၏။ မိအေး သည် စိတ်ထက်သည်နှင့်အမျှ အကြွားလည်း သန်၏။ တစ်ဖက်သားအပေါ် အနိုင် နှင့် ဟန်ရေးပြလိုစိတ်လည်း ရှိ၏။ သို့နှင့် လွန်ခဲ့သည့် ခြောက်လခန့်က ငွေစုပြီး ရွှေမဝယ်ဘဲ အသုံးမကျသည့် ခြောက်လုံးပြူးကိုဝယ်ကာ ကိုပေါ်တာက သေနတ် ကို အပင်ပန်းခံထမ်းပြီး ခါးတွင်ချိတ်ထားရရှာ၏။ သေနတ်ရသည့်နေ့မှစ၍ ညနေတိုင်း ကိုပေါ်တာက သေနတ်ခါးထိုးပြီး မိအေး ဟန်ရေးပြရာသို့ လိုက်ရ၏။ ထိုအခါ မျက်စိနောက်သော ရွှေမောင်က မိအေးကို ဤသို့ ကလိလေသည်။

"ဗျို့ ... ဒေါ်ရွှေမိ၊ ခြောက်လုံးပြူးတလက်ထဲနဲ့ မြို့ထဲမှာ ဘေးမကင်း သေးပါဘူး။ ရိုင်ဖယ်ကြီးတလက်ပါ ထမ်းခိုင်းဦးလေ"

ဦးရွှေမောင်လည်း အတော်ကျသူဖြစ်၏။ သူ့ပစ္စည်းနှင့် သူတို့လုပ်တာ သူနှင့်ဘာဆိုင်သနည်း။ သို့သော် ရွှေမောင်က မဆီမဆိုင်အမုန်းခံသော လူစား ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ ကိုပေါ်တာသည် သေနတ်ကို နေ့စဥ်ခါးတွင် မချိတ်တော့။ ပွဲလမ်းသဘင်မျိုးကျတော့မှ ချိတ်ဝံ့ရှာ၏။

ယနေ့ ပွဲဈေးတန်းသို့ ခပ်စောစောက မိအေးကလေးများကို ခေါ်ထွက်သွားသည်။ ပွဲဈေးတန်း၌ ရန်ဖြစ်လာပြီး ကိုပေါ်တာကိုခေါ်၍ ပွဲသို့ပြန်သွားသည် ဆိုရာ၌ ဘာကိစ္စခေါ်သွားသည်ကို ဦးရွှေမောင် ကောင်းစွာ သဘောပေါက်သွားပေပြီ။ သို့နှင့် ဦးရွှေမောင်သည် ဈေးတန်းသို့ အပြေးအလွှားလိုက်သွားလေသည်။

ဦးရွှေမောင် ထင်သည့်အတိုင်း မိအေးသည် လင်တော်မောင် ပေါ်တာကြီးကို နောက်မှထား၍ ခပ်ကြွားကြွားနှင့် တစ်ဖက်ရန်သူများကို လိုက်ရှာနေဟန်တွေ့ရ၏။ ကိုပေါ်တာဆီမှ ဖျောက်တိုကြီးသည် 'မိအေးကို ဘာထင်ကြသလဲဗျို့' ဟု အားပေးဟန်ဖြင့် မြင်ရ၏။

ကံကောင်းထောက်မ၍ မိအေးရန်သူများ မရှိတော့ပေ။ ဦးရွှေမောင်က ဈေးတန်းတွင် မသိချင်ယောင်ဆောင်ပြီး ...

"ဟော ... မိအေးတို့၊ ကိုပေါ်တာတို့ပါလား။ သေနတ်လာပြကြ ... အဲ ... အဲ ... မုန့်လာဝါးကြတာထင်တယ်"

ဟု ပြောလိုက်မှ သူတို့ မျက်နှာပျက်နေကြလေသီး၏။ ထို့နောက် သူတို့လင်မယား ဦးရွှေမောင်နောက်မှပင် ဘာစကားမှ မပြောဘဲ အိမ်သို့ ပြန်လာကြတော့သည်။

အိမ်သို့ရောက်၍ ရွှေမောင်က မိကြည်အား မိအေးတို့လင်မယားဖြစ်ကြပုံကို တိုးတိုးတိတ်တိတ် ပြောမိသည်။ ထိုအခါ မိကြည်သည် စိတ်မကောင်းဟန်ဖြင့် ဤသို့ ညည်းညူသည်ကို ကြားရ၏။

"ဒီလိုမိန်းမမျိုးပေါ့ ... အရေမရ အဖတ်မရနဲ့ လင်ကိုထောင်ကျအောင်လုပ်တာ"

ရွှေမောင့်သည် မိကြည်အား ပါးစပ်ကို ပိတ်ထားရန် လက်ကာပြလိုက်လေသည်။

ခါတိုင်းဆိုလျှင် မိအေးသည် ညနေထမင်းစားပြီး အိမ်ဘက်သို့ ကူးလာတတ်သည်။ ကိုပေါ်တာမှ လူအေးဖြစ်၍ တစ်ခါတစ်ရံသာလာတတ်၍ အရက်သောက်ပြီး စောစောဝင်အိပ်၍သော်လည်းကောင်း၊ စာဖတ်၍သော်လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



နေတတ်၏။ ယနေ့မူ မိအေးတို့ဘက်မှ ဘာသံမျှမကြားရဘဲ အိပ်ချိန်သို့ပင် ရောက်ခဲ့လေသည်။

ဦးရွှေမောင်တို့ တစ်အိမ်လုံးလည်း အိပ်ပျော်ကုန်ကြပေပြီ။ ဦးရွှေမောင် တစ်ဦးသာ ည ၁၂ နာရီထိ စာဖတ်လျက်ရှိ၏။ စာဖတ်ရင်း ဦးရွှေမောင်သည် မျက်စိဖန်စပ်စပ်ဖြစ်လာသဖြင့် အိပ်တော့မည်ဟု စိတ်ကူးကာ စာအုပ်ကိုသိမ်း၊ မီးပွင့်ကို ပိတ်လိုက်စဉ် မမျှော်လင့်သော တံခါးထုသံကို ကြားရလေသည်။

"ဟေ့ ... ဘယ်သူတုံး၊ တံခါးထုကာ"

ဦးရွှေမောင်က အော်မေးလိုက်သည်။

"ကျွန်မပါ အစ်ကိုကြီး ... တံခါးဖွင့်စမ်းပါ"

"မိအေးလား"

"ဟုတ်တယ် ... အစ်ကိုကြီး ... တံခါးဖွင့်ပါဦး"

ဦးရွှေမောင်သည် မီးပွင့်ကိုဖွင့်ပြီး တံခါးချက်ကို နှုတ်လိုက်၏။ မိအေး သည် ဒေါသတကြီးနှင့်ဝင်လာပြီး ကုလားထိုင်တစ်လုံးတွင် ဆောင့်ခနဲ ထိုင်ချ လိုက်လေသည်။

ဦးရွှေမောင်က မိအေး ဘာဖြစ်လာမှန်း မသိသဖြင့် အကဲခတ်ဦးမည်ဟု ဖြုန်းစားမမေးဘဲ စီးကရက်တစ်လိပ်ကို မီးညှိပြီး သောက်နေတော့သည်။ ဆေးလိပ် ဖွာရင်းလည်း မိအေး၏ သိုးပုပ်နေသောမျက်နှာကို စိုက်ကြည့်နေပြန်သည်။

"ဒီမယ် ... အစ်ကိုကြီး ကျွန်မ အခုသွားတော့မလို့"

မိအေး၏အသံက ဆောင့်ထွက်လာလေသည်။

"ဟောဗျာ ... ဘာဖြစ်လို့ ဘယ်ကိုသွားမလို့လဲ"

"ဘယ်ကိုဖြစ်ဖြစ် သွားမယ် ... ဒါပဲ။ နောက်တော့ ကျွန်မကို အဆိုး မဆိုနဲ့။ ဒါကို အစ်ကိုကြီးကို လာပြောတာ"

"ဩော် ..."

ဦးရွှေမောင်က မိအေးအား စိုက်ကြည့်မြဲ စိုက်ကြည့်လျက် ဆေးလိပ် ကို ဖွာပြန်၏။ မိအေးက ဦးရွှေမောင်တစ်စုံတစ်ခု ပြောလေမည်လားဟု စောင့်နေ ဟန်ရှိသည်။ သို့ရာတွင် ဦးရွှေမောင်က ဘာမှမပြောဘဲ 'ဩော်' တစ်လုံးနှင့် ဆေးလိပ်ဖွာနေသဖြင့် မိအေးသည် ကုလားထိုင်မှ ဖင်ကိုကြွလေသည်။

"မထနဲ့ ... ထိုင်နေဦး"

www.burmeseclassic.com

www.burmeseclassic.com



မိအေး ဖင်ကြွတော့မှ ဦးရွှေမောင်က အမိန့်ပေးလိုက်၏။

ဦးရွှေမောင်နှင့်မိအေးမှာ မျက်နှာချင်းဆိုင်၍ သိပ်စကားပြောမရသော သူနှစ်ဦး ဖြစ်သည်။ သို့ရာတွင် မိအေးက တစ်ခါတစ်ရံ ဦးရွှေမောင်အား ကြောက်ချစ်ရိုသေပုံနှင့် အစ်ကိုကြီးအား ညီမငယ်တစ်ဦးက ချွဲသည့်အခါမျိုးလည်းရှိသည်။ ထိုအခါ ဦးရွှေမောင်မှာ မိအေးအား အမြင်ကပ်သည်ကို ခဏဘေးဖယ်၍ စိတ်ရှည်လက်ရှည်နှင့် မိအေးအလိုကျ လုပ်ပေးတတ်ပြန်သည်။ သို့နှင့် သူတို့နှစ်ဦးမှာ တစ်ဦးကိုတစ်ဦး မပစ်ပယ်နိုင်ကြပေ။ မိအေးသည် ကြွသောဖင်ကို ပြန်ချလိုက်သည်။

"ကဲ ... မိအေး၊ ကိုပေါ်တာနဲ့ ဘာဖြစ်လာသလဲ ... ပြောစမ်း"

"ဘာမှမဖြစ်ပါဘူး ... အစ်ကိုကြီးညီကို အစ်ကိုကြီးဆုံးမ ... ဒါပဲ။ ကျွန်မကတော့ သွားမယ်"

မိအေးတို့လင်မယားသည် ရှေးကလည်း အကြိမ်ပေါင်းများစွာ ရန်ဖြစ်ခဲ့ကြသည်။ ရန်ဖြစ်တိုင်း မိအေးအလွန်သာ ရှိခဲ့သည်။ ရန်ဖြစ်တိုင်းလည်း မိအေးအသံစာစာကိုသာ ကြားရ၍ ကိုပေါ်တာက ထုံးစံအတိုင်း ဘာမှမပြော ဆေးတံကြီးခဲကာ လင်းတကြီးတစ်ကောင်ကဲ့သို့ ငိုင်နေမြဲဖြစ်၏။

ယခု သူများအိပ်ချိန် မိအေးတို့လင်မယား ဘာကိစ္စပေါက်မတဲ့မှန်းမသိ၊ ဖြစ်ကြပြန်ပြီ။ သူတို့ကိစ္စမြန်မြန်ပြီးမှ ဦးရွှေမောင် မြန်မြန်အိပ်ရမည်မဟုတ်ပါလော့။ သို့နှင့် ဦးရွှေမောင်တရားသူကြီးက ကိုပေါ်တာကိုလှမ်းအော်ပြီး ချက်ချင်းသမ္မန်စာ ဆင့်လိုက်ရသည်။

"ကဲ ... ဘာဖြစ်ကြသလဲ ... ပြောစမ်း"

ကိုပေါ်တာ လင်းတကြီးအား တရားသူကြီးက စတင်စစ်ဆေးလေသည်။

"မသိ ... မသိပါဘူး ... အစ်ကိုကြီး၊ ဘာမှန်းလည်း မသိပါဘူး။ သူ့အလိုလို စိတ်ဆိုးတာ"

"ကဲ ... မိအေး ... ပြော"

"ဘာဖြစ်ရမလဲ ... မသာကြီး အရက်မူးပြီး ကျွန်မအိပ်တဲ့ဘက် မှေ့ပေါ်မှာ သေးပေါက်ထားတယ်။ ဒါ လူလား"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ..."

တရားသူကြီး ဦးရွှေမောင်က တစ်ချက်ဩောလိုက်ပြန်သည်။

ဦးရွှေမောင်သည် သူတို့ရန်ဖြစ်ပုံကို အတော်ရယ်ချင်၏။ သို့ရာတွင် ရယ်၍မဖြစ်သေး။ ခပ်တည်တည် လုပ်ဦးမှ။

"ကဲ ... ကိုပေါ်တာကလည်း ဟုတ်သားပဲ"

ဦးရွှေမောင်က တရားခံကို လှည့်ပြောပြန်သည်။

"မ ... မ ... မဟုတ်ပါဘူး ... အစ်ကိုကြီး ... ဒါ ... သူ ... သူ အလကားပြောတာ။ ဟိုအငယ်ကောင် ပေါက်တာပါလို့ပြောတာ မရဘူး"

"ဘာ ... သေနာကြီးက ရှင်ပေါက်လို့ ရေအိုးသွန်သလို ဖြစ်နေပါရက်နဲ့၊ ကျုပ်သားကို ဘာလွှဲချတာလဲ"

မိအေးက ကိုပေါ်တာကို ဝင်ဟောက်၏။

"အဲ ... မိအေး ... ဖြည်းဖြည်း ... ခပ်ဖြည်းဖြည်း ... အစ်ကိုကြီး မေးပါဦးမယ်"

တရားသူကြီးက ပြန်ဖြေရပြန်သည်။

"နေဦး ... ကိုပေါ်တာ ဒီလိုပဲ အမြဲပေါက်သလား"

တရားသူကြီးက တရားလိုမကို ဆက်လက်စစ်ဆေး၏။

"အရက်မူးတိုင်း ပေါက်တယ် ... ဒီအရည်ကို မသောက်ပါနဲ့ဆိုလည်း မရဘူး။ ကျွန်မတော့ မနေဘူးသွားမယ်"

မိအေး ဒေါဖောင်းလာပြန်သည်။

"အလကား ... အလကား ... ဒီဟာမ ... ကျွန်တော့်ကို အလိုလို အပြစ်ရှာတာ။ သူ့သား ဘာလုပ်လုပ် ကျွန်တော် အရက်တစ်ခါတလေ သောက်တာကိုပဲ ပြောနေတာပဲ"

ကိုပေါ်တာ ဤကဲ့သို့ ထုချေ၍အပြီး မိအေးသည် ထရံတွင်ချိတ်ထားသည့် ရွှေမောင်၏တုတ်ကောက်ကို လှမ်းဆွဲကာ ကိုပေါ်တာကိုအုပ်ရန် လွှဲလေသဖြင့် မိအေးထံမှတုတ်ကို ရွှေမောင်က လှမ်းဆွဲရ၏။ ကိုပေါ်တာကတော့ ဆေးတံသောက် မပျက်သေး။

"ကဲ ... ရှုပ်တယ် ကျွန်မသွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



မိအေး၏အသံကို ကြားသဖြင့် ရွှေမောင်၏ဖနီးက အိပ်ရာမှနိုးကာ ထလာ၏။ မိကြည်က အိပ်ရာမှ နားထောင်နေဟန်ရှိလေသည်။ သူမသည် စပ်ဖြဲဖြဲနှင့် ...

"အင်း ... တစ်ခါတလေ ဒီလင်မယား ရန်ဖြစ်ကြပါဦး"

ဟု ပြောပြီး မိအေးအနီး ဝင်ထိုင်၏။ မိကြည်ရောက်လာသဖြင့် ဆရာမကြီးမိအေးသည် သွားမယ်ဟုပြောပြီး ပြန်ထိုင်နေပြန်သည်။

မိအေးနှင့် ကိုပေါ်တာတို့၏ အိမ်ထောင်ရေးကို ဦးရွှေမောင်က နောကြေအောင် သိထားသည်။ ကိုပေါ်တာသည် ဖနီးမိအေးနှင့်သားသမီးအပေါ်တွင် သူမတူအောင် ကောင်းရှာသည်။ အထက်တွင်ဆိုခဲ့သည့်အတိုင်း မိအေးမှာ ကျက်ပြီး ထမင်းကို ထစားရုံသာရှိသည်။ တစ်အိမ်လုံး သူ့ဩဇာအာဏာ၊ ဒါလည်း မိအေးက မကျေနပ်နိုင်။ ကိုပေါ်တာ တစ်ခါတစ်ရံ သောက်စားတတ်သည်။ သို့ရာတွင် သူများတကာယောကျ်ားလို အပြင်ထွက်ပြီး အပျော်ကြူးခြင်းမျိုးမဟုတ်။ အသောတော် တစ်ခွက်တလေ စားကောင်းရုံ၊ အိပ်ကောင်းရုံမျှသာ လုပ်သည်။

ယောကျ်ားဟူသမျှတို့သည် အရက်၊ လောင်းကစား၊ မိန်းမ သုံးမျိုးသော ပျော်ရွှင်မှုတွင် အားလုံးဖြင့်သော်လည်းကောင်း၊ တစ်ခုခုဖြင့်သော်လည်းကောင်း၊ ပျော်တတ်ကြသည်။ ဤသုံးမျိုးကင်းသော ယောကျ်ားမျိုးကို ယေဘုယျအားဖြင့် ယောကျ်ားကောင်းဟု သတ်မှတ်ကြဆဲ။ ဤကဲ့သို့ သတ်မှတ်ကြတိုင်း သူတော်ကောင်းကြီးဟု တထစ်ချမမှတ်သင့်ပေ။ အကြောင်းမှာ ဤသုံးမျိုးကင်းကြရသော်လည်း လင်မယားကွဲကြ၊ ထောင်ကျသော ယောကျ်ားမျိုးလည်း မရေတွက်နိုင်အောင်ရှိကြရာ ကိုပေါ်တာကဲ့သို့ သားမယားကို စိတ်ချမ်းသာမှုပေးပြီး အရက်ကို တစ်ခါတစ်ရံသောက်သည်နှင့် ကိုပေါ်တာအား လင်ဆိုးဟု တရားသူကြီး ဦးရွှေမောင်က မဆုံးမလိုသည်သာမက၊ နေ့စဉ်မြင်နေရသည့် အိမ်ထောင်ရေးကိစ္စကို ထောက်ထား၍ ဦးရွှေမောင်က ကိုပေါ်တာအား လင်ကောင်းတစ်ဦးဟု သတ်မှတ်ထားလေသည်။

သို့နှင့် တရားသူကြီး ဦးရွှေမောင်က နှစ်ဦးနှစ်ဖက်ကို ကြားနာစစ်ဆေး၍ အောက်ပါစီရင်ချက်ကို လာဘ်တွေ ဘာတွေ ခြူးတစ်ပြားမစားရဘဲ ရဲရဲချမှတ်လေ၏။

"ဒီမယ် ... ညီမကြီး မိရွှေအေး၊ အစ်ကိုကြီး ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



မိအေးသည် ဦးရွှေမောင်၏အပြောကို ပြုံး၍ နားထောင်နေ၏။

“ညီမကြီးက အိမ်က ဆင်းမယ်,ဆင်းမယ် တကဲကဲလုပ်တာ မကောင်းဘူး။ ညီမကြီးဟာ အပျိုမလေးမဟုတ်ဘူး၊ ကလေး ၃ ယောက်ရှိနေပြီ။ ဆင်းလောက်တဲ့ကိစ္စဆိုရင် ၁၀ ယောက်ပဲရှိရှိပေါ့။ အခုတော့ ထစ်ကနဲ့ဆို ဆင်းမယ်, ဆင်းမယ်နဲ့ မောင်းတင်နေတာ တကယ်ဆင်းမယ်ဆို ဘယ်ကိုသွားမလဲ ... ပြောစမ်း၊ အစ်ကိုကြီးအမြင်က အစ်ကိုကြီး ကိုပေါ်တာဖက်ကို ပင်းပြောတာမဟုတ်ဘူးနော်။ ညီမကြီး ထမင်းတောင်မချက်ရဘူး။ ညီမကြီးအလိုကျသာ မြင်ရတယ်။ ညီမကြီးဟာ ကိုပေါ်တာမိန်းမဖြစ်ရတာ ရှင်ဘုရင်ကတော်နဲ့ မလဲနိုင်ဘူး။ အစ်ကိုကြီးတော့ ပြောင်ပြောင်ပဲ ပြောတတ်တယ်။ တကယ်လို့ ညီမကြီးဟာ အစ်ကိုကြီး မယားသာဆိုရင် ပါးကိုပိတ်ချလို့ ထမင်းဝါးစရာတောင် သွား[illegible]”

အဲ ... တရားသူကြီး ဦးရွှေမောင်၏စီရင်ချက်မှာ ပြင်းထန်သည်နှင့်အမျှ တရားလိုမ မိအေးသည် ထခုန်ခြင်းသို့ ရောက်သွား၏။ တရား[illegible]ကိုပေါ်[illegible] တော့ ပြုံးလို့ ဆေးတံချေးတောင် ဖျောက်ခနဲ ခါလိုက်၏။

“ကြည့် ... ကြည့် ... အစ်မကြီး၊ အစ်ကိုကြီး ဘာကောင်းသလဲ။ သူ့ညီဘက်ကို အနိုင်ပေးနေတယ်။ ကျွန်မမှာ ခံလည်းခံရသေးရဲ့ ရှုံးလည်း ရှုံးရသေးရဲ့”

မိအေးသည် ရှေ့နေရှေ့ရပ်ပင် မရှာဘဲ ကိုယ်တိုင် ထုချေတော့သည်။

“နေဦး ... မိအေး ... အစ်ကိုကြီး ပြောမယ်”

တရားသူကြီး ဦးရွှေမောင်က ရုံးတော်ကိုမထိလေးစားလုပ်က ချက်ခြင်း ထောင်ချပစ်မည့်ဟန်ဖြင့် ထားလိုက်၏။ မိအေးခမျာ ငြိမ်သွားရပြန်သည်။

“ဒီမယ် ... အစ်ကိုကြီးရော၊ အစ်မကြီးမိကြည်ကော ညီမကြီးတို့နဲ့ သားရင်းခွေမျိုးမဟုတ်ပေတဲ့ သံယောဇဉ်ရှိပါတယ်။ ဒီအိမ်ထောင်ကို နည်းနည်းမှ မပျက်စီးစေလိုဘူး။ နောက် ညီမကြီး မဟုတ်တာတစ်ခု ပြောဦးမယ်။ ဒီနေ့ ပွဲဈေးတန်းမှာ ရန်ဖြစ်လာတယ်။ ကိုပေါ်တာကို သေနတ်ပါယူခိုင်းပြီး ခေါ်သွားတယ်။ ဒါက ဘာလုပ်တာလဲ။ တကယ်လို့ ညီမကြီးတို့ မိသားစုမတရားသဖြင့် [illegible]လာရတယ်ထား၊ အစ်ကိုကြီးတို့ မနေနိုင်ပါဘူး။ အမှန်တရားရောက်အောင် [illegible] လိုက်ကြမှာပေါ့။ ဒီအသေးအဖွဲ့ကိစ္စနဲ့ လက်လွန်ခြေလွန်ဖြစ်သွားရင် ဘယ်[illegible] [illegible]ဖြစ်မလဲ၊ အကိုကြီးကတော့ ညီမကြီးဘက်ကအစစ ချို့ယွင်းတယ်လို့ ထင်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီနေ့ဖြစ်တာ ကိုပေါ်တာကဘဲ အိပ်ရာပေါ် သေးပေါက်တယ်ထား၊ ဒါ အရေးတကြီး ကီစ္စလား။ မိအေးလုပ်တာနဲ့ ကိုပေါ်တာ အိပ်ရာပေါ် သေးပေါက်တတ်တယ်လို့ သူများသိသွားရင် ကောင်းသလား . . . ကဲ''

မိအေး ဘာမှမပြောတော့။ ထိုအခါ ကိုပေါ်တာက တစ်ခွန်းဝင်ထောက်၏။

''အလကားပြောတာ . . . အစ်ကိုကြီး သူသာချောင်းဆိုးတိုင်း အိပ်ရာမှာ သေးတစ်စက်တစက် ပေါက်နေတာ''

မိအေးဘက်မှရှေ့နေလုပ်ရန် ရည်ရွယ်ချက်ရှိသောမိကြည်က လက်ခုပ်လက်ဝါးတီး၍ 'တအား . . . တအား' ရယ်တော့သည်။

''ဟင် . . . သေနာကျကု ကျုပ်ချောင်းဆိုးလို့ သေးပါတာ၊ နင့်လိုအရက်မူးပြီး သေးပါသလား''

မိအေး ထပွက်တော့သည်။

ဦးရွှေမောင်နှင့် မိကြည်တို့ တဝါးဝါးရယ်ကြရ၏။

''ကဲ . . . အရပ်ကတို့ . . . မိအေးနှင့် ကိုပေါ်တာတို့ ရန်ဖြစ်ရခြင်း၏ အကြောင်းကလေးက မသင်းပါလား''

ဦးရွှေမောင်သည် အိပ်ချင်ပြီဖြစ်၍ သူ၏တရားခွင်ကို တံခါးပိတ်လိုက်သည်။

''ကဲ . . . မိအေး . . . အေးအေးပြန်သွား။ သေးစော်နံတဲ့ မွေ့ရာကို ခုတင်ပေါ်ကဆွဲချပြီး . . . အိပ် . . . ကဲ . . . ပြန်တော့''

မိအေးက . . .

''အစ်ကိုကြီး နည်းနည်းမှမကောင်းဘူး''

ဟုဆိုကာ အိမ်သို့ ထပြန်သွားလေသည်။ ကိုပေါ်တာကြီးကတော့ ပြုံးပြုံးကလေးနှင့် . . .

''ကျွန်တော်ပြန်မယ် . . . အစ်ကိုကြီး၊ သောက်ထားတဲ့ အရက်ကလေးတောင် ဘယ်ဆီရောက်သွားမှန်မသိဘူး''

ဟုပြောပြီး ဆေးတံကလေးခဲ၍ ဆင်းသွားလေတော့သတည်း။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

အထက်ပါ ပေါင်းသင်းဆက်ဆံရေး ရာဇဝင်အရ ဦးရွှေမောင်နှင့်မိအေးတို့ ခင်မင်မှုကို သိလောက်ပေပြီ။ သို့နှင့်လည်း လူချင်းအတော်ကြာ ကွဲနေခဲ့ပြီ။ တွေ့လျှင်တွေ့ချင်း မိအေးကို ဒုက္ခသည်အဖြစ် တွေ့ရသောအခါ ဥပဒေတွေ ဘာတွေ ဘေးဖယ်ပြီး၊ ယခင်ကလိုပင် ဆက်ဆံခြင်း ပြုခဲ့လေသည်။

သို့ရာတွင် လောကကြီးလည်း ခက်လှပေ၏။ လူမှုဆက်ဆံရေးတွင် ငါ့ရှိသူစား၊ သူ့ရှိငါစား၊ သဘောသာရှိကြပါလျှင် မိတ်ဆွေအချင်းချင်း၊ လူမျိုးအချင်းချင်း၊ တိုင်းပြည်အချင်းချင်း ဆက်ဆံရေး၌ ဘာအခက်အခဲမျှ ရှိမည်မဟုတ်ဘဲ၊ သေတပန်သက်ဆုံး ပျော်ပျော်ကြီးရှိကြ တန်ရာ၏။ သို့သော် လောကကြီးသည် ဤသဘောသို့ မသက်ရောက်၊ ငါ့ရှိငါစား၊ သူ့ရှိလည်း ငါစားနှင့် တစ်ဦးအပေါ်တစ်ဦး အပါးတင်နေကြသော လောကဖြစ်သည်နှင့်အညီ မိအေးကကျေးဇူးဆပ် သလိုလိုနှင့် အထည်ကလေးဝယ်ပေးရာမှာပင် အမြတ်တင် ထုတ်နေလေရာ ဦးရွှေမောင် မိအေးအပေါ်ထားရှိခဲ့သော စေတနာမှာ မီးနှင့်တွေ့သော ချိပ်ကဲ့သို့ အရည်ပျော်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"နေဦးပေါ့ . . . မိအေးရယ်၊ ဘာမဟုတ်တာနဲ့ ငါ့စိတ်ကို ကသိကအောင့်ဖြစ်အောင် လုပ်တယ်။ နင့်ကိုလည်း ငါ လုပ်ပြဦးမယ်"

ဤကား ဦးရွှေမောင်၏ အသံမထွက် ကြိမ်းဝါးခြင်းပေတည်း။

တစ်နေ့သော အခါသမယ၌ မိအေးသည် ထောင်ဝင်စာတွေ့ခွင့်ပြုချိန်လွန်မှ ကိုပေါ်တာကို ထောင်ဝင်စာတွေ့ရန် ရောက်လာလေသည်။ မိအေး ထောင်ဝင်စာလာသည်ကို ဦးရွှေမောင် မသိပေ။ ၁၂ နာရီထိုးပြီဖြစ်၍ ထမင်းစားရန် ဦးရွှေမောင် ထောင်မှထွက်လာခဲ့ရာ ထောင်တံခါးကြီးဖွင့်သည်နှင့် မိအေးနှင့် သွားတိုးနေတော့သည်။

"အစ်ကိုကြီး . . . ကျွန်မနောက်ကျသွားလို့ ထောင်ဝင်စာတွေ့ပါရစေ။ သိပ်အရေးကြီးလို့ပါ"

"ဟ . . . မိအေးရဲ့ ထောင်ဝင်စာတွေ့တယ်ဆိုတာ လူအများကြီးနဲ့ အလုပ်။ ဒါနဲ့ အချိန်ကို ကန့်သတ်ထားတယ်။ တစ်ဦးတစ်ယောက်ကို ဦးစားပေးလို့ တွေ့ချင်တဲ့အချိန်တိုင်းမှာ တွေ့လို့ဘယ်ဖြစ်မလဲ"

"ဟာ . . . အစ်ကိုကြီးကလည်း လုပ်စမ်းပါ"

"ဒီမယ် . . . မိအေး ထောင်ဝင်စာတွေ့တယ်ဆိုတာ ဆပ်ပြာလိုင်းရုံးက အထည်ထုတ်ပြီး ကိုယ်ရောင်းချင်တဲ့ဈေးနဲ့ ထုတ်ရောင်းလို့ရတဲ့ အလုပ်မျိုးမဟုတ်ဘူး"

"ဒါက ဘာလဲ . . . အစ်ကိုကြီး . . . ဘာစကားပြောတာလဲ"

"ဟဲ . . . ဟဲ . . . အစ်ကိုကြီး ဗမာစကားပြောတာ"

ဦးရွှေမောင်က မိအေးအသည်းကို အပ်နှင့်ဆွလိုက်၏။

"ဒီမယ် . . . အစ်ကိုကြီး၊ အစ်ကိုကြီးဟာ ဟိုတုန်းကနဲ့ နည်းနည်းမှ မတူးဘူး။ ရာထူးကြီးလေ သွေးကြီးလေ။ အခုဆိုရင် သွေးကို နားထင်ရောက်နေတာ"

မိအေး ပြန်တွယ်ပေပြီ။

"အေး . . . . ဟုတ်တယ် . . . ညည်းဉာဉ်ဆိုးသလို ငါ့မှာလည်း ဉာဉ်ဆိုးရှိတယ်။ ရာထူးကြီးတာ မကြီးတာနဲ့ မဆိုင်ဘူး။ လူဟာ တစ်ယောက်စေတနာ တစ်ယောက် လေးစားရတယ်။ ခင်သလိုလိုနဲ့ ဟန်ဆောင်ပြီး အပါးတင်တာတို့ ကိုယ့်အတွက် အကွက်ချန်ပြီး ထားတာတို့ဟာ ဒီနေ့မသိရင်ရှိမယ် နောက်တစ်နေ့

www.burmeseclassic.com



တော့ သိကြတာပဲ။ ဒီမယ် ... မိအေး လူတွေဟာ ထင်ကြတယ်။ တို့သာ အလိမ္မာရှိတယ်လို့ ထင်ကြတယ်။ အမှန်တော့ အတူတူပါပဲ။ တစ်ဖက်သားက ပိုချင်သာပိုမယ်''

''အစ်ကိုကြီး ဘာတွေလျှောက်ပြောနေသလဲ''

မိအေးက ဟန်ရေးပြပြန်သည်။

''အစ်ကိုကြီးကို မိအေးက သွေးကြီးတယ်လို့ မြင်တာဟာ ကိုယ့်ဆန္ဒမပြည့်လို့ဘဲ။ အရင်ထောင်ဝင်စာ တွေ့နေရတုန်းက အစ်ကိုကြီးရှိလို့သာ မိအေးသက်သာရာရတယ်ဆို။ ဒါတောင် မိအေးက အစ်ကိုကြီး အထည်လေးထုတ်နိုင်းတာ အပိုကူးတို့ခက အပင်းလျှိုရသေးတယ်''

ဦးရွှေမောင်သည် အသက်အရွယ်ကြီးပြီး ဆံပင်ဖြူနေသော်လည်း ဆံပင်ဖြူခြင်းနှင့် အလိမ္မာတရားမှာ တခြားစီဖြစ်၍ မအောင့်နိုင်ဘဲ မိုက်ကန်းကန်း ပြောလိုက်တော့သည်။

ဤအပြောမျိုးကို ဦးရွှေမောင် ရှေးတုန်းကလည်း ပြောခဲ့ပြီဖြစ်၏။ အထူးသဖြင့် ငွေရေးကြေးရေး စီးပွားရေးဆိုလျှင် မိအေးသည် ဤအတိုင်း တစ်ကွက်ကျော်လုပ်သည်ချည်းဖြစ်၏။ မိအေးများ ညဉ့်ဆိုးပုံမှာ ရှေးအတူနေခဲ့စဉ်ကဆပ္ပလိုင်းဆိုင်ခေါ် ထောက်ပံ့ရေးဆိုင်များမှ အထည်ဆန်းများပေါ်လျှင် တိတ်တိတ်သွားဝယ်ပြီး ရန်ကုန်က အစ်မများပို့လိုက်တာ၊ အဒေါ်များ ပို့လိုက်တာဆိုကာ ဈေးတင်ပြီး မိကြည်ကိုရောင်းခဲ့၏။ မိကြည်က ချက်ရေးပြုတ်ရေး သားသမီးတစ်ပြုံကြီးအရေးနှင့် ဘယ်မှမသွားနိုင်၍ တစ်ကြိမ် နှစ်ကြိမ် ယုံခဲ့၏။ တစ်ခါမှဖြူစင်သောစိတ်ထားနှင့် ...

''အစ်မကြီးရေ ... ဒီလိုက ဒီလိုအဆင်လေး မြင်ခဲ့တယ်။ ညီမနဲ့ ဆင်တူဝတ်ပြီး ကြွားကြရအောင်''

ဟု မရှိခဲ့။ သူ့တွင်ရှိတာ သူများမသိရ။

တစ်ကြိမ်ကလည်း မိအေးလုပ်သေး၏။ ညနေစောင်းတွင် ကြက်တောင်ရိုက်ရန် ဦးရွှေမောင်သည် သူ၏ကလေးများအတွက် ပစ္စည်းအပြည့်အစုံ ဝယ်လာခဲ့ဖူးလေသည်။ ထိုအခါမိအေးက သူလည်း ရိုက်ချင်ပါသည်။ သူ့ကလေးတွေကိုလည်း သင်ပေးချင်ပါသည်။ ပိုက်ဆံတစ်ဝက် ခံပါမည်ဝင်ရိုက်ပါရစေဟု ဆိုလာ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ဦးရွှေမောင်က ကောင်းသားပဲဟု ဆိုလိုက်သည်။ ထိုနေ့မှစ၍ မိအေးသည် ဘယ်ကအပေါင်းအသင်းများ ခေါ်လာပြီး ရိုက်နေသည်မသိ၊ နေ့စဉ် အုန်းအုန်းကျွက်ကျွက်နှင့် ဟားတိုက်ပျော်ရွှင်နေ၏။ တစ်ရက်မဟုတ်၊ နှစ်ရက် မဟုတ်၊ သူတစ်ဝက်ပေးမည်ဆိုသည့် ပိုက်ဆံလည်း ဘယ်နေမှန်းမသိ။ ရွှေမောင် ၏ ကလေးလေးယောက်က ကစားချင်ရက်နှင့် အလှည့်မပေး၊ ကလေးများမှာ ကိုယ့်မိဘပစ္စည်းနှင့်ကိုယ် ငိုနေကြရ၏။ မိအေးသည် မသိမဟုတ်၊ သိသိနှင့်နေ၏။ သို့ရာတွင် သူ၏ဉာဉ်မှာ သူအသာရမှ။

သို့နှင့် ပိုက်ကန်းသော ရွှေမောင်က စတုတ္ထနေ့တွင် မိအေးကို ကြိမ်းပါ လေတော့သည်။

"ဒီမယ် ... မိအေး၊ ညည်းလိုသေခါနီးတောင် ဒီလောက်ကစားချင်ရင် ဒီကလေးတွေ မကစားဘဲ နေချင်ပါ့မလား၊ ကိုယ်ချင်းလည်း စာကြည့်ဦးလေ။ ညည်း မိတ်သင်္ဂဟတွေနဲ့ ကစားချင် သီးသန့်လုပ်ပါ"

မိအေးသည် တည့်တည့်အပြောခံရမှ ...

"ဟင်း ... အကိုကြီးကလည်း မိအေးဆိုရင် ခွေးပြော၊ ဝက်ပြော သိပ်နိုင်တာပဲ"

ဟု နောက်ဆုတ်သွားခဲ့လေသည်။

ဤလောကကြီးသည် မခက်ပါ။ သေချာတွေးကြည့်လျှင် ကိုယ့်အတွက် တစ်ကွက်ချန်ထား သူများက ခက်သဖြင့် လောကကြီးက မခက်ချင်ဘဲ ခက်သည် ဟု အခေါ်ခံနေရ၏။

မိအေးအလိမ္မာတုံးကလေးနှင့် ဦးရွှေမောင်အမိုက်တုံးကြီးတို့၏ ဇာတ်လမ်း မှာ တစ်ဦးနှင့်တစ်ဦး ဆုံးချိန်တန်ခဲ့ပါလျက် မဆုံးနိုင်ကြသည်မှာ ကံတရားဟုပင် ဆိုရပေမည်။

မိအေးသည် ဤတစ်ကြိမ်တွင်လည်း ဆိုပြန်သည်။

"အစ်ကိုကြီးဟာ မိအေးဆိုရင် ခွေးပြော၊ ဝက်ပြောဘဲ၊ အေးလေ ... မိအေးတို့က ခံရမယ့်ဘဝပေကိုး"

"အံ့မယ် ... အံ့မယ် ... ငါဝမ်းနည်းလိုက်တာဟယ် ... အစ်ကိုကြီး ငိုရတော့မလား"

ဦးရွှေမောင်က မခံချင်ဇရာ လုပ်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ အစ်ကိုကြီးကို သွေ့နားထင်ရောက်နေတယ်လို့ပြောတာ ဒီလို ပြောတော့ မခံနိုင်ဘူး မဟုတ်လား"

"ကဲ ... ထားပါတော့ ... ငါ သွေးနားထင်ရောက်တယ် ထားတော့။ ညည်းကလည်း ဒီအချိုးနဲ့ ငါ့အိမ်ရိပ် မနင်းနဲ့ဟာ။ ညည်းကလည်း ကိုယ့်ကိုယ်ကိုယ် မှ ဟုတ်တယ်ထင်သလို ငါလည်း ငါ့အတွေးနဲ့ လူဟုတ်ကြီး"

မိအေးသည် ပွစိ,ပွစိနှင့် ပါးစပ်မှမြည်တမ်းပြီး ဦးရွှေမောင်အရင် အိမ်ပေါ် တက်ကာ ...

"အစ်ကိုကြီးက မိအေးကို ဒီလိုဆိုတယ်"

ဟု မိကြည်အား တက်တိုင်တော့သည်။

ထိုအခါ မိအေးအပါးတင်သည်ကို မုန်းနေသော မိကြည်သည် ထုံးစံ အတိုင်း မိအေးဖက်သား ဖြစ်သွားပြန်သတည်း။

ဤအကြောင်းနှင့်ပတ်သက်၍ မိကြည်က ရွှေမောင်အား တစ်ဖက်သား ကို မခံချင်စရာပြောရပါမလားဟု အပြစ်တင်၏။ ထိုအခါ မိကြည်အား ရွှေမောင် က အရူး၊ အမြှောက်ကြိုက်၊ ဟိုကလုပ်ချင်ရာလုပ်ပြီး မျက်ရည်ခံကလေး ထိုး မြှောက်လျှင် မြောက်တတ်သည်ဟု ပြောပစ်လိုက်သည်။ ထိုအခါ မိကြည်ကလည်း ပြန်ပက်၏။

"ကိုယ်လည်း အရူးပဲ။ မိအေး ဘယ်နှစ်ကြိမ်ရှိပလဲ။ ဟိုကမြှောက်ရင် ပြီးသွားတာပဲ မဟုတ်လား"

"ဟော့ ... ဒီတစ်ကြိမ်တော့ ကြည့်လိုက် ... ရွှေမောင်တဲ့ကွ"

"ကောင်းပါပြီတော် ... ကြည့်ရသေးတာပေါ့"

မိအေးသည် ဦးရွှေမောင်ကို အတော်ကြောက်သွားသည် ထင်ရ၏။ တော် တော်နှင့် ထောင်ဝင်စာ မလာဝံ့ရှာတော့ပေ။ တော်တော်ဆိုသည်မှာလည်း ကြာ ကြာမဟုတ်။ ၃ ရက်ခန့် ကြာသည်ထင်၏။ ဤအကြောင်းကို ဦးရွှေမောင်က ထောင်တွင်းရှိ ကိုပေါ်တာအားလည်း ပြောပြပြန်သည်။ ထိုအခါ ကိုပေါ်တာက..

"ပါးကိုရိုက်စမ်းပါ ... အစ်ကိုကြီးရယ်၊ ကျွန်တော့်မိန်းမညာဉ်ကို အစ်ကို ကြီး အသိပဲ။ လင်မယားချင်းတောင် လူလည်လုပ်တာခင်ဗျ"

ဟု လူအေးကြီးက ပြောနေပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ဦးရွှေမောင် ဈေးဘက်သို့ထွက်သွားရာ မတွေ့ချင်သော မိအေးနှင့်မှ ရင်ဆိုင်တိုးနေတော့သည်။

"ဟော ... အကိုကြီးပါလား"

မိအေးက တွေ့လျှင်တွေ့ချင်း ဆို၏။

"အေး ... ဘာဖြစ်သလဲ။ ထောင်ဝင်စာ တွေ့ချင်ပြန်ပလား"

"အို ... ဒါကို ထားစမ်းပါ။ ကျွန်မပြောစရာက တခြားပါ"

"ဩော် ... ဘာလဲပြော ... မကြာစေနဲ့"

"ဒီလိုပါ ... အစ်ကိုကြီးရဲ့၊ ကျွန်မလေ အစ်ကိုကြီးရေးတဲ့ 'ချစ်တဲ့သူ အဋိတိတ်အောင်' ဆိုတဲ့ဝတ္ထုကို ဘယ်လိုကြိုက်နည်း ကြိုက်မှန်းမသိဘူး"

"အောင်မယ် ... အဲဒါ ဘာဖြစ်သလဲ"

ဦးရွှေမောင်၏စိတ်တွင် ကောင်မ ထောင်ဝင်စာတွေ့ချင်လို့ ငါ့ကို ပလီတာ။ ဘာရမလဲ 'သာဒင်ကို ဘာထင်သလဲ' ဟု စိတ်ထဲမှ ကြိမ်းလိုက်၏။

"တကယ်ပါ ... အစ်ကိုကြီးရယ်၊ မိအေးလေ ... ဒီဝတ္ထု ကောင်းတဲ့ ဟာကိုမှ ဘယ်လိုလွတ်ခဲ့မှန်းမသိဘူး။ ဒါနဲ့ စိတ်ညစ်ညစ်နဲ့ သုံးကျော့လောက်ကို ဖတ်ပစ်တာ။ ဒါနဲ့ မပြီးသေးဘူး။ ဒီစာအုပ် သူများလာငှားမှာစိုးလို့ သေတ္တာထဲ ကို သော့ခတ်ပြီး ပိတ်ထားလိုက်တာပဲ။ ကဲ ... မှတ်ကရော။ ဒါပဲ အစ်ကိုကြီး။ ဒါကို ပြောချင်လို့ပါ"

မိအေးက ပြောပြနေစဉ် ဦးရွှေမောင်၏ဗိုက်ထဲတွင် ဘာလိုလိုနှင့် ကုလား ဗုံလှည့်နေ၏။ သို့တစေ ပညာခံအပြည့်ရှိထားသူဖြစ်၍သာ မိအေးအား ခပ်တည် တည်နှင့် ...

"အောင်မယ် ... ဒါအဆန်းလား၊ ငါသွားမယ်ဟေ့"

ဟုဆိုကာ ထွက်လာခဲ့လေသည်။

သို့ရာတွင် သို့ရာတွင် ... ဦးရွှေမောင်သည် ခြေလှမ်းများများပင် မလှမ်းရတော့၊ ဗိုက်ထဲတွင် ကျလလိ ကျလလိနှင့် တွေးတောခြင်းကို မြှုလေ တော့သည်။

"ဒီအကောင်မ ... ထင်ကြေးဟာ သိပ်မဆိုးဘူး။ ငါရေးတဲ့ဝတ္ထုကို ငါ့ လိုပဲ သူလည်း အတော်ကြိုက်ရှာသား။ မိအေး ဒီတစ်ချက်တော့ အဟုတ်ကြီး"

www.burmeseclassic.com

www.burmeseclassic.com



အဲ ... ဤကဲ့သို့ ပြင်၍ပြင်၍ညာနေသော ပြင်ညာရှိ ဦးရွှေမောင်သည် ရှေ့သို့ခြေလှမ်းများများ မလှမ်းနိုင်တော့ဘဲ ချက်ချင်းရပ်တန့်ပြီး မိအေးအား လှမ်းအော်လိုက်ပုံမှာ ...

"မိအေးရေ ..."

"ရှင် ... အစ်ကိုကြီး"

"နင် ထောင်ဝင်စာလာချင် အချိန်မရွေးလာခဲ့ ... ကြားလား" ဟူ၏။

(သိရက်နဲ့ခံရတာဗျာ ... နော် ... ဟဲ ... ဟဲ ...)

☼☼☼

မြောင်းမြမောင်ကို

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

❑

ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်တော့ ကျွန်တော်တို့ ဟသ်ာတမြို့တွင် နေလို့ မရတော့ပါ။ အင်္ဂလိပ်တွေမပြေးခင် ဂျပန်တွေက နေ့စဉ်လို ဟသ်ာတကို ဗုံးကြဲပါသည်။

အင်္ဂလိပ်တွေပြေးတော့ ဂျပန်တွေ ဝင်လာပါသည်။ ဒီတော့ အင်္ဂလိပ်တွေက နေ့စဉ်လို ဗုံးကြဲပြန်ပါသည်။ ဧရာဝတီမြစ်ရိုးတစ်လျှောက် လေယာဉ်ပျံ နှစ်စင်းဖြင့် မြင်မြင်သမျှကို တရစပ်စက်သေနတ်ဖြင့် ပစ်ပါသည်။

နေ့အခါ ဟသ်ာတမြစ်ကမ်းနားသည် အလွန်ခြောက်သွေ့ပြီး အသွားအလာ အရောင်းအဝယ်များ မရှိပါ။ လှေသမ္ဗန်များ၊ သင်္ဘောများ ညအခါမှ သွားကြလာကြရပါသည်။

ဟသ်ာတမြို့သည် အင်္ဂလိပ်က ဗုံးကြဲလိုက်၊ ဂျပန်က ဗုံးကြဲလိုက်နှင့် ပီပီညက်ညက် ကြေနေပါပြီ။ မြို့လယ်က အဆောက်အအုံတွေဆို မီးလောင်ကုန်လို့ ပြာပုံဖြစ်နေပါပြီ။ ဟသ်ာတမြို့ရဲ့ ရုပ်ရှင်ရုံတွေဆို ဗုံးဒဏ်ကြောင့် ပျက်စီးကုန်ပါပြီ။ ရုံးတွေကျောင်းတွေလည်း ဗုံးဒဏ်က မလွတ်ပါ။ ဟသ်ာတမှာ မနေရဲကြတော့ပါ။ ကျွန်တော်၏ ဖခင်ဖြစ်သူမှာ ဇလွန်သားဖြစ်ပါသည်။ ကျွန်တော်တို့ မိသားစုအားလုံး စစ်ပြေးဘဝဖြင့် ၁၉၄၂ ခုနှစ်လောက်က ဇလွန်ကိုရောက်သွားကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖလွန်မြို့တွင် ကျွန်တော်တို့လို စစ်ပြေးဒုက္ခသည်တွေ အများကြီးတွေ့ပါသည်။ ကျွန်တော်တို့ ဒုတိယကမ္ဘာစစ်အတွင်းက ဖလွန်မြို့တွင် လေးငါးနှစ် နေခဲ့ကြရပါသည်။ ဂျပန်ရော၊ အင်္ဂလိပ်ရော၊ ဖလွန်မြို့ကို ဗုံးမကြဲကြပါ။ အင်္ဂလိပ်လေယာဉ်နှစ်စင်းကတော့ မိုးလင်းတာနှင့် ရောက်လာပြီး မြစ်ရိုးတစ်လျှောက် မြင်မြင်သမျှ အလွတ်မပေး တရစပ် စက်သေနတ်ဖြင့် ပစ်နေပါသည်။

ကျွန်တော့်အဖေသည် ကုန်သည်မျိုးရိုးမှလာသော်လည်း အစိုးရအမှုထမ်း လုပ်ရာမှ စစ်ဖြစ်တော့ မိသားစု စားဝတ်နေရေးအတွက် ကုန်သည်အလုပ်ကို ပြန်လုပ်ရပါသည်။

ဂျပန်ခေတ်က အောက်အရပ်မှ ဆန်များကို ဆန်အိတ် ၂၀၀ ပါ၊ ၃၀၀ ပါ လှေကြီးများဖြင့် အညာအထက်သို့ တက်၍ရောင်းကြပါသည်။ တစ်ခါ တက်လျှင် တစ်လကျော်၊ နှစ်လနီးပါး ကြာပါသည်။ ပခုက္ကူ၊ ရေစကြို၊ မြစ်ချေ အထိ တက်ရပါသည်။ ဒါမှ ဈေးကောင်းရပါသည်။

စစ်အတွင်းက ကျွန်တော့်အဖေသည် ဖလွန်မှ ဆန်အိတ် ၃၀၀ ပါ၊ ၅၀၀ ပါ လှေကြီးများဖြင့် စွန့်စွန့်စားစား သုံးလေးခေါက် တက်ခဲ့ပါသည်။

ကျွန်တော့်အဖေသည် ငယ်စဉ်ကပင် ဗုဒ္ဓဘာသာဖြစ်သည့်အလျောက် ဘာသာတရားကို အလွန်ရှိသေ ကိုင်းရှိုင်းပါသည်။ ပရိတ်ကြီး (၁၁) သုတ်ကို အလွတ်ရပါသည်။ ဘုရားဂုဏ်တော်၊ ဂါထာတော်များကိုလည်း ရပါသည်။ လှေစထွက်ကတည်းက အသက်သတ်လွတ် စားပါသည်။ လှေဦးတွင်ထိုင်၍ ဂုဏ်တော်များ ရွတ်ပါသည်။ အထူးသဖြင့် ဖလွန်ပြည်တော်ပြန်ဘုရား ဂါထာတော်ဖြစ်သည့် စမ္ဗုဒ္ဓေဂါထာကို မပြတ်ရွတ်ပါသည်။

ဂျပန်ခေတ်က အညာဆန်လှေများမှာ ယခုလို စက်တပ်လှေများ မဟုတ်ပါ။ လေကိုအားကိုးပြီး လေလာသည့်အခါ ရွက်လွှင့်၍ တက်ရပါသည်။ အင်္ဂလိပ်လေယာဉ်နှစ်စင်းက နေ့အခါ ဧရာဝတီမြစ်အတွင်း မြင်မြင်သမျှကို အစုန်အဆန် တရစပ်ပစ်ခတ်နေပါသည်။ ကျွဲညီနောင်ဟု ခေါ်ပါသည်။

ကျွန်တော့်အဖေက လေလာသည့်အတွက် လှေသူကြီးကို ပြောပါသည်။ လေလာတုန်း ကျွန်တော်တို့ လှေထွက်ရအောင်ဟု ပြောပါသည်။ လှေသူကြီးက မထွက်ရဲပါ။ ဘယ်လှေမှ မထွက်ရဲကြပါ။ လှေတွေအတော်များများ ဘောကင်းရာကမ်းစပ်တွင် ပုန်းနေကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖေက လေလာတုန်းမထွက်လျှင် အညာကိုရောက်တော့မှာ မဟုတ်ဘူး။ ညဖက်မှထွက်တော့ လေကမရှိ။ လှေကို ကုန်းပေါ်မှ လှေသမားနှစ်ယောက်လောက်က ကြိုးဖြင့် ဆွဲရပါသည်။ ကျန်လှေသမားများက ထိုးဝါးဖြင့် လှေကို ကူထိုးပေးရပါသည်။ လေယာဉ်ကြောက်၍ ညဖက်ထွက်လျှင် ခရီးမပေါက်ပါ။ လှေသမားများလည်း အလွန်ပင်ပန်းကြရသည်။

ကျွန်တော့်အဖေက လေလာတုန်း လှေထွက်ချင်သည်။ လှေသူကြီးက လက်မခံပါ။ လှေသူကြီးမှာ ဇလွန်ကစပြီး လှေထွက်လာကတည်းက ညနေတိုင်း သူ့တပည့် လှေထိုးသားများနှင့် အရက်သောက်ပြီး မူးနေကြပါသည်။

ကျွန်တော့်အဖေက လှေသူကြီးကို ကောင်းကောင်းမွန်မွန် တောင်းတောင်းပန်ပန်ဖြင့် ပြောသည့်အတွက် လှေသူကြီးက သဘောတူပြီး လှေထွက်ခဲ့ကြပါသည်။ ထိန်တောမိုးညိုနားရောက်သည့်အခါ လေယာဉ်ပျံအသံကြားရသဖြင့် လှေသူကြီးနှင့် လှေထိုးသားများအားလုံး လှေပေါ်မှရေထဲ ခုန်ဆင်းကြပါသည်။ ကျွန်တော့်အဖေမှာ ရေကူးတတ်သူ မဟုတ်သဖြင့် ရေထဲခုန်မဆင်းတော့ဘဲ လှေဦးတွင်ထိုင်ကာ ဂုဏ်တော်များ၊ ဓာရဏပရိတ်တော်၊ သမ္ဗုဒ္ဓေဂါထာတော်၊ ဇလွန်ပြည်တော်ပြန် စမ္ဗခဏ်ဂါထာတော်များကို မပြတ်ရွတ်ဖတ်နေပါသည်။

လေလာတုန်းထွက်သည့် လှေများမှာ အားလုံး သုံးစင်းဖြစ်ပါသည်။ ဆန်အိတ် ၃၀၀ ပါ၊ ၅၀၀ ပါ လှေကြီးများဖြစ်ပါသည်။ ကျွန်တော်၏အဖေလှေက အလယ်က ကျန်လှေနှစ်စီးက အရှေ့ကတစ်စီး၊ အနောက်ကတစ်စီး၊ ကွဲညီနောင်လို့ခေါ်တဲ့ အင်္ဂလိပ်လေယာဉ်နှစ်စင်းဟာ ကျွန်တော်တို့အဖေလှေ အပါအဝင် အခြားလှေနှစ်စီးကို တရစပ်အသွားအပြန် လှေများမနစ်မချင်း ပစ်ပါသည်။ ကျေနပ်လောက်အောင် ပစ်ခတ်ပြီးမှ အဲဒီကွဲညီနောင်လေယာဉ်နှစ်စင်းဟာ ပြန်သွားပါတော့တယ်။

ကျွန်တော့်အဖေလှေကတော့ ဘာမှမဖြစ်ပါ။ ကျည်တစ်တောင့်တောင်မထိပါ။ လှေဦးမှာထိုင်ပြီး ဂုဏ်တော်တွေ ရွတ်ဖတ်လာတဲ့ ကျွန်တော့်အဖေလည်း ဘာမှမဖြစ်ပါ။ ကျန်လှေနှစ်စီးကတော့ ဆန်အပြည့်ဖြင့် နစ်သွားပါသည်။ လှေသားအချို့လည်း စက်သေနတ်မှန်ကြပါသည်။

လေယာဉ်နှစ်စင်းပြန်သွားတော့ လှေသူကြီးနှင့် လှေထိုးသားများ လှေပေါ်ပြန်တက်လာကြပြီး လှေလည်း ဘာမှမဖြစ်၊ လူတွေလည်း ဘာမှမဖြစ်၊ လှေဦးမှာ ငုတ်တုတ်ထိုင်ပြီး ဂုဏ်တော်တွေ ရွတ်နေတဲ့ ကျွန်တော့်အဖေလည်း ဘာမှမဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်ကင်း ဘေးရှင်းတာတွေ့တော့ လှေသူကြီးနဲ့ လှေထိုးသားတွေက အလွန်အံ့ဩပြီး ကျွန်တော့်အဖေကို မေးကြသည်။

လှေထိုးသားတွေက ကျွန်တော်တို့လှေ ဘာမှုမဖြစ်တာ၊ ဘေးကင်းတာ၊ ကျွန်တော့်အဖေကြောင့်ဆိုပြီး လှေသူကြီးနဲ့ လှေထိုးသားတွေ ဝိုင်းထိုင်ပြီး ကန်တော့ကြသည်။ သူတို့ အားလုံးလည်း ဂုဏ်တော်တွေကြောင့် ရတနာသုံးပါး ကျေးဇူးကြောင့်ဆိုတာ သိသွားကြသည်။

အဲဒီအချိန်ကစပြီး လှေသူကြီးနဲ့ လှေထိုးသားတွေက အရက်မသောက်ကြတော့ဘူး။ ကျွန်တော်အဖေက သူတို့အားလုံးကို သမ္ဗုဒ္ဓေဂါထာနဲ့ ဇလွန်ပြည်တော်ပြန်ဂါထာတွေ အလွတ်ရတဲ့အထိ သင်ပေးတာ သူတို့အားလုံး ဂါထာတွေ အလွတ်ရပြီး မပြတ်ရွတ်ဖတ်နေကြပါတော့တယ်ဗျာ။

ဗုဒ္ဓရဲ့ဂုဏ်တော်တွေ၊ ဂါထာတော်တွေ ကျေးဇူးကြောင့် ကျွန်တော့်အဖေနဲ့ လှေထိုးသားအားလုံး အန္တရာယ်ကင်းဘေးရှင်းပြီး အညာပခုက္ကူ၊ ရေစကြို၊ မြစ်ချေအထိ ချောချောမောမော ရောက်သွားကြပါသည်။ ပါသွားသည့်ဆန်တွေလည်း ဈေးကောင်းကောင်းနဲ့ ရောင်းရပြီး ဘေးမသီရန်မခဘဲ ဇလွန်ကို ပြန်ရောက်ခဲ့ကြပါသည်။ ကျွန်တော့်အဖေရဲ့ တကယ့်ကိုယ်တွေ့အဖြစ်အမှန်ပါ။

ရတနာသုံးပါး ဂုဏ်ကျေးဇူးတွေ၊ ဂါထာတော်တွေဟာ ဘယ်လောက်တန်ခိုးထက်မြက်သလဲဆိုရင် ပြောရမှာ အများကြီးပဲ။ အဲဒီအချိန်တုန်းက ရောဝတီမြစ်ကျောတစ်လျှောက်မှာ လှေနဲ့သွားလာပြီး လုပ်ကိုင်စားသောက်ကြရသည်မှာ အလွန်အန္တရာယ်ကြီးပါသည်။ စက်သေနတ်နဲ့ တရစပ် နေ့စဉ်လိုလို ပစ်နေတဲ့ ကျွဲညီနောင်ဆိုတဲ့ အင်္ဂလိပ်စစ်လေယာဉ်နှစ်စင်းကိုလည်း ကြောက်ရ၊ ဓားပြကိုလည်း ကြောက်ရပါတယ်။ လေယာဉ်က ပစ်တာထိရင်ထိ၊ မထိရင် ဓားပြတိုက်တာ ခံရတယ်။

ကျွန်တော့်အဖေလိုပဲ အညာကို ဆန်တက်ရောင်းပြီး ပြန်လာတဲ့လှေဟာ ဆန်ရောင်းရငွေတွေပိုက်ပြီး အလွန်နာမည်ကြီးတဲ့ ဓားပြပေါတဲ့ ညောင်တုန်းမြို့နယ် ပဒန်တက်သစ်ဆိုတဲ့ရွာကို ရောက်လာတယ်။ အဲဒီ မြစ်ကမ်းရိုးတန်းတစ်လျှောက်က ရွာတွေဟာ ဓားပြရွာတွေပဲ။ ဓားပြထွက်မတိုက်တဲ့ ရွာမရှိဘူး။ စာဆိုလေးတောင် ရှိသေးတယ်။ 'ပဒန်တက်သစ် ကျောက်မပစ်နဲ့၊ ပစ်သာပစ်လေ အိပ်လေနဲ့' တဲ့။ ဓားပြတွေတိုက်အားကြီးလို့ သတိပေးတဲ့ စာဆိုပါတော့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလှေဟာ တစ်လမ်းလုံး ဘေးအန္တရာယ်ကင်းကင်းနဲ့ စုန်ဆင်းလာတာ။ ညှောင်တုန်းနယ်ထဲရောက်တော့ ဓားပြတွေက နောက်ကနေ လှေနဲ့လိုက်လာကြတယ်။ မိုးချုပ်တော့ အဲဒီလှေဟာ ချောင်ကျကျ အန္တရာယ်ကင်းမယ်လို့ထင်တဲ့နေရာမှာဆိုက်ပြီး ညအိပ်ကြတယ်။ နောက်ယောင်ခံလိုက်လာတဲ့ ဓားပြအဖွဲ့လှေက အဲဒီလှေဆိုက်တဲ့ နေရာကိုမှတ်ပြီး ပြန်သွားကြတယ်။ ညအတော်မိုးချုပ်တော့ ဓားပြတွေရောက်လာတယ်။ လှေကိုမတွေ့တော့ဘူး။ သူတို့နေရာအမှတ်မှားတယ်ထင်ပြီး တစ်ညလုံး မြစ်ရိုးတစ်လျှောက်ရှာတယ်။ မတွေ့ဘူး။

မနက်မိုးလင်းတော့ ဓားပြတွေက အဲဒီနေရာသွားကြည့်တယ်။ လှေဟာ မနေ့က သူတို့မှတ်တဲ့နေရာမှာ ဒီအတိုင်း တွေ့ကြတယ်။ ဓားပြတွေက သူတို့ အမှတ်မှားလို့ပဲဆိုပြီး အဲဒီလှေနောက်က လိုက်ကြပြန်တယ်။ မိုးချုပ်တော့ အဲဒီလှေဟာ ရွာနဲ့နီးနီးမှာကပ်ပြီး ညအိပ်ကြပြန်တယ်။ ဓားပြတွေလည်းနေရာ သေသေချာချာမှတ်ပြီး ညကျတော့ ဓားပြတိုက်ဖို့ လာကြပြန်တယ်။ ဟိုနေ့ကလိုပဲ လှေကို ရှာမတွေ့ကြပါ။ မနက်မိုးလင်း ထိုနေရာကို ဓားပြတွေ သွားကြည့်သည့်အခါ တွေ့ပါသည်။ မနေ့ကနေရာမှာ ကပ်ထားသည်။

ဒီတော့ ဓားပြတွေက လှေပေါ်တက်ပြီး လှေသူကြီးကို အကျိုးအကြောင်းပြောပြသည်။ ကျွန်တော်တို့ ခင်ဗျားတို့လှေကို ဓားပြတိုက်ဖို့ကြတာ သုံးလေးခါပဲ၊ လှေကို ရှာမတွေ့ဘူး။ ပျောက်နေတယ်။ ဘာအဆောင်တွေရှိသလဲ။ တစ်ခုတော့ တစ်ခုခုပဲ။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေ စောင့်ရှောက်တာဖြစ်မှာပါလို့ မေးတယ်။ လှေသူကြီးက ကျွန်တော်ကတော့ တခြားဘာအဆောင်မှတော့မရှိပါဘူး။ မွေးကတည်းက မိဘတွေသင်ပေးတဲ့ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်တွေကို အမြဲရွတ်ဖတ်ပါတယ်။

ဒီဂုဏ်တော်တွေကြောင့် ဖြစ်မှာပါလို့ ရှင်းပြခဲ့တယ်။ ဓားပြတွေက အဲဒီလှေသူကြီးကို ထိုင်ကန်တော့ကြတယ်။ ကျွန်တော်တို့ သူတော်ကောင်းကို ပြစ်မှားမိတယ်။ မကောင်းကြံစည်မိတယ်။ ခွင့်လွှတ်ပါလို့ တောင်းပန်ကြတယ်။

လှေသူကြီး ယုံယုံကြည်ကြည်နဲ့ မပြတ်ရွတ်ဖတ်နေတဲ့ ဂါထာကတော့ ဇလွန်ပြည်တော်ပြန်ဂါထာတော်ဖြစ်တဲ့ စမ္ဗုဒ္ဓေဂါထာတော်ဖြစ်ပါတယ်။

စမ္ဗုဒ္ဓေဂါထာတော်ကတော့ ....

www.burmeseclassic.com

www.burmeseclassic.com



"ကုတိပိ ပိဋကတ္တယံ – အနိစ္စံ ဒုက္ခံ အနတ္တံ သတ္တဗောဇ္ဈင်္ဂါ၊ အဋ္ဌင်္ဂိကော မဂ္ဂေါ၊ စတုပဋ္ဌာနံ၊ သဗ္ဗသတ္တန္တော၊ သဟာသ သူရိယော၊ ဩဘာင်း . . . နမော မေတ္တာနံ၊ ရာဇဘယံ၊ စောရဘယံ၊ ဥဒကဘယံ၊ အဂ္ဂိဘယံ၊ သတ္တဘယံ၊ သဗ္ဗဘယံ၊ ဇေယျော၊ ဇေယျတုမင်္ဂလံ၊ အနိစ္စံ၊ သခ်တံ၊ ပဋိစ္စသမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ၊ ခမတိ"

ဇလွန်ပြည်တော်ပြန်ဘုရား၏ စမ္မခဏ်ဂါထာတော်ကြီးကို နေ့ညမပြတ် ရွတ်ဖတ်သရဇ္ဈာယ်ပါမူ ရန်သူ့ဘေးရန်မှန်သမျှ အမှန်ကင်း၍ လိုအပ်သော အကျိုးအမျိုးမျိုး ပြည့်စုံနိုင်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဤ ပြည်တော်ပြန် ဂါထာတော်ကို ရွတ်ဖတ်ကြသဖြင့် ဗုံးဘေး၊ စက်သေနတ်ဘေး၊ မီးဘေး၊ ဓားပြဘေး ရန်သူမျိုးငါးပါးဘေးမှ ကင်းလွတ်သူ အမြောက်အမြား ရှိခဲ့ပါသည်။ ယုံယုံ ကြည်ကြည် လေးလေးစားစား ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ကြပါရန် တိုက်တွန်း အပ်ပါသည်။

ဇလွန်ပြည်တော်ပြန်ဘုရားသမိုင်းမှာ မြတ်စွာဘုရားသခင်သည် သာသနာ အဓွန့်ရှည်စွာ စည်ပင်ထွန်းကားလတ္တံ့သည်ကို မြင်တော်မူသဖြင့် ညီတော်အာနန္ဒာ နှင့်တကွ ရဟန္တာငါးရာ ခြံရံတော်မူ၍ မဟာသက္ကရာဇ် (၁၁၆)ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့ နံနက်တစ်ချက်တီးကျော်အချိန်တွင် ရက္ခပူရတိုင်း၊ ဓညဝတီရခိုင်ပြည်ကြီး သို့ ကြွတော်မူလာလေသည်။

ဓညဝတီရခိုင်ပြည့်ရှင်ဘုရင် စန္ဒသူရိယမင်းကလည်း ရတနာအတိ ခြယ် သော ရွှေကျောင်းတော်ကြီးကို ဆောက်လုပ်ကိုးကွယ်တော်မူလေသည်။ ထို ရွှေကျောင်းတော်ကြီး အာဝါသ၌ ယာပထလေးဘော်ဖြင့် မျှတတော်မူလျက် စန္ဒသူရိယမင်း စသော ပရိသတ်အပေါင်း သူတော်ကောင်းတို့အား နေ့စဉ် တရား ရေအေး အမြိုက်ဆေး တိုက်ကျွေးဆုံးမတော်မူလေလျှင် များစွာသော ပရိသတ် တို့သည် မိုးကြိုးစက်ဝန်းကဲ့သို့ အမြဲနှိပ်စက်သော သံသရာဘေးကို လွန်မြောက် နိုင်သော သောတာပန် သကဒါဂါမ်၊ အနာဂါမ် စသည်တို့ တည်ကြလေသည်။

မြတ်စွာဘုရားသခင်သည် ဓညဝတီ ရခိုင်ပြည်မှ ပြည်လည်မကြွမီ မန္တလေးမြို့ မဟာမြတ်မုနိ အပါအဝင် ကြေးဆင်းတုတော်လေးဆူကို လူ နတ် ဗြဟ္မာအားလုံး ပူဇော်နိုင်ရန် သွန်းလောင်းခဲ့ပါသည်။ ပထမသွန်းလောင်း



www.burmeseclassic.com

www.burmeseclassic.com



သော ဘုရားသည် မဟာမြတ်မုနိ၊ ဒုတိယ ရှင်ကျော်မုနိ၊ တတိယ ရွှေဘုံသာမုနိ၊ စတုတ္ထ မာရ်အောင်မြင်မုနိ (ဇလွန်ပြည်တော်ပြန်ဘုရား) လေးဆူတို့ ဖြစ်ခဲ့ကြပါသည်။

မာရ်အောင်မြင် ဇလွန်ပြည်တော်ပြန်ဘုရားသည် မန္တလေး မဟာမြတ်မုနိ၏ လက်ယာတော်ရံဖြစ်သည်။ အလေးချိန်မှာ (၆၀၆)ပိဿာနှင့် (၆)ကျပ်သားဖြစ်ကြောင်း သိရသည်။

သက္ကရာဇ် (၁၁၄၆)ခုနှစ်၊ ပြာသိုလတွင် အမရပူရရွှေနန်းရှင် ဘိုးတော်ဘုရား၏ သားတော် အိမ်ရှေ့မင်းသား ဧဿဝတီ ရခိုင်ပြည်သို့ ချီတက်သိမ်းပိုက်တော်မူပြီးလျှင် ၁၁၄၆ ခုနှစ် တပေါင်းလတွင် မဟာမြတ်မုနိမြတ်စွာဘုရားနှင့် တကွ လက်ယာရံ မာရ်အောင်မြင် ဇလွန်ပြည်တော်ပြန်ဘုရား၊ လက်ဝဲရံ ရွှေဘုံသာမုနိ၊ ပေါင်း မုနိသုံးဆူကို တောင်ကုတ်–ပန်းတောင်းလမ်းဖြင့် ပင့်ဆောင်လာခဲ့သည်။ ထိုမှတစ်ဆင့် ပြည်မြို့ကိုရောက်တော်မူပြီး ၎င်းမှ ဆန်တက်တော်မူကာ အမရပူရမြို့တော်သို့ ဆိုက်ရောက်တော်မူလေသည်။

မင်းတုန်းမင်းနှင့် ညီတော် ကနောင်မင်းတို့သည် နန်းတော်ဦးမှာတင်၍ ကိုးကွယ်သောကြောင့် မာရ်အောင်မြင်အမည်ပျောက်၍ နန်းတော်ဦးမြတ်စွာဘုရားဟု အမည်တွင်တော်မူသည်။ အလွန်ဆုတောင်းပြည့်သောကြောင့် ဆုတောင်းပြည့် မြတ်စွာဘုရားဟုလည်း အမည်တွင်တော်မူသည်။ နိုင်ငံတော်ကို ပုန်ကန်ခြားနားမည်စိုးရိမ်သောကြောင့် သားတော်များနှင့် မင်းညီမင်းသားမျိုးမတ်များ မဖူးရဟု တားမြစ်တော်မူသည်။

သက္ကရာဇ် ၁၂၁၄ခုနှစ်၊ ပြာသိုလတွင် ပုဂံမင်းသည် အင်္ဂလိပ်တို့နှင့် ဒုတိယအကြိမ် စစ်ဖြစ်ပွားဆဲကာလအတွင်း မင်းတုန်းမင်းနှင့် ကနောင်မင်းတို့က ရွှေဘိုကို အောင်မြေနင်းပြီးလျှင် စစ်သည်တော်များ စုရုံးကာ နောင်တော် ပုဂံမင်းကို ပုန်ကန်တိုက်ခိုက်ကြသဖြင့် နိုင်ငံတော်အရေးသည် များစွာ တုန်လှုပ်ခြောက်ခြားလျက်ရှိသည်။

ဇလွန်မြို့စား အတွင်းဝန်သတိုးမင်းကြီး မဟာမင်းလှနော်ရထာက မြို့သူကြီးအရာ၌ ခန့်ထားတော်မူသော ဦးရွှေပွင့်သည် ဇလွန်မြို့နယ်က ဘဏ္ဍာတော်များကို အမရပူရ ရွှေမြို့တော်ကြီးသို့ သွားရောက်၍ အတွင်းဝန်သတိုးမင်းကြီးထံ ဆက်ကပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အမရပူရ မင်းနေပြည်တော်သို့ ရောက်စဉ် ဖလွန်မြို့သူကြီး ဦးရွှေပွင့်သည် ငါတို့ မှီတင်းနေထိုင်ရာဖြစ်သော ဖလွန်မြို့၌ မြို့သူမြို့သား ရဟန်းရှင်လူအပေါင်းတို့ အမြဲကိုးကွယ် ဆည်းကပ်ပူဇော်နိုင်ကြရန် ကြေးဆင်းတုတော်ကြီးတစ်ဆူကို အမရပူရ နေပြည်တော်သို့ သွားရောက်သွန်းလောင်းပါမှ ကောင်းလေစွတကားဟု အကြံဖြစ်၍ မြို့သူမြို့သား ရဟန်းရှင်လူအပေါင်းတို့နှင့် စည်းဝေးတိုင်ပင်ကြရာ အားလုံး သဘောတူညီညွတ်ကြကုန်၏။

ထိုအခါ ဦးရွှေပွင့်သည် ပုဂံမင်းတရားကြီးထံ လျှောက်ထားရာ အမိန့်တော်ရလေလျှင် ရွှေ၊ ငွေ၊ ကြေး စသည်တို့ကို များစွာ စုဆောင်းလေတော့သည်။ မြို့မိမြို့ဖများနှင့် ရဟန်းရှင်လူများအားလုံးကလည်း ကုသိုလ်ပါဝင်ကြကုန်သည်။

သက္ကရာဇ် (၁၂၁၄)ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁)ရက်နေ့တွင် ဦးရွှေပွင့်သည် အချိန် ပိဿာ (၁၅၀၀)မျှလောက်ရှိသော ရွှေငွေကြေးရတနာအမြတ်တို့ကို တစ်ပေါင်းတည်း စုဆောင်း၍ မိမိတပည့် အပေါင်းအသင်းများနှင့်တကွ၊ တင့်တယ်ခမ်းနားသော ရန်ပွင့် (ခေါ်) မင်္ဂလာလှေတော်ကြီးဖြင့် ဧရာဝတီမြစ်ကို ဆန်တက်ကြရာ တပို့တွဲလဆန်း (၂)ရက်နေ့တွင် အမရပူရ ရွှေမြို့တော်ကြီးသို့ ဆိုက်ရောက်လေလျှင် ဂေါဝိန်ဆိပ်၌ ဆိုက်ကပ်ပြီး နောက်တစ်နေ့တွင် မယ်တော်မိဖုရားကြီးထံ သွားရောက်အစီရင်ခံတော်မူသည်။

မိဖုရားကြီးက မောင်တော် မောင်ရွှေပွင့် ဘုရားသွန်းလုပ်သည့်ရှိသော် ဉာဏ်တော် အဘယ်မျှလောက်ထား၍ အဘယ်ပုံသဏ္ဌာန်တော်ကို သွန်းလုပ်ပါမည်နည်းဟု မေးတော်မူ၏။ ဦးရွှေပွင့်က ယခုသွန်းလုပ်မည့် ဘုရားပုံသဏ္ဌာန်မှာ နန်းတော်ဦးမြတ်စွာဘုရား၏ ပုံသဏ္ဌာန်အတိုင်းဖြစ်၍ ဉာဏ်တော်မှာ တစ်မိုက်ခန့်ကြီး၍ သွန်းလုပ်ပါမည်ဟု လျှောက်ထားရာ ... မိဖုရားကြီးက ကြေးဆင်းတုပညာသည် မောင်မောင်လတ်ဆိုသူအား ခေါ်၍ အပ်နှံပေးလိုက်သည်။

တစ်နေ့တွင် မိဖုရားကြီးက အမိန့်တော်ရှိသည်မှာ မောင်ရွှေပွင့် အောက်အရပ်ဒေသများမှာ အင်္ဂလိပ်တို့က မုတ္တမ၊ ပုသိမ်၊ ရန်ကုန်များကို တိုက်ခိုက်သိမ်းယူနေသဖြင့် များစွာ တုန်လှုပ်ချောက်ခြားလျက် မိမိတို့ရပ်ရွာများကို စွန့်ပစ်သွားကြသည်။ ဖလွန်မြို့သို့ပြန်၍ မိမိမြို့ရွာမှာ ကောင်းမွန် ငြိမ်ဝပ်ပိပြားမှုရှိအောင် အုပ်ချုပ်နေထိုင်မှ သင့်တော်လိမ့်မည်ဟု ပြောဆိုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးရွှေပွင့်က အစ်မတော်ဖုရား ကျွန်တော်မျိုးသည် မြတ်စွာဘုရား မပါ အချည်းနှည်း လက်ချည်းဗလာ ပြန်ရပါက မျက်နှာပန်းမလှ အပြန်ရ ကြပ်ပါတော့မည်။ နန်းတော်ဦး မြတ်စွာဘုရားကို ဇလွန်မြို့သူမြို့သားအပေါင်း တို့ ကြည်ညိုဖူးမြင်ကြရအောင် ခေတ္တပင့်ဆောင်သွားပါရစေ။ အစ်မတော်ထံမှ အမှာတော်ရောက်သောအခါ ကျွန်တော်မျိုးများ သွန်းလုပ်နေသော ဘုရားကို လည်း ပင့်ရန် နန်းတော်ဦးဘုရားကိုလည်း ပို့ရန်လာပါမည့်အကြောင်း လျှောက် ထားသံတော်ဦးတင်လေသည်။ ထိုစကားကို မိဖုရားကြီး နှစ်သက်သဘောကျတော် မူလေသည်။

ဦးရွှေပွင့်သည် မယ်တော်ကြီးထံမှ ခွင့်ရတော်မူလေလျှင် မိမိရပ်ထံ ပြန်ပါမည့်အကြောင်း လျှောက်ထားသံတော်ဦးတင်လေသည်။ မိဖုရားကြီးသည် ရွှေဝါတော်၌ နန်းတော်ဦး မြတ်စွာဘုရားကို တင်တော်မူ၍ လူပေါင်း (၄၇) ယောက် တို့ဖြင့် ဂေါဝိန်ဆိပ်သို့ရောက်အောင် ပို့ဆောင်ပေးလေသည်။ ဦးရွှေပွင့်တို့ လူစုသည် လိုက်၍ပို့ကြသော လူများနှင့်တကွ အနောက်မုဒ် ပြတိုက်တံခါးနီး လမ်းမှထွက်၍ ဂေါဝိန်ဆိပ်သို့ ရောက်လေလျှင် 'ရန်လွင့်'အမည်ရှိ မင်္ဂလာလှေတော် ကြီး၌ မြတ်စွာဘုရားကို ကောင်းမွန်စွာ ပူဇော်၍ ဧရာဝတီမြစ်ကို စုန်ဆင်း လာခဲ့ကြရာ တပေါင်းလဆန်း (၈)ရက်နေ့တွင် ဇလွန်မြို့ကို ဆိုက်ရောက်တော် မူလေသည်။

မြို့သူမြို့သား ရဟန်းရှင်လူအပေါင်းတို့သည် နန်းတော်ဦးဘုရားကို သေချာစွာ ဖူးတွေ့ရသောအခါ ကြည်လင်သဒ္ဓါ၊ စေတနာရွှင်လန်း ပီတိလွှမ်း၍ ဝမ်းမြောက်ဝမ်းသာ မင်္ဂလာလှေတော်ကြီးမှ အသီးသီးသော ပူဇော်ဖွယ် အသွယ်သွယ် သော တံခွန်ကုက္ကား၊ မုလေးပွားတို့ဖြင့် ခမ်းနားသိုက်မြိုက်စွာ ပင့်ဆောင်တော် မူခဲ့ကြပြီး မြို့ရွာမှ ဆောက်လုပ်ထားသည့် ရွာဘုံတန်ဆောင်းတော်ကြီးအတွင်း ခေတ္တသီတင်းသုံးနေတော်မူလေသည်။

မိဖုရားကြီး၏ထံတော်မှ မြတ်စွာဘုရားသွန်းလောင်းပြီးစီးကြောင်းဖြင့် နန်းတော်ဦး မြတ်စွာဘုရား (ဇလွန်ပြည်တော်ပြန် မာရ်အောင်မြင်ဘုရား)ကို ပြန်လည်ပင့်ဆောင်ပို့ရန် အကြောင်းတမာန်တော်များ ရောက်လာရာ မြို့သူကြီး ဦးရွှေပွင့်က ဇလွန်မြို့နယ်နှင့်တကွ မြို့ရွာဒေသများမှ မြတ်စွာဘုရားအား ဖူးမြော်ရန်ရောက်လာကြသော လူအပေါင်းတို့သည် အစဉ်မပြတ် ပျားပန်းခတ်မျှ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေပါ၍ ဆိုင်းငံ့နေခြင်းငှာ သင့်တော်ပါကြောင်း လျှောက်ထားသံတော်ဦးတင်သဖြင့် ဆိုင်းငံ့၍ နေတော်မူသည်။

နောက်တစ်ဖန် တမန်တော်များ ရောက်လာကြပြန်ရာမှာလည်း ယခုအခါ တိုင်းပြည်မငြိမ်သက်၍ လမ်းပန်းမသာယာသဖြင့် အစ်မတော်ထံ မရောက်နိုင်ကြောင်း ထပ်မံသံတော်ဦးတင်ကာ အချိန်ဆွဲ၍ နေလေသည်။

သက္ကရာဇ် (၁၂၁၄) ခုနှစ်မှာပင် ပြည်နှင့်တောင်ငူအောက်၊ အောက်မြန်မာနိုင်ငံတော်ကို အင်္ဂလိပ်တို့က သိမ်းယူလေသည်။ အင်္ဂလိပ်တို့သည် ကြေးပိုက်ဆံပြုလုပ်ရန် ကြေးဆင်းတုတော်ပေါင်း မြောက်များစွာတို့နှင့် ကြေးအိုး၊ ကြေးခွက်၊ ကြေးစကြေးနပေါင်း များစွာတို့ကိုလည်း အင်္ဂလိပ်စစ်ဗိုလ် ဆာဂွန်ဆင်က သိမ်းရုံး၍ယူလေရာ သက္ကရာဇ် ၁၂၁၇ ခုနှစ်၌ မာရ်အောင်မြင်မြတ်စွာဘုရားသည် 'ရွှေချိန်' အမည်ရှိသော သင်္ဘောဖြင့် အိန္ဒိယပြည်၊ ဘုံဘိုင်မြို့သို့ ပါသွားလေတော့သည်။

ဇလွန်မြို့သူမြို့သား အပေါင်းတို့သည် မာရ်အောင်မြင် မြတ်စွာဘုရားကို အင်္ဂလိပ်တို့က အနိုင်အထက်သိမ်းယူသွားသဖြင့် သဲသဲရုတ်ရုတ် သောသောအုတ်အုတ်နှင့် တရွှတ်ရွှတ် ထပ်ပွား၍ ရပ်မနားငိုသူငို၊ ဖရိုဖရဲ တိမ်းလဲခွေကာ ဖြေမသာဘဲ မြေမှာလူးသူကလူး၊ နဖူးပြင်ထက် လက်ကိုထားကာ တပည့်တော်များ ကိုးကွယ်ရာ မဲ့ပါပေါ့ ဘုရားဟု မကြည်ဖျာပါ သောကမီးတောက်လောင်စွာဖြင့် ကျန်ရစ်ရှာကြလေသည်။

ဘုံဘိုင်မြို့သို့ ရောက်ရှိ၍ နေတော်မူကြကုန်သော ကြေးဆင်းတုပေါင်းများစွာတို့ကို ဂိုဒေါင်နှင့်ထား၍ ဖိုကျင်ထိုး အရည်ကျိုပြီးလျှင် ကြေးပိုက်များပြုလုပ်ကြလေသည်။ မာရ်အောင်မြင်မြတ်စွာဘုရားကိုမူ ဖိုလေးဖိုတို့ဖြင့် ဆိုင်ပြိုင်ကာထိုးငြားသော်လည်း အရည်မပျော် တူနှင့်ထုငြားသော်လည်း အရာမထင်ပကတိအတိုင်းပင် ရှိလေသည်။

ထိုအခါ မိုးမှောင်ကြီးကျ၍ နှင်းများလည်း ဝေသည်။ ဌာပနာထားသော ဓာတ်တော်များလည်း ကွန့်မြူး၍ ရောင်ခြည်တော်လွှတ်တော်မူသည်။ အနောက်ဖက်သို့ မျက်နှာတော်လှည့်ထားငြားသော်လည်း အရှေ့ဖက်သို့ မျက်နှာတော်မူပြန်၏။ ကုလားလူမျိုးပေါင်း (၆၄)ယောက်တစ်ပြိုင်နက် အချို့မှာ သွေးအန်၍ အချို့မှာ ဝမ်းရောဂါဖြင့် သေဆုံးကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလန်ပြည်၌ ရာဇဝတ်သိက်ခံယူပြီးနောက်တစ်ဖန် အိန္ဒိယပြည်၊ ဒေလီမြို့တွင် ခေတ္တလာရောက် စံမြန်းနေသော ဝိတိုရိယဘုရင်မကြီး၌ မဖြစ်စဖူး ထူးကဲသော ခေါင်းခဲဝေဒနာသည် ပြင်းထန်စွာစွဲကပ်၍ မခံမရပ်နိုင်အောင်ဖြစ်သဖြင့် လိမ်မာတတ်ကျွမ်းသော ဆေးဆရာဝန်အမျိုးမျိုးတို့နှင့် ကုသငြားသော်လည်း ထူးခြားခြင်းမရှိဘဲ မချိအောင် ခံစား၍ နေရလေသည်။ ထိုကဲ့သို့ ခေါင်းခဲသော ဝေဒနာကို ပြင်းပြစွာ ခံစားနေရင်း တစ်နေ့သောအခါ ဝိတိုရိယဘုရင်မကြီးသည် ဤသို့ အိပ်မက်ကို မြင်မက်တော်မူသည်။

"ဘုရင်မကြီး ... ဘုရင်မကြီး၏ ခေါင်းခဲဝေဒနာကို သေချာစွာ ပျောက်ကင်းချမ်းသာလိုမူ မြန်မာပြည်မှ ယူဆောင်လာသော မာရ်အောင်မြင် ရုပ်တုတော်ကြီးကို နေရင်းရပ်ထံသို့ရောက်အောင် ပြန်၍ပို့ရမည်။ ပြန်၍မပို့ဘဲ နေချေက ဘုရင်မကြီး၏ အသက်အန္တရာယ်တို့သည် ဖြစ်လတ္တံ့၊ ကပ်ကြီးသုံးပါး ဆိုက်ရောက်၍ သေကြေပျက်စီးကုန်လတ္တံ့"

ဟု အိပ်မက်မြင်မက်လေသည်။

ဘုရင်မကြီးသည် ရုတ်တရက် အိပ်ရာမှလန့်နိုးပြီး ကြက်သီးမွေးညင်း ထကာ ထိတ်လန့်တုန်လှုပ်လျက် ကြောက်ရွံ့သောစိတ်ရှိသဖြင့် မှူးတော်မတ်တော်တို့ကို ခေါ်တော်မူ၍ အကြောင်းခြင်းရာ အိပ်မက်တော်မြင်ပုံကို ဆွေးနွေးတိုင်ပင်၍ မာရ်အောင်မြင်ဘုရားကြီးကို စုံစမ်း၍ ရှာဖွေလေသည်။

ဘုံဘိုင်မြို့ ဂိုဒေါင်အတွင်းဝယ် မဖွယ်မရာ သွတ်သွင်း၍ ခံနေရရှာသော ရုပ်တုတော်မြတ်တို့ထဲတွင် မတ်မတ်မားမား ထူးခြားသော ရုပ်တုတော်ကြီး တစ်ဆူသည် ထွက်ပြူစနေမင်းကြီးကဲ့သို့ ဝင်းဝါထိန်ပြောင်သော ရောင်ခြည်တော် ဓာတ်တော်တို့နှင့် တလျှပ်လျှပ် လွှန့်လူး၍ ကွန့်မြူးသည်ကို ထူးကဲစွာ တွေ့မြင်ကြရလျှင် ဝိတိုရိယဘုရင်မကြီးအား တညီတညွတ်စုရုံး၍ အလုံးစုံ လျှောက်ထားကြလေသည်။

ထိုအခါ ဝိတိုရိယဘုရင်မကြီးက ဤကဲ့သို့ ထူးခြားသော ရုပ်တုတော်မြတ်သည် ကေန်စင်စစ် အိပ်မက်တော်မြင်သည့် မာန်အောင်မြင်ဘုရား ဖြစ်တော်မူသည်။

"အသင်တို့ ... အမြန်သွား၍ ထိုဘုရားကို ယူခဲ့သည့်နေရာ အရပ်ဒေသသို့ လျှင်မကြာပို့စေ"

www.burmeseclassic.com

www.burmeseclassic.com



ဟု အမိန့်တော်ချမှတ်လေသည်။ ဘုရင်မကြီးမှာလည်း ဘယ်ဆရာဝန်မှ ကုစ၍မရသော ပြင်းထန်သော ခေါင်းခဲဝေဒနာသည် မကြာခဏ ချက်ချင်းပျောက်ကင်း၍ သွားလေသည်။

ဝိတိုရိယ ဘုရင်မကြီး၏ အမိန့်တော်အတိုင်း သက္ကရာဇ် (၁၂၁၉)ခုနှစ်တွင် မာရ်အောင်မြင်မြတ်စွာဘုရားကို သင်္ဘောဖြင့် ပင့်ဆောင်လာခဲ့ရာ မြို့များ၌ ဇလွန်မြို့ကို ကျော်ပြီးလျှင် ဟင်္သာတမြို့ မြစ်ကမ်းဘေးသောင်စပ်နေရာ၌ ချထားခဲ့ကြလေသည်။

ဇလွန်မြို့ပိုင်မင်းသည် အရေးပိုင်မင်းနှင့် တွေ့ဆုံရန်ကိစ္စရှိ၍ ဟင်္သာတသို့သွားရောက်ရာ ရဟန်းရှင်လူ အပေါင်းတို့သည် နေ့ညမစဲ တသဲသဲနှင့် အမြဲမပြတ် ပေါ်တော်မူဘုရားရှင်ကို ဖူးမြော်ရန် လာရောက်ကြသည်ကို တွေ့မြင်သောအခါ အကြောင်းကိုမေးမြန်း၍ မိမိလည်း ဝင်ရောက်ဖူးမြော်ရာ ဇလွန်မြို့မှ အင်္ဂလိပ်တို့ သိမ်းယူပင့်ဆောင်သွားသော မာရ်အောင်မြင် မြတ်စွာဘုရားမှန်းတပ်အပ်သိငြားသော်လည်း ဘာမှမပြောဘဲ မိမိကိစ္စပြီး၍ ဇလွန်မြို့သို့ ပြန်ရောက်သည့်အခါ ဇလွန်ဆရာတော် ဦးဖြူအား လျှောက်ထားတင်ပြလေသည်။

ဇလွန်ဆရာတော်ဦးဖြူသည် လှေ (၁၂)စင်းတို့ဖြင့် ဒကာ၊ ဒကာမများ၊ မြို့မိမြို့ဖများကို စုရုံးခေါ်ငင်ကာ မာရ်အောင်မြင်ဘုရားကို ဖူးမြော်ရန် ဟင်္သာတသို့ ကြွချီလာကြလေသည်။

ဆရာတော်သည် မာရ်အောင်မြင်ဘုရားကို သေချာစွာ ဖူးမြော်မြင်ရလျှင် မိမိတို့ ဇလွန်မြို့က ဘုရားမှန်ကန်ကြောင်း သိရကား ဟင်္သာတမြို့အရေးပိုင်မင်းထံ ကြွသွား၍ အကျိုးအကြောင်းတင်ပြကာ ထိုဘုရားကို ဇလွန်မြို့သို့ ပြန်လည်ပင့်ဆောင်လိုကြောင်း ပြောပြလေသည်။

ဟင်္သာတမြို့သူမြို့သား ရဟန်းရှင်လူများကလည်း တို့ဖူးထိုက်လို့ တို့ဟင်္သာတကို ရောက်လာတာ မပေးနိုင်ဘူးဟု တင်းခံကြလေသည်။ ဇလွန်မြို့မှ ဆရာတော်ဦးဖြူ ဟင်္သာတမြို့မှ ဆရာတော်၊ ကြီးကန်ကျောင်း ဆရာတော်နှင့် ဟင်္သာတအရေးပိုင်မင်းတို့ တိုင်ပင်၍ အရေးပိုင်မင်းက ဖောင်ပေါ်မှာ ဘုရားကို ပင့်ဆောင်ထား၍ မြစ်လယ်သို့ သွားပြီးလျှင် ဇလွန်မြို့နှင့် ဟင်္သာတမြို့ ဆွဲကြလေတော့ ဘုရားကိန်းဝပ်လိုတော်မူရာသို့ ကြွလိမ့်မည်။ ရွာမြို့က ကိုးကွယ်ပူဇော်ကြဟု အမိန့်ချမှတ်လေသည်။

သုရိန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖောင်ပေါ်တွင် ဟသ်ာတအရေးပိုင်မင်းနှင့်တကွ ဇလွန်ဆရာတော်ဦးဖြူ၊ ဟသ်ာတဆရာတော် ကြည်းကန်ရှင် ဆရာတော်တို့ လိုက်ပါလာကြပါသည်။

ဇလွန်ဆရာတော်သည် ဖောင်တော်ထက်မှနေ၍ ဇလွန်ဘက်ကတစ်ဖက်၊ ဟသ်ာတမြို့ကတစ်ဖက်၊ ဟသ်ာတမြို့ဘက်က ဆွဲမည့်လှေများမှာ ဇလွန်မြို့ထက် အဆမတန် အလွန်များပြား သာလွန်နေသဖြင့် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုး၍ မြတ်စွာဘုရား၏ မွေ့လျော်တော်မူရာ ဘူမိနက်သန်မှန်ပါသော ဇလွန်မြို့ ဘက်သို့ ကြွတော်မူပါဘုရား။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့ ကူညီမှိုင်းမ စောင့်ရှောက်တော်မူပါဟု သစ္စာအဓိဋ္ဌာန် ပြုတော်မူလေသည်။

ထိုအခါ ဇလွန်မြို့က လူများက လှေ (၁၂) စင်း ဟသ်ာတမြို့က လှေပေါင်း ၃၈ စင်းဖြင့် ဆွဲကြရာ ဇလွန်ဘက်သို့ ပါတော်မူသည်။ ဟသ်ာတမြို့သူမြို့သား များက ရေစုန်ဖြစ်တာကြောင့် ဇလွန်ဘက်သို့ ပါတော်မူခြင်းဖြစ်သည်ဟု မကျေမနပ် ဖြစ်ကြသည်။

ထိုအခါ ဇလွန်ဖက်က အဆန်ဘက်မှနေ၍ ဟသ်ာတဘက်က အစုန်ဖက် ကနေကာ ပြန်လည်ဆွဲကြရာတွင် ဇလွန်လှေများ၏ဘက်သို့သာ ပါတော်မူပြန် သောကြောင့် ဇလွန်မြို့က အနိုင်ရလေသည်။

ဇလွန်သူ ဇလွန်သားတို့သည် မိမိတို့ အနိုင်ရလေလျှင် မြစ်စဉ်တစ် လျှောက် ကခုန်တီးမှုတ်လျက် ပျော်ရွှင်စွာ ရောဝတီမြစ်ကို စုန်ဆင်း၍ လာကြရာ၊ ဇလွန်မြို့သို့ ရောက်လေလျှင် မြို့သူမြို့သား ရဟန်းရှင်လူအပေါင်းတို့သည် သဒ္ဓါပြဋ္ဌာန်း ပီတိပန်းဖြင့် ရွှင်လန်းနှစ်လို ဆီးကြိုပင့်ယူကြပြီးလျှင် ဝန္ဒနာပွဲကြီး ပြုလုပ်ကျင်းပ ပူဇော်သက္ကာရ ပြုကြလေသတည်း။

စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများဖြင့် ပြည့်စုံတော်မူကြ ပါစေ။

☼☼☼

သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ။
**အငြိမ်းစားထောင်အရာရှိတစ်ဦး**
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

မန္တလေးသို့ မရောက်တာ နှစ်အတော်ကြာခဲ့ပြီ။ အထူးသဖြင့် အမေမရှိတော့သည့်နောက်ပိုင်း မန္တလေးသို့ ရောက်လည်းမရောက်၊ ရောက်အောင်လည်း ကျွန်တော် မကြိုးစားမိ။ မန္တလေးမြို့သည် ကျွန်တော်၏ မွေးရာဇာတိမဟုတ်သော်လည်း အကြိမ်များစွာ နှစ်ပေါင်းအတော်ကြာကြာ နေခဲ့ရဖူးသည်။ ကျောင်းသားဘဝ၊ ကျောင်းဆရာဘဝ၊ စာပေသမားဘဝ၊ ထောင်မှုးဘဝ ဘဝမျိုးစုံ ကျင်လည်ခဲ့ရသည်။ အရပ်မျိုးစုံတွင် နေခဲ့ရဖူးသည်။ လူမျိုးစုံနှင့်လည်း ပေါင်းသင်းလှုပ်ရှားခဲ့ရသည်။

မျက်နှာကြီးသည့်ဘဝ အချိန်အခါမျိုးတွေ ရှိခဲ့ရသလို၊ မျက်နှာငယ်ခဲ့ရသည့် ဘဝမျိုးတွေလည်း ကြုံခဲ့ရသည်။ ဖခင်ရဲအရာရှိကြီး၏ တစ်ဦးတည်းသား၊ အင်္ဂလိပ်သာသနာပြု (ဝက်စလီ ယောက်ျားကလေးကျောင်း) ကျောင်းသားဘဝမှ စစ်ပြီးခေတ် ဖခင်ကွယ်လွန်ပြီး မိခင်မုဆိုးမသားအဖြစ် ရောက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးဘဝမှ နုတ်ထွက်ပြီး စာပေဝါသနာ ထက်သန်လွန်း၍ စာပေလောကသို့ ကူးပြောင်းသည့် စပ်ကူးမတ်ကူးကာလသည် မျက်နှာအငယ်ခဲ့ရဆုံးကာလပင် ဖြစ်ပါသည်။

ကျွန်တော့်အဖို့ မန္တလေးမြို့၏ ကြည်နူးစရာ၊ ပျော်ရွှင်စရာတွေကို လွမ်းဆွတ်တသ အောက်မေ့သတိရသည်နှင့်အမျှ ဝမ်းနည်းဖွယ်ရာ ကြေကွဲနာကျည်းစရာများကိုလည်း မေ့၍မရနိုင်ခဲ့ပါ။

အကြောင်းတိုက်ဆိုင်၍ ယခုတစ်ခေါက် မန္တလေးသို့ ရောက်ခဲ့ရသည်။ ပြောင်းလဲတိုးတက် ခြားနားသွားသည်မှာ ကိုယ့်မျက်စိကိုယ် မယုံနိုင်စရာပင်ဖြစ်သည်။ တစ်ချိန်က အိမ်ကလေးပိုင်ရှင် အပေါင်းအသင်းအချို့မှာ တိုက်ကြီးများနှင့် ဖြစ်နေ၏။ အိမ်ကြီး၊ တိုက်ကြီးရှင်အချို့မှာ မြို့ပြင်တွင် အိမ်ကလေးများနှင့် ဖြစ်နေကြသည်။

ရောက်တုန်းရောက်ခိုက် သူငယ်ချင်းဟောင်းများရှိရာသို့ စက်ဘီးတစ်စီးငှား၍ အလည်ထွက်ခဲ့သည်။ ၈၄–လမ်း၊ ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ မဟာဝန်ပုံနှိပ်တိုက်ရှေ့အရောက်တွင် စက်ဘီးကိုရပ်၍ ဝင်လိုက်သည်။

မဟာဝန်မောင်မြင့်သည် အခါလည်ရွယ်ကလေး၊ မယ်ကို ချီလျက်နှင့် ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်သည်။

"ဟော့ကောင် ... မောင်မောင်၊ မင်း မန္တလေးများ သတိရသေးတယ်နော်"

"သတိတော့ ရပါတယ်ကွာ ... မလာဖြစ်တာပါ ... ဟော့ ... ဒါ ... မင့်သား အငယ်ဆုံးလား"

"အောင်မယ် ... ဒီကောင် တော်တော်ခေတ်နောက်ကျနေပါလား။ တို့မှာ ဒီအရွယ်ကလေး ရှိပါတော့မလားဟ။ ငါ့မြေးကွ ... ငါ့မြေး ... ဒါတောင် အငယ်ဆုံးကောင်က မွေးတာ"

ဟုတ်ပါသည်။ ကျွန်တော်တို့သူငယ်ချင်း အတော်များများမှာ မြေးတွဲလောင်းတွေနှင့် ဖြစ်ကုန်ကြပေပြီ။ ဘယ်သူတွေ ဘယ်လိုပြောင်းလဲပြောင်းလဲ မဟာဝန်မောင်မြင့်တစ်ယောက်မှာ ဒီနေရာ၊ ဒီတိုက်၊ ဒီအလုပ်နှင့် ဒီပုံစံအတိုင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းနှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်တွေ အားရပါးရ ပြောကြရသည်။ သူငယ်ချင်း ၀ွန်တစ်ယောက် တောပစ်သွားရင်း သေဆုံးကြောင်း ပြောပြ၍ စိတ်မကောင်းဖြစ်ရသည်။

"ကဲ ... စကားကောင်းနေလိုက်တာကွာ။ ငါ သန်းသန်းတို့အိမ် သွားဦးမယ်။ ဒီကောင်မကြီးနဲ့ မတွေ့တာကြာပြီ"

"အေး ... သွား ... သွား ... မင်းရဲ့သူငယ်ချင်း ကျောင်းအုပ်ဆရာမကြီး ဖြစ်နေပြီ။ မြေးတွဲလောင်းနဲ့ အရင်က အတိုင်းပဲဟေ့ ... ရှိုးရှိုးကြီး"

☼ ☼ ☼

[၂]

❑

အုံ့ညြလောက်အောင် ပြောင်းလဲတိုးတက်နေသော မန္တလေးမြို့လယ်ခေါင်ရှိ သန်းသန်းတို့အိမ်မှာ ယခင်အတိုင်းပင်ဖြစ်သည်။ ရှေးက မန္တလေးအိမ်ပုံစံအတိုင်း မြေစိုက် သုံးပင်နှစ်ထပ်အိမ်မှာ ဟောင်းနွမ်းယိုယွင်းနေပြီ။ အိမ်ရှေ့မြေကွက်လပ်တွင် အဖီချ၍ ဝင်းထရံကိုဖောက်ကာ ဆောက်ထားသည့် အိမ်ဆိုင်မှာလည်း လွန်ခဲ့သည့် နှစ်ပေါင်း (၃၉)နှစ်ကျော်က အတိုင်းပင်ဖြစ်သည်။

ကျွန်တော် ဝမ်းသာအားရ ရင်းနှီးစွာဖြင့် အိမ်ဝင်းထဲသို့ စက်ဘီးကို တွန်း၍ ဝင်လိုက်သည်။

"သန်းသန်းရေ ... ဟေ့ ... သန်းသန်း"

"သန်းသန်းမရှိဘူး။ တရုတ်တန်းဈေး သွားတယ်။ ဘယ်သူလဲ"

သုရှင်

www.burmeseclassic.com

www.burmeseclassic.com


အိမ်ဆိုင်ကလေးထဲမှ အဘွားအိုတစ်ယောက်က လှမ်းမေးလိုက်သည်။ ကျွန်တော် လှမ်းကြည့်လိုက်စဉ် ဆိုင်ပေါ်မှ တင်ပလ္လင်ခွေ ထိုင်နေသော သန်းသန်း၏ မိခင်ကို မှတ်မိလိုက်ပါသည်။

"ဟော ... ဒေါ်ဒေါ်ခင် ... ကျွန်တော့်ကို မှတ်မိလား။ သန်းသန်း သူငယ်ချင်း မောင်မောင်လေ"

"ဟဲ့ ... ဘယ်က မောင်မောင်လဲ။ သန်းသန်းသူငယ်ချင်း မောင်မောင် တွေက အများသား။ ဟို ... ရာဇဝတ်အုပ်ဖြစ်သွားတဲ့ မောင်မောင်ရယ်၊ ထောင်ပိုင် လား၊ ထောင်မှူးလား ဖြစ်သွားတဲ့ မောင်မောင်ရယ်၊ ဟို ... မောင်မောင်တစ်ယောက် က စာရေးဆရာဆိုလား ..."

"ဟုတ်တယ် ... ဒေါ်ဒေါ်ခင်ရဲ့၊ အဲဒါ ကျွန်တော်ပေါ့"

"သြော် ... မင်းက စာရေးဆရာ မောင်မောင်လား၊ မှတ်မိပြီ"

သန်းသန်း၏အမေပင် အတော် အိုလှရှာပြီ။ ကျွန်တော်တို့ ကျောင်းသား ဘဝတုန်းက သွက်လက်ဖျတ်လတ် ဖော်ရွေလှသော ဒေါ်ဒေါ်ခင်ကို ကျွန်တော် တို့ ရင်းရင်းနှီးနှီး ခင်မင်ကြသည်။ ကျောင်းသားတွေ ဆေးလိပ်မသောက်ကြနဲ့ဟု မကြာခဏဆိုခဲ့သော ဒေါ်ဒေါ်ခင်သည် ဆေးပြင်းလိပ်ကြီးခဲထားသော ကျွန်တော့် ကို မဆိုရှာတော့။

"ဟော ... သန်းသန်း ပြန်လာပြီ၊ ဟေ့ ... သန်းသန်း"

ကျွန်တော်က ဝမ်းသာအားရ လှမ်းခေါ်လိုက်သည်။ သန်းသန်းသည် စက်ဘီးရှေ့တွင် အိတ်ကြီးနှစ်လုံးကို ချိတ်၍ နောက်ခုံပေါ်တွင် အထုပ်တစ်ထုပ် တင်ကာ စက်ဘီးကို တွန်းပြီး အိမ်ဆိုင်ဘေးနားသို့ ဝင်လာသည်။

"ဟယ် ... မောင်မောင်၊ နင် ဘယ်တုန်းက မန္တလေးရောက်နေတာ လဲ"

"မနေ့ကပါဟာ ... နင့်ကိုသတိရတာနဲ့ ကနေ့ လာခဲ့တာ"

"ဝမ်းသာလိုက်တာယ် ... ငါ နင်ရေးတဲ့ ဗုဒ္ဓဂုဏ်တော်စာအုပ်တွေ သူ များဆီက ငှားဖတ်ရတယ်"

သန်းသန်းသည် ကျွန်တော့်အား စကားပြောရင်း စက်ဘီးတွင်ချိတ်ထား သည့် အိတ်များကို ဖြုတ်၍ အမေ့အား လှမ်းပေးနေသည်။

သူရိန်စာပေ
www.burmeseclassic.com

www.burmeseclassic.com



"ရော့ ... အမေ၊ ပစ္စည်းတွေ ဆိုင်ထဲဖြည့်ခင်းတော့ ... အမေရာ။ ကျွန်တော် မောင်မောင်နဲ့စကားပြောလိုက်ဦးမယ်"

အိမ်ဆိုင်ကလေးမှာ ယခင်အတိုင်းပင်။ ဖန်ပုလင်းမျိုးစုံတွင် အုန်းမုန့်ကူ၊ အုန်းပုံနှိပ်၊ လျှာပေါ်ဝဲ၊ ဒေါင်းဖလံဝါ၊ ချိုချဉ်၊ ဆီးပေါင်း၊ ဆီးပြား စသည့် ကလေးကြိုက် မုန့်ပဲသရေစာများ၊ ဆေးလိပ်၊ မီးခြစ်၊ ဖယောင်းတိုင်၊ လက်ဖက်ခြောက်၊ ကွမ်း၊ ကွမ်းသီး၊ ဆရာသိန်းအပုပ်ချဆေးမှအစ မီးဖိုချောင်သုံးပစ္စည်း မျိုးစုံလှသည်။

"နင်တို့ဆိုင်ကလေးကလည်း ဒီအတိုင်းပဲ။ [illegible] ဒီ[illegible]။ နင်လည်း ဝနေတာကလွဲလို့ အရင်အတိုင်းပဲ။ ရုပ်မကျဘူးဟ"

"ဒါတင် ဘယ်ကမလဲဟယ် ... ဆင်းရဲ[illegible] အ[illegible] အတိုင်းပါပဲ။ ငါ့ယောက်ျားက အလယ်တန်းပြဆရာ၊ ငါက မူလတန်းကျောင်းအုပ်၊ [illegible] တို့လခနဲ့ ဒီအိမ်ကလေးရှိနေလို့ ထမင်းမှန်မှန် စားနေရတာ[illegible] အကြီးမ အိမ်ထောင်ကျပြီး တောင်ကြီးပါသွားတယ်။ အဲဒါ မြေးတစ်ယောက် ဒီမှာထားခဲ့တယ်လေ။ နင်လည်း ရုပ်မကျပါဘူး။ ဆံပင်ဖြူတာကလွဲရင် အရင်အတိုင်းပါပဲ"

"အေး ... ရုပ်တော့ မကျဘူး။ ဒါပေမဲ့ စိတ်တော့ကျတယ် ... သူငယ်ချင်း။ ငါ့အဖို့ ဘာသာရေး ကြိုးစားအားထုတ်မှုကလွဲရင် ဘာကိုမှ စိတ်မဝင်စားတော့ဘူး။ အချိန်ရှိသမျှ ဘုရားစင်ရှေ့မှာ ဘုရားဝတ်ပြု၊ ပုတီးစိပ်၊ မေတ္တာပို့၊ တရားထိုင်နဲ့ပဲ အချိန်ကုန်တော့တယ်။ စာတောင် သိပ်မရေးဖြစ်တော့ပါဘူးဟာ"

"ဒါလောက်လည်း မလုပ်နဲ့ပေါ့ဟယ်။ နင်က ဒါလောက်လည်း အသက်ကြီးသေးတာ မဟုတ်ပါဘူး။ တော်ရုံတန်ရုံပဲ ကျင့်ပေါ့။ ဒီကနေ့ လူတွေက ရာထူးရင်လည်းရှိမှ၊ ပိုက်ဆံရင်လည်း ချမ်းသာမှ အထင်ကြီးချင်တာဟ"

"ရိုးသားတာတို့၊ ဖြောင့်မတ်တာတို့၊ စိတ်ကောင်းရှိတာတို့ သိပ်ပြီး အသိအမှတ်ပြုချင်ကြတာ မဟုတ်ဘူး"

"သိပ်မှန်တာပေါ့ ... သူငယ်ချင်းရာ၊ ဘုရားအကြိုက်နဲ့ တရားလိုက်ရင် လောကမှာတော့ လူရည်ညံ့တတ်တယ်လို့ ငါ့အမေ ခဏခဏပြောဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ငါကလည်း ရာထူးတက်နေတဲ့၊ ချမ်းသာနေတဲ့၊ အောင်မြင်ကျော်ကြားနေတဲ့ ဘယ်သူငယ်ချင်းမိတ်ဆွေအိမ်မှ မသွားတော့ပါဘူး"

"သူတို့မှ ပျော်နေကြ၊ ရွှင်နေကြ၊ စိတ်ဓာတ်တွေ တက်ကြွနေကြတယ် မဟုတ်လား။ သင်္ခါရတရားသဘောနဲ့ အမြဲမဟုတ်ဘူးဆိုတာ မတွေးမိကြလို့ ပျော်နေ မော်နေကြတာပေါ့လေ။ ငါတော့ အသက်လေးဆယ်ကျော်သာသာက ဘာသာရေးနယ်မှာ ခြေစုံချခဲ့တယ်။ အသက်ခြောက်ဆယ်ကျော်ရင်တော့ လောကီအာရုံတွေကို အားလုံးကျောခိုင်းတော့မှာပဲ"

"ဟုတ်ပါတယ် … မောင်မောင်ရယ်၊ ငါကိုယ်တိုင်လည်း နင့်လောက် တရားမရသေးပေမယ့် တော်တော်တော့ သဘောပေါက်နေပါပြီ။ ငါ့အိမ်ကို အခု နင် တစ်ယောက်ပဲ မှတ်မှတ်ရရ လာလည်ဖူးပါတယ်။ ချမ်းသာကြီးပွား ရာထူး ဂုဏ်ထူးတွေ တိုးတက်နေတဲ့ တို့သူငယ်ချင်းတွေ အများကြီးမဟုတ်လား"

"အေး … အဲဒါ ငါ့ရဲ့ဝါသနာနဲ့ စေတနာ မေတ္တာစိတ်အမှတ်ပဲ။ ချမ်းသာကြီးပွား ရာထူးကြီးနေတဲ့အိမ် သွားလည်ရတာ ကျွဲဆန်အိတ်ထဲ ဆန်ကွဲတစ်ဆုပ်ပက်သလို သူတို့မှာ အရာမထင်ပါဘူးကွယ်။ ဆန်ကွဲဆန်ကွဲချင်းရောမှ သဘာဝကျတော့မပေါ့"

"ဟဲ့ … သန်းသန်း၊ ထန်းလျက်ပါခဲ့ရဲ့လား"

အမေအိုရဲ့အသံကြောင့် ပြောလက်စ စကားများ ရပ်သွားကြသည်။

"ပါတယ်ကော အမေရဲ့။ အဲဒီစက္ကူကန့်တော့ဟာ ထန်းလျက်ပေါ့"

"အေး … အေး … လာလာမေးကြလို့ဟော့"

ကျွန်တော်သည် အမေအို၏အသံ ကြားရာဆီသို့ လှမ်းကြည့်လိုက်မိသည်။ အမေအိုသည် သန်းသန်းဝယ်လာသည့် ရောင်းကုန်ပစ္စည်းများကို ဖန်ပုလင်း၊ သံဘူးများထဲသို့ ထည့်နေ၏။ အမေအိုထိုင်နေသည့် နောက်ကျောဘက် ဝါးထရံမှ ဆိုင်းဘုတ်ကို အမှတ်မထင် လှမ်း၍ မြင်လိုက်သည်။

"လူကို ယုံပါ၏။ ငွေကို လက်ငင်း"

ဟောင်းနွမ်းမှေးမှိန်နေပြီဖြစ်သော နှစ်ပေ × တစ်ပေခန့် သွပ်ပြားအစိမ်းပေါ်တွင် သဘော်ဆေးအဖြူဖြင့် ရေးထားသည့် ဆိုင်းဘုတ်ကို မြင်လိုက်သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်မှာ ဆတ်ခနဲ တုန်လှုပ်သွားမိသည်။ ရင်ခုန်လျက်ပင် ဆိုင်းဘုတ်ကို အတော်ကြာ ငေးစိုက်ကြည့်နေမိသည်။

"ဒီဆိုင်းဘုတ်ကြီးက အခုထက်ထိ ရှိနေတုန်းပဲနော် သန်းသန်း"

"အေးဟယ် ... တို့ငယ်ငယ်တုန်းကတည်းက အဖေ ရေးခဲ့တာလေ။ အမေကလည်း မဖြုတ်ရဘူးတဲ့။ အောင်မယ် ... နင်က ဒီဆိုင်းဘုတ်ကို မြင်ပြီး နှင့်အဆက်ဟောင်း မေမေတင်ကို သတိရသွားတယ်ပေါ့"

"အေးဟာ ... ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာတဲ့။ အခု အနှစ် တစ်ရာမှ မပြည့်သေးတာဟာ။ သတိရရုံတင် ဘယ်ကမလဲဟာ လွမ်းသလိုလို၊ ဆွေးသလိုလို၊ ဝမ်းနည်းသလိုလို ခံစားရတယ် ... သန်းသန်းရယ်"

"အေးလေ ... နင်ကတော့ စာရေးဆရာဆိုတော့ ခံစားရမှာပေါ့။ ဟို ကတော့ နင့်ကို သတိတောင် ရမှာမဟုတ်ဘူး။ အမေရိကန်မှာဆိုလား၊ ဟောင်ကောင်မှာဆိုလားပဲဟဲ့။ ချမ်းသာလိုက်တာ ကျိုကျိုတက်ပဲတဲ့။ အဘိုးကြီး၊ အဘွားကြီးတော့ မရှိကြတော့ဘူး။ သူ့အစ်မတွေတော့ ရှိတယ်။ သူတို့လည်း ချမ်းသာတာပဲ။ တို့မှာ လမ်းတွေ့လည်း နှုတ်မဆက်ပါဘူးဟယ်။ မေမေတင် ကိုယ်တိုင်ရှိတုန်းကလည်း မျက်နှာချင်းဆိုင်တွေ့တာတောင် ပြုံးရုံပါပဲ။ သူတို့က ချမ်းသာတာကိုးဟ"

ကျွန်တော့်အဖို့ သန်းသန်းပြောနေသည့် စကားသံများကို မကြားမိတော့ ပါ။ 'လူကိုယ့်ပါ၏၊ ငွေကိုလက်ငင်း' ဆိုသည့် ဆိုင်းဘုတ်ကိုသာ ငေးစိုက်ကြည့် ရင်း တဖြည်းဖြည်း မှေးမှိန်မှုန်ဝါးသွားပါတော့သည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

# [၃]

❑

မန္တလေးမြို့၏ နွေဦးအစ တပေါင်းလ။

ကျုံးရေပြင်သည် မှန်သားအတိ ကြည်လင်နေ၏။ တပေါင်းလေရူးသည် ရေမျက်နှာပြင်ကို ရှပ်တိုက်ဆော့ကစားသွား၏။ လှိုင်းတွန့်ငယ်တို့သည် ကမ်းစ သို့ တလှုပ်လှုပ် လာ၍ရိုက်ခတ်ရှင်မြူးနေကြသည်။

၁၉၄၈ ခုနှစ်၊ ဆယ်တန်း(သို့မဟုတ်) တက္ကသိုလ်ဝင်တန်းစာမေးပွဲ နောက်ဆုံးနေ့ ညနေပိုင်း စာမေးပွဲပြီးချိန်ဖြစ်သည်။ စက်ဘီးများ၊ မော်တော်ကာ များ၊ မော်တော်ဆိုင်ကယ်များဖြင့် ပြန်သူများ တဖွဲဖွဲပြန်ကြသည်။

ကျောင်းသူ၊ ကျောင်းသားအချို့မှာ ကျောင်းဝင်းပတ်ဝန်းကျင် ကျုံးနံဘေး ရွက်ကြွေပင် အရိပ်ကျဲကျဲတွင် အစုလိုက် အစုလိုက် ဝိုင်းဖွဲ့နေကြသည်။ အမေ လာတိုက်ကြသူများ၊ နှုတ်ဆက်စကား ပြောကြသူများ၊ စာမေးပွဲပြီး၍ စိတ်ပေါ့ လွတ်လပ်ရွှင်မြူးနေကြသူများ ဆူညံလှုပ်ရှားနေကြသည်။ တစ်နှစ်တာ အသ ခန်း၏ နောက်ဆုံးနေ့ဖြစ်၍ ကြေကွဲ ဝမ်းနည်းနေကြသူများလည်း ပြီ၏။

သူရိန် စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည့်ကျောင်းသူ၊ ကျောင်းသားတွေ အားလုံးတွင် အောင်မြင်ကြမည့်သူတွေလည်း ရှိ၏။ ကျမည့်သူတွေကလည်း တစ်ပုံကြီးဖြစ်၏။ အောင်သူများအဖို့ အထက်တန်းကျောင်းကြီးနှင့် မုချဝေးတော့မည်။ ကျသူများအဖို့ ရှေ့နှစ် ရှေ့နှစ်ဆိုသည်မှာ ဘာမျှ ရေရာမှုမရှိ။ ကျောင်းပြောင်းသူ ပြောင်းမည်။ အလုပ်ဝင်လုပ်သူ လုပ်မည်။ ကျောင်းပြန်တက်မည့်သူက အလွန်နည်းပေမည်။ အသေချာဆုံးကတော့ သူငယ်ချင်းတွေအားလုံး တစ်ယောက်နှင့်တစ်ယောက် ခွဲခွာကြရတော့မည်သာဖြစ်သည်။

အချို့အတွဲများ သစ်ပင်ရိပ်တွင် ကျိတ်၍ ငိုကြသည်။ အချို့က သူတို့ကိုကြည့်၍ ရယ်ကြသည်။ ငိုသူတွေငို၍ ရယ်သူတွေ ရယ်ကြသည်။ ငိုခြင်းနှင့် ရယ်ခြင်းသည် ထာဝစဉ် ဒွန်တွဲလျက်ပါလား။

"မောင်မောင် . . . ဖြေနိုင်ရဲ့လား"

အရွက်ကျဲကျဲ ဆူးဖြူပင်ရိပ်တွင် ကျုံးရေပြင်ကို ကျောပေး၍ရပ်နေသော မေမေတင်က ဆီးကြို၍ မေးလိုက်သည်။

ကျွန်တော်သည် တရွေ့ရွေ့တွန်းလာခဲ့သော စက်ဘီးကို ဒေါက်ထောက်ပြီး မေမေတင့်အနီးသို့ တိုးသွားသည်။ သန်းသန်းက မိန်းမစီးစက်ဘီးကိုင်လျက် မနီးမဝေးတွင် မတ်တတ်ရပ်နေသည်။

"ဖြေနိုင်ပါတယ် . . . အတင်"

"သင်္ချာနေ့တုန်းကကော ရရဲ့လား။ တခြားဘာသာတွေကိုတော့ မောင်ဖြေနိုင်မယ်ဆိုတာ သိပါတယ်။ အဲဒီသင်္ချာနေ့က မောင့်အတွက် စိတ်အပူဆုံးပဲ"

"အင်း . . . မှန်တာပြောရရင်တော့ သင်္ချာဘာသာကို ဖြေရတာ မောင်အားမရပါဘူး။ အင်္ဂလိပ်စာနဲ့ မြန်မာစာကို 'ဒီ'ရတဲ့အထိ မျှော်မှန်းနိုင်ပေမဲ့ သင်္ချာဘာသာမှာတော့ အောင်မှတ်ရဖို့ စိတ်မချဝံ့ဘူး"

"စိတ်ညစ်လိုက်တာ . . . မောင်ရယ်၊ အတင်က မောင့်ကို သိပ်အောင်စေချင်တာ။ မောင်အောင်မှဖြစ်မယ်။ ဟိုက် . . . အိမ်ကကား လိုက်လာပြီ"

ကားလမ်းမကို ကျောပေး၍ရပ်နေသော ကျွန်တော်က မမြင်လိုက်။ ကျုံးရေပြင်ကို ကျောပေးထားသော မေမေတင်က သူ့အိမ်ကကားကို လှမ်းမြင်လိုက်သည်နှင့် 'ဟိုက်'ဆိုသော အသံနှင့် ကျောင်းဝင်းဘက်မှ ချိုးထွက်လာသော မော်တော်ကားဆီသို့ ပြေးထွက်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှင့် မလှမ်းမကမ်းအရောက်တွင် ကားကို ခပ်ဆောင့်ဆောင့် ရပ်လိုက်သည်။ မေမေတင်သည် ဘာစကားမှမပြော။ ကားတံခါးကိုဖွင့်၍ ဝင်ထိုင်လိုက်ပြီး ကားတံခါးကို ဆောင့်ပိတ်၍ ခေါင်းငုံ့လျက် ကားပေါ်ပါသွားသည်။

"ဟော့ ... သန်းသန်း။ နင်ကလည်း ကားလာတာ မမြင်ဘူးလားဟာ။ အချက်ကလေးများ ပေးပါတော့"

ဝင်းလိုက်ဆီးပေါင်းထုပ်ကို လက်ထဲတွင်ဆုပ်၍ တပွတ်ပွတ်နှင့် စားနေသော သန်းသန်းသည် ပါးစပ်ထဲမှ ဆီးစေ့ကို ထွေးထုတ်ရင်း ...

"ငါလည်း မမြင်လိုက်ဘူးဟ၊ အနားရောက်မှ သိလိုက်တာပဲ။ သူ့အစ်မက ကားပေါ်ကနေပြီး နင့်ကိုရော၊ ငါ့ရော မျက်စောင်းထိုးသွားတယ်"

"အေး ... ငါလည်း မြင်လိုက်တယ်။ ဒီပုံစံအတိုင်းဆိုရင် နောက်တော့ မလွယ်တော့ဘူး ... သန်းသန်းရေ"

☼ ☼ ☼

[၄]

❑

ထိုစဉ်က ကျွန်တော်တို့ကျောင်းမှာ တစ်ကျောင်းတည်းသာရှိသော အစိုးရတန်းမြင့်ကျောင်း (State Post Primary School) ဟုခေါ်ပါသည်။ အမှတ်(၁) (၂) ဟူ၍ မရှိသေးပါ။ မန္တလေးမြို့ရှိ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသူကျောင်းသားအားလုံး ဤကျောင်းသို့ လာ၍ဖြေရသည်။ ၁၉၄၇-၄၈ ခုနှစ်က မန္တလေး စာစစ်ဌာနတစ်ခုလုံး ဖြေဆိုမည့် ကျောင်းသူ၊ ကျောင်းသား (၁၉၅)ခန့် မျှသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကျောင်းမှာ တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူ (၃၀)ကျော်သာရှိ၏။ ကျွန်တော်တို့ (၁၀)တန်းတွင် ကျောင်းသူ (၇)ယောက်၊ ကျောင်းသား (၂၃)ယောက်သာ ရှိပါသည်။ (အေ)တန်း၊ (ဘီ)တန်းပင် မခွဲရသေးပါ။ ကျောင်းသူ၊ ကျောင်းသားအားလုံး တစ်ယောက်နှင့်တစ်ယောက် မောင်ရင်းနှမလို ခင်ကြချစ်ကြသည်။

သန်းသန်းနှင့် ကျွန်တော်တို့မှာ (၈)တန်းကပင် တစ်တန်းတည်း အတူနေခဲ့ကြ၍ တစ်ယောက်နှင့်တစ်ယောက် နင်နဲ့ငါနဲ့ ပြောဆိုရင်းနှီးခဲ့ကြသည်။ မေမေတင်မှာ (၁၀)တန်းနှစ်မှ ရောက်လာသည့် ကျောင်းသူအသစ်ဖြစ်သည်။ ပိုက်ဆံရှိ ရုပ်ချောဖြစ်၍ စာလည်း တော်သည်။ မာနလည်း ကြီးသည်။

မေမေတင်၏ မိဘဆွေမျိုး အသိုင်းအဝန်းမှာ တရုတ်သွေးပါသည့် ကုန်သည်ကြီးများသာဖြစ်သည်။ စီးပွားရေးလုပ်ငန်းမှအပ အစိုးရအမှုထမ်း၊ စာပေအနုပညာများကို စိတ်ဝင်စားသူများ မဟုတ်ကြချေ။ သည်အသိုင်းအဝန်းများကြားမှ မေမေတင်တစ်ယောက်သာလျှင် စာပေကဗျာ ဝါသနာပါသူဖြစ်လာသည်။

စာပေ ကဗျာဝါသနာပါမှုကို အကြောင်းပြု၍ ကျွန်တော်နှင့် ရင်းနှီးတွယ်တာမိကြခြင်းဖြစ်သည်။

ဟောပြောပွဲ၊ စကားရည်လုပွဲ၊ နံရံကပ်စာစောင်တို့တွင် ကျွန်တော်၏ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုကလေးများ ပါတတ်သည်။ ထို့ကြောင့် ကျွန်တော် မောင်မောင်သည် ကျောင်းသားဘဝက စာရေးဆရာ၊ ကဗျာဆရာဟု ကျောင်းသား၊ ကျောင်းသူများက အသိအမှတ်ပြုကြသည်။

ကံကောင်းချင်၍လား၊ ကံဆိုးချင်၍လားမသိ၊ စာပေ ကဗျာ ဝါသနာပါသူ မေမေတင်က သန်းသန်းကတစ်ဆင့် ကျွန်တော့်ကို အော်တို (Auto) ရေးပေးရန် မိတ်ဆက်လာသည်။ သည့်နောက် ကဗျာလေးတွေ သူ့စာအုပ်ထဲတွင် ရေးပေးရန် တစ်ဆင့်တက်လာသည်။

ကဗျာရေး၊ အော်တိုရေးရာမှအစ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးမှု၊ ခင်မင်မှုတွေ ပို၍ပို၍လာသည်။

"ကိုမောင်မောင်က မြန်မာစာ တော်တယ်နော်။ မေမေတင်ကို ဒီကဗျာလေး အဓိပ္ပာယ်ပြန်ပေးစမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအနားပေးချိန်တွင် ကဗျာစာအုပ်လေးကို ကိုင်၍ ကျွန်တော့်ခုံရှေ့ ရောက်လာတတ်သည်။ ဖြူစင်ကြည်လင်သည့် မေမေတင်၏မျက်နှာကလေးသည် ကျွန်တော်နှင့် မျက်နှာချင်းဆုံတိုင်း ပြုံးနေတတ်သည်။

မေမေတင်၏ ညို့မျက်လုံးနှင့် အပြုံးမျက်နှာသည် ကျွန်တော်၏နှလုံးသားတွင် စွဲထင်နေခဲ့ပါသည်။ တစ်နေ့တွင် စာကူးခိုင်းသည့် သူ့လေ့ကျင့်ခန်းစာအုပ်ထဲသို့ ကျွန်တော်၏ မေတ္တာစာတစ်စောင် ညှပ်၍ ပေးလိုက်မိပါတော့သည်။ နောက်တစ်နေ့ကျောင်းတက်ချိန်တွင် သူ့မျက်နှာကို ကျွန်တော် မကြည့်ရဲတော့ပါ။

မေမေတင်ကမူ ဣန္ဒြေမပျက်။ မတော်တဆ အကြည့်ချင်းဆုံသည့်အခါ သူကပင် ပြုံးပြလိုက်ပါသေးသည်။ အဖြေမသိရသေးပေမဲ့ ရင်ထဲက အလုံးကြီးတော့ ကျသွားပေပြီ။ စိတ်မဆိုးဘူးဆိုသည့် အဓိပ္ပာယ်မှာ ကျွန်တော့်အတွက် တစ်ဝက်တော့ သေချာနေပေပြီ။

ဒီလိုနှင့် ကျွန်တော့်စာ သုံးလေးစောင် မေမေတင်၏ လွယ်အိတ်ထဲသို့ နည်းအမျိုးမျိုးဖြင့် ရောက်ခဲ့သည်။ တစ်ညနေ ကျောင်းဆင်းချိန် လှေကားထောင့်ကွေ့တွင် သူ့ရှေ့က ဖွတ်အတင်းတား၍ အဖြေကို မေးရသည်။

"မေမေတင် ... ကျွန်တော်ပေးတဲ့စာတွေ ဖတ်ပြီးပြီလား။ ကျွန်တော့်မေတ္တာကို လက်မခံနိုင်ဘူးလား ဟင် ... ပြောစမ်းပါ။ ကျွန်တော့်မှာ မျှော်ရတာ ရင်ဖိုလှပါပြီ"

ကျွန်တော့်အသံမှာ တုန်၍နေပါ၏။ ဒူးနှစ်ဖက်မှာ စေ့ထား၍မရ။ တဆတ်ဆတ် ခါနေသည်။

"ဩော် ... ကိုမောင်မောင်ရယ်၊ မေမေတင် ပါးစပ်နဲ့ မပြောတတ်ပါဘူး။ ဒီမှာ စာနဲ့ ရေးခဲ့ပါတယ်"

လွယ်အိတ်ထဲမှ ကွန်ပါဘူးကိုဆွဲနုတ်ပြီး ကျွန်တော့်အား လှမ်းပေးလိုက်သည်။ တစ်ဆက်တည်းပင် ကျွန်တော့်ရှေ့မှ ခေါင်းငုံ့ပြီး လှေကားမှ အတင်းတိုးဆင်းပြေးပါတော့သည်။ လှေကားထိပ်တွင် ကွန်ပါဘူးကို ကိုင်လျက် ကျွန်တော် တစ်ယောက်တည်း ကျန်ခဲ့သည်။

တုန်ယင်နေသော လက်နှစ်ဖက်ဖြင့် ကွန်ပါဘူးကို ဖွင့်လိုက်သည်။ ဖြူရွရွစာခေါက်လေးတစ်ခု ကွန်ပါဘူးထဲမှ ခုန်ထွက်လာသည်။ လက်နှစ်ဖက်နှင့်အဘူ ရင်ပါ ခုန်လျက်နှင့် စာရွက်ခေါက်ကို ဖြန့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



*မောင်*

*မောင့်ရဲ့မေတ္တာကို လက်ခံတယ်ဆိုရင် ချစ်ပါတယ်လို့ အထူး ပြောစရာ မလိုတော့ပါဘူးနော်။ မောင်လို စာရေးဆရာ၊ ကဗျာဆရာမဟုတ်လို့ ဖွဲ့ကာနွဲ့ကာ မရေးတတ်ပါဘူး။*

*တင့်ကို တကယ်ချစ်တယ်ဆိုရင် စာမေးပွဲအောင်ဖို့ စာကြိုးစား ပါနော်။*

*တင်*

စာဆုံးသည်နှင့် ဝမ်းသာလုံးဆို့၍ ခုန်လိုက်မိသည်မှာ မိုးကောင်ကင်ကို ခေါင်းနှင့်တိုက်လိုက်မိသည်ဟုထင်၏။ ခြေအစုံမှာ လေဟုန်စီးသကဲ့သို့ လှေကား မှ ဆင်းခဲ့သည်။ မြေကြီးနှင့်ထိမှ အောက်ရောက်မှန်း သိပါတော့သည်။

ထိုနေ့မှစ၍ နောက်ပိုင်းတွင် ကျွန်တော့်အား ကိုမောင်မောင်ဟု မခေါ် တော့။ အများရှေ့တွင် မောင်မောင်ဟု ခေါ်၍ နှစ်ယောက်ချင်းတွေ့တိုင်း 'မောင်' ဟု ခေါ်ပါတော့သည်။ ကျွန်တော်ကမူ သူ့ကို 'အတင်' ဟူ၍ အချိန်မရွေး၊ နေရာ မရွေး ခေါ်မိပါတော့သည်။

ထိုနှစ် စာသင်နှစ် တစ်နှစ်လုံး ကျွန်တော်တို့နှစ်ယောက် မေတ္တာချင်း ဖလှယ်ခဲ့ကြသည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

[၅]

❏

တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ကြေညာလေသည်။ ကျွန်တော် အမည် အောင်စာရင်းတွင် မပါ။ မေမေတင် အောင်သည်။ ကျွန်တော်တို့ အတန်း ထဲမှ မိန်းကလေးနှစ်ယောက်သာ အောင်သည်။ မေမေတင်နှင့် ကြိုင်ကြိုင်တ ဖြစ်ကြပါသည်။ ယောကျ်ားကလေး (၁၀)ယောက်သာ အောင်သည်။ တစ်ဝက် ကျော်ကျော် ကျခဲ့ကြသည်။

စာမေးပွဲကျသည့် ကျွန်တော်တို့ သူငယ်ချင်းတစ်စု စက်ဘီးတစ်စီး ဖြင့် စိတ်လေ လူလေ ဖြစ်ခဲ့ကြသည်။ ကျွန်တော့်အဖို့ မေမေတင်အား 'မတွေ့ ချင် မြင်ချင်လျက်သား' ဆိုသကဲ့သို့ တွေ့လည်း မတွေ့ချင်၊ မြင်လည်း မြင်ချ ဖြစ်ခဲ့ရပါသည်။

သန်းသန်းတို့အိမ်နှင့် မေမေတင်တို့တိုက်မှာ လမ်းမကြီးသာ ခြား မျက်စောင်းထိုးဖြစ်သည်။ သန်းသန်းတို့အိမ်ဆိုင်ထဲမှ လှမ်းကြည့်လျှင် မေမေတ တို့ တိုက်ဝင်းခြံကို လှမ်းမြင်ရသည်။ တိုက်အတွင်းကိုမူ မမြင်ရပါ။

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲဂေဇက် ထွက်ပြီးသည့်နောက်ပိုင်းတွင် ကျွန်တော်နှင့် မေမေတင်တို့ တွေ့ဆုံခွင့် မကြုံခဲ့ရပါ။ အခါတိုင်းဆိုလျှင် မေမေတင်တစ်ယောက် ဆီးပေါင်း၊ သကြားလုံး၊ ချိုချဉ်ဝယ်ရင်း သန်းသန်းတို့အိမ်ဘက်သို့ ကူးလာနေကျဖြစ်၏။ သူ့အကြောင်း၊ ကျွန်တော့်အကြောင်းကို သန်းသန်းကတစ်ဆင့် သိနိုင်ကြသည်။

စာမေးပွဲ နောက်ဆုံးနေ့၏ နောက်ပိုင်းတွင် မေမေတင်အား သူ့အိမ်က ချုပ်ချယ်ထားသည်ထင်၏။ သန်းသန်းတို့အိမ်ဆိုင်ဘက်သို့ ခိုးကြောင်ခိုးဝှက် လာရရှာသည်။ ယခု ဂေဇက်ထွက်ပြီးနောက်ပိုင်းတွင် မေမေတင် လုံးဝမပေါ်လာတော့။

ကျွန်တော့်အဖို့ မေမေတင်နှင့် လူချင်းမဆုံရစေကာမူ မျက်နှာကလေး လှမ်းမြင်ရလျှင်ပင် ကြည်နူးဝမ်းသာရပေမည်။ သန်းသန်းတို့အိမ်ဆိုင်သို့ နေ့တိုင်း လာ၍ ထိုင်ရသည်။ မှိုင်ရသည်။ ငိုင်ရသည်။ ငေးရသည်။ မျှော်ရသည်။ မေမေတင်ကတော့ လုံးဝ မပေါ်လာခဲ့ပါ။

ထိုနေ့က ကျွန်တော် စိတ်ညစ်ညစ်နှင့်ပင် သန်းသန်းတို့အိမ် ရောက်သွားသည်။ သန်းသန်းက ဆီး၍ သတင်းထူးများ ပြောသည်။

"မေမေတင်တို့ တောင်ကြီးသွားနေတာတဲ့။ ညက ပြန်ရောက်တယ်။ ဒေသ့်သည်တွေလည်း ပါလာတယ်။ ညက တိတ်တိတ်လေးကူးလာပြီး နင့်အကြောင်း မေးတယ်။ သူ စိတ်ညစ်နေရတဲ့အကြောင်း၊ နင့်ကို သနားတဲ့အကြောင်း ပြောသွားတယ်"

ကျွန်တော်သည် အိမ်ဆိုင်အတွင်းဘက် ထရံကိုမှီ၍ ထိုင်နေသည်။ ထိုအခိုက် မေမေတင်တစ်ယောက် အိမ်ဆိုင်အတွင်းသို့ ဖျတ်ခနဲ ရောက်လာသည်။

"ဟာ ... အတင်"

ဝမ်းသာလွန်း၍ ကျွန်တော့်ပါးစပ်မှ စကားတစ်လုံးမှ ဆက်မပြောနိုင်။ မေမေတင်၏ မျက်နှာကိုသာ ငေးစိုက်ကြည့်နေမိသည်။

"မောင် ရောက်နေမှန်းသိလို့ လစ်ထွက်လာခဲ့ရတာ"

"ဩော် ... တင်ရယ်၊ မောင့်အတွက် တော်တော် စိတ်ပင်ပန်းနေရှာသလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... မောင်၊ တင်လေ မောင့်အတွက် သိပ်စိတ်ညစ်နေရပါတယ်"

ဟုတ်ပါသည်။ သူ့မျက်နှာကို ကြည့်ရသည်မှာ ရွှင်လန်းမှုမရှိ။ ညှိုးလျှလျှဖြင့် စိတ်ညစ်နွမ်းနယ်နေပုံရသည်။

မေမေတင်သည် ကျွန်တော့်အနီးသို့ တိုးလာပြီး ခေါင်းကိုငုံ့၍ ခပ်တိုးတိုးပြောလိုက်ပါသည်။

"တင်လေ ... မောင့်ကို ချစ်တယ်။ အို ... သိပ်ချစ်ပါတယ် ... မောင်ရယ်။ မောင်ဟာလေ တကယ်ရိုးတယ်၊ ကြိုးစားတယ်၊ လိမ္မာယဉ်ကျေးတယ်၊ မျိုးချစ်စိတ်ရှိတယ်၊ စာပေအနုပညာ ဝါသနာရှိတယ်။ ဒါပေမဲ့ ..."

ကျွန်တော်သည် စကားဆက်မပြောနိုင်ဘဲ ခေါင်းငုံ့ထားသည့် သူ့မျက်နှာကို မြင်ရအောင် မေးစေ့ကို ဆွဲ၍ မော့လိုက်ပါသည်။

"ဒါပေမဲ့ဆိုတာ ... ဘာလဲ။ စာမေးပွဲမအောင်လို့ မချစ်နိုင်တော့ဘူးပေါ့ ... ဟုတ်လား။ ရှင်းရှင်းပဲပြောလိုက်ပါ ... တင်ရယ်"

"စာမေးပွဲမအောင်လို့ချည်း မဟုတ်ဘူး ... သိလား။ တင့်မှာ မောင့်အတွက် လူကြီးမိဘတွေနဲ့ အများကြီး အတိုက်အခံပြောခဲ့ပါတယ်"

မေမေတင်သည် ကျွန်တော့်မျက်နှာကို စိုက်ကြည့်ရင်း မျက်ရည်များဝိုင်းကာ နှုတ်ခမ်းကို ကိုက်ထားပါသည်။

"ဒါပေမဲ့ ... ဒါပေမဲ့ ... ပေါ်ဒါဆိုင်းဘုတ်ထဲက စာသားအတိုင်းပဲ 'လူကိုယုံပါ၏။ ငွေကိုလက်ငင်း' တဲ့။ ဟုတ်တယ် ... မောင့်မှာက ကနေ့ လက်ငင်းပြစရာဆိုလို့ ဘာမှမရှိဘူးမဟုတ်လား၊ ဒါပါပဲ ... မောင်ရယ်။ တင့်ကို မေ့လိုက်ပါတော့။ တင် သွားတော့မယ်"

မေမေတင်သည် ထိုင်နေရာမှ ဆတ်ခနဲထကာ ကျွန်တော့်ကို ကျောပေး၍ အိမ်ဆိုင်ထဲမှ အပြေးထွက်သွားပါတော့သည်။

ထိုနေ့သည် မေမေတင်၏မျက်နှာကို ကျွန်တော် နောက်ဆုံးမြင်လိုက်ရသောနေ့ ဖြစ်ပါတော့သည်။

☼☼☼

www.burmeseclassic.com

www.burmeseclassic.com

[၆]

❑

ကျွန်တော့်နောက်ကျောဘက်မှ ဆိုင်းဘုတ်ကို သတိရ၍ လှည့်ကြည့်မိသည်။

"လူကို ယုံပါ၏၊ ငွေကို လက်ငင်း"

ကျွန်တော် အံ့ကြိတ်၍ ဆိုင်းဘုတ်ကို စိုက်ကြည့်ရုံမှအပ ဘာမျှ မတတ်နိုင်ခဲ့တော့ပါ။

ယနေ့ အရာရာတွင် လူသာလျှင် ပဓာနဟု ကြွေးကြော်၍ လူ့စွမ်းအားကို တန်ဖိုးထားနေသည့် မျက်မှောက်ခေတ်ကာလတွင် သည်ဆိုင်းဘုတ်မျိုးတွေ မရှိစေချင်တော့ပါ။

သည်အဖြစ်၊ သည်ဇာတ်လမ်းမျိုးတွေလည်း မကြုံကြ၊ မတွေ့ကြပါစေနှင့်တော့ ...

☼ ☼ ☼

မင်းသုဝဏ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

[ဟိုတောင်ဆီရယ်က ××× ညှို့တို့တို့ရယ် ××× မိုးရွာရင်နေဘ်ဖျာ ×××
ခင့်ကိုဘာနဲ့ထွေးရပါ့မယ် ×××]

"ဖျို့ ... ကိုစံထူး၊ သီချင်းတွေအော်ဆိုပြီး သိပ်ပျော်နေပါလား။ ဘာတွေများ ဝမ်းသာစရာ တွေ့နေလို့လဲဗျ"

"ဟား ... ဟား ... ဝမ်းသာအားရတာပေါ့ဗျာ။ ကျုပ် ထောင်က လွတ်တော့မယ်"

"ဟုတ်လား ... ဘယ်တော့လွတ်မှာတဲ့လဲ"

"ရှေ့လထဲမှာ လွတ်တော့မယ်လို့ ကျုပ်မိန်းမ ပြီးခဲ့တဲ့လ ထောင်ဝင်စာလာတွေ့တုန်းက ထောင်ကျရုံးမှာ ဘုတ်တိုက်ပြီးပြီဗျ"

"ဟာ ... တယ်ဟုတ်ပါလား။ ဒါကြောင့် ခင်ဗျား သိပ်ပျော်နေတာကို၊"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျ ... ကျုပ်ကို ရှေ့လထဲမှာ လွှတ်နီးခေါ်တော့မှာ"

ကျောက်ထုတ်လုပ်ရေးစခန်းတစ်ခုတွင် ပြစ်မှုကြွေးကို ချွေးဖြင့်ပေးဆပ်နေကြသော ရဲဘက်အကျဉ်းသားများသည် အလုပ်လုပ်နေကြရင်း စကားလက်ဆုံကျနေကြခြင်းဖြစ်ပါသည်။

ယင်းအကျဉ်းသားနှစ်ဦးမှာ အကျဉ်းသားစံထူးနှင့် ကျော်ကျော်တို့နှစ်ဦးဖြစ်ပါသည်။ ရဲဘက်အကျဉ်းသားစံထူးမှာ အလုပ်စခန်းမှနေ မကြာမီ လွှတ်မြောက်တော့မည့် အကျဉ်းသားတစ်ဦးဖြစ်ပါသည်။

လုပ်ငန်းခွင်ထဲတွင် အလုပ်လုပ်ကိုင်နေကြရင်း ရဲဘက်စံထူး၏ ပျော်ရွှင်ကြည်နူးနေသည်ကို အကျဉ်းသားရဲဘက်ကျော်ကျော်မှ မေးမြန်းနေခြင်းဖြစ်သည်။

၎င်းတို့နှစ်ဦးစလုံး တိုစီတုံးခေါ် ကျောက်တုံးအရွယ်အစား အကြီးကြီးကို ဆယ့်ခြောက်ပေါင်တူကြီးဖြင့် ရိုက်ခွဲနေသော ရဲဘက်စံထူး၏ ပျော်ရွှင်စွာသီချင်းသီဆိုနေသည်ကို မေးမြန်းပြောဆိုနေခြင်းဖြစ်ပါသည်။

"ထောက် ... ထောက် ..."

ကျောက်တုံးကြီးနှင့်တူ ရိုက်ခတ်ထိတွေ့သံက ကျောက်ကွင်းထဲမှာ စီစီညံညံ ပေါ်ထွက်နေသည်။ ရဲဘက်စံထူးတစ်ယောက် မိမိစခန်းမှနေ လွှတ်မြောက်ခါနီးနေသဖြင့် သီချင်းတအေးအေးဖြင့် ပျော်ရွှင်စွာ ကျောက်ထုခွဲနေခြင်းဖြစ်ပါသည်။

အထက်ပါအတိုင်း တိုစီတုံးခေါ် ကျောက်တုံးကြီးတစ်တုံးကို လက်ထဲဆယ့်ခြောက်ပေါင်တူဖြင့် တစ်ချက်ချင်း ရိုက်ခွဲနေစဉ် ကျောက်တုံးကြီးမှာ အားပါရိုက်ချက်များကြောင့် ခွပ်ခနဲ ကွဲသွားလေသည်။

ထို့နောက် ကျန်အပိုင်းများကိုလည်း လှည့်ပတ်ကာ ရိုက်ခွဲနေရာ ကျောက်တုံးကြီးမှာ တစ်စစီ ကွဲထွက်သွားသည်။ ကျောက်ထုတ်လုပ်ငန်းခွင်တွင်မှာ ယခုလို ကျောက်ကြီးရိုက်အဖွဲ့မှ ကျောက်တုံးများကို သတ်မှတ်အရွယ်အစားရအောင် နေ့စဉ် မိုင်းခွဲပြီးသွားသည်နှင့် ကျောက်သယ်ယူသည့်အဖွဲ့ကလည်း လွင့်စင်ထွက်လာသော ကျောက်တုံးအရွယ်အစားအလိုက် ကျောက်ကျင်းသို့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



များသောအားဖြင့် ဌာနဆိုင်ရာများဖြစ်သော မီးရထားဌာန၊ ဆောက်လုပ်ရေးဌာနနှင့် စည်ပင်သာယာလုပ်ငန်းခွင်သို့ ယင်းကျောက်တုံးများကို ကျောက်သယ်ကားကြီးများဖြင့် သယ်ယူပို့ဆောင်ပေးရသည်။

ယင်းကဲ့သို့ ကျောက်အရွယ်အစားအမျိုးမျိုးကို သယ်ယူရာတွင် မီးရထားဌာနသို့ လုပ်ငန်းအတွက် လိုအပ်သော (၁" × ၁$\frac{၁}{၂}$") အရွယ်အစားကျောက်များကိုလည်းကောင်း၊ ဆောက်လုပ်ရေးဌာနသို့ (၆" × ၉") အရွယ်အစားကျောက်များကိုလည်းကောင်း၊ ကျန် (၂" × ၄") အရွယ်အစားနှင့် ချိုပင်ကျောက်ခဲကျောက်သေးသေးလေးများကိုမူ လမ်းခင်းနိုင်ရန် စည်ပင်သာယာဌာနသို့ တင်ပို့ပေးရသည်။

ဒါကြောင့် နေ့စဉ် ကျောက်ကွင်းထဲတွင် ရဲဘက်အကျဉ်းသားနှစ်ရာခန့်ဖြင့် ကျောက်ကွင်းတစ်ခုလျှင် ဘုတ်အသီးသီးခွဲကာ အချိန်မီတင်ပို့နိုင်အောင် စီစဉ်ပေးရလေသည်။

ယင်းသို့ ထုခွဲပြီးသွားသော ကျောက်အရွယ်အစားအလိုက် ကျင်းပုံစီကာ ကျောက်ကျင်းထိုးပေးရသည်။ ကျောက်ကျင်းတစ်ကျင်းလျှင် ၁၀ ပေရှည်ပြီး အမြင့်တစ်ပေခန့်ရှိသော ကျောက်ပုံကို တစ်ကျင်းဟု သတ်မှတ်ထားသည်။

ထိုသို့ ကျောက်တွင်းလုပ်ငန်းခွင်ထဲမှာ တာဝန်ကျနေသော ရဲဘက်အကျဉ်းသားများသည် လွန်စွာ ပင်ပန်းလှပေသည်။ လွန်ကိုင်ယမ်းကိုင်အဖွဲ့မှ ကျောက်တောင်နံရံကြီးကို မိုင်းခွဲဖြိုချနိုင်ရန် ယမန်နေ့ညနေစောင်းကတည်းကမှ နေ၍ အချိန်မီ လွန်ပေကျအောင် စက်ယန္တရားများဖြစ်သော ဂါန်းနံစက်များဖြင့် ကျောက်သားနံရံမျက်နှာပြင်ပေါ်မှာ လွန်ဖောက်ပေးရသည်။

အထူးသဖြင့် နှစ်ပေမှ လေးပေအထိ ကျောက်ဖောက်စက်ဖြင့် လွန်ဖောက်ပေးပြီးမှ ကော့တက်ယမ်းကြိုးများကို တစ်ကျင်းနှင့်တစ်ကျင်း ဆက်သွယ်ကာ ဒီတိုနေတာတပ်ဆင်ထားသော ဆေ့ဖတီဖြူ့စ်ကို ယမ်းကြိုးမှာ ချိတ်ဆက်လျက် ဆေးလိပ်မီးတို့ပြီး ယမ်းကြိုးကို မီးရှို့ပေးရသည်။

ထိုအခါ ယမ်းကြိုးများနှင့် ဖောက်ခွဲရေးစက်ဖြစ်သော ဒီတိုနေတာကို မီးကူးစက်လောင်ကျွမ်းကာ မိုင်းထကွဲသွားလေသည်။ ယင်းသို့ မိုင်းကွဲ၍ လွင့်စင်ထွက်လာသော ကျောက်တုံးကျောက်ခဲကြီးများသည် မှိုပွင့်သဏ္ဌာန်ပေါက်ကွဲသွားကာ မီးခိုးကျောက်မှုန်များ ဖုံးလွှမ်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ကျောက်နံရံကို မိုင်းခွဲနေစဉ် အလုပ်ဆိုင်းများကို ဘေးလွတ်ရာသို့ ရှောင်တိမ်းခိုင်းထားသည်။ များသောအားဖြင့် ရဲဘက်အကျဉ်းသားများ အလုပ်သိမ်းသွားသည့် ညနေစောင်းအချိန်မှာ မိုင်းခွဲလေ့ရှိသည်။

ယခုလို မိုင်းမခွဲမီ လွန်ကိုင်ယမ်းကိုင်အဖွဲ့မှ ကြိုတင်ပြင်ဆင်ပြီး လွန်ပေကျအောင် လွန်ဖောက်ပေးခြင်း၊ မိုင်းခွဲနိုင်ရန် ယမ်းနှင့် အပေါင်းပါပစ္စည်းများကို တပ်ဆင်ပေးပြီးမှ မိုင်းခွဲ၍ရလေသည်။

တစ်ဖန် မိုင်းခွဲစဉ် လွင့်စင်ထွက်လာသော ကျောက်တုံးကြီးများနှင့် ကျောက်တုံးငယ်များသည် ကျောက်ကွင်းမြေပြင်ဝယ် ပြန့်ကျဲနေသည်။ ကျောက်တောင်ကို မိုင်းခွဲပြီးစီးသွားပါက ဂျူဗလီထိုးသည့် ဘုတ်အဖွဲ့မှ ကျောက်တောင်နံရံကြီးပေါ်ဝယ် ချိတ်တွယ်နေသော ကျောက်တုံးကြီးများကို ကျောက်ထုခွဲသည့် အကျဉ်းသားများပေါ်သို့ ပြုတ်ကျလာမည့်ဘေးအန္တရာယ်မှ ကာကွယ်ရန် ဂျူဗလီအဖွဲ့မှ ထိုးချပေးရလေသည်။

ဂျူဗလီအဖွဲ့ဆိုသည်မှာလည်း ဂျူဗလီခေါ် သံချောင်းရှည်ကို လက်မှာကိုင်စွဲလျက် ကျောက်တောင်နံရံပေါ်ဝယ် ခါးမှာ ကြိုးချည်ပြီး လေမှာဝဲလျက် ဂျူဗလီသံချောင်းရှည်ဖြင့် ကျောက်တောင်နံရံပေါ်မှ မိုင်းနာကျန်နေခဲ့သော ကျောက်တုံးကြီးများကို ကော်ထုတ်ထိုးချ ရှင်းလင်းပေးရသည်။

ဒါကြောင့် ကျောက်တွင်းနယ်မြေထဲမှာ လုပ်ငန်းတာဝန်ထမ်းဆောင်နေကြသော ရဲဘက်အကျဉ်းသားများမှာ လွန်စွာ အန္တရာယ်ကြီးမားလှပေသည်။ ဂျူဗလီအဖွဲ့မှ ကျောက်ဆောင်နံရံပေါ်ရှိ ကျောက်တုံးကျောက်ခဲများကို ကုန်စင်အောင် ထိုးချရှင်းလင်းပေးထားနိုင်မှ လုပ်ငန်းခွင်အန္တရာယ်ကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

သို့မဟုတ်ပါက မမျှော်လင့်ဘဲ ကျောက်ဆောင်နံရံကြီးပေါ်မှ မိုင်းခွဲထားသည့်ဒဏ်ကြောင့် မိုင်းနာကျန်ရစ်နေသော ကျောက်တုံးကြီးများ ပြုတ်ကျလာမည့်ဘေးအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

ဤကဲ့သို့ ကျောက်ထုတ်လုပ်ရေးစခန်းတွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများသည် ကျောက်ပိခြင်း၊ ကျောက်ထုခွဲစဉ် ထိခိုက်မိခြင်း၊ ဒဏ်ရာများ မကြာခဏ ဖြစ်ပေါ်ခံစားရသဖြင့် လွန်စွာ သတိထားဆောင်ရွက်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



များသောအားဖြင့် ကျောက်ဆောင်နံရံကြီးပေါ်ဝယ် လေထဲမှာ ဝဲလျက် ကျောက်များကို ထိုးချပေးရသော ဂျဗလီအဖွဲ့မှ အန္တရာယ်နှင့် လွန်စွာနီးကပ်လျက်ရှိသည်။

အဘယ်ကြောင့်ဆိုသော် ကျောက်ဆောင်နံရံကြီးမှာ ပေနှစ်ဆယ့်ငါး သုံးဆယ်လောက် မြင့်မားလွန်းပြီး ကျောက်ဆောင်ကြီးအပေါ်ဘက် မြေသားပေါ်ဝယ် ငုပ်ကိုရိုက်ကာ ဂျဗလီထိုးမည့် အကျဉ်းသားနှစ်ယောက် သုံးယောက်သည် ခါးမှာ မနီလာကြိုးကို ချည်ပြီး ကျောက်ဆောင်ရှေ့မျက်နှာစာကို တွယ်ဆင်းကြရသည်။

ဂျဗလီထိုးချမည့်သူများသည် ခါးကြိုးအကူအညီဖြင့် လေထဲမှ ဝဲကာ ကျောက်ဆောင်နံရံကြီးများကို ခြေဖြင့်ကန်လျက် ဂျဗလီသံချောင်းရှည်ဖြင့် မိုင်းနာကျန်ခဲ့သော ကျောက်တုံးကြီးများကို အက်ကြောင်းထဲ သံချောင်းထိုးသွင်းကာ လေထဲမှာ ဝဲလျက် ကလန့်ထိုးချနေရသည်။

ယင်းသို့ ကျောက်တုံးကြီးများကို ဂျဗလီသံချောင်းရှည်ဖြင့် ထိုးချလိုက်စဉ် ပြုတ်ကျသွားသော တိုစီခေါ် ကျောက်တုံးအရွယ်အစားကြီးများသည် ကျောက်ကွင်းနယ်မြေထဲရှိ မြေပြင်ပေါ်သို့ တဝုန်းဝုန်းနှင့် ပြိုကျသွားသံမှာ လွန်စွာကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

ယခုလို ဂျဗလီအဖွဲ့မှ ကျောက်ကွင်းနယ်မြေထဲသို့ ကျောက်ဆောင်နံရံပေါ်မှ ကျောက်တုံးကြီးများကို ဖြိုချရှင်းလင်းခြင်းလုပ်ငန်း ကုန်စင်မှသာလျှင် နံနက်ပိုင်း အလုပ်ဆင်းလာသော ကျောက်ထုခွဲမည့် အကျဉ်းသားများအပေါ် အန္တရာယ်ကင်းကင်းဖြင့် လုပ်ငန်း လုပ်ဆောင်နိုင်ပေမည်။

ဒါကြောင့် ကျောက်ထုတ်လုပ်ငန်းခွင်များမှာ ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများသည် အထက်ပါလုပ်ငန်း အဆင့်ဆင့်ဖြစ်သော မိုင်းခွဲခြင်း၊ ဂျဗလီထိုးခြင်း လုပ်ငန်းအားလုံး ပြီးစီးသွားမှသာ ကျောက်ကွင်းနယ်မြေထဲမှာ ကျောက်ရိုက်ခွဲခြင်း၊ တင်ပို့ခြင်းလုပ်ငန်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

ယခုလို ကျောက်ကွင်းနယ်မြေထဲတွင် ကျောက်ထုခွဲနေကြရသော အကျဉ်းသားဘုတ်များကို အမျိုးမျိုး တာဝန်ခွဲဝေပေးထားသည်။ ကျောက်ထုခွဲသည့် ဘုတ်သားများကို တစ်ဘုတ်လျှင် ဆယ်ဦးစီခွဲပေးပြီး ကျောက်ထုခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ကျောက်သယ်ခြင်း၊ ကျောက်ပုံစီခြင်း၊ ကျောက်တင်ပို့ခြင်းလုပ်ငန်းများကို လုပ်ဆောင်ကြရသည်။

များသောအားဖြင့် ဆယ်ယောက်တစ်ဘုတ်လျှင် ကျောက်ကျင်း ငါးကျင်းခန့်ရအောင် ထုခွဲခြင်း၊ တင်ပို့ခြင်း တာဝန်ကို ပုံစံပေး ခိုင်းစေထားသည်။ ထိုအခါ မိမိတို့သတ်မှတ်ထားသော ကျောက်ပုံစံပြည့်ရန် လူခွဲပြီး ကျောက်ရိုက်သူကရိုက်၊ ကျောက်သယ်သူကသယ်ပြီး ကျောက်ကျင်းစီခြင်း၊ တင်ပို့ခြင်းလုပ်ငန်းအားလုံးကို ဇယ်စက်သလို တာဝန်ထမ်းဆောင်နေကြရသည်။

ယင်းကဲ့သို့ ကျောက်ထုတ်လုပ်ငန်းခွင်ထဲဝယ် ကျောက်ထုခွဲခြင်း၊ ကျောက်တင်ပို့ခြင်း လုပ်ငန်းများကို ဘုတ်အလိုက် တာဝန်ယူဆောင်ရွက်ကြရာတွင် ကျောက်တုံးကြီးများကို ဆယ့်ခြောက်ပေါင်တူဖြင့် ကျောက်ရိုက်ခွဲသည့်အဖွဲ့မှနေ၍ လွင့်စင်ထွက်လာသော ကျောက်အမျိုးအစားများမှာ အရွယ်အစားအမျိုးမျိုးရှိသည်။

ယင်းကျောက်အရွယ်အစားအမျိုးမျိုးမှာ (၆" × ၉") အရွယ်အစား၊ (၂" × ၄") ကျောက်အရွယ်အစား၊ (၁" × ၁ ၁/၂") အရွယ်အစား ချိပင်ခေါ် ကျောက်စရစ်သာသာအရွယ် ကျောက်များဖြစ်သည်။

များသောအားဖြင့် (၆" × ၉") ကျောက်ကြီးအမျိုးအစားများကိုမူ ဆည်မြောင်းတာတမံလုပ်ငန်းများတွင် အသုံးပြုခြင်း၊ (၂" × ၄") ကျောက်အမျိုးအစားကို တံတားခင်းခြင်း၊ လမ်းခင်းခြင်းလုပ်ငန်းများတွင် အသုံးပြုသည်။ (၁"×၁ ၁/၂") အရွယ်ကျောက်များမှာ လမ်းခင်းခြင်းနှင့် ရထားသံလမ်း ဇလီဖားတုံးကြားတွင် အသုံးပြုလေ့ရှိသည်။

တစ်ခါတစ်ရံ ကျောက်ကွင်းထဲ၌ နံရံပေါ်မှာ တွယ်ချိတ်နေသော ကျောက်တုံးကြီးများသည် ဂျဗလီအဖွဲ့ ကျောက်ထိုးရှင်းလင်းပေးခဲ့သော်လည်း မိုင်းနာထားသည့်ဒဏ်ကြောင့် မမျှော်လင့်ဘဲ ကျောက်ကွင်းထဲသို့ ပြုတ်ကျလာတတ်ပေသည်။

ထိုအခါ ကျောက်ကွင်းထဲတွင် ကျောက်ပုံစံပြည့်မီနိုင်အောင် လုပ်ကိုင်လုပ်ဆောင်နေကြသော ကျောက်ကွင်းထဲမှ အကျဉ်းသားများပေါ် မတော်တဆပြုတ်ကျလာနိုင်သည့် အန္တရာယ်မျိုးလည်း ကြုံရတတ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ကျောက်မိုင်းရဲဘက်စခန်းတွင် တာဝန်ထမ်းဆောင်နေကြသော အကျဉ်းဦးစီးဌာနဝန်ထမ်းများသည် ထိခိုက်ဒဏ်ရာ အနာတရမဖြစ်ပေါ်စေရန် သတိဝီရိယထား လုပ်ကိုင်ဆောင်ရွက်ကြဖို့ လိုက်လံဆော်ဩနှိုးဆော်နေရသည်။

ဤသို့ ကျောက်ထုတ်လုပ်ရေးစခန်းတစ်ခုတွင် လုပ်ငန်းတာဝန်ကို လုပ်ကိုင်နေကြရသော အကျဉ်းသားများမှာ မောပန်းသည့်ကြားမှ စကားတပြောပြောဖြင့် လုပ်ငန်းလုပ်ဆောင်နေကြခြင်းဖြစ်ပါသည်။

ထိုစဉ် ကျောက်ထုတ်လုပ်ရေးစခန်းတာဝန်ခံ ထောင်မှူးကြီးစိုးဝေသည် ကျောက်ထုတ်လုပ်ငန်းခွင်ထဲဝယ် အလုပ်လုပ်ကိုင်နေကြသော အကျဉ်းသားရဲဘက်များကို နေ့စဉ် လိုက်လံစစ်ဆေးလျက်ရှိသည်။

"ဟေ့ . . . ဟိုနှစ်ယောက် . . . ဘာတွေ လေပေါ်နေကြတာလဲ။ အလုပ်ကို ဂရုစိုက်လုပ်ကြနော်"

"ဟုတ်ကဲ့ပါ . . . ဆရာကြီး၊ ဒီကောင်စံထူးက သူလွတ်ခါနီးနေပြီဆိုတဲ့အကြောင်း ပြောပြနေတာပါ"

"ဟုတ်လားကွ . . . မင်းက ဘယ်တော့လွတ်မှာမို့လဲ"

"နေ့တော့ အတိအကျမသိသေးပါဘူး . . . ဆရာကြီးရယ်၊ ရှေ့လထဲလောက်မှာ လွတ်မယ်လို့ ဘုတ်တိုက်ထားခဲ့တာပါ"

"အေး . . . အေး . . . ဒါဆိုလည်း ကိုယ့်လွတ်ရက်နီးနေပြီဆိုပြီးတော့လွတ်ကြောင် ကြောင်ပြီး ထွက်ပြေးဖို့ စိတ်မကူးနဲ့ဦး"

"ဟုတ်ကဲ့ပါ . . . ဆရာကြီး၊ ဒီလောက် နေသားခုနစ်လကျော်နေပြီပဲထွက်ပြေးသွားလျှင် သံသရာလည်နေမှာစိုးလို့ စိတ်မကူးပါဘူးခင်ဗျာ"

"အေးကွ . . . အဲလို အသိတရားရှိထားမှလည်း စိတ်ချလက်ချနေနိုင်မှာပေါ့။ တချို့ဆို လွတ်ခါနီးနေတာကို သိလျက်နဲ့ လွတ်ကြောင်ကြောင်ပြီး စခန်းကနေ ထွက်ပြေးသွားကြတယ်ကွ။ အလကား လူမိုက်ကောင်တွေပဲ။ တရားဥပဒေဆိုတာ ထွက်ပြေးတိမ်းရှောင်သွားလို့ကော လွတ်ပါ့မလားကွာ"

"ဟုတ်ပါတယ် . . . ဆရာကြီး၊ ကျွန်တော်က ဓားခုတ်မှုနဲ့ ထောင်တစ်နှစ်တောင် ကျခံလာခဲ့ရတာ ခုဆို လွတ်ခါနီးနေပြီပဲ။ ပြဿနာ ထပ်မဖြစ်စေတော့ပါဘူး"

သုတ်ဆိုင်း စာပေ
www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး ... မင်းက ဘယ်လိုကိစ္စနဲ့ ဓားခုတ်မှုဖြစ်ပွားခဲ့ရတာလဲ"

"အရက်ဆိုင်မှာ သူငယ်ချင်းအချင်းချင်း အရက်အတူတူသောက်နေရာက အရက်မူးလာကြတော့ စကားနိုင်လုပြောကြရင်း ခိုက်ရန်ဖြစ်ပွားခဲ့ကြရာက ဆိုင်ထဲကဓားကိုယူပြီး ခုတ်လိုက်တာ သေလုမျောပါး ဒဏ်ရာရသွားတယ်။ အဲဒီအမှုနဲ့ ထောင်တစ်နှစ်ကျခံလာခဲ့ရတာပဲ"

"မင်းက လူပျိုလူလွတ်လားကွ"

"မဟုတ်ပါဘူး ... အိမ်ထောင်နဲ့ပါ ဆရာရယ်။ မိန်းမရတာမှ တစ်လပဲ ရှိသေးတယ် သူငယ်ချင်းတွေနဲ့ အရက်အတူတူသောက်ရင်းက လက်ပါသွားတာ"

"ဟင် ... မိန်းမရတာ တစ်လပဲရှိသေးတော့ မင်းမိန်းမခမျာ ပြဿနာပဲကွာ"

"ဟုတ်ပါတယ် ... ဆရာကြီးရယ်၊ ပြီးခဲ့တဲ့လတုန်းက စခန်းကို ထောင်ဝင်စာလာတွေ့တော့ မပေါ့မပါးကြီးဖြစ်ပြီး မွေးခါနီးနေပြီလို့ ပြောသွားတယ်။ အဲဒါ ဒီက မြန်မြန်လွတ်ရင် အိမ်ကို အမြန်ဆုံးပြန်မှရမယ်"

"အေးကွာ ... ကြည့်ရတာ မင်းမိန်းမက မီးဖွားမယ့်အချိန်နဲ့ မင်းက လွတ်မယ့်အချိန် အံကိုက်နေမှာပဲ"

"ဟုတ်ပါတယ်ခင်ဗျာ ... ကျွန်တော့်မိန်းမက သူမီးဖွားခါနီးနေလို့ ကျွန်တော်လွတ်ချိန်မှာ လာမကြိုနိုင်တော့ဘူးလို့ ပြောသွားတယ်"

"အေး ... အေး ... မင်း ထောင်က မြန်မြန်လွတ်ပြီး အိမ်ကို အမြန်ဆုံးပြန်နိုင်အောင် ကြိုးစားထားပေါ့ကွာ"

"ဟုတ်ပါတယ် ... ဆရာကြီး၊ ကျွန်တော်ကလည်း လွတ်ရက် မြန်မြန်ရောက်ပြီး မိန်းမမီးဖွားချိန်အမီ ပြန်ရောက်ချင်နေတာကြောင့် လွတ်ချင်နေပြီ"

"စိတ်အေးအေးထားစမ်းပါကွာ ... တောင်တောင်အီအီတွေ လျှောက်မတွေးနဲ့။ ဒီတစ်ပတ် တနင်္လာနေ့ တန်းစီကြတော့ ထောင်ပိုင်ကြီးထံကို မင်းရဲ့ အခက်အခဲ တင်ပြကြည့်ပေါ့ကွာ ... ဟုတ်လား"

"ဟုတ်ကဲ့ပါ ... ဆရာကြီး၊ ကျွန်တော်လည်း လွတ်ရက်ကို အမြန်ဆုံး တင်ပြဖို့ စိတ်ကူးထားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... စကားကောင်းနေတာနဲ့ အချိန်ကြာသွားပြီ။ မင်းတို့ကျောက်ပုံစံပြည့်ကာနီးပြီလား"

"ကျင်း တစ်မတ်စာလောက်ပဲ ကျန်ပါတော့တယ်"

"အေး ... ဒါဆို ပြီးအောင် အလုပ်ကို ဆက်လုပ်ကြဦးကွ"

"ဟုတ်ကဲ့ပါ ... ဆရာကြီး"

ထောင်မှူးကြီးစိုးဝေက ပြောပြောဆိုဆိုနှင့် ထိုနေရာမှ ထွက်ခွာကာ အခြားကျောက်လုပ်ငန်းခွင်များကို လှည့်လည်စစ်ဆေးကြည့်ရှုနေလေသည်။

ထောင်မှူးကြီးစိုးဝေ၏တာဝန်မှာ နေ့စဉ် ကျောက်ထုတ်လုပ်ငန်းခွင်ထဲသို့ ကျောက်ထုခွဲခြင်း၊ ကျောက်တင်ပို့ခြင်းလုပ်ငန်းများကို လိုက်လံစစ်ဆေးကြည့်ရှုရသည်။ အကျဉ်းထောင်၊ အလုပ်စခန်း၏ လုံခြုံရေးအတွက်လည်းကောင်း၊ လုပ်ငန်းတိုးတက် အောင်မြင်ရေးအတွက်လည်းကောင်း လှည့်လည်စစ်ဆေးကြည့်ရှုနေရသည်။

ကျောက်ထုတ်လုပ်ငန်းခွင်ထဲတွင် အကျဉ်းသားရဲဘက်များသည် မိမိတို့ဘုတ်အလိုက် တစ်နေ့တာ ကျောက်ကျင်းပုံစံပြည့်မီစေရန် အားကြိုးမာန်တက်ဖြင့် ကျောက်များကို ရိုက်ခွဲနေကြသလို၊ ကျောက်သယ်သူများကလည်း ကျောက်တင်ကားကြီးများပေါ် တင်ပို့ပေးနေကြသည်။

ညနေစောင်း အလုပ်သိမ်းချိန် နီးကပ်လာနေပြီမို့ အကျဉ်းသားဘုတ်များမှာ ကျောက်ကွင်းထဲတွင် အလုပ်ရှုပ်နေကြလေသည်။ ကျောက်များကို လာရောက်သယ်ယူနေကြသော ကျောက်သယ်ယာဉ်ကြီးများမှာလည်း တစ်စီးသတ်မှတ်ကျင်းရေပြည့်သွားသည်နှင့် နောက်တစ်စီး ထိုးဆိုက်လာကာ ကျောက်များကို အလုအယက်တင်ပြီး သယ်ဆောင်နေကြသည်။

တကယ်တော့ ကျောက်ထုတ်လုပ်ရေး အလုပ်စခန်းဝယ် ပြစ်ဒဏ်ကျခံနေကြရသော အကျဉ်းသားရဲဘက်များသည် မိမိတို့တစ်နေ့တာစံနှုန်းကို အချိန်မီပြီးစီးနိုင်စေရန် ကျောက်ကျင်းထဲမှ ကျောက်များကို သယ်သူငယ်၊ ထုခွဲသူက ထုခွဲ၊ ကျောက်ကားပေါ် တင်ပို့သူကတင်ပို့နှင့် အလုပ်ရှုပ်နေကြလေသည်။

☼☼☼

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

တစ်နေ့တွင် ထောင်မှူးကြီးစိုးဝေသည် နောက်တန်းစခန်းရုံးတွင် ရုံးကိစ္စ ဆောင်ရွက်နေစဉ်ဖြစ်ပါသည်။ မိမိအလုပ်လုပ်နေသော စားပွဲရှေ့တည့်တည့် ဝယ် လာရောက်ရပ်နေသည့် အရိပ်သဏ္ဌာန်ကြောင့် ခေါင်းမော့ကြည့်လိုက် သည်။

"ဆရာ ... ဒီဦးလေးတွေက ဆရာနဲ့တွေ့ပါရစေဆိုလို့ ခေါ်လာပြီး သတင်းပို့တာပါ"

မိမိအားအလေးပြုပြီး သတင်းပို့နေသော တပ်ကြပ်ကြည်ရွှင်ကို တွေ့ လိုက်ရသည်။

"ဘာများ အကူအညီပေးရမလဲ ခင်ဗျာ"

ဤသို့ ထောင်မှူးကြီးစိုးဝေထံမှ ပဋိသန္ထာရစကားကို ကြားလိုက်ရသော လူကြီးနှစ်ဦးမှာ အားတက်ရွှင်လန်းသွားကာ ၎င်းတို့ လာရင်းကိစ္စကို တင်ပြကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီ ... ဒီလိုပါ ... ဆရာကြီးရယ် ... ကျွန်တော့်သားကိစ္စ တင်ပြချင်လို့ပါ"

"ဟုတ်လား ... ဘယ်သူ့ကိစ္စလဲ"

"စံထူးလို့ ခေါ်ပါတယ်။ ဓားခုတ်မှုနဲ့ ထောင်တစ်နှစ်ကျနေတာပါ"

"ဘယ်တုန်းက ထောင်ကျလာတာလဲ"

"မနှစ်က ဝါမဆိုခင်ကပါ"

"ဟော့ ... ဗာရာငွေသိန်း ထောင်မှူးဦးလှရွှေကို ခေါ်လိုက်စမ်းကွာ"

ထောင်မှူးကြီးစိုးဝေက ရုံးခန်းလေးထဲတွင် တံမြက်စည်းလှဲနေသော ရုံးခန်းဗာရာငွေသိန်းအား ထောင်မှူးဦးလှရွှေကို ခေါ်ခိုင်းလိုက်သည်။ မကြာမီ ထောင်မှူးဦးလှရွှေ ရောက်ရှိလာသည်။

"ဆရာ ... ကျွန်တော့်ကို ခေါ်တယ်ဆိုလို့"

"ဟုတ်ပါတယ် ... ဆရာဦးလှရွှေရေ၊ ခင်ဗျားဆီမှာရှိတဲ့ ထောင်ကျ စံထူးရဲ့ဝရမ်း ခဏလောက် ကြည့်ချင်လို့"

ထောင်မှူးဦးလှရွှေက သူထိုင်သောစားပွဲနောက်ရှိ ဗီရိုကြီးကို သော့ဖြင့်ဖွင့်ကာ ဝရမ်းတစ်စောင်ရှာဖွေပြီး ထုတ်ပေးလေသည်။ ထောင်မှူးကြီးစိုးဝေက ဝရမ်းကို ယူလိုက်ပြီး အထဲမှ လျှော့ရက်ကတ်ပြားကို လှေလာကြည့်နေသည်။

ထောင်ကျဝရမ်းထဲရှိ လျှော့ရက်ကတ်ပြားပေါ်တွင် အကျဉ်းသား၏ ရရှိထားသော လျှော့ရက်များကို လစဉ်အလိုက် ရေးမှတ်ထားသည်ကို တွေ့မြင်ရသည်။ လျှော့ရက်ကတ်ပြားကို သေချာကြည့်ပြီးနောက် ...

"ဟာ ... ထောင်ကလွတ်မြောက်ဖို့ ရက်ပိုင်းလောက်ပဲ လိုပါလား"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် နက်ဖြန်မှာ လွတ်နီးစာရင်းထဲ ထည့်ပြီး နောက်တန်းမှာခေါ်ခိုင်းဖို့ စီစဉ်ထားပြီးပါပြီ"

ထောင်မှူးဦးလှရွှေမှ လွတ်ကာနီးနေသော လွတ်နီးအကျဉ်းသားများကို ရှေ့တန်းကျောက်ထုတ်လုပ်ငန်းခွင်မှ ပြန်လည်ခေါ်ယူကာ အနားပေးထားခိုင်းသည်ကို ရှင်းပြနေခြင်းဖြစ်သည်။

ထောင်မှူးကြီးစိုးဝေက စခန်းသို့ အရေးတကြီးကိစ္စဖြင့် လာရောက်ခဲ့သော လူကြီးနှစ်ဦးကို အကျိုးအကြောင်းရှင်းပြနေသည်။

"ဦးလေးတို့သားက ရှေ့အပတ်ထဲမှာ လွတ်တော့မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာရယ် ... ဖြစ်နိုင်မယ်ဆိုရင် သုံးရက်လောက် အိမ်ပြန်ခွင့်ပေးဖို့ မေတ္တာရပ်ခံလာတာပါ"

"ဘာဖြစ်လို့လဲ ... ဦးလေးရဲ့ ရှေ့အပတ်ပဲ လွတ်တော့မယ့်ဟာကို။ ဘယ်လိုအရေးကိစ္စများ ဖြစ်နေလို့လဲ"

"ဒီလိုပါ ... ဆရာကြီး၊ စံထူးရဲ့မိန်းမ သန်းခင်က ပြီးခဲ့တဲ့နှစ်ရက်လောက် ကတည်းက ဗိုက်နာနေလို့ မီးဖွားမလိုဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော်တို့ ကလည်း ဆေးရုံကို အချိန်မီ ပို့ဆောင်ပေးခဲ့ပါတယ်။ မီးမဖွားနိုင်သေးဘဲ အခက်အခဲဖြစ်နေတယ်။ သူ့မိန်းမ သန်းခင်ကလည်း သူ့ယောက်ျားကိုပဲ အရမ်း တမ်းတခေါ်နိုင်းနေလို့ ခုလို လာပြီး အကူအညီတောင်းကြည့်တာပါ"

"အို ... ဖြစ်မှဖြစ်ရလေဗျာ၊ ယောက်ျားဖောင်စီး ... မိန်းမမီးနေစကား လို ဒီအချိန်မှာ လင်သားတစ်ယောက်လုံး အနားမှာရှိနေတော့ အားရှိတာပေါ့"

"ဟုတ်ပါတယ်ဗျာ ... ကျွန်တော်တို့က အဖြစ်မှန်ကို လာရောက်တင် ပြပြီး အကူအညီတောင်းကြည့်ဖို့ လာခဲ့တာပါ။ ဒါက ကျေးရွာဥက္ကဋ္ဌဦးမြမင်းပါ။ ကျွန်တော်က ရဲဘက်စံထူးအဖေပါ"

အကျဉ်းသားစံထူး၏ ဖခင်ဖြစ်သူမှ ၎င်းတို့လာရောက်ခဲ့သော ကိစ္စ အကြောင်းအရင်းကို ရှင်းပြပြောဆိုနေသည်။ ထောင်မှူးကြီးစိုးဝေသည် ယင်းကိစ္စ အတွက် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးနိုင်ရန် စားပွဲပေါ်တွင်တင် ထားသော ထောင်ကျဝရမ်းထဲမှ လျှော့ရက်ကတ်ပြားကို သေသေချာချာ စစ်ဆေး ကြည့်ရှုနေသည်။

ယင်းအကျဉ်းသား၏ သာမန်လွတ်ရက်မှာ တစ်ပတ်ခန့်လိုနေသေးသော် လည်း ထောင်ပိုင်ကျန်ရက်ဖြစ်သော ထောင်ပိုင်လျှော့ရက် လေးငါးရက်လောက် ပေးလိုက်နိုင်လျှင် ယနေ့ ချက်ချင်းလွတ်မြောက်နိုင်ပေမည်။

"ဆရာဦးလှဌေးရေ ... ဟောဒီဝရမ်းလေးကို ထောင်ပိုင်ကျန်ရက် တောင်းပြီး ထောင်ပိုင်ကြီးကို အကျိုးအကြောင်းရှင်းပြပြီး တင်ပေးလိုက်ပါဗျာ"

ထောင်မှူးဦးလှဌေးမှ ထောင်ကျဝရမ်းကို လှမ်းယူလိုက်ပြီးနောက် ထောင်ပိုင်ကျန်ရက်တောင်းခံသည့် မှတ်ပုံတင်စာအုပ်မှာ ရဲဘက်အကျဉ်းသားစံထူး ၏ ထောင်ဝင်နံပါတ်၊ အမည်၊ အဘအမည်၊ ပုဒ်မ၊ ပြစ်ဒဏ် စသည်တို့ကို ဖြည့်စွက်ထည့်သွင်းကာ ထောင်ပိုင်ကြီးရုံးခန်းဆီ ဝင်ရောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ စိတ်မပူပါနဲ့ ... ဦးလေးတို့ရာ၊ ကျွန်တော်တို့အလုပ်စခန်းမှာ အကျဉ်းသားတွေရဲ့ လျှော့ရက်ပေးတာနဲ့ ပတ်သက်လို့ သူ့စည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီလျှင် ထောင်ထဲက လွတ်နိုင်လောက်သည့် အကျဉ်းသားကို လွတ်မြောက်အောင် ထောင်ပိုင်ကျန်ရက် တောင်းခံပြီး ဖြည့်ဆည်းပေးပါတယ်။ စခန်းကိုရောက်လာတဲ့ အကျဉ်းသားတစ်ယောက်ဟာ ထောင်ဒဏ်ကျခံနေရစဉ်ကာလမှာ သူ့အတွက် တစ်လကို လျှော့ရက်လေးရက် ခံစားခွင့်ပေးပါတယ်။ အဲ ... ဒီလိုစခန်းမျိုးတွေမှာ နေ့စဉ်လိုလို အလုပ်လုပ်ကြရတော့ တနင်္ဂနွေဆုမှတ်ရက်တစ်ရက်ကို ထပ်မံခံစားခွင့်ရလို့ တစ်လလျှော့ရက် ငါးရက်စီရပါတယ်"

"ဩော် ... သူတို့က ပြစ်မှုကျူးလွန်လာပြီး ထောင်ကျလာတာတောင် ထောင်က လျှော့ရက်ထပ်ပေးသလား ဆရာ"

"ဟာ ... ပေးရတာပေါ့ဗျာ။ အကျဉ်းသားတစ်ယောက် ထောင်ကျလာတာနဲ့ ခုလို လစဉ် သာမာန်လျှော့ရက်ပေးသလို သုံးလမှတစ်ခါ ကွာဆုမှတ်ရက်ဆိုတာလည်း ပေးသေးတယ်။ ကွာဆုမှတ်ရက်ဆိုတာက သုံးလတစ်ကြိမ်စီ အကျဉ်းသား၏ အလုပ်လုပ်ကိုင် ဆောင်ရွက်ပုံကိုကြည့်ပြီး သက်ဆိုင်ရာကျောက်လုပ်ငန်းခွင် တာဝန်ခံတွေက သူတို့တပ်ခွဲမှာ ပြစ်ဒဏ်ကျခံနေရတဲ့ အကျဉ်းသားရဲ့ ကွာဆုမှတ်ရက်ကို ထောက်ခံပေးကြတယ်။ အဲဒါကတော့ 'က'ကွာဆိုရင်တော့ အမြင့်ဆုံးဆုမှတ်ရက်ဖြစ်လို့ တိုင်းကောင်စီကနေ ဆယ့်ငါးရက်၊ အကျဉ်းဦးစီးဌာနညွှန်ချုပ်က ခုနစ်ရက်၊ စခန်းတာဝန်ခံဖြစ်တဲ့ ထောင်ပိုင်ကြီးက ခုနစ်ရက်စီပေးလို့ စုစုပေါင်းတစ်လ (၂၉)ရက်တောင် ရပါတယ်။ ဒီကြားထဲ တစ်နှစ်တာလုံးမှာ ဘာပြစ်မှုပြစ်ဒဏ်မှ မကျူးလွန်ဘဲ ကောင်းကောင်းမွန်မွန် နေထိုင်တဲ့အတွက် နှစ်ကွာဆုမှတ်ရက်အဖြစ် ဆယ့်ငါးရက် ထပ်မံပေးတာမျိုးလည်း ရှိပါတယ်။ ခုလို လွတ်ခါနီးအကျဉ်းသားကို ထောင်ပိုင်ကျန်ရက်ပေးတာက ကွာဆုမှတ်ရက်ထဲမှာ ကျန်တဲ့ရက်ကို ပေးလို့ရအောင်ပါ"

"ခုလို ထောင်မှူးကြီးရှင်းပြမှပဲ ကျွန်တော်တို့လည်း သဘောပေါက်တော့တယ်"

"ဒါပေါ့ဗျာ ... အကျဉ်းသားတစ်ယောက်ဟာ ပြစ်မှုပြစ်ဒဏ်ဖြစ်ခဲ့လာခဲ့လို့ ထောင်ထဲကို ရောက်လာခဲ့ပြီဆို အကျဉ်းထောင်က သူတို့ ဂရုစိုက်

www.burmeseclassic.com



ဆောင်ပေးနေတဲ့ လုပ်အားပေါ်မူတည်ပြီး အကျဉ်းထောင်ဆုရက်အမျိုးမျိုးကို ခံစားခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးပါတယ်''

''ဒါနဲ့ ခုန ဆရာကြီးပြောသွားတဲ့ ကွာဆုမှတ်ရက်ဆိုတာ ဘယ်လိုဟာမျိုးလဲ''

''ကွာဆုမှတ်ရက်ဆိုတာက အကျဉ်းသားတစ်ယောက် စခန်းကို စရောက်သည့်လ ပထမငါးရက်အတွင်း ရောက်လာလျှင် ကွာဆုမှတ်ရက်ကို စတင်ခံစားခွင့်ရှိတယ်။ ပထမကွာကို ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လကုန်မှာ တင်ရတယ်။ ဒုတိယကွာကို ဧပြီ၊ မေ၊ ဇွန်လလောက်မှာ တင်ပြပေးရတယ်။ တတိယကွာကို ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလကုန်မှာ တင်ရတယ်။ စတုတ္ထကွာကိုတော့ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလကုန်မှာ တင်ပေးရတယ်''

''အဲဒီလိုတင်တော့ ဘယ်လိုဆုမှတ်ရက်တွေ ခံစားခွင့်ရှိလဲခင်ဗျ''

''အဲဒီလို ကွာဆုမှတ်ရက် တင်တောင်းရာမှာ ကွာအမျိုးအစားအလိုက် ဆုမှတ်ရက်တွေလည်း ကွာခြားသွားပါတယ်။ ဥပမာ 'က'ကွာကို တင်မယ်ဆိုလျှင် တိုင်းကောင်စီကနေ ဆုမှတ်ရက်ဆယ့်ငါးရက် ခံစားခွင့်ပေးရတယ်။ အကျဉ်းဦးစီးညွှန်ချုပ်က ခုနစ်ရက်နဲ့ စခန်းတာဝန်ခံထောင်ပိုင်က ခုနစ်ရက်စီ ကွာဆုမှတ်ရက် ပေးခွင့်ရှိပါတယ်''

''ကွာအမျိုးအစားအလိုက် ဆုမှတ်ရက် ခံစားခွင့်ရပုံချင်း ကွာခြားမှာပေါ့''

''ဟုတ်ပါတယ် . . . 'က' ကွာကို ခံစားခွင့်ရသူဟာ စောစောကပြောခဲ့တဲ့ တိုင်းကောင်စီ ဆယ့်ငါးရက်၊ ညွှန်ချုပ်ကြီးက ခုနစ်ရက်၊ စခန်းတာဝန်ခံက ခုနစ်ရက်ဆိုတော့ တစ်ကွာမှာ ဆုမှတ်ရက်(၂၉)ရက် ခံစားခွင့်ရပါတယ်။ တစ်ခါ 'ခ' ကွာကို ခံစားခွင့်ပေးတာကတော့ တိုင်းကောင်စီ (၁၀)ရက်၊ ညွှန်ချုပ်က (၅) ရက်၊ စခန်းတာဝန်ခံထောင်ပိုင်က (၅)ရက်စီ ခံစားခွင့်ပေးထားပါတယ်။ နောက် 'ဂ'ကွာကတော့ ခံစားရသူတွေကတော့ ပထမ (၅) (၃) (၃) ဆိုပြီး ရပါတယ်။ 'ဂ' ကွာကတော့ အနိမ့်ဆုံးမို့ ရက် (၁၁)ရက်ပဲ ခံစားခွင့်ရပါတယ်''

''ဒါဆို အကျဉ်းသားတစ်ယောက် ထောင်ကျလာတာနဲ့ ထောင်ထဲမှာ အလဟဿအချိန်မကုန်ဘဲ ကိုယ်လုပ်လျှင် လုပ်သလောက် ဆုမှတ်ရက်တွေ ခံစားခွင့်နိုင်တော့ မြန်မြန်လွတ်တာပေါ့''

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ထောင်မှူးကြီးစိုးဝေနှင့် အကျဉ်းသားစံထူး၏ ဖခင်တို့သည် အာလာပသလ္လာပစကားများပြောဆိုနေကြစဉ် ထောင်မှူးဦးလှဌေးမှာ ထောင်ပိုင်ကြီးရုံးခန်းထဲမှ ပြန်ထွက်လာနေသည်။

ထို့နောက် ထောင်ပိုင်ကျန်ရက်ပေးထားသည့်ဆုမှတ်ရက်ကို ထောင်မှူးကြီးစိုးဝေအား ရှင်းလင်းပြသနေသည်။

"ကဲ ... ဘာမှ စိတ်ပူမနေကြနဲ့တော့။ လူမှုရေးအရ သက်ညှာစွာစဉ်းစားပြီး ထောင်ပိုင်ကြီးက လျှော့ရက်ခုနစ်ရက် ခံစားခွင့်ပေးလိုက်တယ်။ အကျဉ်းသား စံထူးက နှစ်ကြီးအကျဉ်းသားမဟုတ်တော့ ကွာဆုမှတ်ရက်မရှိပေမယ့် ထောင်ပိုင်ကျန်ရက် တစ်လပေးပိုင်ခွင့်ရှိတဲ့ထဲက ဆုမှတ်ရက်ခုနစ်ရက် ခံစားခွင့်ပေးလိုက်တာပါ"

"ဒါဆို ဆရာကြီး အကျဉ်းသားစံထူး တစ်ခါတည်းလွတ်ပြီပေါ့"

"ဒါပေါ့ဗျာ ... ခင်ဗျားတို့အပြန် တစ်ပါတည်း ခေါ်သွားနိုင်အောင်လို့ ထောင်ပိုင်ကြီးက လူမှုရေးအရ လျှော့ရက်ထောက်ခံပေးလိုက်တော့ ခုတစ်ခါတည်း လွတ်သွားပြီလေ"

ထောင်မှူးဦးလှဌေးမှ အကျဉ်းသားစံထူးလွတ်မြောက်စေရန် ထောင်ကျဝရမ်းကို ပြင်ဆင်ဆောင်ရွက်နေသည်။ ရှေ့တန်းတပ်ခွဲဆီသို့ ဗာရာတစ်ယောက်ကို စေလွှတ်ပြီး အကျဉ်းသားစံထူးကို ကျောက်ကွင်းထဲမှ သွားရောက်ခေါ်ဆောင်လာခိုင်းလိုက်သည်။

နာရီဝက်ခန့်ကြာသောအခါ အကျဉ်းသားစံထူးအား ဗာရာမှနေ ရုံးခန်းထဲသို့ ခေါ်ဆောင်လာလေသည်။

"ကဲ ... လာဟေ့ ... စံထူး ... ဒီမှာ မင်းကို အရေးတကြီးလာတွေ့ဆုံကြတဲ့ ဧည့်သည်တွေနဲ့ စကားပြောပြီး ..."

"အဖေ ... ဘာကိစ္စ အရေးတကြီး ဖြစ်လာလို့လဲ"

"ဖြစ်ဆို ... သားရေ ... မင်းမိန်းမ သန်းခင် မီးဖွားကာနီးနေပြီ။ အဲဒါနေ့လိုလို၊ ညလိုလိုဖြစ်နေတာ မင်းကို တွေ့ချင်လွန်းလို့ တဖွဖွမေးနေတာနဲ့ တို့လည်း ဥက္ကဋ္ဌကြီးကိုခေါ်ပြီး ထောင်ပိုင်ကြီးဆီမှာ ဝင်အသနားခံပြောဆိုကြည့်တာ အဆင်ပြေသွားပြီ။ မင်းကို တစ်ခါတည်းလွှတ်ပေးနိုင်အောင် စီစဉ်ပေးလိုက်တယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းသားစံထူးသည် မမျှော်လင့်ဘဲ ကြားရသည့်စကားကြောင့် ဝမ်းသာလွန်းရာ၍ထင့် မျက်ရည်ကြည်လေးများပင် ဝိုင်းဝိုင်းလည်နေရှာသည်။ ထို့နောက် စံထူးက ဖခင်ဖြစ်သူအား ...

"အဖေ ... ကျွန်တော့်မိန်းမ သန်းခင်ကော မီးဖွားပြီးသွားပြီလား။ ဘာလေးမွေးလဲ ... အဖေ"

"လောလောဆယ်တော့ မီးမဖွားသေးဘူး။ နေ့လား ညလား အခြေအနေပဲ။ သူ မီးဖွားနေချိန်မှာ မင်းကို အနားမှာရှိစေချင်လို့ ငါတို့လာပြောတာပဲ။ ဒီကဆရာကြီးက လျှော့ရက်တွက်ချက်ကြည့်ပြီး ဒီနေ့ပဲ လွတ်လို့ရတယ်ဆိုလို့ တစ်ခါတည်း ခေါ်သွားမလို့ကွ"

ထိုစဉ် အကျဉ်းသားစံထူးအား ထောင်မှူးဦးလှဌေးမှ လွတ်လူမှတ်ပုံတင်စာအုပ်ဖြစ်သော ထောင်ပုံစံ (၂၁) ခေါ် ထောင်ကျမှတ်ပုံတင်စာအုပ်ကြီးဖြင့် အမည်၊ အဘအမည်၊ ပြစ်ဒဏ်၊ ပြစ်မှုပုဒ်မ စသည်တို့ကို တိုက်ဆိုင်စစ်ဆေးကြည့်နေသည်။

ပြီးမှ ... ထောင်မှူးကြီးစိုးဝေထံ ထောင်ကျမှတ်ပုံတင်စာအုပ်ကြီးကို ထောင်ကျဝရမ်းနှင့်အတူ လာရောက်တင်ပြပြီး လွတ်လူစစ်ဆေးနိုင်ရန် ပြင်ဆင်ပေးသည်။

တကယ်တော့ ... ထောင်မှာ လူတစ်ယောက် မှားလွှတ်မိသွားလို့က မလွယ်ကူ။ လူစားပြန်ထည့်ဖို့ဆိုတာက ပိုတောင်မလွယ်ကူပေ။ ဒါကြောင့် လွတ်လူအကျဉ်းသားတစ်ယောက် လွတ်ရက်စေ့ရောက်လို့ လွတ်ရတော့မည်ဆိုလျှင် သက်ဆိုင်ရာတာဝန်ခံ အဆင့်ဆင့်က အထပ်ထပ် အခါခါ စစ်ဆေးနိုင်ပါမှ တန်ကာကျမည်။

ဒါကြောင့်လည်း ထောင်မှူးကြီးစိုးဝေက မိမိစားပွဲပေါ်မှ လာရောက်တင်ပြထားသော ထောင်ကျဝရမ်းနှင့် မှတ်ပုံတင်စာအုပ်ပါ အကျဉ်းသား၏ ကိုယ်ရေးရာဇဝင်ကို တိုက်ဆိုင်စစ်ဆေးကြည့်ရှုနေသည်။ စေ့စပ်သေချာမှန်ကန်ပြီဆိုမှ လူကို တိုက်ဆိုင်စစ်ဆေးကြည့်တော့သည်။

ထောင်ကျမှတ်ပုံတင် စာအုပ်ကြီးပေါ်တွင် မင်နီကြောင်းဖြင့် ကန့်လန့်ဖြတ်ခြစ်လိုက်ပြီး ယင်းမျဉ်းကြောင်းပေါ်တွင် 'လျှော့ရက်လွတ်'၊ 'ရက်စေ့သော' ဟူ၍ မှတ်တမ်းတင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ထောင်ပုံစံ (၆၄) ခေါ် လွတ်ပေါက်စာအုပ်တွင် ရေးသွင်းရပြီးနောက် ထောင်ပုံစံ (၆၆)ခေါ် ထောင်လွှတ်လက်မှတ်ကို ကျန်ရက်များ မင်နီဖြင့်ဖြည့်သွင်းထားကာ လွတ်လူစစ်ဆေးခြင်းလုပ်ငန်း ပြီးစီးသွားသည်။

ထောင်မှူးကြီးစိုးဝေက အားလုံးစစ်ဆေးပြီးသွားသောအခါ ထောင်ပိုင်ကြီးမှ နောက်ဆုံးအတည်ပြု လက်မှတ်ရေးထိုးလွှတ်နိုင်ရန် ဆက်လက်တင်ပြစေသည်။ နောက်ဆုံးအဆင့် ထောင်ပိုင်ကြီးမှ လွတ်လူအကျဉ်းသားစံထူးနှင့် သက်ဆိုင်သော စာရွက်စာတမ်းများနှင့် လူကိုယ်တိုင် တိုက်ဆိုင်စစ်ဆေးပြီးစီးသွားတော့မှ လွှတ်လက်မှတ်ပေါ် လက်မှတ်ရေးထိုးပြီး လွှတ်ပေးလေသည်။

အကျဉ်းသားစံထူးမှာလည်း မိမိအား လွတ်လူမှတ်ပုံတင်များ စစ်ဆေးပြီးသွားသောအခါမှ လွတ်လွတ်ကျွတ်ကျွတ် ဝမ်းသာရွှင်မြူးသွားလေသည်။ မိမိရင်ထဲမှ အလုံးကြီးကျသွားကာ ငါ လွတ်ပြီ၊ ကျွတ်ပြီဟု လက်မထောင် ဝင့်ကြွားနိုင်သည့်အဆင့်သို့ ရောက်သွားသည်။

ထို့နောက် လွတ်လူမှတ်ပုံတင်ကြည့်နေစဉ် ကိုယ်အပေါ်ပိုင်း ဝတ်ဆင်ထားသောအင်္ကျီကို ချွတ်ပြီး ကိုယ်ခန္ဓာအမှတ်အသားများကို တိုက်ဆိုင်စစ်ဆေးကြည့်ရှုနိုင်ရန် အင်္ကျီချွတ်ပြီး ကိုယ်အပေါ်ပိုင်းဗလာဖြင့် လွတ်လူမှတ်ပုံတင်ကို အစစ်ဆေးခံရသည်။

အားလုံးပြီးစီးသွားသောအခါ မိမိချွတ်ထားသောအင်္ကျီကို ခန္ဓာကိုယ်မှာ ပြန်လည်ဝတ်ဆင်လိုက်ပြီး ထောင်ပိုင်ကြီး၊ ထောင်မှူးကြီးတို့ကို တစ်ယောက်စီ ထိုင်ကန်တော့နေရှာသည်။

မိမိဖနီးသည် မီးဖွားနေစဉ် အတောအတွင်း မိမိလွတ်ရက်မစေ့ ရောက်သေးသော်လည်း ထောင်ပိုင်ကျန်ရက်တောင်းခံပေးပြီး လွတ်မြောက်အောင် စီစဉ်ပေးခဲ့သောကြောင့် ဝမ်းသာကျေးဇူးတင်စွာဖြင့် ယခုလို ထောင်မှူးကြီးနှင့် ထောင်ပိုင်ကြီးကို ဝမ်းသာအားရ ထိုင်ကန်တော့နေရှာခြင်းဖြစ်ပါသည်။

ပြီးမှ ဖခင်ဖြစ်သူနှင့် ကျေးရွာဥက္ကဋ္ဌကြီးတို့နောက်လိုက်ကာ စခန်းထဲမှ ထွက်ခွာသွားခဲ့ခြင်းဖြစ်သည်။

ထောင်မှူးကြီးစိုးဝေမှာလည်း ယခုလို အရေးပေါ်အခက်အခဲဖြစ်နေသော အကျဉ်းသားတစ်ဦးကို အကျဉ်းထောင် လုပ်ထုံးလုပ်နည်းများနှင့်အညီ

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကျခံနေရာမှ လွတ်မြောက်အောင် ဆောင်ကျဉ်းပေးလိုက်နိုင်သဖြင့် ဝမ်းသာရွှင်မြူးနေသည်။

ထို့တူ အကျဉ်းသားစံထူးတစ်ယောက်လည်း မိမိဇနီးသည်အတွက် အရေးပေါ်မီးဖွားနေချိန်ဝယ် ထိုသတင်းကြားပြီး စိတ်တထင့်ထင့်ဖြစ်ကာ ပူပန်စိုးရိမ်နေရမည့်အချိန် စိတ်မိုက်စိတ်ရိုင်းဝင်ကာ ထောင်မှ တရားဝင်လွတ်မြောက်နိုင်ခြင်းကို မစဉ်းစားဘဲ တောင်တောင်အီအီတွေးပြီး စခန်းမှ ထွက်ပြေးသွားလျှင် ပြစ်ဒဏ်ပိုမိုကြီးထွားကာ ထောင်ဒဏ် ထပ်မံတိုးသွားမည့်အရေးမှ သီသီလေးလွတ်သွားသည်။

ယခုတော့ နှစ်ဦးနှစ်ဖက် ကြေကြေလည်လည် အေးအေးဆေးဆေးဖြင့် အကျဉ်းထောင်အလုပ်စခန်းထဲမှ ရဲဘက်အကျဉ်းသား စံထူးတစ်ယောက် ချောချောမောမော လွတ်မြောက်သွားခဲ့သလို ယင်းကိစ္စကို အဆင်ပြေချောမွေ့သွားအောင် စီစဉ်ပေးခဲ့လေသော ထောင်မှူးကြီးစိုးဝေမှာလည်း အကျဉ်းသားတစ်ယောက် အေးအေးချမ်းချမ်း ဘေးမသန်းဘဲ လွတ်မြောက်သွားခဲ့သဖြင့် ပီတိဝေဖြာကာ ကျေနပ်အားရသွားလေသည်။

"ဆရာကြီး . . . ဟောဒီလူတစ်ယောက်က ဆရာကြီးနဲ့ တွေ့ခွင့်တောင်းနေလို့ ခေါ်လာခဲ့တာပါ"

လွတ်လူကိစ္စ ဆောင်ရွက်ပြီးစီးသွားသဖြင့် ရင်ထဲတွင်ပေါ့သွားကာ လုပ်လက်စအလုပ်များကို ဆက်လက်လုပ်ဆောင်နေစဉ် ထောင်မှူးကြီးစိုးဝေစားပွဲရှေ့သို့ ဝန်ထမ်းတစ်ယောက်က လူတစ်ဦးခေါ်လာကာ သတင်းပို့နေသည်။

ထောင်မှူးကြီးစိုးဝေက မော့ကြည့်လိုက်ရာ ချွေးသံရွှဲရွှဲနှင့်လူတစ်ယောက်ကို တွေ့မြင်လိုက်လေသည်။ ၎င်းလူရွယ်၏ပုံသဏ္ဌာန်မှာ ခရီးကြမ်းတစ်ခုကို ဖြတ်ပူမီးတိုက် အပြေးအလွှားလာခဲ့ဟန်တူသည်။

"ကဲ . . . ဆိုစမ်းပါဦး၊ ဘာကိစ္စများ ရှိလို့လဲ"

"ကျွန်တော်က ဒီရဲဘက်စခန်းမှာ ထောင်ကျနေတဲ့ အကျဉ်းသားစံထူးရဲ့ အစ်ကိုပါ။ မနေ့ကတော့ ကျွန်တော့်အဖေနှင့် ကျေးရွာဥက္ကဋ္ဌကြီးတို့ စံထူးအတွက် ခွင့်ရက်လေးများ ရနိုင်မလားဆိုပြီး တောင်းပန်ပြောဆိုဖို့ ဒီစခန်းကို ထွက်သွားကြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကွ ... သူ့ကို ခွင့်မပေးတော့ဘဲ တစ်ခါတည်း စခန်းကနေ လွှတ်မြောက်အောင် စီစဉ်ပေးလိုက်လို့ ခု လွှတ်လိုက်ပြီလေ"

"ဗျာ ... ထောင်က လွှတ်ပေးလိုက်ပြီ ... ဟုတ်လား"

"ဟုတ်တယ် ... သူ့ဇနီးက မီးမဖွားနိုင်လို့ အခက်အခဲဖြစ်နေတယ်ဆိုလို့ ငါတို့ထောင်ကနေ လျှော့ရက်တွေစီစဉ်ပေးလိုက်ပြီး တစ်ခါတည်း လွှတ်ပေးလိုက်ပြီကွ"

"ဟင် ... ဟုတ်လား"

စံထူး၏အစ်ကိုဖြစ်သူမှာ ဝမ်းသာစရာသတင်းစကားကို ကြားပြီး ပျော်ရွှင်သွားရမည့်အစား ငေးတိငေးကြောင် ဖြစ်သွားသဖြင့် ...

"ဘာဖြစ်လို့လဲ ... စံထူးမိန်းမ မီးဖွားသွားပြီလား"

"မပြောချင်တော့ပါဘူး ... ဆရာကြီးရယ်။ စံထူးမိန်းမတစ်ယောက် မီးဖွားဖို့ အခက်အခဲဖြစ်နေစဉ်မှာ ကိုယ်ဝန်အဆိပ်တက်ရောဂါနဲ့ ညကပဲ မီးတွင်းထဲမှာ လူကြီးရော၊ ကလေးပါ ဆုံးသွားပြီခင်ဗျ"

"ဟင် ... ဖြစ်မှဖြစ်ရလေကွာ"


ထောင်မှူးကြီးစိုးဝေ နှုတ်မှညည်းတွားပြောဆိုလိုက်သည်။ အကျဉ်းသားစံထူးတစ်ယောက် လွတ်ရက်မစေ့မီ ထောင်မှလျှော့ရက်ပေး၍ လွတ်မြောက်အောင် ဆောင်ကြဉ်းပေးလိုက်ပါသော်လည်း ကံကြမ္မာက မျက်နှာသာမပေးဘဲ ဇနီးသည်နှင့် သေကွဲကွဲသွားသည့် အဖြစ်သနစ်ကိုသာ ကြုံတွေ့ရင်ဆိုင်ရပေတော့မည်တည်း။

☼ ☼ ☼

**စိုးဝေ**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

“အမှန်တော့ ဒီအမှုကို ကျွန်တော်ကျူးလွန်ခဲ့တာမဟုတ်ဘူး ဆရာ”

“ဟုတ်လား ... ဒါဖြင့် ဘာလို့ မင်း ထောင်ဆယ်နှစ်တောင် ကျလာရတာလဲ”

“သက်သေအထောက်အထားတစ်ခုကြောင့်ပါ ဆရာ”

“ဘယ်လို သက်သေအထောက်အထားလဲ”

“ဟို ... ကျွန်တော့်လက်ဗွေရာကြောင့်ပါ”

“ဟေ ... လက်ဗွေရာ ... ဟုတ်လား။ အဲဒါကို ဘယ်မှာတွေ့တာလဲ။ သက်သေခံဓားပေါ်မှာလား”

“မဟုတ်ဘူးဆရာ၊ အရက်ဖန်ခွက်ပေါ်မှာပါ”

“အရက်ဖန်ခွက်က ဘယ်လို ... ဟာ ... မင်းဖြစ်ရပ်က ရှည်မယ့်ပုံပါ။ ကဲ ... အစကနေသာ ပြန်ပြောစမ်းပါကွာ”

တစ်ခုသော နံနက်ခင်းတွင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် အကျဉ်းထောင်သို့ ရောက်လာသော အကျဉ်းသားလူသစ်များ အား ထောင်ပုံစံ (၂၁)ခေါ် အကျဉ်းသားလူသစ်မှတ်ပုံတင်စာအုပ်ဖြင့် တစ်ဦးချင်း တိုက်ဆိုင်စစ်ဆေးနေစဉ်ဖြစ်၏။

အမှုများမှာ များသောအားဖြင့် ခိုးမှု၊ လုယက်မှု၊ လိမ်လည်မှု၊ ရိုက် နှင့် မူးယစ်ရမ်းကားမှု စသည်တို့သာ ဖြစ်နေတတ်ပေရာ တစ်ခါတစ်ရံမှသာ မုဒိမ်း လူသေမှု၊ လူသတ်မှု စသော အမှုကြီးမျိုးများ ပါလာတတ်သည်။

လူသတ်မှုဆိုရာ၌ အသုဘအိမ်တွင် ဖဲဝိုင်း၌ စကားများ၍ ဓားနှင့်ထိုး ခြင်း၊ အရက်မူးစကားများ၍ တုတ်ဖြင့်ရိုက်ခြင်း စသည့်အမှုမျိုးများသာ ဖြစ်လေ့ ရှိ၏။ ကျွန်ုပ်အဖို့ ဤအမှုမျိုးများကို ကြားရသည်မှာ ဖန်တစ်ရာတေနေ၍ ရိုးအီ ပင် နေလေပြီ။

ဒီကြားထဲ ရံဖန်ရံခါဆိုသလို စိတ်ဝင်စားဖွယ် ထူးခြားဆန်းကြယ်အမှုမျိုး ကြားရတတ်သဖြင့် ထိုအမှုမျိုးများကိုသာ မျှော်လင့်နေမိသည့်အခါများပင် တတ်သည်။

ယနေ့ လူသတ်မှုဖြင့် ထောင်ဒဏ်ဆယ်နှစ်ကျလာသော အကျဉ်းသား ထွန်းဦးဆိုသူအား လူသစ်ကြည့်စဉ် သူ၏အမှုဖြစ်စဉ်ကို ခပ်ဆန်းဆန်းကြားလိုက် ရပြီး ထိုအမှုမှာ ကျွန်ုပ်၏ လုပ်သက်တစ်လျှောက် ဤတိုက်ကြိမ်သာ ကြုံဖူးသော အမှုဆန်းလည်းဖြစ်ကြောင်း တွေ့ရ၏။ ထိုအမှု၏ အစနိဒါန်းသည်ကား ...

☼☼☼

www.burmeseclassic.com

www.burmeseclassic.com

[၂]

❑

ထွန်းဦးဆိုသူမှာ အကျဉ်းထောင်တည်ရှိရာမြို့မှ ငါးမိုင်ခန့်ကွာဝေးသော သပြေသာကျေးရွာကြီးမှဖြစ်၏။ ထိုကျေးရွာတွင် အိမ်ခြေတစ်ရာကျော်ခန့်ရှိသော ကျေးရွာကြီးဖြစ်သည်။ ထိုရွာ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ထန်းတောလုပ်ငန်းဖြစ်၏။ ထန်းတောများ၊ ထန်းတက်သမားများ၊ ထန်းလျက်ဖိုများ၊ ထန်းတောပိုင်ရှင်များနှင့် စည်ကားနေသော ရွာကြီးဖြစ်၏။

ထွန်းဦးမှာ ထိုရွာဇာတိ ထန်းတက်ကျွမ်းကျင်သော လုပ်သားတစ်ဦးဖြစ်၍ ထန်းတောပိုင်ရှင်များ အားထားရသူတစ်ယောက်ဖြစ်၏။

တစ်နေ့နံနက်ပိုင်း ထန်းတက်ပြီး၍ အိမ်ကထန်းလျက်ဖိုတွင် နားနေစဉ် ရပ်ကွက်ကျေးရွာလူကြီးများနှင့် ရဲများ ရောက်ရှိလာကာ ဖမ်းဆီးခြင်းကို ခံလိုက်ရ၏။ သူ၏အိမ်တွင် ပိုက်စိပ်တိုက် ရှာဖွေကြလေသည်။ သို့သော် ထူးထူးခြားခြား မည်သည့်သက်သေခံပစ္စည်းမှ မတွေ့ခဲ့ကြချေ။

ပထမတွင် မည်သည့်အတွက် အဖမ်းခံရသည်ကို မသိခဲ့ရသေး။ ရဲစခန်းရောက်၍ စစ်ဆေးမေးမြန်းခြင်းခံရမှသာ အချင်းဖြစ်ကိစ္စကို သိရှိနားလည်လာရတော့သည်။

www.burmeseclassic.com
သူရိန်စာပေ

www.burmeseclassic.com



ဖြစ်ရပ်မှာ ထိုနေ့နံနက် (၆)နာရီခန့်တွင် ရွာတောင်ပိုင်းမှ ထွန်းဦး၏ ထန်းတောပိုင်ရှင် ဦးညီပုဆိုသူ အသတ်ခံရသည်ဆို၏။ ဦးညီပုမှာ လူပျိုကြီးဖြစ်ပြီး တူဖြစ်သူကို အဖော်ပြု၍ နေသူဖြစ်၏။

အိမ်နီးချင်းတစ်ဦး၏ သတင်းပေးချက်အရ ဦးညီပုအား သူ၏နေအိမ်တွင် ဓားဒဏ်ရာဖြင့် သေဆုံးနေကြောင်း သက်ဆိုင်ရာမှ စစ်ဆေးတွေ့ရှိရ၏။ အိမ်ပတ်ဝန်းကျင်မှ လူများအား ခေါ်ယူစစ်ဆေးခဲ့သော်လည်း အမှုနှင့်ပတ်သက်၍ မည်သူမှ ရေရေလည်လည် မပြောနိုင်ကြချေ။

သို့သော် ဦးညီပုနှင့် မျက်နှာချင်းဆိုင်အိမ်မှ ထန်းတောပိုင်ရှင်တစ်ဦးဖြစ်သူ ဦးစိန်ဟုတ်ထံကမူ ထူးခြားသော သတင်းတစ်ခု ရရှိခဲ့၏။ ယင်းမှ ထိုနေ့နံနက်လင်းအားကြီးအချိန်တွင် ထွန်းဦးအား ဦးညီပုအိမ်ထဲမှ သုတ်သီးသုတ်ပျာ ထွက်သွားသည်ကို လှမ်းမြင်ခဲ့ရသည်ဆို၏။ ထိုထွက်ဆိုချက်အရ ရဲများက ထွန်းဦးအား ဖမ်းဆီးစစ်ဆေးခဲ့ခြင်းဖြစ်၏။

ရဲများက သေသူဦးညီပုအား အိမ်ရှေ့ခန်းတွင် လဲကျသေဆုံးနေသည်ကို တွေ့ရပြီး အနီးရှိ စားပွဲပေါ်တွင် သုံးပုံတစ်ပုံခန့်ကျန်သော တောအရက်ပုလင်းတစ်လုံးနှင့် သောက်လက်စ ဖန်ခွက်နှစ်လုံးတို့ရှိနေသည်။ ဦးညီပု၏ ဝမ်းဗိုက်နှင့် လက်ဝဲဘက်ရင်အုံတို့တွင် ပြင်းထန်သော ဒဏ်ရာတစ်ချက်စီတွေ့ရပြီး ဓားဒဏ်ရာဟု ယူဆရသော်လည်း သက်သေခံဓားကိုကား မတွေ့ရပေ။

ဦးညီပုနှင့်အတူ တူဖြစ်သူမောင်စန်းက ထိုနေ့က သူသည် ဦးလေး၏ စေခိုင်းချက်အရ မြို့ပေါ်သို့ ထန်းရည်ဖိုး အကြွေးသွားတောင်းရင်း ညအိပ်ခဲ့ရ၍ အိမ်တွင် ဦးညီပုတစ်ဦးတည်း ကျန်ခဲ့ကြောင်း၊ ထွန်းဦးသည် ဦးညီပုအပါအဝင် ထန်းတောပိုင်ရှင်တချို့နှင့် တစ်ခါတစ်ရံ အရက်အတူသောက်တတ်သည်ကို တွေ့ဖူးသော်လည်း ထိုနေ့ညက ဦးလေးနှင့်ထွန်းဦးတို့ အရက်အတူသောက်ခဲ့၊ မသောက်ခဲ့ကိုမူ မိမိမသိကြောင်း၊ အိပ်ခန်းထဲက သံသေတ္တာအဖျက်ခံထားရပြီး အတွင်းပစ္စည်းနှင့် ငွေသားအတော်များများ ပျောက်ဆုံးနေကြောင်း ထွက်ဆိုထားသည်။

ရဲတပ်ဖွဲ့က အချင်းဖြစ်အိမ်တွင် တွေ့ရသော အရက်ပုလင်းနှင့် ဖန်ခွက်များကို မှုခင်းတပ်ဖွဲ့သို့ ပေးပို့စစ်ဆေးစေခဲ့ရာ အဆိုပါအရက်ပုလင်းနှင့် ဖန်ခွက်များပေါ်တွင် လက်ဗွေရာများ တွေ့ရသည်ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



သက်သေခံအရက်ပုလင်းပေါ်က လက်ဗွေရာမှာ မည်သူ၏လက်ဗွေရာဟု မသိရသော်လည်း ဖန်ခွက်တစ်လုံးပေါ်တွင် သေသူဦးညီပု၏ လက်ဗွေရာများတွေ့ရပြီး ကျန်ဖန်ခွက်တစ်လုံးပေါ်တွင် တရားခံထွန်းဦး၏ လက်ဗွေရာများတွေ့ရသည်ဆို၏။

ထွန်းဦးက အချင်းမဖြစ်မီညနေက ထန်းတောပိုင်ရှင် ဦးစိန်ဟုတ်နှင့်အတူ ထန်းတောထဲ၌ အရက်သောက်ခဲ့ကြပြီး ထွန်းဦးက ထန်းလျက်ဖိုတွင် ညအိပ်ခဲ့ကြောင်း အစစ်ခံသည်။

သို့သော် အခြားသက်သေများကမူ ထွန်းဦးသည် ငွေကြေးကိစ္စနှင့်ပတ်သက်၍ ဦးညီပုနှင့် စကားများဖူးကြောင်း၊ အရက်မူးလာလျှင် သွေးဆိုးတတ်ကာ ပစ္စည်းနှင့်ငွေများ ခိုးတတ်သောအကျင့်ရှိကြောင်း အစစ်ခံထွက်ဆိုကြ၏။

ထွန်းဦးကမူ ထန်းတောပိုင်ရှင်များမှ ထန်းတက်ခပေးရာ၌ အလွန်လက်ခက်၍ လက်ပေါက်ကပ်တတ်သူများဖြစ်သဖြင့် မိမိနှင့် စကားမများဖူးသောထန်းတောပိုင်ရှင်မရှိကြောင်း၊ ထို့ပြင် ထန်းတောပိုင်ရှင် အချင်းချင်းမှာလည်း တစ်ယောက်နှင့်တစ်ယောက် အပြိုင်အဆိုင်စိတ်ဖြင့် မကြာခဏ စကားများရန်ဖြစ်ဖူးကြသူများသာဖြစ်ကြောင်း၊ မိမိမှာ ဘာသာတရားကိုင်းရှိုင်းပြီး လူကြီးမိဘများကို ရိုသေတတ်သူဖြစ်ပြီး မိမိ၏ထမင်းရှင် ဦးညီပုအား သတ်ရန်မှာ အိပ်မက်ပင် မက်ဖူးသူမဟုတ်ကြောင်း ထွက်ဆို၏။

ယင်းအမှုကို တရားရုံးတင်၍ စစ်ဆေးကြားနာခဲ့ရာတွင် ထွန်းဦးက သူဖြစ်မှုမကျူးလွန်ကြောင်း သက်သေများ၊ အထောက်အထားများဖြင့် တင်ပြခုခံချေပခဲ့သော်လည်း သူ၏တင်ပြချက်များမှာ ဦးစိန်ဟုတ်၏ ထွက်ဆိုချက်နှင့် လက်ဗွေပါရဂူ၏ ထွက်ဆိုချက်များကို ကျော်လွန်ချေဖျက်နိုင်ခြင်း မပြုနိုင်ခဲ့ချေ။ ထို့ကြောင့်လည်း လူသတ်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရကာ အကျဉ်းထောင်သို့ ရောက်ရှိခဲ့ခြင်းဖြစ်၏။

ထွန်းဦး၏ အမှုဖြစ်စဉ်မှာ ဤမျှသာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

ကျွန်ုပ်အနေဖြင့် ထွန်းဦးက ဤအမှုကို သူ မကျူးလွန်ခဲ့ရပါကြောင်း ပြောဆိုချက်အပေါ် အငြင်းမပွားလိုသော်လည်း စိတ်ထဲကမူ တရားရုံး၏ ဆုံးဖြတ်ချက်ကို သဘောတူ ထောက်ခံနေမိသည်။

မျက်မြင်သက်သေမရှိသော အမှုများတွင် တတိယပုဂ္ဂိုလ်ခေါ် လက်ရေးပါရဂူ၊ ခြေရာကောက်ပါရဂူ၊ လက်ဗွေပါရဂူတို့၏ ထင်မြင်ယူဆချက်အပေါ် အခြေပြု၍ တရားခံအား အပြစ်ပေးလေ့ရှိလေသည်။ အထူးသဖြင့် လက်ဗွေရာစစ်ဆေးခြင်းမှာ အလွန်တိကျမှန်ကန်ပြီး လုံးဝ မှားယွင်းခြင်းမရှိနိုင်သော သိပ္ပံပညာဖြစ်ပေရာ ထွန်းဦးအနေဖြင့် မပြေးဟုဆိုသော်လည်း ကန်ရာက အထင်အရှားရှိနေပြီမဟုတ်ပါလား။

ဦးညီပုနှင့် စကားများခဲ့ဖူးသည့်ကိစ္စ၊ အရက်မူးလာလျှင် သွေးဆိုးပြီးခိုးဝှက်တတ်သည့်ကိစ္စနှင့် ဦးစိန်ဟုတ်၏ ထွက်ဆိုချက်များအပေါ် သံသယပွားဖွယ် စောဒကတက်နိုင်မည်ဖြစ်သော်လည်း သက်သေခံဖန်ခွက်ပေါ်တွင် လက်ဗွေရာတွေ့သည့် အချက်တစ်ချက်တည်းနှင့်ပင် ထွန်းဦးက ဦးညီပုအား ဓားဖြင့် ထိုး

www.burmeseclassic.com



သတ်သည်ဟု မျက်မြင်သက်သေမရှိသည့်တိုင် ဤလူသတ်မှု၏ လက်သည်တရားခံမှာ ထွန်းဦးမှအခြား မရှိနိုင်တော့ဟု တရားရုံးတော်က သုံးသပ်ဆုံးဖြတ်ခဲ့ပုံရလေသည်။

တရားခံတို့သည် ရဲ၊ အချုပ်ခန်း၊ ရှေ့နေရှေ့ရပ်နှင့် တရားသူကြီးများကို အမျိုးမျိုး လိမ်လည်လှည့်စား၍ မမှန်မကန်ထွက်ဆိုတတ်ကြပါသော်လည်း မထောင်မှုး၊ ထောင်ပိုင်ရှေ့တွင်ကား မထူးတော့ပြီဖြစ်၍ ဖြစ်ကြောင်းကုန်စင်ဖွင့်ဟဝန်ခံတတ်ကြသည်ဆို၏။

ဤစကား မမှန်ဟုတော့ စောဒကမတက်လိုပါ။ သို့တစေ ကျွန်ုပ်၏အတွေ့အကြုံအရ ဤလောက၌ မယုံကြည်ထိုက်သူများစာရင်းတွင် အကျဉ်းသားများကိုပါ ထည့်သွင်းထားသင့်သည်ဟု ဆိုလိုက်ချင်ပါသည်။ မ,တစ်ထောင်သားတို့၏ စကားဆိုသည်မှာ ယုံကြည်ရန် ရှိနိုင်ပါသေး၏လော။

☼ ☼ ☼

[၃]

❑

"ဆရာ ... မင်္ဂလာသတင်း ပို့စရာရှိတယ်"

တစ်နေ့နံနက်ပိုင်းတွင် ဂိတ်စာရေးဦးခင်မောင် ကျွန်ုပ်ရုံးခန်းထဲ အလောတကြီးဝင်လာကာ အလေးပြုလိုက်သည်။

"ဆို ... ဂိတ်စာရေး၊ ဘာသတင်းလဲ"

"မိန်းမဆောင်က မပိုက်မွေးပြီတဲ့ ဆရာ"

"ဟုတ်လား ... ဘာလေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေးတဲ့ ဆရာ"

"ဟ ... ခင်ဗျားဟာက တကယ့် မင်္ဂလာသတင်းပါလား။ ဟုတ်ပြီ ... ဒါနဲ့ ဒီနေ့ ဘာနေ့လဲ။ အဲ ... အင်္ဂါနေ့ဆိုတော့ ... အင်း ... အဲဒီကလေး နာမည်ကို မောင်စိုးမိုးလို့ မှည့်လိုက်ဗျာ"

"ဟုတ်ကဲ့ ... ကျွန်တော် အခုပဲ သွားပြောလိုက်ပါ့မယ်"

အဲကျဉ်းထောင်သည်ကား အနိဋ္ဌာရုံအရပ်ဖြစ်၏။ ခိုးဆိုးလုယက် လူသတ်၊ မုဒိမ်းကောင်များဖြင့် ပြည့်နှက်နေသော နေရာပေတည်း။ မွေးဖွားခြင်း ဆိုသော ဣဋ္ဌာရုံမင်္ဂလာမျိုး ကြားရ ကြုံရခဲပါဘိခြင်း။

ကျွန်ုပ်၏ လုပ်သက်တစ်လျှောက် ရုံးခန်းထဲတွင် ကြောင်လာမွေးသည့် နိမိတ်ဖြင့် ရာထူး အကြိမ်ကြိမ်တက်ခဲ့ဖူးသည်ဖြစ်ရာ လူမွေးသည်ဆိုသည်ကား ဧကန္တ သဗ္ဗမင်္ဂလာပင် မဟုတ်ပါလား။ သို့ဆိုလျှင် ကံကြမ္မာသည် အကောင်း ဘက်သို့ ရောက်လာတော့မည်ထင့်။

"ဆရာ ... ကလေး ရက်တစ်ရာပြည့်တဲ့နေ့မှာ ကလေးကင်ပွန်းတပ် ချင်လို့တဲ့။ ဟို ... ဆရာပေးတဲ့နာမည် မောင်စိုးမိုးနဲ့ပဲတဲ့"

တစ်နေ့နံနက်ပိုင်း အမျိုးသမီးထောင်ကျဆောင်အတွင်း ဝင်ရောက်စစ် ဆေးစဉ် ထောင်မှူးဒေါ်ကြူကြူက သတင်းပို့သည်။

"ဩော် ... ကလေးတောင် ရက်တစ်ရာပြည့်တော့မှာကိုး။ ဘယ်လို လုပ်ချင်လို့တဲ့လဲ"

"ကလေးရဲ့အဖေနဲ့ သူတို့ရွာဦးကျောင်းက အဘဘုန်းကြီးတစ်ပါးလာမယ်။ ဘုန်းကြီးဆွမ်းကပ်ပြီး ကျွန်မတို့ဝန်ထမ်းတွေနဲ့ အမျိုးသမီးဆောင်က အကျဉ်းသူ တွေကို မုန့်ဟင်းခါးကျွေးချင်လို့တဲ့ ဆရာ"

"အင်း ... ဘုန်းကြီးက အမျိုးသမီးဆောင်ထဲ ဝင်လို့မဖြစ်ဘူး။ ကောင်း တာက ဂါတ်စာရေးနဲ့တိုင်ပင်ပြီး ထောင်မှူးတွေရုံးခန်းမှာ စီစဉ်ပေးလိုက်ပါ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဆရာ"

ကျွန်ုပ်စိတ်ထဲက ပြုံးလိုက်မိသည်။ ကြည့်လေ ... ကာယကံရှင်မိခင် က်ဖြင့် ဘာမှမပြောရသေး သူကပဲ ကြားက ကျေးဇူးတင်နေလိုက်သေးသည်။

တကယ်တော့ ဒီကလေးမွေးလာသည့်အတွက် အားလုံး ပျော်ကြသည်။ ထိုအထဲ အပျော်ဆုံးကား ထောင်မှူးဒေါ်ကြူကြူပင်တည်း။ အဘဘုန်းကြောင့်ဆို

www.burmeseclassic.com

www.burmeseclassic.com



သော် ဒေါ်ကြူကြူမှာ ဤကလေး မမွေးခင်ကမှကပ်ပြီး တစ်ဆင့်ရာထူးစာမေးပွဲ ဖြေဆိုထားသည်ဖြစ်ရာ သူ့မတာဝန်ကျရာအဆောင်တွင် ကလေးမွေးလာခြင်းဖြစ်၍ သူ ရာထူးတက်တော့မည်ဟု အနိုင်အမာ ယုံကြည်နေ၍ဖြစ်၏။

တစ်ခု ထူးခြားသည်မှာ ကျွန်ုပ်ကိုယ်တိုင် နေ့သင့်နံသင့် နာမည်ပေးခဲ့သော မောင်စိုးမိုးကလေးမှာ အခြားကလေးများနှင့် မတူခြင်းပင်ဖြစ်၏။ ကလေး တစ်ယောက်မှာ သာမန်အားဖြင့် မွေးဖွားပြီး တစ်နှစ်ခွဲခန့်အကြာတွင် မပီကလာ ပီကလာနှင့် စကားစတင်ပြောတတ်ကြသည် မဟုတ်လား။

ယခု မောင်စိုးမိုးကား ယင်းသို့မဟုတ်။ တစ်နှစ်ခွဲကြာလည်း တစ်ခွန်းမှ မဟ။ နှစ်နှစ်ပြည့်သည့်နေ့မှာလည်း ဘာမှမပြော။ နှစ်နှစ်ခွဲပြည့်တော့လည်း တုံဏှိဘာဝေ။

အဘဘုန်းကြီးနှင့် ရွာကဆရာကြီးများအစီအစဉ်ဖြင့် ကလေးကို ခမည်း အမျိုးမျိုးပေးကြသည်။ ကလေးအမေကို ဂါထာအမျိုးမျိုး ရွတ်ဖတ်စေသည်။ သို့ သော် ဘာမှထူးခြားမလာ။ ဒုံရင်းဒုံရင်း။ မောင်စိုးမိုးကတော့ ဝစီပိတ်လျက်သား ပင်။

ထို့ကြောင့် မောင်စိုးမိုးအား သိုက်ကလာသလိုလို၊ အစောင့်အရှောက် များက စကားပြောခွင့်မပေးသလိုလို၊ သို့လော . . . သို့လော တွေးထင်လာကြ သည်။

မောင်စိုးမိုး၏ အမူအရာမှာလည်း သူတစ်ယောက်တည်းရှိနေသည့်အခါ ရီဝေသော မျက်လုံးများဖြင့် တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးနေသလို တွေ့ရတတ်၏။

မည်သို့ဆိုစေ မောင်စိုးမိုးမွေးဖွားလာပြီးနောက် အကျဉ်းထောင်လုပ်ငန်း များ အနှောင့်အယှက်ကင်းစွာ ဆောင်ရွက်လာနိုင်ခဲ့၏။ အထက်မှ တာဝန်ရှိသူ များ လာရောက်စစ်ဆေးရာတွင်လည်း ဆူပူငြိုငြင်ခြင်းမရှိ။ ချီးမွမ်းပြောဆိုခြင်းပင် ခံရလေသည်။

ထို့ထက်ပို၍ ထူးခြားသည်မှာ မောင်စိုးမိုး သုံးနှစ်ပြည့်သော မွေးနေ့ပွဲ တွင်ဖြစ်၏။

ထိုနေ့နံနက်က ယခင်နှစ်များအတိုင်း သူ၏အဖေနှင့် အဘဘုန်းကြီးသို့ ရောက်လာကြသည်။ ဘုန်းကြီးဆွမ်းကပ်ပြီးနောက် မောင်စိုးမိုးအတွက် ဘေးဘယာ

www.burmeseclassic.com
သုရိန် စာပေ

www.burmeseclassic.com



ကင်းစေကာ အသက်ရာကျော်ရှည်စေကြောင်း ဆုတောင်းပေးကြသည်။ ပြီးမှ ပရိတ်တရားတော်နာယူကာ ရေစက်ချ အမျှဝေကြသည်။ အဘဘုန်းကြီးနှင့် သူ၏ အဖေတို့ ပြန်သွားပြီးနောက် အရာရှိနှင့် ဝန်ထမ်းများအား ကြာဆံချက်ဖြင့် ဧည့်ခံကျွေးမွေးသည်။

ထိုအချိန်တွင် မောင်စိုးမိုးသည် သူ့အမေနားက ထလာပြီး ကျွန်ုပ်ရှေ့သို့ လာရပ်လိုက်သည်။

"ထောင်ပိုင်ကြီး ...''

"ဟော ...''

ကျွန်ုပ်နှုတ်မှ အာမေဋိတ်သံတစ်လုံး ကျယ်လောင်စွာ ထွက်ကျသွားသလို ရုံးခန်းထဲရှိ ဝန်ထမ်းများလည်း ပါးစပ်ဟောင်းလောင်းဖြင့် တအံ့တသြ လှမ်းကြည့်နေကြ၏။ သုံးနှစ်လုံးလုံး စကားတစ်ခွန်းမှ မဟခဲ့ဖူးသော မောင်စိုးမိုး၏နှုတ်မှ ထောင်ပိုင်ကြီးဟု ပီပီသသ ပထမဆုံးအသံ ထွက်ပေါ်လာ၍ဖြစ်၏။

"ဒီထောင်ထဲမှာ ထွန်းဦးဆိုတဲ့အကျဉ်းသား ရှိတယ်မဟုတ်လား''

မောင်စိုးမိုးက ပီသစွာ မေးသည်။

"ထွန်းဦးဆိုတာ နှစ်ယောက်၊ သုံးယောက်လောက်တွေ့ ရှိတယ်။ ဘယ်ထွန်းဦးကို ပြောတာလဲ''

"ဟို ... ကျုပ်တို့ သပြေသာရွာက လူသတ်မှုနဲ့ ထောင်ကျနေတဲ့ ထွန်းဦးလေ''

"ဪ ... ဒီထွန်းဦးတော့ရှိတယ်၊ ဘာဖြစ်လို့လဲ''

"ကျုပ် သူ့ကို တွေ့ချင်လို့''

မောင်စိုးမိုး၏ 'ကျုပ်'ဆိုသောအသံမှာ ကလေးတစ်ယောက်၏ အသံမျိုးမဟုတ်ဘဲ မာဆတ်ဆတ်နှင့် စီးစီးပိုးပိုး ဖြစ်နေသည်။ သူ၏အမူအရာမှာလည်း အရွယ်နှင့်မလိုက်အောင် ရင့်ကျက်အေးဆေးလှ၏။

ကျွန်ုပ်မှာ ယခုမှ ရုတ်တရက် စကားပြောလာသည့်အပြင် အကျဉ်းသားတစ်ယောက်ကိုပါတွေ့ချင်သည်ဟု မှင်သေသေဖြင့် တောင်းဆိုနေသော မောင်စိုးမိုးအား မယုံနိုင်လောက်အောင် အံ့အားသင့်နေမိသည်။

ဤကလေးသည် ငယ်ငယ်ကတည်းကစ၍ ထူးခြားသောအမူအရာများ ရှိခဲ့ကာ ယခုစပြောသော အသုံးအနှုန်းကလည်း လူကြီးတစ်ယောက်ထင်ရ



www.burmeseclassic.com

www.burmeseclassic.com



လောက်သည်။ ကျွန်ုပ်သည် ဘာမှ ဆက်မမေးတော့ဘဲ ဂါတ်စာရေးအား ထွန်းဦးကို ခေါ်ခိုင်းလိုက်သည်။

ခဏအကြာတွင် ဂါတ်စာရေးနှင့်အတူ ထွန်းဦးရောက်လာသည်။

"ဟေ့ ... ထွန်းဦး"

"ဗျာ ..."

ထွန်းဦးက သူ့နာမည်ကို ခေါ်လိုက်သံကြောင့် အမှတ်တမဲ့ ပြန်ထူးလိုက်မိသော်လည်း အသက်သုံးဆယ်ကျော်နေပြီဖြစ်သော သူ့အား သုံးနှစ်သားအရွယ် ကလေးတစ်ယောက်က 'ဟေ့ ... ထွန်းဦး' ဟု ခေါ်လိုက်သံကြောင့် မိမိနားကိုပင် မယုံကြည်နိုင်သလို ခပ်ကြောင်ကြောင် ပြန်ကြည့်နေမိသည်။

"လာ ... ထွန်းဦး၊ ဒီမှာထိုင်။ မင်း ငါ့ကို မမှတ်မိဘူးလားကွ"

"ဗျာ ... ဘယ်လို ... ဘာကို မှတ်မိ ..."

"အို ... ငါ ညီပုပါကွ"

"ဘာ ... ညီ ... ညီပု ... ဘယ်က ..."

"အာ ... မင်းကလည်း ငါ သပြေသာရွာက ထန်းတောပိုင်ရှင် ဦးညီပုလေကွာ"

"ဗျာ ... ဟို ... အသတ်ခံရတဲ့ ဦးညီပု ..."

"ဟုတ်ပါ့ကွာ ... အစစ်ပေါ့။ ငါ အသတ်ခံရတဲ့ညီပုပါ။ ဒါပေမဲ့ ငါ့ကို သတ်တာ မင်းမဟုတ်ဘူး။ မင်းက မတရားသက်သက် ဓားစာခံဖြစ်ရတာ။ ငါ့ကို သတ်တဲ့ကောင်ကို ငါသိတယ်ကွ"

"ဗျာ ... ဒါ ... ဒါက ဘယ်လိုဖြစ်တာလဲ။ အိပ်မက် မက်နေတာလည်း မဟုတ် ..."

ထွန်းဦးက မောင်စိုးမိုးအား တခြားကမ္ဘာကရောက်လာသော ဂြိုဟ်သားတစ်ဦးပမာ မျက်လုံးဝိုင်းကြီးဖြင့် ခြေဆုံးခေါင်းဆုံး ကြည့်နေမိသည်။ ထွန်းဦးသာမက ရုံးခန်းထဲရှိ ဝန်ထမ်းများပါ စကားပြောရန် မေ့နေကာ မှင်တက်မိသလို ဖြစ်နေကြ၏။

"ထောင်ပိုင်ကြီး ..."

"ဟေ ... ဗျာ ..."

မောင်စိုးမိုးက ခေါ်ပြန်ရာ ကျွန်ုပ် သတိထားထူးလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် သပြေသာရွာက ဦးညီပုပါ။ ကျုပ် မသေခင် ဒီကောင့်ကို ဖြစ်တဲ့နည်းနဲ့ ကလဲ့စားပြန်ချေရပါလို၏လို့ ဆုတောင်းခဲ့လို့ ကျုပ်အမေဗိုက်ထဲ ရောက်ခဲ့တာဗျ။ ကျုပ် အမှန်တရားကို ဖော်ထုတ်ရမယ်။ မတရားခံနေရတဲ့ ထွန်းဦးကို ကယ်ရမယ်။ ဒါကြောင့် တာဝန်ရှိတဲ့ ရဲအရာရှိတစ်ယောက်ယောက်နဲ့ တွေ့နိုင်အောင် ကူညီပါဗျာ"

ကျွန်ုပ်မှာ မောင်စိုးမိုး၏ ပြောဟန်ဆိုဟန်၊ အသံနေအသံထားများမှာ လူကြီးတစ်ယောက်လို ဖြစ်နေလေရာ ပထမတွင် မည်သို့မှ နားမလည်နိုင်ဘဲ စဉ်းစားရခက်နေသည်။ နောက်မှ ကျွန်ုပ်ကြားဖူးနားဝရှိသည့် လူဝင်စားဆိုသူများကို သတိရလာမိ၏။

လူဝင်စားနှင့်ပတ်သက်၍ ကိုယ်တွေ့မကြုံခဲ့ဖူးသော်လည်း ဘုရားရှင်ကိုယ်တော်တိုင်က အဝိဇ္ဇာ၊ တဏှာမကင်းသေးသရွေ့ ဥပါဒါန်အစွဲအလမ်းများကြောင့် ဘဝအိုးအိမ် အကြိမ်ကြိမ်ဖြစ်ရသည်ဟု ဟောကြားထားခဲ့သည်ကိုတော့ ဖတ်ဖူး မှတ်ဖူးပါသည်။ ရှေးအတိတ်ကံကြောင့် လူ့ဘဝကို ရရှိလာမှုကလည်း ဆန်းကြယ်လှသည်မဟုတ်ပါလား။

အနောက်ဥရောပနှင့် အာရှတစ်လွှား၌ လူဝင်စားများ မကြာခဏပေါ်လာတတ်သည်ကို အထောက်အထား အခိုင်အမာဖြင့် ဖော်ထုတ်ပြသော်လည်း သူတို့နိုင်ငံသားများတွင် လူဝင်စားကို ယုံကြည်သူမှာ နှစ်ဆယ့်ငါးရာခိုင်နှုန်းခန့်သာ ရှိသည်ဆို၏။ သို့သော် မြန်လူမျိုးများကမူ လူဝင်စားကို ရှစ်ဆယ်ရာခိုင်နှုန်းခန့် ယုံကြည်မှုရှိသည်ဟု သုတေသီများက မှတ်တမ်းပြုထားခဲ့ကြ၏။

ယခု မောင်စိုးမိုးအနေအထားအရ လူဝင်စားဖြစ်နိုင်ဖွယ် တွေ့ရ၏။ ထောင်ထဲတွင် မွေးဖွားခဲ့သော ကလေးက ထွန်းဦး၊ ဦးညီပု၊ ထန်းတောပိုင်ရှင်၊ သပြေသာရွာ စသော စကားလုံးများကို မည်သို့ပြောနိုင်ပါမည်နည်း။ လူသတ်မှုဖြစ်ပုံ၊ ထွန်းဦး မတရားခံရပုံတို့ကိုလည်း သေချာပေါက် ပြောနေပြန်သည်။ ထိုအထဲမှ အရေးအကြီးဆုံးမှာ လူသတ်မှုတရားခံကို သူသိသည်တဲ့။ ထိုအချက်သည် ကျွန်ုပ်အား များစွာ စိတ်ဝင်စားလာစေပါသည်။

ထို့ကြောင့် ကျွန်ုပ်သည် ယင်းကိစ္စကို မြို့နယ်ရဲစခန်းမှူးထံ သို့ရောက်ရှင်းပြမိပါတော့သည်။ စခန်းမှူးက ခေါင်းတညိတ်ညိတ်၊ ကွမ်းတမြုံ့မြုံ့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်စကားဆုံးအောင် စိတ်ရှည်လက်ရှည်တော့ နားထောင်သည်။ ပြီးမှ နှုတ်ခမ်းထောင့်စွန်းတစ်ဖက် ကွေးညွှတ်ပြုံးပြကာ ...

"ဒီလူဝင်စားကိစ္စက ပြောတော့ ပြောကြတာပဲ။ ယုံတဲ့လူလည်း ရှိမှာပေါ့။ ကျွန်တော်တော့ ကိုယ်တွေ့မကြုံဖူးသေးလို့လားတော့ မသိဘူး။ သိပ်မယုံကြည်ချင်ဘူးဆရာ။ ပြီးတော့ ဒီအမှုဖြစ်တာကလည်း သုံးနှစ်တောင် ကျော်နေပြီလေ။ ကျွန်တော်က ဒီစခန်းကိုပြောင်းလာတာ ခြောက်လပဲရှိသေးတယ်။ တရားရုံးတော်က တရားခံကို ပြစ်မှုထင်ရှားလို့ အပြစ်ပေးပြီးပြီမဟုတ်လား။ ကျွန်တော် အဓိကပြောချင်တာက အခုဆရာပြောနေတဲ့ လူဝင်စား[illegible] ဥပဒေအရ တရားဝင်မှာမဟုတ်ဘူးဆိုတော့လေ ..."

ကျွန်ုပ် မချိပြုံးဖြင့် ပြန်ဆုတ်ခဲ့ရသည်။ [illegible]စေ [illegible]တော့ ဘဝင်မကျနိုင်။ ဝေဒနာတစ်ခုနှယ် တစ်ဆို့ဆို့ ခံ[illegible]ရသည်။ [illegible]င့် တစ်နေ့ ခရိုင်အစည်းအဝေးတစ်ခုတွင် ဆုံခိုက် ထိုကိစ္စ[illegible]မှူးအား ရှင်းပြမိသည်။ မြို့နယ်မှူး၏ မျက်လုံးများ အရောင်[illegible]လက် ထွက်လာကာ စိတ်ဝင်စားစွာ နားထောင်သည်။

ပြီးမှ သူက ...

"အင်း ... လူဝင်စား တကယ်ရှိမရှိတော့ ကျွန်တော်ကိုယ်တိုင် မကြုံဖူးလို့မပြောတတ်ဘူး။ ဒါပေမဲ့ ဒီသပြေသာရွာက လူသတ်မှုကိုတော့ ကျွန်တော် ကနေ့ထိ မမေ့နိုင်သေးဘူးဗျ။ ဘာလို့လဲဆိုတော့ ဒီအမှုက ကျွန်တော်ကိုယ်တိုင် စခန်းမှူးဘဝက ကိုင်ခဲ့ရတဲ့ အမှုဖြစ်နေလို့ပဲ။ သက်သေအထောက်အထားတွေ အရသာ ထွန်းဦးကို တရားခံဆိုပြီး တရားရုံးတင်ပို့ခဲ့တာတော့ အမှန်ပဲ။ တရားရုံးဘက်ကကြည့်ရင် ထွန်းဦးရဲ့ လက်ဗွေရာအရ အပြစ်ပေးခဲ့တာဆိုတော့ မှားတယ်လို့ မဆိုနိုင်ဘူးဗျ။ ဒါပေမဲ့ ကျွန်တော်ကတော့ အမှုစစ်အရာရှိတစ်ယောက်အနေနဲ့ ဦးညီပုကို ထွန်းဦးသတ်တယ်ဆိုတာကို သံသယဝင်နေတုန်းပဲ။ ကောင်းပြီလေ ... မနက်ဖြန် ကျွန်တော် ထောင်ကို လာခဲ့လိုက်မယ်"

ကံအားလျော်စွာ မြို့နယ်မှူးသည် တိုက်တိုက်ဆိုင်ဆိုင် စခန်းမှူးဘဝက ထွန်းဦးအမှုကို ကိုင်ခဲ့ရုံသာမက ထွန်းဦးအပြစ်ပေးခံရခြင်းအပေါ် သံသယပွားနေသူဖြစ်နေသည်။ ထွန်းဦးတစ်ယောက် ကံဇာတာ တက်လာခြင်းပေလား။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကိုသတ်တာ စိန်ဟုတ်ဆိုတဲ့ကောင်ပဲ။ အဲဒီနေ့ညက ကျုပ်တို့ မောင်စန်းကို မြို့ပေါ် အကြွေးကိစ္စလွှတ်ထားလို့ အိမ်မှာ ကျုပ်တစ်ယောက်တည်း ရှိနေတယ်။ မနက်အရုဏ်တက်လောက်မှာ အိမ်ရှေ့ကခြေသံကြားလို့ ထကြည့်တော့ စိန်ဟုတ်ဖြစ်နေတယ်။ ကျုပ်လည်း ဘာကိစ္စများလဲဆိုပြီး တံခါးဖွင့်ပေးလိုက်မိတော့ ဒီကောင်က ကျုပ်ပါးစပ်ကို ရုတ်တရက်ပိတ်ပြီး အသင့်ပါလာတဲ့ ဓားနဲ့ ကျုပ်ရဲ့ ဘယ်ဘက်ရင်အုံကို ထိုးစိုက်ချလိုက်တယ်။ ကျုပ် ဒဏ်ရာကြောင့် ကြမ်းပြင်ပေါ် လဲကျသွားတော့ ဓားပြန်နုတ်ပြီး ကျုပ်ဗိုက်ကို ထပ်ထိုးသွင်းလိုက်တယ်ဗျ။ ဒီမှာကြည့်ပါလား ... သူထိုးထားတဲ့ ဓားဒဏ်ရာတွေ"

နောက်တစ်နေ့နံနက်ပိုင်း အကျဉ်းထောင်ဘူးဝရှိ ကွန်နိုပ်၏ ရုံးခန်းတွင် မြို့နယ်မှူးနှင့် အကျဉ်းသားထွန်းဦးတို့အား မောင်စိုးမိုးက ရှင်းပြနေခြင်းဖြစ်၏။ မောင်စိုးမိုးကပြောရင်း သူ့အင်္ကျီကို လှန်ပြရာ ဘယ်ဘက်ရင်အုံနှင့် ဝမ်းဗိုက်တို့တွင် ချွန်ထက်သောအရာများ ထိုးသွင်းခံထားရ၍ ရှုံ့တွတွဖြစ်နေသော ဒဏ်ရာများကို တွေ့ရ၏။

မြို့နယ်မှူးက ခေတ်ပုံရိုက်ချင်သည်ဆို၍ ရိုက်ခွင့်ပြုလိုက်သည်။

"ဆက်ပြောပါဦး"

မြို့နယ်မှူးက ပြောသည်။

"ကျုပ် ဓားဒဏ်ရာနှစ်ချက်ရဲ့ သွေးတွေစို့ရွှဲပြီး ကြမ်းပြင်ပေါ်မှာမလှုပ်နိုင်အောင် ဝေဒနာကို ကြိတ်မှိတ်ခံစားနေရတယ်။ မျက်လုံးတွေ ပြာဝေလာပြီး တစ်ကိုယ်လုံး ဘာအားမှမရှိတော့သလို နွမ်းဖတ်ဖတ်ဖြစ်လာတယ်။ ကျုပ် သေရတော့မယ်လို့လည်း အာရုံမှာ သိလာတယ်။

အဲဒီအချိန်မှာ စိန်ဟုတ်က အိမ်တံခါးရှေ့နားမှာ ဝှက်ထားခဲ့တဲ့ လက်ဆွဲအိတ်တစ်လုံး ယူလာပြီး အရက်တစ်ဝက်လောက်ရှိတဲ့ ပုလင်းတစ်လုံးကိုထုတ်ပြီး စားပွဲပေါ်တင်လိုက်တယ်။ ပြီးမှ လက်ဆွဲအိတ်ထဲက ဖန်ခွက်တစ်လုံးကိုထုတ်ပြီး လက်ကိုင်ပဝါနဲ့ သေသေချာချာသုတ်တယ်။ ပြီးတော့ အဲဒီဖန်ခွက်တစ်လုံးကို ကျုပ်ရဲ့ ညာဘက်လက်ထဲထည့်ပြီး လက်ချောင်းတွေကို ဖန်ခွက်နဲ့ ဖိကပ်လိုက်တယ်ဗျ။

ကြည့်ရတာ ကျုပ်ရဲ့လက်ဗွေရာတွေ ဖန်ခွက်ပေါ်မှာ ထင်ကျန်နေစေခဲ့ချင်လို့ ထင်ပါရဲ့။ ပြီးတော့ ဖန်ခွက်နှုတ်ခမ်းကို လက်ကိုင်ပဝါနဲ့ အသေဖိကိုင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တင်ထားလိုက်တယ်။ ပြီးတော့ တစ်ခါ လက်ဆွဲအိတ်ထဲက ကတ်ထူဘူးတစ်ဘူးထုတ်ပြီး အဲဒီထဲက နောက်ထပ် ဖန်ခွက်တစ်ခွက်ရဲ့ နှုတ်ခမ်းကို လက်ကိုင်ပဝါနဲ့ အသာဖိကိုင်ထုတ်ယူပြီး စားပွဲပေါ်မှာ ဂရုတစိုက်တင်ထားလိုက်တယ်''

''ဩော် ... ဒီလူ ဒီလိုတွေ လုပ်ကြခဲ့တာကိုး''

မြို့နယ်မှူးက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

''ဟုတ်တယ်ဗျ ... အဲဒီအချိန်တုန်းက ကျုပ်တစ်ကိုယ်လုံး လေထဲမြောက်နေသလိုလို၊ ကြမ်းပြင်ပေါ် ပြန်ပြိုဆင်းလာသလိုလိုနဲ့ အသက်ထွက်တော့မလို ခံစားနေရတယ်။ ဒါပေမဲ့ ဒီကောင်စိန်ဟုတ်လုပ်သမျှကိုတော့ အနီးကပ်မို့ပဲလားမသိဘူး ကောင်းကောင်းမြင်နေရတယ်။ ဒီကောင်ကတော့ ကျုပ်သေနေပြီဆိုပြီး အိပ်ခန်းထဲမှာဝင်ပြီး သေတ္တာထဲက ကျုပ်အမြတ်တနိုးသိမ်းထားတဲ့ ကျောက်စိမ်းတုံးရယ်၊ အတွင်းပစ္စည်းတွေရယ်နဲ့ ရှိသမျှ ငွေတွေကို အကုန်ယူပြီး ထွက်ပြေးသွားလေရဲ့''

''ဒါနဲ့ ဓားကကော ဘယ်ရောက်သွားလဲ''

မြို့နယ်မှူးက မေးသည်။

''ဓားကို ခြံအဝင်က ညောင်ပင်ကြီးရဲ့ သစ်ခေါင်းထဲ ပစ်ထည့်သွားတယ်လေ''

''ဩော် ... ဒါနဲ့ စိန်ဟုတ်က ဘာအကြောင်းကြောင့် သတ်ရတာလဲ''

''အဓိက,ကတော့ ကျောက်စိမ်းတုံးကြောင့်ပဲ။ ဒါကို ဒီကောင် သဘောကျလွန်းလို့ ဈေးအမျိုးမျိုးပေးပြီး ခဏခဏလာဝယ်တယ်လေ။ ကျုပ်က သူ့ပေးတဲ့ဈေးနဲ့ လုံးဝ မရောင်းနိုင်ဘူး။ မြို့တက်ရောင်းရင် နှစ်ဆလောက်ရမှာဗျ။ နောက်ဆုံးတော့ ဒါကို လောဘတက်ပြီး ကျုပ်ကို သတ်တာပဲဗျ။ ဒီကောင် လူကောင်းမဟုတ်ဘူး။ တံဆိပ်အတုလုပ်မှု၊ လိမ်လည်မှုတွေနဲ့ ထောင်နှစ်ခါတောင်ကျဖူးတဲ့ကောင်ပါ။ ဆရာတို့ ဒီကောင်ကို ရအောင်ဖမ်းပြီး ကြိုးစင်ပို့ပေးပါ။ ဒါမှမတရားခံနေရတဲ့ ထွန်းဦးလည်း လွတ်မှာ''

''ထွန်းဦးနဲ့ ဦးစိန်ဟုတ်က ဘာရန်ငြိုးရန်စ ရှိဖူးသတဲ့လဲ''

မြို့နယ်မှူးက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်သိသလောက် ထန်းတက်ခက်စွနဲ့ စကားများဖူးတာလောက်ပါ ပဲ။ တခြားရန်ငြိုး မရှိပါဘူး။ ဒါပေမဲ့ စိန်ဟုတ်က လူဆိုးဆိုတော့ အငြိုးအတေး ထားနိုင်တယ်။ အဲဒါကြောင့်လည်း ကျုပ်ကိုသတ်တော့ ထွန်းဦးသတ်ခဲ့တယ်ထင် အောင် သက်သေအတုတွေ ဖန်တီးခဲ့တာနေမှာပေါ့"

မြို့နယ်မှူးက ...

"အခု မောင်စိုးမိုးရှင်းပြတော့ ..."

"အာ ... ကျုပ် ဦးညီပုပါဗျ"

"အဲ ... ဟိုလေ ... မောင်စိုး ... အဲ ... ဦး ... ဦးညီပု ရှင်းပြတဲ့ အတိုင်းဆိုရင် ထွန်းဦး အဲဒီညက ဦးညီပုအိမ် လုံးဝမှ မရောက်ခဲ့တာပဲဟာ"

မြို့နယ်မှူးက ထွန်းဦးအား ...

"ဒါနဲ့ ထွန်းဦး မင်းလက်ဗွေရာတွေ ဘာလို့ ဖန်ခွက်ပေါ်မှာ တွေ့ရတာ လဲ"

ထွန်းဦး တံတွေးတစ်ချက်မျိုချလိုက်ကာ ...

"အဲဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူး။ အဲဒီညက ဦးညီပုအိမ် ကို မရောက်ခဲ့ဘဲ ကျွန်တော် ထန်းတောထဲ ညအိပ်ခဲ့တာဖို့ အဲဒီညမတိုင်ခင် ညနေကတော့ ဦးစိန်ဟုတ်နဲ့ ထန်းတောထဲမှာ အရက်အတူသောက်ခဲ့တာပဲ ရှိ တယ်"

"ဖြောက် ..."

မြို့နယ်မှူးက ဦးညီပုရှင်းပြသော ကတ်ထူဘူးထဲက ဖန်ခွက်အကြောင်း စဉ်းစားမိကာ လက်ဖြောက်တီးလိုက်မိခြင်းဖြစ်၏။ အကြံကြီးသော ဦးစိန်ဟုတ် က ထွန်းဦးလက်ဗွေရာပါသော ဖန်ခွက်ကို အရက်ဝိုင်းမှ လက်ဗွေရာမပျက်အောင် ကတ်ထူဘူးထဲ စနစ်တကျ ထည့်ယူလာပြီး သူ့ထံ သိမ်းထားခဲ့သည်။ နောက် တစ်နေ့မနက် ဦးညီပုကို သတ်ပြီးမှ အချင်းဖြစ်အိမ် စားပွဲပေါ်တွင် အသာတင် ထားခဲ့သည်။ ဒါမှ သက်ဆိုင်ရာက ထွန်းဦး ထိုညက ဦးညီပုနှင့် အရက်သောက် ရင်း သတ်ခဲ့သယောင် ထင်မြင်အောင် ဖန်တီးထားခဲ့ခြင်းဖြစ်မည်။

ဦးစိန်ဟုတ်ဆိုသူကား တံဆိပ်အတုလုပ်ဖူးသူ၊ လိမ်လည်မှုတို့ဖြင့် ထောင်ကျဖူးရှိသာ မဟုတ်သေး၊ အတော့်ကို ဉာဏ်နီဉာဏ်နက်များသူပေ။ ရဲ



www.burmeseclassic.com

www.burmeseclassic.com



နှင့် တရားရုံးတော်ကို မထီလေးစားပြုပြီး တရားဥပဒေကိုပင် လမ်းလွဲအောင် လှည့်စားနိုင်ခဲ့သူပါတကား။

ကျွန်ုပ် မြို့နယ်မှူးကို ကြည့်မိသည်။ သူ့မျက်လုံးများရီဝေလျက် ရုံးခန်း ပြတင်းပေါက်မှ အပြင်သို့ ငေးမျှော်ကြည့်နေသည်ကို သတိထားမိသည်။ သူ့ စိတ်ထဲမှ ထွန်းဦးအမှုကိုင်ခဲ့သည့် အချိန်ကို ပြန်တွေးနေပုံပင်။ တစ်ချိန်တည်း တွင် ဦးစိန်ဟုတ်လို သက်သေခံအတု ဖန်တီးတတ်သော တရားခံနှင့်မှသာ ကြုံ တတ်ပလေတယ်ဟု မချင့်မရဲဖြစ်နေလေသလား။

"ဒါဆို ဆရာ၊ အခု စိန်ဟုတ်ကို ဖမ်းနိုင်ပြီလား"

မောင်စိုးမိုးခေါ် ဦးညီပုက မေးသည်။ မြို့နယ်မှူးက သက်ပြင်းမော တစ်လုံး ရှူထုတ်လိုက်သည်။ ခဏနေမှ ကျွန်ုပ်ဘက်သို့ အားနာဟန်လှည့် သည်။

"ထောင်ပိုင်ကြီးလည်း သိတဲ့အတိုင်းပဲလေ ... တရားဥပဒေဆိုတာ သက်သေအထောက်အထား မခိုင်လုံ မတိကျဘဲ လူတစ်ယောက်ကို အရေးယူဖို့ မလွယ်ဘူးမဟုတ်လား။ အခုအမှုအတွက် အရေးကြီးတဲ့ သက်သေခံဓားက အိမ်ရှေ့က ညောင်ပင်သစ်ခေါင်းထဲ ပစ်ထည့်သွားတယ်လို့ ဦးညီပုပြောတယ်။ အဲဒီဓားကို အခု ရှာလို့ပြန်တွေ့တယ်ပဲ ထားပါဦး အချင်းဖြစ်ခဲ့တဲ့အချိန်က သုံးနှစ် ကောင်ကျော်နေပြီလေ။ ဒီတော့ အဲဒီဓားလည်း မိုးနဲ့လေနဲ့ သံချေးတွေတက်ပြီး သက်သေခံသွေးတွေလည်း ခြောက်ကုန်ပြီ။ လက်ဗွေရာတွေလည်း ပျက်စီးကုန်ပြီ ပေါ့ဗျာ။ ပြီးတော့ ထွန်းဦးရဲ့ သက်သေခံလက်ဗွေပါတဲ့ ဖန်ခွက်ကို ဦးစိန်ဟုတ်က ကတ်ထူဘူးနဲ့ ထည့်ယူလာတယ်ဆိုတာကလည်း ဦးညီပုအပြောပဲရှိတယ်။ သက်သေခံကတ်ထူဘူးလည်း ဘယ်ရှိပါတော့မလဲ။ ဒါကြောင့်မို့ ဒီအမှုကို လောက်နဲ့ ပြန်တင်ပြဖို့ မလွယ်လောက်သေးဘူး။ တရားရုံးတော်ကလည်း ဥပဒေနဲ့ ညီဘူးဆိုပြီး လက်ခံမှာမဟုတ်ဘူး။ ဦးစိန်ဟုတ်ကလည်း သူ့ဖန်ခွက်တွေနဲ့ သက်သေခံအတုတွေ ဖန်တီးခဲ့တဲ့ကိစ္စကို မျက်မြင်သက်သေမရှိတော့ သေချာ ပေါက် ငြင်းမှာပဲ။ ထွန်းဦးအတွက် ကံဆိုးသွားတာက အိပ်ခန်းထဲက သံသေတ္တာ ပေါ်မှာ တရားခံရဲ့လက်ဗွေရာတွေ ထင်မကျန်ရစ်ခဲ့တာပဲ။ တရားခံက အတော် တွေ့အကြုံများပြီး ဒီလိုပြစ်မှုမျိုးတွေ အကြိမ်ကြိမ် ကျူးလွန်ခဲ့ပုံပဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



မြို့နယ်မှူးက ရှည်လျားစွာ ရှင်းပြသည်။ မှန်ပါသည်။ တရားဥပဒေဆို သည်ကလည်း အခက်သား။ တရားခံက သူကိုယ်တိုင် ပြစ်မှုကျူးလွန်ခဲ့ပါသည်ဟု သက်သေခံစားကိုပါ လာအပ်၍ ကိုယ်တိုင် လာအဖမ်းခံသည့်တိုင် ချက်ချင်းအရေး ယူ၍ မရသေး။ သက်သေအထောက်အထား၊ မျက်မြင်သက်သေ၊ ပြစ်မှုကျူးလွန်ရ သည့်အကြောင်းနောက်ခံ စသည့်အချက်အလက်များကို ရှာဖွေဖော်ထုတ်ရဦးမည် မဟုတ်ပါလား။

ထိုအခိုက်အတန့်တွင် ကျွန်ုပ်ထွန်းဦးကို လူသစ်ကြည့်ခဲ့စဉ်က ပြောဖူး သော အချက်တစ်ခုကို အမှတ်မထင် တွေးမိလိုက်ရာ ကျွန်ုပ်၏ဦးနှောက်က လျှပ်စစ်လိုင်းများအတွင်း အာရုံတစ်ခုကြောင့် ဝင်းခနဲ လက်ခနဲ ဖြစ်ပေါ်ခံစား လိုက်ရ၏။

ထို့ကြောင့် ကျွန်ုပ်က မြို့နယ်မှူးအား ...

"ထွန်းဦး ထောင်ရောက်စက ပြောပြဖူးတဲ့ အမှုဖြစ်စဉ်တစ်ခုရှိတယ်ဗျ။ အဲဒါက အချင်းဖြစ်အိမ်စားပွဲပေါ်က သက်သေခံအရက်ပုလင်းပေါ်မှာ လက်ဗွေ ရာတွေ တွေ့ရပေမဲ့ ဘယ်သူ့လက်ဗွေရာမှန်း မသိဘူးလို့ပြောတယ်။ အဲဒါ ဆရာ များ မှတ်မိမလားမသိဘူး"

မြို့နယ်မှူးက ခေါင်းညိတ်ပြသည်။

"ကျွန်တော် ကောင်းကောင်းမှတ်မိတာပေါ့ဗျာ။ အဲဒီတုန်းကတော့ ကျွန်တော်အဲဒီလက်ဗွေရာပိုင်ရှင်ကို ရှာဖွေချင်စိတ်ပေါက်မိသေးတယ်။ ဒါပေ အိမ်ရှေ့အိမ်က ဦးစိန်ဟုတ်က ထွန်းဦးကို နံနက်စောစော ဦးညီပုအိမ်ထဲ သုတ်သီးသုတ်ပြာထွက်သွားတာ မြင်လိုက်တယ်ဆိုတဲ့ ထွက်ဆိုချက်ကရှိနေတော့ ထွန်းဦးရဲ့လက်ဗွေရာတွေ တွေ့မတွေ့က အရေးကြီးနေတယ်လေ။ အဲဒါကြော နှိုင်းယှဉ်စစ်ဆေးနိုင်အောင် ထွန်းဦးရဲ့ လက်ဗွေရာရယ်၊ သက်သေခံဖန်ခွက်ရေ ရယ်၊ သက်သေခံအရက်ပုလင်းတွေကို လက်ဗွေဌာန ပို့ပေးလိုက်ရတာပေ လက်ဗွေဌာနအနေနဲ့ ဖန်ခွက်တစ်လုံးပေါ်မှာ ထွန်းဦးရဲ့ လက်ဗွေရာတွေ့တဲ့အကြော ပြန်ကြားနိုင်ပေမဲ့ နှိုင်းယှဉ်လက်ဗွေရာမပါတဲ့ အရက်ပုလင်းပေါ်က ဟာတွေ တော့ လက်ဗွေဌာနအနေနဲ့ မှတ်ချက် ပြန်မပေးနိုင်ခဲ့ဘူးလေ"

မြို့နယ်မှူးက စဉ်းစဉ်းစားစား ရှင်းပြသည်။

"ဟုတ်ပြီ ... ဆရာ၊ ကျွန်တော်လည်း ဒါကိုပဲ သိချင်နေတာ စောက ဦးညီပုရှင်းပြတဲ့ စကားထဲမှာ ဦးစိန်ဟုတ်က လက်ဆွဲအိတ်ကဲ့ အရ



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းကို ထုတ်ပြီး စားပွဲပေါ်တင်တယ်လို့ပဲ ပါတယ်။ အဲဒီအရက်ပုလင်းကို လက်ကိုင်ပဝါနဲ့ သုတ်တယ်လို့ မပါဘူးနော်"

မြို့နယ်မှူးက ခေါင်းညိတ်ပြသည်။

"မှန်တယ် ... ဒါကြောင့်လည်း အရက်ပုလင်းပေါ်မှာ လက်ဗွေရာ တချို့ ရှိနေတာပေါ့"

"ဟုတ်ပြီ ... ဒါဆို ကျွန်တော် စဉ်းစားမိတာက အဲဒီအရက်ပုလင်း ပေါ်က နှိုင်းယှဉ်လက်ဗွေရာမပါလို့ မစစ်ဆေးနိုင်ခဲ့တာတွေဟာ ဦးစိန်ဟုတ်ရဲ့ လက်ဗွေရာတွေများ ဖြစ်နေမလားလို့ပါ"

"ဖြောက် ..."

မြို့နယ်မှူးထံမှ လက်ဖြောက်သံတစ်ချက် ကြားလိုက်ရပြန်သည်။

"ဟုတ်တယ်ဗျို့ ... မှန်တယ်ဗျာ ... ကျွန်တော် ဒါကို အဲဒီအချိန် ကတည်းက တွေးမိခဲ့ဖို့ ကောင်းတယ်။ အဲဒါကို ဘာကြောင့်များ မစဉ်းစားမိခဲ့ပါ လိမ့်။ သြော် ... ဦးစိန်ဟုတ် ထွက်ချက်အရ ထွန်းဦးကိုပဲ တရားခံလို့ ယူဆတဲ့ ဘက်က အလေးသာနေလို့ ဖြစ်မယ်ဗျ"

"ဟုတ်ကဲ့"

"အခု ထောင်ပိုင်ကြီးတွေးလိုက်ပုံက တကယ့်ကို ကွက်တိလာကျနေ တယ်။ သိပ်ဖြစ်နိုင်တာပေါ့ဗျာ။ ကဲ ... ဒီတော့ ကျွန်တော် မြို့နယ်ရဲစခန်းသွားပြီး လွန်ခဲ့တဲ့ သုံးနှစ်က အမှုတွဲဟောင်းတွေကို ပြန်ရှာကြည့်လိုက်ဦးမယ်။မပျက် **မစီးဘဲ ပြန်တွေ့ပါရစေလို့ပဲ ဆုတောင်းရတာပဲ။ ရှိတော့ရှိမှာပါ။ ကျွန်တော့်** လက်ထက်ကတည်းက စနစ်တကျဖိုင်ထဲ သိမ်းဆည်းထားခဲ့တာပဲ .. ထောင်ပိုင် ကြီး"

"ဟုတ်တယ် ..."

"အရေးကြီးတာက အဲဒီထွန်းဦးအမှုတွဲထဲက လက်ဗွေရာဓာတ်ပုံတွေ ထင်ထင်ရှားရှား ရှိနေဖို့ပဲ။ ဒါဆိုရင် ဦးစိန်ဟုတ်ကို ခေါ်စစ်ပြီး သူ့လက်ဗွေရာ တွေနဲ့ သက်သေအရက်ပုလင်းပေါ်က လက်ဗွေရာဓာတ်ပုံတွေနဲ့ တူ၊ မတူ နှိုင်းယှဉ်စစ်ဆေးပြီး မေးမြန်းကြည့်ရဦးမှာပဲဗျ"

မြို့နယ်မှူးက ပြောရင်း မောင်စိုးမိုးအား ...

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မောင်စိုးမိုး ... အဲလေ .. ဦးညီပု .. ကျွန်တော် ပြန်လိုက် ပါဦးမယ်။ ခုလို အတိတ်ဘဝက မှုခင်းကိစ္စကို ရှင်းပြတာ ကျေးဇူးတင်ပါတယ်။ ထွန်းဦးအတွက်တော့ ကျွန်တော် ကြိုးစားကြည့်လိုက်ဦးမယ်။ ဘုရားတရားနဲ့ ဆရာသမား မိဘတွေကို မမေ့နဲ့။ သဗ္ဗသတ္တာ ဝေနေယျာတွေကို အမြဲမေတ္တာ ပို့ပြီး ဆုတောင်းနေပါ"

"ဟုတ်ကဲ့ ဆရာ"

ထွန်းဦးက လက်အုပ်ချီပြောသည်။

"တရားကို နတ်စောင့်တယ်မဟုတ်လားဗျာ။ နောက်ဆုံးမှာ အမှန်တရား က အောင်မြင်ရစမြဲ မဟုတ်လားဗျာ။ ကျွန်တော်လည်း နေ့တိုင်း ဘုရားမှာ ဆုတောင်းပေးနေမှာပါ"

ဦးညီပုက ပြောသည်။

"ကဲ ... ထောင်ပိုင်ကြီးနဲ့ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်။ ကံကြုံရင် ပြန်ဆုံရသေးတာပေါ့ဗျာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ပါ ဆရာ"

မြို့နယ်မှူး အားလုံးကိုနှုတ်ဆက်၍ ပြန်သွားသည်။ သူ့အနေနှင့် အမှု တွဲဟောင်းကို ပြန်ရှာ၍ ဆောင်ရွက်ပေးမည်ဟု ပြောသွားသော်လည်း ဤကိစ္စ သည် လက်တွေ့၌ လွယ်ပါ့မလားဟု ကျွန်ုပ် သံသယဖြစ်နေမိသည်။

အဓိကမှာ အမှုနှင့်မဆိုင်သော လူဝင်စားကိစ္စ ပါနေ၍ဖြစ်၏။ မြို့နယ် မှူးအနေနှင့် သူ၏လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ခြင်းဖြစ်သည့်တိုင် သူ၏တင်ပြချက် တွင် လူဝင်စားတစ်ဦး၏ ထွက်ဆိုချက်မှာ မလွှဲမသွေ ပါဝင်လာရတော့မည်ဖြစ် ၏။

ထိုအချက်ကို တရားရုံးတော်မှ လက်သင့်ခံပါလေမည်လား။ ဥပဒေနှင့် မညီဟု အကြောင်းပြကာ ပယ်ချနေမည်လား။ ကျွန်ုပ် စိုးရိမ်သည်မှာ ဤကိစ္စ ဖြစ်၏။ သို့သော်လည်း လူတစ်ယောက်၏ ကံကြမ္မာကား ဆန်းကြယ်လှပေစွ။ လုံးဝမဖြစ်နိုင်ဟု ထင်ထားသည့်အချက်များ တစ်ခါတစ်ရံတွင် မမျှော်လင့်ဘဲနှင့် ဖြစ်လာတတ်သည် မဟုတ်ပါလား။

မြို့နယ်မှူးပြန်သွားပြီး မကြာခဏဆိုသလို သတင်းမေးတတ်သူမှာ မောင်စိုးမိုးပင်ဖြစ်၏။ ကျွန်ုပ် အမျိုးသမီးထောင်ကျဆောင်သို့ တာဝန်အရ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားတိုင်း အမှုအခြေအနေကို မေးတတ်သလို တစ်ခါတစ်ရံ၌ ထောင်မှူး ဒေါ်ကြူကြူမှတစ်ဆင့်လည်း သတင်းမေးတတ်သည်။ သို့တစေ (၃)လခန့်ကြာသည်အထိ ဘာသတင်းထူးမှ မကြားရသေး။

သို့သော် မြို့နယ်မှူးပြန်သွားပြီး အချိန် (၄)ကျော်ခန့် အကြာတွင်ကား အကျဉ်းထောင်သို့ မင်္ဂလာသတင်းတစ်ခု ရောက်ရှိလာပါတော့၏။

အခြားတော့မဟုတ်။

လူသတ်မှုနှင့် ပြစ်ဒဏ် (၁၀) နှစ်ကျခံနေရသော အကျဉ်းသားထွန်းဦးအား အခြားအမှုများဖြင့် ချုပ်နှောင်ထားရန် အကြောင်းမရှိပါက အကျဉ်းထောင်မှ ချက်ချင်းလွှတ်ပေးရန် လွှတ်မိန့် ရောက်ရှိလာခြင်းပင်ဖြစ်လေသည်။

ကျွန်ုပ်မှာ လွှတ်မိန့်အရ ထွန်းဦးအား ထိုနေ့တွင်ပင် ထောင်မှလွှတ်ပေးခဲ့ပြီးနောက် မြို့နယ်မှူးအား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

''ကျွန်တော် ထွန်းဦးအမှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာကို တင်ပြပြီး ဦးညီပုခြံထဲက ညောင်ပင် သစ်ခေါင်းထဲမှာ ရဲလုပ်ထုံးလုပ်နည်းနဲ့အညီ ဦးစိန်ဟုတ်ရှေ့မှာပဲ ရှာဖွေခဲ့တာ သက်သေခံဓားကို ရခဲ့ပါတယ်။ ပြီးတော့ နီးရာပါကျောက်စိမ်းတုံးကို ဦးစိန်ဟုတ်ဆီက ဝယ်ယူခဲ့တဲ့ ကျောက်ကုန်သည်တစ်ယောက်ဆီကလည်း ပြန်လည်သိမ်းဆည်း ရမိခဲ့ပြီးပါပြီ။ နောက်ပြီး ဦးစိန်ဟုတ်ရဲ့ နှိုင်းယှဉ်လက်ဗွေရာအရ သက်သေခံအရက်ပုလင်းပေါ်မှာ ဦးစိန်ဟုတ်ရဲ့ လက်ဗွေရာဖြစ်ကြောင်း လက်ဗွေဌာနရဲ့ အကြောင်းကြားစာလည်း ရရှိထားပြီးပါပြီ။ ဒါကြောင့် ဦးစိန်ဟုတ်ကိုယ်တိုင်လည်း တရားရုံးတော်ရှေ့မှောက်မှာ ဝန်ခံဖြောင့်ချက်ပေးထားပြီမို့လို့ မကြာခင် စစ်ဆေးကြားနာပြီး စီရင်ချက်ချတော့မှာပါ။ အဲဒါကြောင့် အထက်တရားရုံးတော်ရဲ့ အမိန့်အရ ထွန်းဦးကို လွှတ်မိန့်ထုတ်ပေးလိုက်တာပါ''

အခုတော့ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ဖြစ်မှန်းမသိဘဲ ထောင်ဒဏ်ကျခံခဲ့ရသော ထွန်းဦးတစ်ယောက် မမျှော်လင့်ဘဲ အနှောင့်အဖွဲ့မှ လွတ်မြောက်သွားခဲ့ပါလေပြီ။

ထွန်းဦးထောင်ကလွတ်သည့်နေ့က မောင်စိုးမိုးခေါ် ဦးညီပုအား ဝမ်းသာအားရ ဖက်ယမ်းနမ်းရှုတ်၍ နှုတ်ဆက်သွားခဲ့လေသည်။ မောင်စိုးမိုးခေါ် ဦးညီပုကလည်း ပျော်ရွှင်ကြည်နူးစွာ မျက်ရည်ဖြိုင်ဖြိုင်ကျလေရဲ့။ ထွန်းဦးအား မှာစရာရှိတာ မှာနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေး ... သွားတော့ ... ထွန်းဦး၊ ငါတို့ သပြေသာရွာမှာ တစ်နေ့ ပြန်ဆုံကြသေးတာပေါ့"

သို့တစေ ...

အလွန်ထူးခြားဆန်းကြယ်၍ မယုံကြည်နိုင်စရာ ဖြစ်ရပ်တစ်ခု ထွန်းဦး ထောင်မှလွတ်ပြီး တစ်လခန့်အကြာမှစ၍ စတင်ဖြစ်ပျက်လာခဲ့ပါတော့သည်။

ယင်းမှာ အခြားမဟုတ်။

မောင်စိုးမိုးခေါ် ဦးညီပုတစ်ယောက် သပြေသာရွာ ထွန်းဦး၊ ဦးစိန်ဟုတ် ဆိုသော နာမည်များကို တစ်နေ့တခြား မေ့တော့တော့ဖြစ်လာကာ မမှတ်မိချင် တော့သလို ဖြစ်လာတော့ခြင်းပင်ဖြစ်သည်။

အဆိုပါနာမည်များကိုသာ မဟုတ်သေး နောက်ဆုံးတွင် ဦးညီပုဆိုသော နာမည်ကိုပါ မမှတ်မိတော့ခြင်းပါပေ။

ထိုမျှသာမကသေး ...

ယခင်အတိတ်ဘဝက ဖြစ်ပျက်ခဲ့သည်များကို ဘာတစ်ခုမှ မမှတ်မိ တော့သော သာမန် (၃)နှစ်သားလေး ပီဘိကလေးငယ် မောင်စိုးမိုးအဖြစ် ပြေး လွှားခုန်ပေါက် ဆော့ကစားနေသည်ကိုသာ တွေ့မြင်ကြရပါတော့သတည်း။

☼ ☼ ☼

ဗဟိုဓော

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

လူတို့၏ ကံကြမ္မာကို လေ့လာဆန်းစစ်လျှင် လွန်စွာ ဆန်းကြယ်ရှုပ်ထွေးပြီး အကွေ့အကောက်၊ အနိမ့်အမြင့်များက မထင်မှတ်ဘဲ ဖြစ်ပွားသွားတတ်သည်။ ဤသည်ကို ကံဟုခေါ်မည်လား မသိပါ။ ကျွန်တော့်အမြင်ကတော့ ကံသည် မိမိဖန်တီးသည့်အလုပ်ဟုသာ ဆိုချင်သည်။ လူတစ်ယောက်၏ ဘဝ ရှေ့ရေးအတွက် ကောင်းမွေ၊ ဆိုးမွေကို မိမိဘာသာ ဖန်တီးခြင်းဖြစ်သည်။ ကံကိုယုံ၍ ဆုံးပုံမနင်းရာဟူသော ရှေးစကားပုံလည်း ရှိသည်။ လူတစ်ယောက်ဖြစ်လာသည်နှင့် ပညာအခြေခံ မရှိင်မာဘဲ ဘဝကံကိုသာ ရိုးမယ်ဖွဲ့၍ ပုံချသူဖြစ်လျှင် ထိုသူဘဝတစ်လျှောက်လုံး ကြီးပွားချမ်းသာလာမည်မဟုတ်သည်က အသေအချာပင်။ ကုဋေ (၈၀) သူဌေးသား မွဲသွားသည့် ရှေးပုံပြင်က အထင်ကရရှိနေသည်။

မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်ပင် ဖြစ်နေပါစေ အခြေခံသော ကိုတော့ တတ်ကျွမ်းရန် လိုပေမည်။ ဘာသာတရားတိုင်းတွင် လူ့ဘဝရစဉ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ကျင့်သုံးလိုက်နာရမည့် အဆုံးအမများရှိသည်။ ကြီးသူကိုရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားဟူသော စကားပုံအတိုင်း စိတ်ကောင်းစေတနာမွေး၍ မေတ္တာပွားတတ်ဖို့တော့ လိုသည်။ အခြေခံစာဖတ်ရမည်။ ပတ်ဝန်းကျင်ကို အမြဲတမ်း စောင့်ကြည့်လေ့လာရမည်။ ကြီးပွားတိုးတက် (ပညာရှိသူ)ကို ဆရာတင်၍ နည်းယူရမည်။ ဆင်းရဲမွဲတေ ဆိုးသွမ်းသူများကိုလည်း လေ့လာရမည်။ ထိုသူများဖြင့် အလိုက်အထိုက် ပေါင်းသင်းတတ်ရမည်။ အဓိကအရေးကြီးသည်က မိမိ၏ ပင်ကိုစိတ်ပင်ဖြစ်သည်။ လူကောင်းနှင့်ပေါင်းသင်း၍ ဖြူစင်နေသော စိတ်ကို လူဆိုးဖြင့် ပေါင်းသင်းမိ၍ အရောင်ဆိုးမခံရပါစေနှင့်။ မည်သည့်ကလေးမဆို ဖြူစင်သည်။ ကြီးလာတော့မှ နေထိုင်မှု ပတ်ဝန်းကျင်၊ မလေ့စရိုက်အတိုင်း ပုံသွင်းခံရခြင်းဖြစ်သည်။

ရဲစခန်းနှင့်ထောင်ဆိုသည်တို့က ဆိုးသွမ်းသူများရောက်ရှိသော နေရာများဖြစ်ကြသည်။ အမှုအခင်းတိုင်ကြားသူ၊ ရဲစခန်းထောက်ခံစာယူသူ၊ ထောင်ဝင်စာတွေ့သူများကို မဆိုလိုပါ။ အမှုအခင်းအမျိုးမျိုးဖြစ်ကြပြီး အပြစ်ဒဏ်ခံရသူများကိုသာ ရည်ညွှန်းပါသည်။

ကျွန်တော် ထောင်အရာရှိပေါက်စ (ထောင်မှူး)ဘဝဖြင့် အင်းစိန်ထောင်ကြီးသို့ ရောက်သည်မှာ (၁၉၇၅) ခုနှစ်ကဖြစ်သည်။ ယခု ကျွန်တော်ဖော်ပြသည့် အကြောင်းအရာများမှာ အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးအတွင်း၌ ကျွန်တော်နှင့် ဆုံတွေ့ခဲ့ရဖူးသော နာမည်ကြီးအကျဉ်းသားများအကြောင်းဖြစ်သည်။ ပထမဆုံး စတင်ဆုံဆည်းခဲ့ရသူက နာမည်ကျော်ရုပ်ရှင်မင်းသား ဇော်ဝမ်းဖြစ်သည်။ သဘာဝမင်းသားဖြစ်ပြီး သဘာဝကျ၍ သရုပ်ဆောင် အလွန်ကောင်းသည်။ သီချင်းဆိုလည်း အလွန်ကောင်းသည်။ ကျောက်ခဲသီချင်းမှာ အလွန်ပေါက်ရောက်သည်။ သူ ဆေးပြင်းလိပ်သောက်ပြတော့ လူငယ်တွေ ဆေးပြင်းလိပ်လိုက်သောက်ကြသည်။ မေဆွိနှင့် နှစ်ယောက်တွဲသီဆိုထားသော 'ဘီးကလေး' သီချင်းက လွန်စွာပေါက်သည်။ ထိုခေတ် ရုပ်ရှင်လောက ,က ဇော်ဝမ်းခေတ်ဖြစ်ချေသည်။

သူနှင့်ကျွန်တော်ဆုံတွေ့တော့ သူ အင်းစိန်ထောင်အနောက်ဘက် တံခါးအနီးရှိ ဆားကိုဒေါင်တွင် ဆားအိတ်များထမ်းနေရှာသည်။ ဆားကြမ်းခဲများအား ထောင်တွင်းဆားကြိတ်ခွဲရေးဂိုဒေါင်က ကြိတ်ခွဲ၊ အိတ်သွင်းပြီး ကုန်သွယ်ရေးဌာန

www.burmeseclassic.com

www.burmeseclassic.com



သို့ ကားကြီးများဖြင့် တင်ပို့ပေးရခြင်းဖြစ်သည်။ သဘာဝမင်းသားဇော်ဝမ်းသည် သရုပ်ဆောင်နေခြင်းမဟုတ်၊ တကယ်လက်တွေ့ ပြစ်မှုကြေးကို ငွေဖြင့် ဆပ်ပြီး အပြစ်ဒဏ်ခံနေရခြင်းသာဖြစ်လေသည်။

သူနေထိုင်ရသည်က အိပ်ဆောင်အမှတ်(၄)အောက် (၁)ခန်းတွင် ဖြစ်သည်။ သူက ဖော်ရွေသည်။ အပေါင်းအသင်းဆန့်သည်။ လူချစ်လူခင်များသည်။ အကျဉ်းသားချင်းသာမက အရာရှိ၊ ဝန်ထမ်းများဖြင့်လည်း အလွမ်းသင့်အောင် ပေါင်းသင်းတတ်သည်။

တစ်နေ့ ကျွန်တော် သူနှင့်ဆုံမိတော့ အလုပ်နားရက်ဖြစ်၍ သူတို့နားနေရင်း စကားပြောနေကြခြင်းဖြစ်သည်။ ကျွန်တော် အခန်းထဲဝင်သွားတော့ ထောင်ပုံစံအတိုင်း မတ်တတ်ရပ်၍ လက်နှစ်ဖက်ကို ရှေ့တွင် ယှက်ထားသည်။ အခန်းလူကြီးက အခန်းတွင်း၌ ထိုင်ခုံမရှိသဖြင့် အဆောင်မှူးရုံးခန်းက ထိုင်ခုံတစ်လုံး ကို သွားပြေးယူပေးသည်။ ကျွန်တော် ရောက်ရှိလာသော ကုလားထိုင်ပေါ်တွင် မထိုင်ပါ။ သူတို့နှင့်အတူ နီးကြမ်းဖျာခင်းထားသော အင်တေအခင်းပေါ်တွင်သာ ထိုင်သဖြင့် သူတို့အားလုံး အံ့သြကုန်ကြသည်။

အခန်းလူကြီးက ...

"ဆရာထောင်မှူး၊ ဒီနေ့ အလုပ်ပိတ်ရက်မို့ ကျွန်တော်တို့ ကော်ဖီဖျော်သောက်ရင်း ဝိုင်းဖွဲ့စကားပြောနေကြတာပါ။ လက်ဖက်သုပ်လည်း အဆင်သင့်ရှိပါတယ်"

"ရေနွေးကြမ်းတစ်ခွက်ပဲ ပေးပါဗျာ။ ကျွန်တော် ကိုဇော်ဝမ်းနဲ့ စကားပြောချင်လို့ပါ။ အတွေ့အကြုံရတာပေါ့။ ဒါနဲ့ ကိုဇော်ဝမ်းက ဘာအမှုနဲ့ထောင်ကျတာလဲ"

"ဘိန်းဖြူမှုပါ ဆရာ၊ ထောင်ဒဏ် (၅)နှစ်ကျပါတယ်"

"အေးဗျာ ... ခင်ဗျား ဆားကိုဒေါင်မှာ ဆားအိတ်တွေထမ်းနေတာ ရတော့ ကျွန်တော် မြင်ပါတယ်"

"ဘိန်းဖြူသုံးရတာ ဘယ်လိုအရသာရှိသလဲဗျ"

"ဟုတ်ကဲ့ ... ဆရာရေ၊ ဘယ်အရသာနဲ့မှ မတူတဲ့ အရသာမျိုးကို ခံစားရတယ်။ သူက အရသာလို့ပြောမယ့်အစား Feeling ဗျ။ အဲဒါသုံးပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ရတာ ပိုအဆင်ပြေတယ်။ သရုပ်ဆောင်တာရော၊ သီချင်းဆိုတာရော Mood ဝင်တယ်။ အဲ ...များရင်တော့ မကောင်းဘူးဗျ။ ဖိမ်ခံမှိန်းနေရင်း စိတ်ကူးထဲမှာ တွေးချင်တာတွေး အကုန်ဖြစ်တယ်။ ကောင်းကင်က တိမ်ပျံစီးပြီး ခရီးသွားနေရသလို အလွန်ညီမ့်တယ်ဆရာ"

"ဘိန်းဖြူရဲ့ ဆိုးကျိုးတွေကိုရော ခင်ဗျားသိရဲ့လား"

"ထောင်ထဲရောက်မှ သိတယ်ဆိုပါတော့ ဆရာရယ်။ ဆရာဝန်တွေက ဆေးစစ်ပြီး အရိုးဆွေးတာ၊ အသည်းခြောက်တာ၊ AIDS ရောဂါတွေ ဖြစ်နိုင်ကြောင်း သိရလို့ အခုတော့ ကြောက်သွားပါပြီ ဆရာရယ်"

"ဒါနဲ့ ကိုဇော်ဝမ်း ကျောက်ခဲဇာတ်ကားမှာ ဆေးပြင်းလိပ်သောက်တာ တကယ်ကြိုက်လို့ သောက်တာလား"

"ဟုတ်ကဲ့ ...ပြောရရင်တော့ အရှည်ကြီးပါပဲ။ မူးယစ်ဆေးအစ ဆေးရွက်ကြီးကလို့ ဆိုရမလိုပါပဲ။ ဆေးရွက်ကြီးမှာပါတဲ့ နီကိုတင်းအဆိပ်ဓာတ်က လူကို စွဲမက်စေတယ် ဆရာ။ စီးကရက်သောက်တာ၊ ကွမ်းစားတာလည်း အတူတူပါပဲ။ ကျွန်တော်ကတော့ အပေါင်းအသင်းစုံလို့ ဆေးခြောက်နဲ့ကြက်သား ချက်စားရာကနေ ဆေးခြောက်စွဲတယ်။ အဲဒီကမှ ဘိန်းဆီ၊ ဘိန်းမဲပေါ့ ဆရာ။ နောက်ပိုင်း ဝင်ငွေကလည်း ကောင်းတော့ ဘိန်းဖြူအဆင့် ရောက်လာတာပါ။ တော်သေးတာက ကျွန်တော် စီးကရက်ထဲထည့်ပြီး ရှူတဲ့အဆင့်ပဲ ရှိသေးတယ်။ အပေါင်းအသင်းတွေကတော့ သွေးကြောထဲ ဆေးထိုးအပ်နဲ့ထိုးတဲ့အဆင့်တောင် ရောက်နေကြပြီ"

"အခုရော ဘယ်လိုနေသေးလဲ"

"ရောက်စကတော့ 'ယင်း'ထပြီး မနေနိုင်၊ မထိုင်နိုင်၊ မအိပ်နိုင်၊ မစားနိုင်ပေါ့ ဆရာရယ်။ အခုတော့ ထောင်ထဲမှာ အလုပ်ကြမ်းလုပ်ရင်း ကိုယ်လက်လှုပ်ရှား ချွေးထွက်တော့ ကျန်းမာရေးကောင်းသွားပါတယ် ဆရာ။ ကျွန်တော် ဆေးလိပ်တောင် ဖြတ်လိုက်နိုင်ပါပြီ"

"အဲဒီကိစ္စက မြန်မာပြည်မှာ ဘယ်သူကစတာလဲ။ ဘိန်းဖြူနံပါတ်ဖိုးကို ပြောတာနော်။ ဘိန်းမည်းကတော့ ရှေးယခင်ကတည်းက ရှိတယ်။ အင်္ဂလိပ်ခေတ်မှာ တရုတ်တွေက လိုင်စင်ခံပြီး ဘိန်းခန်းတွေတောင် ထောင်ခဲ့ကြတယ်လို့ ကျွန်တော် ကြားဖူးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာ။ ဆင်ဦးစီးတွေက ဆင်တွေမှန်ယိုရင်ထိန်းဖို့ ဆင်တွေကို ယဉ်ပါးအောင် ဘိန်းကျွေးရင်း သူတို့ပါ ဘိန်းမည်းမှီဝဲကြတယ်။ ဘိန်းဖြူဆိုတာကတော့ ဘိန်းမည်းကို ပြုပြင်သန့်စင်ချက်လုပ်ပြီး သုံးစွဲဖို့လွယ်အောင်၊ ပိုပြင်းအောင် ပြုပြင်ထားတာပါ။ အဆင့်အမျိုးမျိုးကတည်းက နံပါတ် (၄)က လူကြိုက်များပြီး ဈေးအကြီးဆုံး၊ အကောင်းဆုံးပေါ့ ဆရာရယ်"

"မြန်မာပြည်ထဲကို ဘယ်လို စ,ရောက်လာတာလဲ"

"မိုးပေါ်ကကျလာတာပေါ့ . . . ဆရာရယ်၊ ဥက္ကဋ္ဌကြီးသား ကိုငွေစိုးက လေယာဉ်ပိုင်းလော့ဆိုတော့ သူ စပြီးသယ်လာတာပါပဲ။ သူက ကိုယ်တိုင်လည်း ဖြန့်ဖြူးတယ်၊ သုံးလည်း သုံးဆောင်တယ်"

"ဒါဆို သရုပ်ဆောင်တွေနဲ့ အဆိုတော်တွေ၊ လူကြီးသားသမီးတွေ နိုင်ငံခြားကိုတုပြီး သုံးဆောင်ကြတာများလား"

"အဟုတ်ပေါ့ . . . ဆရာရယ်။ မကြာမီ ဘိန်းဖြူမှုနဲ့ ရောက်လာကြမယ့် သူတွေ အများကြီးပါပဲ"

☼☼☼

[၂]

❑

ကိုဇော်ဝမ်းပြောတာ မှန်သည်။ မကြာမီ ဥက္ကဋ္ဌကြီးကိုယ်တိုင် ဖမ်းထည့်၍ ကိုငွေစိုး ရောက်လာသည်။ လူကြီးသားဆိုတော့ အထူးဆောင်တွင် ထားရသည်။ သူ့မိသားစုနှင့် ထောင်ဝင်စာ တွေ့ပေးတော့လည်း အထူးတွေ့ပေးရသည်။ ထောင်ဘူးဝ သံဆန်ကာကာ ထောင်ဝင်အခန်း၌မဟုတ်ဘဲ ညွှန်မှူးရုံးခန်းဘေးရှိ အစည်းအဝေးခန်းမအတွင်း စီစဉ်ပေးရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ပိုင်ကြီးဦးဘီမဂ္ဂနန်း၏ တာဝန်ပေးမှုအရ တံခါးကြီးထောင်မှူး ဦးဝင်းဆန်းနှင့် အချုပ်ရုံးထောင်မှူး ကျွန်တော်တို့က ၎င်းတို့ထောင်ဝင်စာတွေ့ရန် (၂)ပတ်တစ်ကြိမ် စီစဉ်ပေးရခြင်းဖြစ်ပါသည်။ ကိုငွေစိုးမှာ ရုပ်ဖြောင့်၍ သဘော လည်း ကောင်းသည်။ သူ့ကို လာတွေ့သူများကတော့ ဇနီးဖြစ်သူမစာဥနှင့် တူမ ဖြစ်သူ မစန္ဒာတို့ဖြစ်သည်။ ဦးဝင်းဆန်းနှင့် အလွန်ရင်းနှီးကြသည်။

ကျွန်တော်တို့ ညနေထောင်ပိတ်လျှင် ဦးဝင်းဆန်း (တံခါး)ထောင်မှူးက တစ်နေ့လုံး အကျဉ်းသား၊ အချုပ်သားလူအဝင်အထွက်စာရင်းကို အတည်ပြုပေး ပို့လျှင် ကျွန်တော်တို့ ထောင်ပိတ်အဖွဲ့က အိပ်ဆောင်အသီးသီးမှ အချုပ်၊ ထောင်ကျ ကျားမစာရင်းကို အသေအချာစစ်ဆေးရေတွက်၍ ကိုက်ညီပါမှ ထောင်ပိတ် စာအုပ်ကြီး (Morning Report) အတွင်း ဖြည့်သွင်း၍ သက်ဆိုင်ရာအဆောင်မှူး များကိုယ်တိုင် အတည်ပြုလက်မှတ်ရေးထိုးရပြီး နောက်ဆုံး ထောင်ပိတ်တာဝန်ခံ ထောင်မှူးကြီးက လက်မှတ်ရေးထိုးပြီး တာဝန်ခံထောင်ပိုင်ကြီးကို သတင်းပို့ရ သည်။ ထိုအချိန်တွင် ထောင်ဘူးဝမျှော်စင်ပေါ်မှ တာဝန်ကျအစောင့် စန္ဒရီ 'ဒေါင် ဒေါင် ဒေါင်' ဟူ၍ အချက်ပေးသံချောင်းခေါက်မှ ထောင်ပိတ်၍ ပြီးစီးသည်။

ကျွန်တော်တို့ နေ့အဖွဲ့တာဝန်ပြီးစီးတော့ ညတာဝန်ကျ တာဝန်မှူးနှင့် တာဝန်ကြပ်အဖွဲ့ကို တာဝန်လွှဲပြောင်းပေးအပ်ပြီးခါမှ ကျွန်တော်တို့ ထောင်ပိတ် အဖွဲ့ တစ်ညတာ အနားယူရန် ထောင်ပြင်ထွက်၍ တစ်ညတာ အနားယူခွင့်ရ တော့သည်။ ထိုအချိန်က ည (၇)နာရီကျော်၊ (၈)နာရီခန့်ဖြစ်သည်။ အိမ်ပြန်ရောက် မှ ရေချိုးပြီး ညစာ စားရသည်။ ဤသည်မှာ ထောင်အလုပ်ဖြစ်သည်။

တစ်ခါတစ်ရံ လူပေါင်းမကိုက်ပါက (လူပိုနေလျှင် လူလိုနေလျှင်) အိပ်ဆောင်များကို အဖွဲ့များခွဲ၍ ထပ်တလဲလဲ စစ်ဆေးကြရသည်။ လူပိုနေလျှင် ပြဿနာမရှိ၊ လူရေတွက်ရာတွင် တစ်ဆောင်က လူရေတွက်စဉ် မှားယွင်းခြင်း ဖြစ်နိုင်ပါသည်။ လူလိုနေလျှင်တော့ အလွန်စိုးရိမ်ရသည်။ ထောင်အတွင်းမှ ထွက် ပြေးလွတ်မြောက်ရန် ပုန်းအောင်းနေခြင်းဖြစ်နိုင်သဖြင့် တစ်ထောင်လုံး တောင်ယာ နှင့် အလုပ်ကြီးဝင်းဘက်ပါမကျန် မြေလှန်ရှာရတော့သည်။

တစ်ခါတစ်ရံ ကံဆိုးလျှင် တစ်ညလုံးရှာဖွေရသဖြင့် ညစာထမင်းပင် လွတ်ကြရသည်။ ထိုအတွေ့အကြုံမျိုးကလည်း ထောင်ပိတ်စဉ် မကြာခဏ ကြုံ တွေ့ရတတ်လေ့ရှိသော အလေ့အထဖြစ်သည်။ ထောင်တွင်းရောက်ရှိနေကြ

www.burmeseclassic.com

www.burmeseclassic.com



သည့် အကျဉ်းသား၊ အချုပ်သားများမှာ တရားဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဆင်ကြဲကြဲ၍ လွတ်မြောက်ရန်လမ်းစကို ရှာဖွေနေသူများသာဖြစ်ကြသည်။ အခန်းလူကြီး၊ အခန်းစာရေး၊ တန်းစီး၊ ဗာရာများနှင့် အုပ်ချုပ်သူဝန်ထမ်း အဆင့်ဆင့်က အလွန်သတိထားပြီး စိစစ်ကြပ်မတ်ရသည်မှာ မလွယ်ကူလှပါ။ ဘဏ်များတွင် စာရင်းကိုက်မှ ဘဏ်ပိတ်ခွင့်ရသလိုမျိုး ထောင်များက ပို၍ တာဝန်ကြီးသည်။ ဘဏ်တွင် ငွေလိုလျှင် စိုက်လျှော်၍ရသည်။ ထောင်တွင်းလူလိုပါလျှင် လူစိုက်လျှော်၍ မရနိုင်ပါ။

ထိုကာလက ၁၉၇၅–၇၆ ခုနှစ်။ ကျွန်တော်တို့ ထောင်ပိတ်ပြီး တန်းစီပြီး ထွက်လာကြလျှင် ထောင်ဘူးဝတံခါးကြီးအနီးရှိ ထောင်ပိုင်ကြီးရုံးခန်းအတွင်း၌ တံခါးကြီးထောင်မှူးဦးဝင်းဆန်းတစ်ယောက်၊ ထောင်ပိုင်ကြီးစားပွဲပေါ်က External ဖုန်းတစ်လုံးဖြင့် အလုပ်ရှုပ်နေတတ်သည်။ ထောင်ပိတ်ပြီးချိန်ဖြစ်သောကြောင့် ထောင်ပိုင်ကြီးရုံးခန်းတွင် မည်သူမျှ မရှိတော့။ ထိုအချိန်တွင် ဦးဝင်းဆန်းတစ်ယောက် လွတ်လပ်စွာ ဖုန်းပြော၍ မိုလ်လုပ်နေခြင်းဖြစ်သည်။ အခြားဖုန်းများရှိသော်လည်း Internal သုံး အော်ပရေတာကတစ်ဆင့် ခေါ်ရသော ဖုန်းများဖြစ်ကြပါသည်။

ဦးဝင်းဆန်းဖုန်းပြောလျှင် (၁)နာရီခန့်ကြာတတ်သည်။ ကျွန်တော်ပင် အစက သဘောမပေါက်ပါ။ နောက်မှသိရသည်မှာ ကိုငွေစိုး၏တူမ၊ ဥက္ကဋ္ဌကြီး၏ မြေးဖြစ်သူ မစန္ဒာဖြင့် ဖုန်းပြောကြခြင်းဖြစ်သည်။ ကျွန်တော့်အား ဦးဝင်းဆန်းက ပြန်ပြောပြ၍ နောက်မှသိရခြင်းဖြစ်သည်။

**ထိုစဉ်က ကျွန်တော်တို့မှာ လူပျိုလူလွတ်များဖြစ်ကြ၍ အင်းစိန်ထောင်ကြီးအရှေ့ဘက် (၇)မျှော်စင်အနီးရှိ လူပျိုဘားတိုက်တွင် စုပေါင်းနေထိုင်ကြ**သည်။ ဘားတိုက်အောက်ခန်းက အရေးပေါ်အချုပ်ခန်း၊ အလယ်ထပ်က ကျွန်တော်တို့အဖွဲ့၊ အပေါ်ဆုံးအထပ်က ကင်းမျှော်စင်ဖြစ်သည်။ အလယ်ထပ်တွင် ထောင်မှူးဦးအုန်းငွေ၊ ကျွန်တော်၊ ကိုစောလှိုင်နှင့် အခြားထောင်မှူးများ နေထိုင်ကြရာ ထန်းပင်ကုန်းရပ်ကွက် (၁၀)မိုင်တွင် မိသားစုဖြင့်နေထိုင်သော ကိုဝင်းဆန်းကလည်း ထောင်ပိတ်နောက်ကျလျှင် မပြန်တော့ဘဲ ကျွန်တော်တို့စံပျော်ရာ ဗူးသစ်ဆောင်တွင် ညအိပ်လေ့ရှိပါသည်။

တစ်နေ့ စနေနေ့ည ထောင်ပိတ်ပြီးချိန်တွင် ဦးဝင်းဆန်းက ကျွန်တော့်အား ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုသိန်းဝင်း ... ခင်ဗျား မနက်ဖြန် အားသလား"

"အားပါတယ်။ ဒါပေမဲ့ ကျွန်တော် ကနေ့ည အမေ့အိမ်ပြန်အိပ်မှာ။ သမိုင်းအိမ်မှာပဲ ရှိနေမယ်"

"ခင်ဗျား သမ္မတရုံက အခုအပတ်ရုံတင်တဲ့ Diabolic ကား မကြည့်ချင်ဘူးလား"

"နာမည်ကြီးသူခိုးကြီးကားဗျာ ကြည့်ချင်တာပေါ့။ သောကြာနေ့ကမှ ရုံတင်တာ။ လက်မှတ်က လွယ်မယ်မထင်ပါဘူး"

"လွယ်ပါတယ်ဗျာ ... ကျွန်တော် လုပ်ပေးမယ်။ ခင်ဗျားသာ မနက် (၁၀)နာရီလောက် အသင့်ပြင်ထား။ ကျွန်တော် ဝင်ခေါ်ပါ့မယ်"

☼☼☼

[၃]

❑

**တနင်္ဂနွေနေ့မနက်တွင် ကျွန်တော် အသင့်ပြင်ဆင်ပြီး စောင့်နေစဉ် မနက်** (၉)နာရီကျော်ခန့်၌ ဦးဝင်းဆန်းတို့ ထိုခေတ်ကပေါ်ကာစ COROLL A ကားသစ်ကလေးနှင့် ရောက်လာကြသည်။ အတူပါလာကြသူများကတော့ ဒေါ်စာဥနှင့် မစန္ဒာတို့ဖြစ်ကြသည်။ စပ်ယူနီဖောင်းဝတ် ကားဆရာအနီးတွင် ဒေါ်စာဥက ထိုင်သည်။ နောက်ခုံတွင် ဦးဝင်းဆန်း၊ မစန္ဒာနှင့် ကျွန်တော်တို့(၃)ဦး ထိုင်ကြသည်။ မစန္ဒာက တော်တော်စကားပြောနိုင်သည်။ ဦးဝင်းဆန်းနှင့် ပိုရင်းနှီးသော်လည်း ကျွန်တော့်ကိုလည်း ငယ်ပေါင်းတွေလို ခင်မင်ရင်းနှီးစွာ ဆက်ဆံပါသည်။ ပထမဆုံး မြို့ထဲက ကိုလူချွန်စားသောက်ဆိုင်တွင် ဝင်၍ ထမင်းစားကြသည်။ လိုအပ်သည်များ ဝယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ် (၁၂)နာရီထိုးခါနီးမှ သမ္မတရုပ်ရှင်ရုံသို့ သွားကြသည်။ ရုပ်ရှင်ရုံမန်နေဂျာ ဦးငွေလှိုင်ထံမှ လက်မှတ်ထုတ်သည်။ အသင့်မှာကြားထားပုံရသည်။ အပေါ်ထပ် ရှေ့ဆုံးတန်း (DC) ခုံများတွင် နေရာရသည်။ အလယ်ခုံများတွင် ကျွန်တော်တို့ (၄)ဦး ထိုင်ကြသည်။ ထိုစဉ်က (DC) ခုံတန်းမှာ VIP ၆/–ကျပ်တန်းဖြစ်သည်။ သူခိုးကြီး Diabolic ကားမှာ ရုံတင်ကားသစ်ဖြစ်ပြီး ပထမအပတ်ရုံတင်ခြင်းဖြစ်ရာ အောက်ထပ်နှင့် အပေါ်ထပ်တွင် လူပြည့်နေသော်လည်း ကျွန်တော်တို့ (DC) တန်းတွင် ကျွန်တော်တို့ (၄)ဦးသာရှိသည်။ နောက်မှသိရသည်မှာ ကျွန်တော်တို့ လွတ်လပ်စွာ ကြည့်ရန်အတွက် (DC) တစ်တန်းလုံး ဝယ်ထားခြင်းဖြစ်ကြောင်း သိရပါတော့သည်။ ရုပ်ရှင်ပြီးတော့လည်း သမ္မတဟိုတယ်တွင် လက်ဖက်ရည်သောက်ကြပြန်သည်။

ထိုနေ့မှစ၍ မစန္ဒာက (Toss) ဟူသော အဖွဲ့ကလေးကို ဖွဲ့ပြီး တံဆိပ်ရေးထိုးထားသော (Toss) ဘောပင်အကောင်းစားတစ်ချောင်းစီကို လက်ဆောင်ပေးသည်။ (Toss) ဟူသည်မှာ ထိပ်ဆုံးစာလုံးက ကျွန်တော်သိန်းဝင်း၊ (O) က ဒေါ်ဥမ္မာ၊ (S) နှစ်လုံးကတော့ ဝင်းဆန်းနှင့် စန္ဒာတို့ ဖြစ်ကြသည်။ ဒေါ်ဥမ္မာနှင့် စန္ဒာတို့က ကျွန်တော့်အား ကိုတာဟုခေါ်ပြီး ဦးဝင်းဆန်းကိုတော့ ကိုတူးဟူ၍ နာမည်အတို ပေးထားကြသည်။

ထိုနေ့မှစ၍ ကျွန်တော်တို့အုပ်စု ပိတ်ရက်တိုင်းအပြင်ထွက်၍ လည်ပတ်စားသောက်ကြသည်။ ကျောက်တန်းရေလယ်ဘုရား၊ ပဲခူး၊ မှော်ဘီ၊ တိုက်ကြီး အစုံရောက်သည်။ အလွန်လည်း ရင်းနှီးခင်မင်ကြသည်။ ကျွန်တော် မျက်စိနာတော့ အတော်နှင့်မပျောက်။ သရာဝန်ညွှန်ကြားသော ဆိုဖရာဒက်စ်နှင့် ကော်တီဘုန်းမျက်စဉ်းဆေးက ဝယ်မရ၊ သူတို့က စစ်ဆေးရုံကြီးက ရအောင်ဝယ်ပေး၍ သက်သာပျောက်ကင်းရသဖြင့် ကျေးဇူးတင်ရပါသည်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

မကြာမီ အဆိုတော်စိုင်းထီးဆိုင်လည်း ဘိန်းဖြူမှုဖြင့် ထောင်သို့ရောက်လာသည်။ အနုပညာသမားဖြစ်၍ လူက ခပ်ပျော့ပျော့။ စကားပြော အလွန်ရိုသာနူးညံ့သည်။ ရှမ်းတိုင်းရင်းသားထဲက ထွန်းပေါက်အောင်မြင်လာသူတစ်ဦးလည်း ဖြစ်သည်။ ထိုစဉ်က သူဆိုခဲ့သည့် သီချင်းများအနက် ကျွန်တော်က 'မောင့်လပြည့်ဝန်း' သီချင်းကို အလွန်ကြိုက်သည်။ သူက ဘိန်းဖြူမှုဖြင့် ထောင်ဒဏ် (၅)နှစ်ကျပြီး ထောင်ပိုင်ကြီးက ရိက္ခာဌာနရုံးခန်းတွင် ရဲဘက်စာရေးအဖြစ် အလုပ်ပေးထားသည်။

သူက ဝန်ထမ်းများရှာပေးသော မယ်ဒိုလင်ကလေးဖြင့် သီချင်းဆို အလွန်ကောင်းသည်။ လက်ရေးလက်သား အလွန်ကောင်းပြီး ပန်းချီလည်းဆွဲတတ်သည်။ အထူးသဖြင့် ထောင်တွင်းတွေ့ကြုံရသောပုံများကို တစ်ကြောင်းဆွဲမျဉ်းဖြင့် ကာတွန်းပုံဖော်ရေးသားရာတွင် အလွန်ပြောင်မြောက်သည်။ သဘောကောင်းလွန်း၍ လူတိုင်း ချစ်ကြသည်။ ကော်ကိုင်းမျက်မှန်ကြီးအား တပ်ထား

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရုပ်ကတော့ မချောပါ။ ထောင်တွင်းမရောက်မီ သူအသံသွင်းထားခဲ့သော 'လိမ္မော်ချိန်ရောက်ပြီ' သီချင်းခွေထွက်လာသဖြင့် ထောင်က ရှင်းရသေးသည်။ ထိုအခွေကို ကျွန်တော်တို့အား လက်မှတ်ရေးထိုးပြီး လက်ဆောင်ပေး၍ အမှတ်တရ သိမ်းဆည်းထားရသည်။

သူ့တွင် အနီရောင်ဘောက်စ်ဝက်ဂင် ကားဟောင်းကလေးတစ်စီးရှိသည်။ နာမည်ကျော် အဆိုတော်တစ်ဦးဖြစ်သော်လည်း ကားကောင်းမစီးရခြင်းမှာ အပေါင်းအသင်းများ၍ ကားငှားစီးကြခြင်းကြောင့် ဖြစ်သည်ဟုလည်း ပြောသည်။ ဘိန်းဖြူသမားများ ထောင်ကလွတ်မြောက်ကြပြီး ထပ်မံ၍ ဘိန်းမစွဲကြသူများတွင် ကျွန်တော့်အမြင် စိုင်းထီးဆိုင်နှင့် ဇော်ဝမ်းသာရှိသည်။ ထို့ကြောင့်လည်း သူတို့နှစ်ဦးအပြင်ရောက်ကြတော့လည်း စိုင်းထီးဆိုင်က နာမည်ကြီးအဆိုတော် ဆက်ဖြစ်ပြီး ဇော်ဝမ်းကတော့ မန္တလေးသင်္ကြန်မင်းသားကြီး ဖြစ်သွားသည်။ သို့သော် ဘိန်းဖြူသုံးစွဲခဲ့ဖူးသော ဆိုးကျိုးကြောင့် အရွယ်မလွန်ခင် သေဆုံးခဲ့ရရှာသည်။

နောက် ထောင်တွင်း နာမည်ကြီးတစ်ဦးက ဘိုးတော်တင်ဦးဖြစ်သည်။ ဗိုလ်ကြီးဟောင်းတစ်ဦးဖြစ်ပြီး ဘိုးတော်စစ်ဆင်ရေးတွင် ပါဝင်လာခြင်းဖြစ်သည်။ သူနှင့်အတူ တပည့်ဖြစ်သူ အရပ် ၄ ပေခန့်၊ ကျောတွင် ဘုကြီးဖြင့် ရှင်မိုးထ ဆိုသူတစ်ဦးလည်း ပါလာသည်။ သူတို့အား (၃)ဆောင်အပေါ်(၁)ခန်းတွင် ထားသည်။ အဆောင်မှူးက တပ်မှပြောင်းလာသော ဒုအရာခံဗိုလ် ဦးလှရွှေဖြစ်သည်။ ဗိုလ်ကြီးဟောင်းဖြစ်၍လားမသိ ဦးတင်ဦးအား အဆောင်မှူးက (၃)ဆောင်အပေါ် (၁)ခန်းတွင် အခန်းကန့်၍ ထားပေးသည်။

ထိုတွင် ဘိုးတော်တင်ဦး၏နာမည် တဖြည်းဖြည်းကျော်လာပြီး ဝန်ထမ်းနှင့် အရာရှိများ ဝင်ထွက်ပြီး ဗေဒင်မေးကြတော့သည်။ ထိုသတင်းကြောင့် ထောင်ပိုင်ကြီးဦးဘိမဂ္ဂနန်းက (၃)ဆောင်သို့ မသွားရန် ကျွန်တော်တို့ ထောင်အရာရှိများအား နှုတ်မိန့်ဖြင့် တားမြစ်ထားသည်။ ထောင်တွင်း၌တော့ ဘိုးတော်တင်ဦးနာမည်မှာ ရေပန်းစားလှသည်။ ဗေဒင်မှန်သတဲ့၊ ရက္ခစိုးမှော်အောင်သတဲ့

တစ်နေ့မနက်ခင်း ရုံးပိတ်ရက်ဖြစ်သဖြင့် ကျွန်တော်တို့အဖွဲ့ မိန်း တွင်စု၍ စကားပြောနေကြချိန် ထောင်ပိုင်ကြီးမစ္စတာမဂ္ဂနန်း ရောက်လာသည် ရောက်မဆိုက်ပင် ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုသိန်းဝင်းနဲ့ ကိုဝင်းဆန်းတို့ . . . လာကြဗျာ။ (၃)ဆောင်ကို သွားစစ်ဆေးရအောင်"

အရေးပေါ် အကြောင်းထူးမရှိဘဲ ဘာကြောင့် သွားစစ်ဆေးမည်မသိပါ။ ကျွန်တော်တို့က ဘိုးတော်တင်ဦးနှင့်တွေ့ရန် သွားလိုနေကြ၍ ရေငတ်တုန်း ရေတွင်းထဲကျသလိုပါပင်။ ထို့ကြောင့် . . .

"ဟုတ်ကဲ့ . . . ထောင်ပိုင်ကြီး"

ကျွန်တော်တို့ မိန်းဂျေးကထွက်၍ (၃) ဆောင်သို့ သွားကြသည်။ မိန်းဂျေးဝန်ထမ်းက ကြိုတင်သတင်းပို့ထားသဖြင့် (၃)ဆောင်ဝင်းတံခါးကြီးကို ဖွင့်ပြီး အဆောင်မှူးဦးလှရွှေက အသင့်ကြိုဆိုနေသည်။

"ကြွပါ . . . ထောင်ပိုင်ကြီးခင်ဗျား"

ထောင်ပိုင်ကြီးက ဦးလှရွှေအား ကြိုတင်ပြောထားဟန်ရှိပါသည်။ အိပ်ဆောင်မှူး ဦးလှရွှေက ရှေ့ဆောင်၍ (၃)ဆောင်အပေါ်ထပ်သို့ ခေါ်သွားပါသည်။ အပေါ်ထပ် (၁)ခန်းရှေ့တွင် ခေတ္တရပ်ပြီး ကန့်ထားသောအခန်းထဲသို့ ဝင်လိုက်ရာ အမွေးတိုင်နံ့က ထောင်းခနဲထ၍ ကြိုဆိုနေသည်။ ဘိုးတော်တင်ဦးအခန်းဖြစ်ပေသည်။

ခရစ်ယာန်ဘာသာကိုးကွယ်သော အင်္ဂလိပ်အင်နီးယန်းထောင်ပိုင်ကြီး ဘာစိတ်ကူးပေါက်ပြီး လာသည်မသိပါ။ အခန်းထဲ၌ ရှင်မိုးထိဟူသော အရပ် ၄ ပေခန့်သာရှိသည့် ဝတ်စုံအဖြူကို ဘိုးသူတော်လိုပတ်ထားသူက အမွှေးတိုင်၊ ဖယောင်းတိုင်များထွန်းနေပြီး အဖြူဝတ်စုံဖြင့်ပင် ဘိုးတော်တင်ဦးက တင်ပျဉ်ခွေထိုင်၍ ဂေါ်လီလုံးအရွယ် ကြီးမားလှသော ပုတီးကြီးကို တစ်ဂျောက်ဂျောက်စိပ်နေသည်။ အဆောင်မှူးဦးလှရွှေက ချောင်းဟန့်သံပေးလိုက်သည်။

"အဟမ်း . . ."

ဘိုးတော်ပုတီးကြီးကို ပြီးအောင်စိပ်ပြီးမှ နေရာကထ၍ ထောင်ပိုင်ကြီးကို ကြိုဆိုသည်။

"ကြွပါ . . . ထောင်ပိုင်ကြီး။ ထိုင်ပါခင်ဗျား"

ထိုင်ခုံမရှိပါ။ လျှာထိုးကြမ်းခင်းပေါ်တွင် ထိုင်ရခြင်းဖြစ်သည်။ သို့သော် ကြမ်းခင်းက ပြောင်လက်တောက်ပပြီး သန့်ရှင်းနေပါသည်။ စင်ကလေးပေါ်၌ ဖုန်းငှက်ပျောပွဲ (၃)ပွဲ ထိုးထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ နေရာယူပြီး ထိုင်ပြီးကာမှ ဘိုးတော်က ကျွန်တော်တို့ ရှေ့၌ တင်ပျဉ်ခွေထိုင်သည်။

"ထောင်ပိုင်ကြီး မေးလိုတာရှိရင် မေးလို့ရပါပြီခင်ဗျာ"

ဘိုးတော်တင်ဦးမှာ သူလိုကိုယ်လို ဆံပင်အတိုဖြင့်သာဖြစ်ပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများက အတော်ရှည်လျားနေသည်။ အသားညိုညို၊ အရပ်မနိမ့်မမြင့် ခပ်ဝဝဖြစ်သည်။

ထောင်ပိုင်ကြီးက ဘိုးတော်အား တစ်ချက် အကဲခတ်လိုက်ပြီး ...

"ကျုပ် ယူနီဖောင်းအိပ်နှစ်ဖက်အထဲမှာ ဘာတွေရှိသလဲပြောစမ်းဗျာ"

ဘိုးတော်က ကန်တော့ပွဲများဘက်သို့ လှည့်ပြီး လက်အုပ်ချီ၍ တိုးတိုးကလေး ရွတ်ဖတ်နေသည်။ (၅)မိနစ်ခန့်အကြာ ကျွန်တော်တို့ဘက်သို့ ပြန်လှည့်ပြီး ...

"ထောင်ပိုင်ကြီး ဘယ်ဘက်အိတ်အထဲမှာ 'ယူနီဗာဆယ်' အပ်ချုပ်ဆိုင်မှာ ယူနီဖောင်းအပ်ထားတဲ့ ဘောက်ချာစာရွက်တစ်ခုပဲ ရှိပါတယ်။ ညာဘက်အိတ်ထဲမှာတော့ ငွေ ၈ဝ/– ကျပ် ရှိပါတယ်"

ထောင်ပိုင်ကြီးက အိတ်နှစ်ဖက်ကို ဖွင့်ကြည့်တော့ ဘိုးတော်ပြောသည့်အတိုင်း ကွက်တိဖြစ်သည်။

"ဟုတ်တယ်ဗျာ ... ရာတန်တစ်ရွက်ထည့်ထားတာ မနက်က အငယ်ကောင်မင်းဆွေ မုန့်ဖိုးတောင်းလို့ ၂ဝ/–ကျပ် ပေးလိုက်ရလို့ ဖျက်ပြီးပြန်ပေးထားတာ မှန်ပါတယ်"

"ထောင်ပိုင်ကြီး ဘာမေးဦးမလဲခင်ဗျာ"

"မမေးတော့ပါဘူး။ ဦးဝင်းဆန်းနဲ့ ဦးသိန်းဝင်းတို့ မေးကြပါ"

ထောင်မှူးဦးဝင်းဆန်းကလည်း ကရင်လူမျိုး၊ ခရစ်ယာန်ဘာသာဝင်ဖြစ်သည်။

"ကျွန်တော်ကတော့ မမေးတော့ပါဘူး။ စီးကရက်ကြိုက်တော့ ငါးသုံးလုံး စီးကရက်တစ်ဘူးလောက် လိုချင်တယ်ဗျာ"

"ဟုတ်ကဲ့ပါ ဆရာဝင်းဆန်း၊ ခဏစောင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သို့ လှည့်သွားပြန်သည်။ ဤတစ်ခါလှည့်သည်က ကန်တော့ပွဲများဘက်သို့မဟုတ်။ သံတိုင်ကြီးများ စိုက်ထားသော ပြတင်းပေါက်ဘက်သို့ဖြစ်သည်။ အဆောင်အပြင်ဘက်၌ ကြီးမားသော သရက်ပင်ကြီးတစ်ပင်ရှိသည်။ ဘိုးတော်က လက်အုပ်ချီ၍ တဖွဖွ ရွတ်ဖတ်ပြန်သည်။ ၅ မိနစ်ခန့်ကြာတော့ ကျွန်တော်တို့ဘက်သို့ ပြန်လှည့်၍ ဦးဝင်းဆန်းအား ရွှေရောင်ငါးသုံးလုံး စီးကရက်တစ်ဘူးကို ပေးသည်။ မျက်လှည့်လား၊ လက်လှည့်လားတော့ မသိပါ။

ကျွန်တော့်အလှည့်သို့ ရောက်လာသည်။ ကျွန်တော်က ဘိုးတော်အား မေးရန် မေးခွန်း (၅)ခုရေး၍ စာအိတ်ထဲထည့်ပိတ်ပြီး ယူနီဖောင်းအိတ်၊ ညာဘက်တွင် ထည့်ထားခြင်းဖြစ်သည်။

"ဆရာသိန်းဝင်းက ဘာမေးမှာလဲ။ ရေးလာတယ်မဟုတ်လား"

ဟုဆိုပြီး ကျွန်တော့်အိတ်ကို လက်ဖြင့်ပုတ်သည်။ ပြီးနောက် စာရွက်တစ်ရွက်အား တောင်း၍ ကြမ်းပြင်ပေါ်၌ ဖြန့်ခင်းပြီး တဖွဖွရွတ်ဆိုပြန်၍ လက်ဝါးဖြင့်ရိုက်သည်။ ကျွန်တော့်လက်ရေးမဟုတ်သော်လည်း ဘိုးတော်လက်ရေးဖြင့် မေးခွန်း (၅)ခု အစီအစဉ်အတိုင်း ပေါ်လာသည်။ ၏-သည်ပင် မလွဲပါ။ အဖြေကိုလည်း ပြောသည်။ ကျွန်တော် မကြာမီ နယ်ပြောင်းရမည်။ အိမ်ထောင်ကျမည်။ ထောင်မှူးကြီးဖြစ်ပြီး ရာထူးကနုတ်ထွက်မည်။ အသက် (၅၀)ကျော်မှ စီးပွားရေးကောင်းမည်တဲ့။ ထိုအချိန်က ကျွန်တော့်အသက် (၃၀)ကျော်သာရှိသေးသည်။ စက်ခက်ခဲခဲ ဖြေဆိုရရှိထားသော ထောင်အရာရှိဘဝက နုတ်ထွက်ရန် အိပ်မက်ပင် မမက်ဖူးပါ။ ကွန်တော်တို့ အတွေးကိုယ်စီဖြင့် (၃) ဆောင်မှ ပြန်ခဲ့ကြသည်။

ဘိုးတော်ဟောကြားချက်ကို ကျွန်တော့်စိတ်ထဲ၌ စွဲထင်မထားသော်လည်း ၁၉၇၈ ခုနှစ်တွင် ကျွန်တော် အင်းစိန်ထောင်မှ ရန်ကုန်-မန္တလေး အမြန်လမ်းစီမံကိန်းစခန်းသို့ ပြောင်းရသည်။ ဤသည်ကလည်း အစိုးရဝန်ထမ်းဖြစ်၍ မထူးဆန်းပါ။ ၁၉၈၁ ခုနှစ်တွင် အိမ်ထောင်ကျသည်။ ၁၉၈၅ ခုနှစ်တွင် ထောင်မှူးကြီးရာထူးသို့ တိုးမြှင့်ခန့်ထားခံရသည်။ ၁၉၉၁ ခုနှစ်တွင် မိမိသဘောဖြင့် ရာထူးမှ နုတ်ထွက်ခဲ့သည်။ ဘိုးတော်တင်ဦး ဟောပြောချက်များ မှန်ကန်သည်ဟု ထိုအချိန်အခါမှ သုံးသပ်သိရှိရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တိတ်ခွေအလွတ်ကို ယူသွားပါကလည်း လက်ဖြင့်ပုတ်၍ ဘိုးတော်အသံဖြင့် တရားဟောသံထွက်လာကြောင်းလည်း ကြားသိရသည်။ ယခုအချိန်ထိ ကျွန်တော့်မျက်စိထဲတွင် မြင်ယောင်နေမိသည်ကတော့ ဝတ်စုံအဖြူဝတ်ပြီး လည်ပင်း၌ အစွယ်မျိုးစုံပါသော လည်ဆွဲကို ဆွဲထားသည့် ဘိုးတော်တင်ဦး၏ ရုပ်ပုံလွှာဖြစ်သည်။ မျက်လှည့်၊ လက်လှည့်၊ ဗေဒင်ပညာတတ်ကျွမ်းသူတစ်ဦးဟူ၍တော့ လက်ခံရမည်မှာ အမှန်ပင်ဖြစ်သည်။

☼ ☼ ☼

[၅]

❑

နောက်တစ်ဦးက ဘိုးတော်မြင့်။ ဘိုးတော်စစ်ဆင်ရေးနှင့် ဖမ်းဆီးခံထား ရသူလည်း ဖြစ်သည်။ သူ့ကိုတော့ အင်းစိန်ထောင်မကြီးအရှေ့ရှိ တွဲဘက်ထော တွင် ထားသည်။ အမှတ် (၂) နှစ်ထပ်အိပ်ဆောင်၊ အောက်ထပ်တွင် ခုတင်ဖြ ထားခြင်းဖြစ်သည်။ တွဲဘက်ထောင်အတွင်း၌လည်း လွတ်လပ်စွာ သွားလာ ခွင့် ပြုထားသည်။

တစ်နေ့ နေ့လယ်ခင်း ကျွန်တော်တို့ ထမင်းစားထွက်ချိန်တွင် တ ကြီး ထောင်မှူးဦးဝင်းဆန်းက ...

"ကိုသိန်းဝင်းရေ ... တွဲဘက်ထောင်ဘက် သွားပြီး အပျင်းပြေ မေးရအောင်"

"ဘယ်သူရှိလို့လဲ ... ကိုဝင်းဆန်းရေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘိုးတော်မြင့်တဲ့ဗျ ... ဗေဒင်လက္ခဏာ အတော်မှန်သတဲ့။ ထူးဆန်းတာတွေကိုလည်း လုပ်ပြတတ်သတဲ့"

"ခင်ဗျားကတော့ အတော်စုံတာပဲ။ ခရစ်ယာန်ဘာသာဝင်ဖြစ်ပြီး ဗေဒင်လည်း ယုံတာပဲလား"

"ကျွန်တော် ပြောပြီးပါကော။ အပျင်းပြေ ဗေဒင်မေးရင်း သူ့ပညာတွေကို လေ့လာချင်လို့ပါ"

"ကောင်းပါပြီဗျာ ... ထောင်ဝင်စာစျေးတန်းမှာ တစ်ခုခုစားပြီး သွားကြတာပေါ့။ ထမင်းစားချိန်ရောက်နေပြီ"

သို့နှင့် ကျွန်တော်တို့ နေ့လယ်စာ စားကြပြီးနောက် တွဲဘက်ထောင်ဘက်သို့ ဂါတ်ခန်းက စက်ဘီးငှား၍ ထွက်ခဲ့ကြပါသည်။ တွဲဘက်ထောင်နှင့် ထောင်မကြီးမှူးဝမှာ အတန်ငယ်ဝေးပြီး နွေနေ့လယ်ခင်း နေက အလွန်ပူသည်။

ကျွန်တော်တို့ တွဲဘက်ထောင်တံခါးကြီးတွင် စက်ဘီးများထားခဲ့ကြပြီး ထောင်အတွင်းသို့ ဝင်လာခဲ့သည်။ (၂) ဆောင်အောက်ခန်း အလယ်ခုတင်တစ်လုံးပေါ်တွင် ဘိုးတော်မြင့် တရားထိုင်နေသည်။ ကျွန်တော်တို့ စောင့်နေရစဉ် အဆောင်ဝန်ထမ်းတစ်ဦးက ထိုင်ခုံရှည်တစ်ခုကို ယူလာပေး၍၊ ထိုင်ရသည်။ ဘိုးတော်မြင့်က တရားရှုမှတ်အပြီး ကျွန်တော်တို့ဘက်လှည့်၍ ..

"ဆရာထောင်မှူးတို့ ... ဘာသိချင်ကြပါသလဲ။ ကျွန်တော် တတ်စွမ်းသမျှ ဖြေကြားပါ့မယ်"

ဦးဝင်းဆန်းက ...

"ကျွန်တော်တို့ မကြာခင် ရာထူး တက်၊ မတက် သိချင်တယ်ဗျာ"

"ဆရာတို့မှာ ဖယောင်းတိုင်ပါကြသလား"

"မပါဘူးဗျ ... ထမင်းစားနားချိန် ခဏ ထွက်လာတာပါ"

"ဒါဖြင့်ရင်လည်း ကျွန်တော့်မှာရှိတဲ့ ဖယောင်းတိုင်နဲ့ပဲ စမ်းသပ်ကြည့်ကြတာပေါ့။ ကျွန်တော် ကြိုတင်စီရင်ထားတယ်လို့ ထင်မှာစိုးလို့ပါ"

သူ့ခုတင်ခေါင်းရင်း ခေါင်းအုံးအောက်က ဖယောင်းတိုင် (၃)တိုင်ကို နှိုက်ယူပြီး ဦးဝင်းဆန်းကို ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာက ကရင်လူမျိုးဆိုတော့ ခရစ်ယာန်ဘာသာဝင်နဲ့ တူတယ်။ ဘယ်ဘာသာဝင်ဖြစ်ဖြစ်ပါ ဆရာယုံကြည်ရာ ဘုရားရှင်ကို ဖယောင်းတိုင် (၃)တိုင် လက်အုပ်ထဲထည့်ပြီး ပူဇော်လိုက်ပါ။ မီးထွန်းစရာမလိုဘူး။ ထူးခြားပါလိမ့်မယ်"

ဦးဝင်းဆန်းက သူပြောသည့်အတိုင်း လုပ်သည်။ ထူးခြားတာကတော့ ဝတ်ပြု ဆုတောင်းပြီး လက်အုပ်ကို ဖြန့်ကြည့်လိုက်တော့ ဖယောင်းတိုင် (၃)တိုင်တွင် အင်းကွက်များလို ပေါ်လာသည်။

"ဆရာတို့ မကြာခင် ရာထူးတက်မှာပါ။ ဘုရားစင်ပေါ်မှာ ဒီည မီးထွန်း ပူဇော်ပြီး ဆုတောင်းပါ။ ပြည့်စုံပါလိမ့်မယ်"

"ဟုတ်ကဲ့ဗျာ ... ကျေးဇူးပါပဲ။ ဒါနဲ့ ဘိုးတော်မြင့်မှာ ပြဒါးထုတ်နည်း သိတယ်ဆိုဗျာ။ ကျွန်တော်တို့ကို နည်းပေးလို့ ရမလား"

"ဒါက ကျွန်တော့်စီးပွားရေးလုပ်ငန်းတစ်ခုပါ။ တခြားသူတွေကိုတော့ မပေးပါဘူး။ ဆရာတို့လိုချင်ရင်တော့ ပေးရမှာပေါ့။ ကျွန်တော့်နည်းက ဂန္ဓာရီ ပညာနည်း မဟုတ်ပါဘူး။ ဓာတုဗေဒသိပ္ပံနည်းပါ။ သစ်ပင်ကနေ ပြဒါးဖမ်းတဲ့ ရှေးရိုးရာနည်းလည်း ရှိပါတယ်။ ဆရာတို့လည်း ကြားဖူးကြမှာပါ။ သစ်တောထဲက သစ်ပင်ကြီးတစ်ပင်ပေါ်မှာ အမဲသားကို ပုပ်အောင်ထားပြီး ထည့်ထားတဲ့ မြေအိုးကလေးတွေအဝမှာ ပိတ်စိမ်းပါးစီးပြီး ပြဒါးဖမ်းတဲ့နည်းပါ။ ချိတ်ဆွဲထားတဲ့ မြေအိုးထဲက အမဲသားပုပ်ကို ဝင်စားတဲ့ပြဒါးကို ဖမ်းယူရတာပါ။ အချိန်ကုန် လူပမ်းပြီး အရနည်းပါတယ်။

နောက်ပြီး အဲဒီနည်းက ဆောင်းရာသီနှင်းကျချိန်မှာသာ လုပ်လို့ရပြီး တခြားရာသီတွေမှာ လုပ်လို့မရပါဘူး။ ကျွန်တော့်နည်းကတော့ (၁၂)ရာသီလုံး ပြဒါးဖမ်းလို့ရတဲ့နည်းပါ။ ကျွန်တော်ကတော့ လင့်ရှိဘာကားတစ်စီးနဲ့ တောတောင်အနှံ့ လည်ပတ်ချက်ပြုတ်စားပြီး ပျော်ပွဲစားထွက်သလို လုပ်လို့ရတဲ့နည်းပါ။ အစေးထွက်တဲ့ အပင်မှန်သမျှ ပြဒါးထုတ်လို့ရတယ်။ တောထဲမှာတော့ အစေးထွက်ကောင်းတဲ့ ကညင်ပင်မျိုးပေါ့။ မြို့ထဲ၊ ရပ်ကွက်ထဲမှာတော့ သဘော်ပင်ကလည်း ထုတ်ယူနိုင်ပါတယ်"

"နည်းကလေးများ စွန့်နိုင်ရင် စွန့်စမ်းပါဦးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဆရာ။ ကျွန်တော် အခုပဲ လက်တွေ့ပြပါ့မယ်။ ကျွန်တော့် နည်းက ဓာတုဆေးဝါးစုဆောင်းတာ နည်းနည်းခက်တယ်။ စစ်မှန်ဖို့လည်း လို တယ်။ နောက်ပြီးမှ ဆေးအမည်တွေ ပြောမယ်။ အခုတော့ ဆရာတို့ကို လက်တွေ့ နည်းပြပါမယ်"

ဟုဆိုကာ သူ့ခေါင်းအုံးအောက်မှ စက္ကူထုပ်ကလေးတစ်ထုပ်ကို ယူပြီး ဓားကလေးနှင့် အဝါရောင်ရေထည့်ထားသော ဖန်ပုလင်းတစ်ခုကိုလည်း ယူလာ ခဲ့သည်။

အိပ်ဆောင်၏မြောက်ဘက်၊ လှေခါးထိပ်တွင် သခွာပင်ပျိုကလေး တစ်ပင်မှာ ဝေဆာစွာ သီးပွင့်နေသည်။ သူက သခွာပင်ပျိုကလေးအား ပင်ခြေ မှ အပေါ်သို့ လက်တစ်တောင်နှင့် တစ်ထွာ တိုင်းတာပြီး ရောက်ရှိသည့်နေရာ ပင်စည်ကို ဓားကလေးဖြင့် ပါးဟက်လုပ်ပြီး ထိုကြားထဲသို့ သူယူလာသော စက္ကူ ထုပ်ကလေးများအထဲမှ ဆေးမှုန့်ကလေးများကို ထည့်သွင်းပြီး ဆေးထုပ်စက္ကူစ ဖြင့် ပတ်ပြီး ကြိုးစည်းသည်။ ထို့နောက် သခွာပင်၏ အနောက်ဘက်မှ အမြစ် တစ်ခုကို တူးဆွဖော်ပြီး ဓားကလေးဖြင့် အလယ်ကဖြတ်သည်။ ပြီးနောက် သူ အသင့်ယူဆောင်လာသော ဖန်ပုလင်းထဲသို့ အလယ်ကဖြတ်ထားသော သခွာ မြစ်ကလေးကို ထိုးသွင်း၍ ပုလင်းကို မြေမြှုပ်လိုက်ပါသည်။

"ကဲ ... ဆရာတို့၊ ရေနွေးကြမ်းသောက်ရင်း (၁၅)မိနစ်လောက် စောင့် ကြရအောင်။ ဒီသခွာပင်ကလေးက ကျွန်တော် မကြာခဏစမ်းပြီး ပြဒါးထုတ် ဖူးလို့ သိပ်တော့ရမှာမဟုတ်တော့ဘူး။ သခွာပင်တွေဟာ ပြဒါးဓာတ်နည်းသွား ရင် အသီးပိုသီးတယ်။ အခြားအစေးထွက်များတဲ့ အပင်တွေလည်း ပင်စည်ထဲ က ပြဒါးဓာတ်နည်းသွားရင် ပိုပြီး ကြီးထွားနှုန်းမြန်တယ်။ နှစ်ဖက်အကျိုးရှိတာပေါ့ ဆရာရယ်"

"ကဲ ... ဆရာတို့ ခဏစောင့်ရင်း ရေနွေးကြမ်းသောက်ကြပါ။ လက်ဖက် ခြောက်ခပ်ထားတာ မဟုတ်ဘူး။ သခွာရွက်ခြောက်ပါဆရာ။ ဆေးဖက်ဝင် ပါတယ်"

"ဆရာတို့မှာ မှတ်စရာ မှတ်စုစာအုပ်ပါရင် မှတ်ပါ။ ကျွန်တော် လိုအင် တဲ့ဆေးအမည်တွေ ပြောပြပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ကလည်း ထောင်အရာရှိတစ်ယောက်အနေဖြင့် ထူးခြားဖြစ်စဉ်မှတ်သားရန် အသင့်ဆောင်ထားရသော မှတ်စုစာအုပ်ငယ်ကလေးများနှင့် ဘောပင်ကိုယ်စီကို ထုတ်လိုက်ကြသည်။

အမှတ်စဉ် (၁) ကန့်ဝါ၊ (၂) စိန်ရောင်ကျောက်မီးသွေး၊ (၃) ကျောက်ချဉ်၊ (၄) ဒုတ္တာ၊ (၅) စိန်နဘော်ဆီ (အိန္ဒိယ)၊ (၆) ထုံးမှုန့်၊ (၇) လက်ချား၊ (၈) နနွင်းခါးမှုန့် ဆရာ။ သူက ရှေ့က (၇)မျိုးနဲ့ ရောစပ်ရမှာမဟုတ်ဘဲ ပြဒါးခံတဲ့ ပုလင်းထဲမှာ အရည်ဖျော်ပြီး ထည့်ရမှာ။ သစ်ပင်ကထွက်ကျလာတဲ့ အစေးတွေထဲက ပြဒါးကို သန့်စင်ပေးဖို့ပါပဲ''

ထိုအခါမှ တစ်ချိန်လုံး ငြိမ်၍ နားထောင်နေသော ကျွန်တော်က ...

''ဘိုးတော်ပေးတဲ့ နည်းတွေတော့ ရပါပြီ။ အခုပဲ အမြန် အိမ်ခြံထဲက သဘော်ပင်ကို စမ်းပြီး ကိုယ်တိုင်ထုတ်ချင်လို့ လုပ်ပြီးသားနမူနာကလေးများ (၁)ထုပ်လောက် မပေးနိုင်ဘူးလား''

''ရပါတယ် ဆရာ။ တစ်ထုပ် ကျန်ပါသေးတယ်။ ယခု ကျွန်တော်ပေးခဲ့တဲ့ ဆေးအမည်တွေက တစ်ကျပ်သားစီ ရောပြီး ကြိတ်ရမှာပါဆရာ။ တစ်ခါသုံးရင်လည်း (၂)ကျပ်သားပဲ သုံးရမယ်။ သစ်ပင်ကြီးရင်ကြီးသလို ဆေးအချိုးအစားများရမယ်နော်။ မှတ်ထားပါ ဆရာ''

ကျွန်တော် အထက်က ပြောခဲ့သလို လင်ရှိဗာကားတစ်စီးနဲ့ တောထဲ ကို (၁)ပတ်ထွက်ရင် ပြဒါးပိဿာနဲ့ချီပြီး ရတယ်ဆရာ။ ပြဒါးက (၁)ကျပ်သားကို ၂၀၀/ ကျပ်လောက်ရောင်းရတော့။ ဝင်ငွေ အတော်ရတယ်ဆရာ။ စီးပွားဖြစ်လုပ်စားလို့ရတဲ့နည်းပါ။ ဆရာတို့လည်း နောက်ပိုင်းကျတော့ စခန်းတွေထဲ ထွက်ရမှာဆိုတော့ အံကိုက်ပါပဲ။ ဆရာတို့ လစာထက်သာပြီး လုပ်နိုင်ရင် လုပ်နိုင်သလောက် အကျိုးရှိပါတယ် ဆရာ''

''ကျေးဇူးပါပဲဗျာ။ ကျွန်တော်တို့ အောင်မြင်ရင်လည်း ဘိုးတော်ကို မမေ့ပါဘူး''

''ရပါတယ် ဆရာတို့ရယ်။ အောင်မြင်ပါစေဗျား''

ကျွန်တော်နှင့် ကိုဝင်းဆန်းတို့ စက်ဘီးကိုယ်စီဖြင့် အိမ်ပြန်ခဲ့ကြပြီး ကျွန်တော်တို့နှစ်ဦး ခြံချင်းကပ်လျက် စည်းရိုးထောင့်ရှိ သဘော်ပင်ကြီးအား

www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်နည်းအတိုင်း ဘိုးတော်ပေးလိုက်သော ဆေးထုပ်ကလေးဖြင့် စမ်းသပ် ထုတ်ယူရာ နာရီဝက်ခန့်အတွင်း ပြဒါး (၅)ကျပ်သားခန့်ရ၍ အောင်မြင်သဖြင့် အလွန်ပျော်ရွှင်ဝမ်းမြောက်မိကြသည်။

တစ်လခန့်အကြာတွင် စစ်ဆင်ရေးနှင့် ဖမ်းဆီးထားသော ဘိုးတော်များကို လွတ်ငြိမ်းချမ်းသာခွင့်ပေးသည်။ ထို့ကြောင့် ကျွန်တော်တို့ အလုပ်များသွားသည်။ အားလပ်သောတစ်နေ့တွင်မှ ကျွန်တော်နှင့်ကိုဝင်းဆန်းတို့ ရန်ကုန်မြို့လယ် သိမ်ကြီးဈေးသို့ ထွက်ခဲ့ကြပြီး ဘိုးတော်ပေးထားသော ဆေးအမည်များကို ပရဆေးတန်းတွင်း ဝယ်ယူစုဆောင်းရာ အလွယ်တကူ ဝယ်ယူရရှိပါသည်။


သို့သော် အမှုန့်ကြိတ်၍ ဘိုးတော်နည်းအတိုင်း ထုတ်ကြည့်တော့ ပြဒါးလုံးဝမထွက်ပါ။ ဘိုးတော်မြင့်က ဆရာစားချန်ပြီး ကျွန်တော်တို့အား ပညာပြသွားခြင်းသာ ဖြစ်ပါလိမ့်မည်။

☼ ☼ ☼

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

ကြိုးတိုက်ခန်းလေးထဲဝယ် ထောင်ကျရုံးတာဝန်ခံ ထောင်မှူးလေးနှင့် ကျွန်ုပ် မောင်ကျော့ကတ်တို့နှစ်ဦး ရောက်ရှိနေသည်။ ထောင်မှူးလေးက ညဘက် ပိုင်း တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် ကြိုးတိုက်ခန်းထဲမှ ဆူဆူညံညံ အော် ဟစ်သံများကို ကြားသည့်ကိစ္စဖြင့် ကြိုးသမားအောင်ဇော်ကို မေးမြန်းနေသည်။

"အောင်ဇော် ... မင်း ညက ဘယ်လိုဖြစ်ပြီး ဝူးဝူးဝါးဝါးနှင့် ထအော်နေ ခဲ့တာလဲ"

"ဆရာရယ် ... ညကြီးမိုးချုပ်ချိန် ခုလို ဆောင်းတွင်းကြီးမှာ ခိုက်ခိုက် တုန် ချမ်းနေရတဲ့အထဲ ကြောက်ပြီး ဖောချွေးတွေတောင် ပြန်လာတယ်"

"ဘယ်လိုဖြစ်ရတာလဲ"

ထောင်ကျရုံးထောင်မှူးလေးက ညဘက်တိုက်ခန်းလေးထဲဝယ် အိပ်မပျော် မှ လန့်နိုးသကဲ့သို့ ဝူးဝူးဝါးဝါး ထအော်ပြီး ယောင်နေသောကြိုးသမား အောင်ဇော်

www.burmeseclassic.com

www.burmeseclassic.com



အား ကြိုးတိုက်တန်းစီး တစ်ကျွန်းပြန်ဖိုးမှန်က သတင်းပို့သဖြင့် ကြားသိခဲ့ရခြင်း ဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ကြိုးသမားဖြစ်သူ အောင်ဇော်ခမျာ မိမိ တစ်ကိုယ်လုံး သရဲဝင်ပူးသလိုလို လှုပ်မရ အော်မရဖြစ်နေခဲ့ရာမှ ရုတ်တရက် လန့်အော်စဉ် အသံကကျယ်လောင်စွာ ထွက်ပေါ်လာသည်။

"အောင်မလေးဗျ ... ကြောက်ပါပြီဗျ"

"ဟေ့ ... ဘာဖြစ်တာလဲကွ"

ညဘက် ကြိုးတိုက်တာဝန်ကျ ဝန်ထမ်းမှ ပြေးလာပြီး အခြေအနေကို စုံစမ်းမေးမြန်းနေသည်။ ယင်းမှာ ကြိုးသမားအောင်ဇော်သည် ညဘက် အိပ်ချိန်ပေးပြီး ချိန်လောက်ဝယ် တိုက်ခန်းထဲရှိ ကွပ်ပျစ်ပေါ်မှာ လဲလျောင်းနေရင်း မိမိကျူးလွန်လာခဲ့မိသော ပြစ်မှုကြီးကို အဖန်ဖန်တလဲလဲ ပြန်လည်စဉ်းစားတွေးတောကြည့်နေမိသည်။

တကယ်တော့ လောဘတရားက သူ့စိတ်ကို စိတ်ရိုင်းများဝင်လာစေရန်အတွက် ဖန်တီးလှုံ့ဆော်လာသည်လား၊ မိမိတို့ မှီဝဲသုံးစွဲနေသော ဘိန်းဖြူကြောင့်လားဆိုသည်ကို ဝေခွဲမရနိုင်ဖြစ်နေသည်။ သူနှင့် သူ့အပေါင်းအသင်းတစ်စုမှာ မူးယစ်ဆေးဝါးကို မှီဝဲသုံးစွဲလာခဲ့ကြရာမှ စတင်ကာ ဘိန်းဖြူ၏ သားကောင်များဘဝ ကျရောက်သွားကြသည်။ ဘိန်းဖြူကို သုံးစွဲလာမှုအချိန်ကြာမြင့်လာသည်နှင့်အမျှ မသုံးစွဲရမနေနိုင်အောင် ဘိန်းဖြူအပေါ် သံယောဇဉ်က ငြိတွယ်နေခဲ့ကြသည်။

အမှန်တော့ အစရှိအနှောင်နှောင်ဆိုသလိုပါပဲ သူငယ်ချင်း မန်းနီး (ခေါ်) အေးမောင်၏ စတင်စည်းရုံးသိမ်းသွင်းခဲ့မှုအပေါ်မှာ နားယောင်ကာ မူးယစ်ဆေးဝါးထည့်ထားသော စီးကရက်ကို စမ်းသပ်သုံးစွဲကြည့်ရာမှ တစ်စတစ်စ စွဲလမ်းလာခဲ့ခြင်းဖြစ်သည်။

မည်သို့ပင် စိတ်ကို ချုပ်တည်းထားခဲ့ပေမဲ့ အချိန်ကျလာသောအခါ ဆေးကို မသုံးစွဲရလျှင် မနေနိုင်အောင် ယင်းထသည့်ဝေဒနာကို ခံစားလာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒါဆို မင်းတို့က မူးယစ်ဆေးဝါး သုံးစွဲနေရာကနေ လုယက်၊ လူသတ်မှုနဲ့ သေဒဏ်ကျခံလာခဲ့ကြရတာပေါ့။ နေစမ်းပါဦး ... ထောင်ထဲကို ရောက်နေတဲ့အချိန်မှာရော ဆေးမသုံးရရင် နေနိုင်ပါ့မလားကွ"

"ဟင့်အင်း ... ဆရာ၊ ကျွန်တော်က ဆေးစွဲနေတာကြာလာတော့ ရုတ်တရက် ဆေးအဖြတ်ခံထားရသလိုဖြစ်တော့ စိတ်တွေက ချုပ်ထိန်းမရတော့ဘဲ ယင်းထလာခဲ့တာပေါ့ ဆရာ"

"မင်းတို့ ယင်းထတဲ့အခါ ဘယ်လိုလက္ခဏာတွေ ပြသလဲကွ"

"ဒီလိုပါ ... ကျွန်တော်တို့ ဆေးသမားတွေဟာ သုံးနေကျဆေးပြတ်သွားတဲ့အခါမှာ လူရဲ့ခန္ဓာကိုယ်တစ်ခုလုံး ကိုက်ခဲပြီး နှာရည်တွေယိုကျလာနေတယ်။ နောက် ချွေးသီးချွေးပေါက်တွေ ထွက်လာပြီး ဘိန်းဝမ်းသွားသလို ဖြစ်လာတယ်။ လူက ဆောက်တည်ရာမရဘဲ အငြိမ်မနေနိုင် လှုပ်ရှားလာပြီး ဆေးကို အငမ်းမရ တမ်းတရင်း ဒေါသတွေကြီးထွားလာခဲ့တယ်။ တစ်ခါ စိတ်ဓာတ်တွေကျဆင်းပြီး စိုးရိမ်စိတ် လွှမ်းကဲလာနေတယ်။ နေရင်းထိုင်ရင်းနဲ့ တသမ်းသမ်းတဝေဝေဖြစ်ပြီး မျက်ရည်ပူတွေ ကျလာနေတယ်။ ညအိပ်တဲ့အခါ အိပ်မပျော်နိုင်ဘဲ ဗိုက်ထဲက တလိပ်လိပ်နာတယ်။ နောက် မျက်စိသူငယ်အိမ်ကျယ်လာပြီး ကြောင်တောင်တောင် ဖြစ်လာတယ် ဆရာ"

"ဒါဆို မင်းတို့ ဆေးသမားတွေရဲ့ ဒုက္ခကလည်း မသေးဘူးဘဲ။ ဘာဖြစ်လို့ ညဘက်မှာ လန့်ပြီး အော်တာကျတော့ ဆေးကြောင်တာပဲလား"

"မဟုတ်ဘူး ... ဆရာ၊ အဲဒီလို ဆေးပြတ်ပြီး ရောဂါဝေဒနာတွေ ခံစားနေရချိန်မှာ လူက အိပ်မရတော့။ ကယောင်ချောက်ချားဖြစ်ပြီး အိပ်ပျော်သလို မပျော်သလို ဖြစ်နေချိန်မှာပေါ့"

ဟု အစချီလျက် ကြိုးသမားအောင်ဇော်သည် ညဘက်ကြီး ဆေးပြတ်ပြီး ယင်းထနေသောအချိန်မှာ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်နှင့် ပတ်သက်၍ ဆက်လက်ပြောပြနေလေသည်။

☼☼☼

www.burmeseclassic.com

www.burmeseclassic.com

# [၂]

❑

ကြိုးသမား အောင်ဇော်သည် တရားရုံးမှ သေဒဏ်အမိန့် ချမှတ်လိုက်သဖြင့် အမှုတွဲသုံးယောက်စလုံးအား ကြိုးတိုက်ခန်းဆီ ဝန်ထမ်းများမှ ခေါ်ဆောင်လာခဲ့လေသည်။ အခင်းဖြစ်ပွားချိန်မှစ၍ အမှုစစ်ဆေးစဉ်ကာလတစ်လျှောက်လုံး ဆေးနှင့်ကင်းကွာနေရသဖြင့် မိမိတို့စိတ်များမှာ ထိန်းချုပ်မရနိုင်အောင် ယင်းထသည့်ဝေဒနာဆိုးကို အလူးအလဲခံစားနေကြရသည်။

မိမိတို့သုံးယောက်စလုံးအား သေဒဏ်ချမှတ်လိုက်ခြင်းကြောင့် ကြိုးတိုက်ထဲ ပို့လိုက်စဉ် တစ်ယောက်တစ်ခန်းစီ သီးခြားခွဲထားလေသည်။ မိမိမှာ ကြိုးတိုက်ခန်းအမှတ် (၈) တွင် ထည့်ထားခြင်းခံရသည်။ မိမိတို့ ကျူးလွန်လာခဲ့သော မိုက်ပြစ်အတွက် ကြိုးစင်ပေါ်သို့ တက်လှမ်းရမည့်အချိန်ကို ရင်ဖိုမောစွာ စောင့်စားနေရသည်။

အဲဒီလိုဘဝတွေကို မရေမရာ မျှော်လင့်ချက်မဲ့စွာ စောင့်မျှော်နေရင်း ညည ဆို အိပ်မပျော်နိုင်သဖြင့် အိပ်ရေးပျက်ရသည့်ညများက အသချေကြာခဲ့လာခဲ့လေ

www.burmeseclassic.com

www.burmeseclassic.com


သည်။ မိမိပင်ကိုစရိုက်က ငြိမ့်ငြိမ့်ညောင်းညောင်း။ တည်တည်ငြိမ်ငြိမ် နေထိုင်တတ်သော်လည်း ပေါင်းခဲ့သည့်အပေါင်းအသင်းများက ဟော့ဟော့ရမ်းရမ်းသမားများ ဖြစ်နေသောအခါ ကောင်းတူဆိုးဘက်ဘဝ ရောက်ခဲ့ကြလေသည်။

ယခုလို ကြိုးသမားဘဝဖြင့် ကြိုးတိုက်ခန်းထဲကို ရောက်လာချိန် ခလုတ်ထိမှ အမိတဆိုသလို အားကိုးယုံကြည်စရာ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိပြီဟု စွဲစွဲမြဲမြဲ မှတ်ထင်ယုံကြည်လာသည်။ ညစဉ် တိုက်ခန်းထဲဝယ် ဘုရားဝတ်ပြု ရှိခိုးခြင်း၊ ပုတီးစိပ်ခြင်းများကို မပြတ်ကျင့်ကြံပွားများနေသည်။

သည်သို့ ဘုရားဝတ်ပြုအိပ်နေခဲ့စဉ်တိုင်း စိတ်အတွေး[illegible]ကလည်း မတည်မငြိမ် ယောက်ယက်ခတ်ကာ မနိုးတစ်ဝက် နိုးတ[illegible]က် အိပ်မက်များ ကြုံခဲ့ရလေသည်။

"ဟော့ကောင် ... အောင်ဇော်၊ အော[illegible]မင်းက ဖိမ့်ကျပြီး အိပ်ပျော်နေပါလားကွ။ ဟော့ကောင် ... ထ ... ဗ ... [illegible] စကားစမြည် ပြောကြရအောင်လေကွာ။ ဟေ့ ... ထပ[illegible]

တစ်စုံတစ်ဦးမှ လှုပ်နှိုးနေသလို အိပ်မက် မက်နေသလိုလို စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေပြီး အိပ်ချင်မူးတူးဖြင့် မျက်လုံးကို ပွတ်သပ်ဖြုကြည့်လိုက်စဉ်မှာပဲ အဖြူရောင်အရိပ်သဏ္ဍာန်လိုလို၊ လူတစ်ဦးတစ်ယောက်ပုံစံလို အခန်းတံခါးဝမှာ ရပ်ပြီး လှမ်းခေါ်နေဟန်ပြုနေသည်။ မိမိစိတ်ကပဲ စွဲလမ်းနေ၍လား အမှန်တကယ်လား မသိပေ။

"ဟာ ... ဟေ့ ... ဟေ့ ... မင်း ... မင်း ... အောင် ... အောင်ဒင်မ ... မဟုတ်ဘူးလား"

"ဟား ... ဟား ... မင်းက ဘာကြောင်နေတာလဲ။ ငါ့တောင် မမှတ်မိတော့ဘူးလား။ မင်းအခန်းနဲ့ မျက်နှာချင်းဆိုင်မှာရှိနေတဲ့ နေ့တိုင်း စကားပြောနေတဲ့ ဘဖော်အောင်ဒင်လေကွာ"

အမှန်တကယ်ပင် အောင်ဇော်၏ စိတ်ထဲဝယ် မှတ်ထင်မြင်ယောင်လာနသည်။ မိမိနှင့် ကြိုးတိုက်ခန်းထဲဝယ် မျက်နှာချင်းဆိုင်အတူ နေထိုင်လာခဲ့သော ကြိုးသမားအောင်ဒင် ဖြစ်နေသည်။

တကယ်တော့ အောင်ဒင်ဆိုတာက ဘဝတူကြိုးသမားတစ်ဦး ဖြစ်ပါသည်။ လူပုံပန်းက အသားဖြူဖြူ၊ ချောချော၊ နွဲ့နွဲ့နှောင်းနှောင်းနှင့် ရုပ်ရည်[illegible]


www.burmeseclassic.com

www.burmeseclassic.com


မောသူတစ်ဦး ဖြစ်လေသည်။ သို့သော်လည်း သူ ကျူးလွန်လာခဲ့သည်ပြစ်မှုကြီး က မထင်မှတ်ရက်စရာ ဓားပြတိုက်၊ လုယက်၊ လူသတ် စသည့်ပြစ်မှုကြီးများကို ကျူးလွန်ခဲ့သည်။ ယင်းအမှုများဖြင့် သေဒဏ်ကျခံလာခဲ့ခြင်း ဖြစ်သည်။

ဤကဲ့သို့ အောင်ဇော်နှင့် အောင်ဒင်တို့နှစ်ယောက်သည် ကြိုးတိုက်ခန်းထဲ ဝယ် မျက်နှာချင်းဆိုင် တိုက်ခန်းချင်းကပ်နေ၍ နေ့စဉ်စကားပြောဖော်များ ဖြစ်လာ ကြသည်။ တစ်ဦးကိုတစ်ဦး လူလုံးလှမ်းမမြင်နိုင်သော တစောင်းလွှဲဆောက်ထား သည့် တိုက်ခန်းများဖြစ်နေသောကြောင့် အသံသာကြားနေရခြင်း ဖြစ်သည်။

နေ့တိုင်း အချိန်အားလပ်သည့်အခါများတွင် တစ်ဦး၏အမှုအကြောင်း တစ်ဦးက မေးမြန်းကာ အပျင်းပြေစေရန် စကားမရှိစကားရှာ ပြောနေတတ်ကြ သည်။ တစ်ဦးကိုတစ်ဦး မျက်နှာကို သဲသဲကွဲကွဲမမြင်ရသော်လည်း နံနက်ရေချိုး ထုတ်သည့်အချိန်များမှာတော့ လူချင်းမြင်ဖူးတွေ့ဖူးနေကြသည်။

ဤသို့ ကြိုးတိုက်ခန်းအမှတ် (၈) မှာနေသော အောင်ဇော်နှင့် တိုက်ခန်း အမှတ် (၁၃) တွင် နေထိုင်သော အောင်ဒင်တို့နှစ်ဦးသည် ရင်ကွဲကြိုးတိုက်ပုံစံ တည်ဆောက်ထား၍ မျက်နှာချင်းဆိုင် မကျတကျ ဖြစ်နေသည်။

နေ့စဉ် ကြိုးတိုက်ရေချိုးထုတ်ပေးပြီး ပြန်လာချိန်မှစတင်ကာ အာလာပ သလ္လာပ စကားများကို ပြောဆိုရင်း တစ်နေကုန် အချိန်ဖြုန်းနေခဲ့ကြသည်။

"နေပါဦး . . . အောင်ဒင်ရ၊ မနေ့မနက်ကပဲ မင်းကို ကြိုးပေးသတ်လိုက် ပြီ မဟုတ်လားကွ။ မင်းက သေသွားပြီလေကွာ"

ကြိုးသမားအောင်ဇော်တစ်ယောက် မယုံမရဲစိတ်ဖြင့် ဝေခွဲမရနိုင်စွာ ထစ်ထစ်ငေါ့ငေါ့ မေးမြန်းနေမိသည်။

"ဟား . . . ဟား . . . ဟုတ်တယ်လေကွာ။ ငါ့ကို မနေ့မနက်စောစော ကပဲ ကြိုးပေးသတ်ခဲ့လို့ ကြိုးစင်ပေါ်မှာ အသက်သေသွားခဲ့ပြီးပြီလေ။ ဒါပေမဲ့ နောက်တစ်မှုနဲ့ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ထားခဲ့လို့ ငါအသက်သေ သွားပေမဲ့ ငါ့ခန္ဓာကိုယ်မှာ ဝတ်ဆင်ထားတဲ့ အဝတ်အစားတွေကို ငါ့တိုက်ခန်းထဲ မှာ ဆက်ချုပ်ခံထားရသေးတယ်ဗျ"

အမှန်လည်း ကြိုးသမားအောင်ဒင်ဆိုသူ ဓားပြဗိုလ်ကြီးသည် အမှုပေါင်း များစွာဖြင့် အမိန့်ချမှတ်ခံထားရပြီး နောက်ဆုံးအမှုမှာ သေဒဏ်ချမှတ်ခြင်း ခံခဲ့ ရလေသည်။ ယင်းအမှုများကို တစ်ပေါင်းတည်းကျခံစေခြင်းမဟုတ်ဘဲ သီးခြားစီ

www.burmeseclassic.com

www.burmeseclassic.com



ကျခံစေသောကြောင့် လူ့ခန္ဓာကိုယ်ကြီးကိုသာ သေဒဏ်ပေးလိုက်၍ အသက်သေဆုံးသွားသော်လည်း နောက်အမှုအတွက် ဝိညာဉ်အား ချုပ်ထားရခြင်း ဖြစ်သည်။

"ဒါကြောင့် ... ငါ့ခန္ဓာကိုယ်ကြီးကသာ သေဆုံးသွားခဲ့တာမှန်ပေမဲ့ ငါ့ဝိညာဉ်က တိုက်ခန်းထဲမှာ ဆက်လက်ချုပ်နှောင်ထားဆဲပဲလေ။ ဒီတော့ ငါ့သူငယ်ချင်းဆီကို ပြန်လာပြီး ငါနဲ့အတူတူလိုက်ခဲ့ဖို့ လာခေါ်တာပေါ့ကွာ။ ဟား ... ဟား ..."

"ဟာ ... မ ... မနောက်ပါနဲ့ ... သူငယ်ချင်းရယ်။ ငါလည်း မင်းလိုပဲ တစ်နေ့ကျရင် ကြိုးပေးကွပ်မျက်ခံရမှာပါ။ ဘယ်နေ့ ဘယ်အချိန်သတ်ခံရမယ်ဆိုတာ မမှန်းဆနိုင်သေးဘူး။ ခုမှ အယူခံဝင်မှုလို့ပဲ ရှိတယ်"

"ဟား ... ဟား ... ဘာလဲ ... မင်းက သေရမှာကို တွေးကြောက်နေလား။ လာပါကွ ... ငါ မင်းကို ဒီအထဲကနေ အပြင်ကို လွတ်မြောက်အောင် ဖွဲ့ခေါ်ထုတ်ပေးမယ် မကြောက်ပါနဲ့ကွ"

"ဟာ ... မဖြစ်ဘူး ... သူငယ်ချင်း၊ ငါ ကြောက်တယ်၊ မလိုက်ရဲဘူး။ ငါ့ကို လာမခေါ်ပါနဲ့။ မင်း ... မင်း ... သွားကွာ ... သွားစမ်း"

"ဒီလို ဘယ်ဖြစ်မလဲ။ မင်းနဲ့ငါက မသေခင်အချိန်တုန်းကလည်း ရင်းရင်းနှီးနှီး ခင်မင်နေခဲ့ကြသူတွေ။ လာပါကွာ အတူတူသွားရအောင်။ လိုက်ခဲ့စမ်းပါကွာ"

"ဟင့်အင်း ... သွား ... သွား ... မလာနဲ့သွား ... သွားစမ်း"

"ဟား ... ဟား ... တော်တော်အသည်းငယ်တဲ့ အကောင်ပဲကွ။ မင်း တိုက်ခန်းထဲက ထွက်မလာရဲရင် ငါကိုယ်တိုင် တိုက်ခန်းထဲ ဝင်ခေါ်မယ်ကွာ။ ကဲ ... လာ ... လာ"

ထိုစဉ် ကြိုးသမားအောင်ဒင်သည် ဝတ်ရုံဖြူလွှလွှ အသွင်သဏ္ဌာန်ဖြင့် လက်ကို ဆန့်တန်းထားကာ အောင်ဇော်နေထိုင်ရာ တိုက်ခန်းထဲ အရိပ်မည်းလိုလို ခေါင်းလျှိုဝင်လာသလိုလိုဖြင့် လှုပ်ရှားလာနေသည်ကို တွေ့မြင်လိုက်သဖြင့် ဇာချွေးများ ပြန်လာလေသည်။

ရုတ်တရက် ကြောက်လန့်လွန်းသောစိတ်ကို ချုပ်တည်းမရနိုင်သော အဆုံးမှာ ပါးစပ်မှ ဗလုံးဗထွေးဖြင့် စူးစူးဝါးဝါး အော်ဟစ်လိုက်စဉ် ...

www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေးဗျ ... ကြောက်ပါပြီဗျ"

"ဟော့ ... ဟော့ ... ဘာဖြစ်တာလဲကွ"

ဆိုသောအသံနှင့်အတူ ကြိုးတိုက်ခန်းလေးထဲသို့ ရုတ်တရက် ပြေးဝင်လာနေသောခြေသံနှင့်အတူ မေးမြန်းလိုက်သံကို ကြားလိုက်ရတော့မှ အိပ်မက်လိုလို ဖြစ်ပေါ်ခံစားနေရာမှ ရုတ်တရက် လန့်နိုးလာခဲ့လေတော့သည်။

"အေး ... ဒါဆို မင်းပြောသလို ဆေးကြောင်ရင်း ထယောင်မှာပေါ့"

ထောင်ကျရုံးထောင်မှူးလေးက ကြိုးသမားအောင်ဇော်၏ ညတုန်းက အဖြစ်အပျက်အခြေအနေကို နားထောင်ခဲ့ရပြီးနောက် ကျွန်ုပ်အား လှမ်းအမိန့်ပေးနေသည်။

"ကဲ ... မောင်ကျောက်တံ၊ ကြိုးသမားအောင်ဇော်နဲ့ အမှုတွဲသုံးယောက် အယူခံကို မတင်ရသေးတော့ တစ်ခါတည်း ရေးမှတ်ခဲ့ ဟုတ်လား"

"ဟုတ်ကဲ့ ... ဆရာ"

ဟုမှာကြားခဲ့ပြီး ထောင်မှူးလေးသည် တိုက်ခန်းထဲမှ ပြန်လည်ကာ ရုံးခန်းဆီ ပြန်သွားသည်။ ကျွန်ုပ်လည်း ကြိုးသမားအောင်ဇော်အပါအဝင် အမှုတွဲသုံးယောက်အား တစ်ယောက်စီမေးမြန်းမှတ်သားရန် စီစဉ်လိုက်သည်။

လောလောဆယ်ကြိုးသမား အောင်ဇော်မှာ တိုက်ခန်းအမှတ် (၈) ထဲတွင် ရှိနေသောကြောင့် အရင်ဆုံးမေးမြန်းမှတ်သားရန် စီစဉ်ပြီး ကျန်ကြိုးသမားနှစ်ဦး ဖြစ်သော နိုင်အောင်မှာ ကြိုးတိုက်ခန်းအမှတ် (၁၁) တွင်ရှိပြီး အေးမောင် (ခ) မန်းနီးမှာ တိုက်ခန်းအမှတ် (၆) တွင် ရှိနေသည်။

"မင်းတို့က အမှုတွဲသုံးယောက်ဆိုတော့ သုံးယောက်စလုံးက ထောင်တွင်းအယူခံဝင်မှာလား"

"ကျွန်တော်ကတော့ ထောင်တွင်းအယူခံဝင်ပါမယ်။ ကျန်တဲ့လူတွေကတော့ မသိဘူး ခင်ဗျ"

"ဟုတ်ပြီလေ ... မင်းတို့ဘက်က ငါတို့ အယူခံရုံးက အယူခံဝင်ရောက်ပေးရမှာဆိုတော့ အားလုံးညီရင်ကောင်းတာပေါ့"

"ဟုတ်ကဲ့ ... ကောင်းသလို စီစဉ်ပေးပါဗျာ"

"ကောင်းပြီလေ ... လောလောဆယ်မှာ မင်းတို့ တစ်ယောက်ချင်းစီရဲ့ ကိုယ်ရေးရာဇဝင်နဲ့ အခင်းဖြစ်ပွားချိန်မှာ အမှုဖြစ်ပျက်ခဲ့ပုံ အသေးစိတ်ကို နောက်



www.burmeseclassic.com

www.burmeseclassic.com



မှ တစ်ဦးချင်းစီမေးတာပေါ့။ ခုတော့ မင်းရဲ့အကြောင်းနဲ့ အမှုကျူးလွန်ပုံ ကျူးလွန်နည်းကို အသေးစိတ်ပြောပြစေချင်တယ်'''

"ဟုတ်ကဲ့ ... ဒီလိုပါ"

ဟု အစချီလျက် အောင်ဇော်သည် ၎င်းနှင့်ပတ်သက်သော အကြောင်းအရာများကို ကျွန်ုပ်အား အောက်ပါအတိုင်း ပြောပြနေသည်။ အောင်ဇော် ကျူးလွန်လာခဲ့သော ပြစ်မှုကြီး၏ မြစ်ဖျားခံရာ အစသည်ကား ဤသို့တည်း။

☼☼☼

[၃]

❑

ကျွန်တော်၏ မိဘများမှာ လက်လုပ်လက်စားများဖြစ်ကြပြီး နေ့စဉ် မြို့ထဲတွင် ဗန်းခင်းကာ တိုလီမိုလီပစ္စည်းလေးများကို ရောင်းဝယ်ကြသည်။ ကျွန်တော်တို့မှာ ဆင်ခြေဖုံးရပ်ကွက်တွင် နေထိုင်ကြသောလူများ ဖြစ်သည်။

နေ့စဉ် ကျွန်တော်သည် မြို့ပတ်လော်ကယ်ရထားကို စောင့်စီးကာ မြို့ထဲသို့ လာခဲ့သည်။ စကော့ဈေး (ဗိုလ်ချုပ်အောင်ဆန်းဈေး) အနောက်ဖက်ပလက်ဖောင်းမှဆင်းကာ မြို့ထဲသို့ ဆက်လျှောက်ရသည်။

ကျွန်တော်တို့ရောင်းသောပစ္စည်းများမှာ စက်ပစ္စည်းဟောင်းများဖြစ်ပြီး နာရီ၊ ကက်ဆက်၊ ရေဒီယိုအစရှိသည်တို့မှ အစိတ်အပိုင်းများကို ရပ်ကွက်ထဲတွင် လှည့်လည်ကောက်ယူဝယ်ပြီး မြို့ထဲ မဂိုလမ်း၊ လမ်းဆုံနေရာတွင် ပြန်လည်ရောင်းချနေသည်။

ဤကဲ့သို့ မြို့ထဲတွင် ယင်းပစ္စည်းများကို အဓိကထားရောင်းချသည့် လုပ်ငန်းအဆင်ပြေလျှင်ပြေသလို ရွှေကြိုလုပ်ငန်းကိုလည်း ဝင်လုပ်ကိုင်လေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေကြိုလုပ်ငန်းမှာ ရွှေငွေလက်ဝတ်ရတနာများကို ရောင်းလိုသူ၊ ဝယ်လိုသူများထံမှ ပစ္စည်းများကို တခြားသို့ သွားမရောင်းစေဘဲ မိမိတို့ဖောက်သည်ဆိုင်မှာသာ ဝယ်ယူစေရန် ကြိုဆိုပြောဆိုစည်းရုံးရသည်။

ဒါကြောင့် ရွှေဝယ်လိုသူ၊ ရောင်းလိုသူများသည် ရွှေကြိုများမှတစ်ဆင့် ယနေ့ ရွှေပေါက်စျေးအခြေအနေ၊ အခေါက်ရည်၊ ပဲရည် စသည်တို့ကို လေ့လာစုံစမ်းပြီးလျှင် စိတ်ချယုံကြည်ရသော ရွှေဆိုင်ကြီးများမှာ ဝင်ရောက်ရောင်းဝယ်လုပ်ကြသည်။

ထိုအခါ ရွှေကြိုလုပ်သူပွဲစားများသည် ရွှေဆိုင်တန်းထဲဝင်လာသူကို လက်လွတ်မခံဘဲ အာဝဇ္ဇန်းရွှင်ရွှင်။ မှင်သေသေဖြင့် ပြောတတ်၊ ဆွဲခေါ်တတ်ဖို့ လိုလေသည်။ အောင်ဇော်မှာ အစပထမ မြို့ထဲစီးပွားရေးခွင်ကို လမ်းဘေးစက်ပစ္စည်းအဟောင်း ဝယ်ရောင်းလုပ်နေရင်းမှ ရွှေကြိုအဖွဲ့မှ အပေါင်းအသင်းများနှင့် ဆက်သွယ်မိသောအခါ ရွှေကြိုလုပ်ငန်းလည်း ကြုံသလိုလုပ်ကိုင်လာသည်။

မြို့လယ်ခေါင်ရှိ ရွှေဆိုင်များ ပေါများသော ရွှေဆိုင်တန်းလို နေရာမျိုး၊ ဝယ် အရောင်းအဝယ်သမားများ၊ ပွဲစားများ၊ ရွှေကြိုများ၊ ကျောက်ပွဲစားများ စသည်တို့ဖြင့် နေ့စဉ်ရောင်းဝယ်ဖောက်ကား စည်ပင်ဝပြောနေလေသည်။

ရွှေဆိုင်ကြီးများကလည်း ပြင်ပမှ လာရောက်ရောင်းချသော ရွှေမျိုးကို လက်ဝယ်မထားဘဲ လက်ထဲရောက်လာသည်နှင့် ချက်ချင်းအရည်ကျိုပြစ်လိုက်သည်။ ယင်းရွှေမှာ လာရောက်ရောင်းချသူများသည် ရိုးသားသူရော၊ မရိုးသားသူရော လူပေါင်းစုံမှ ကြုံသလိုနေရာမှ လာရောင်းသဖြင့် လက်ထဲဝယ် အကောင်အထည်မပျက် မထားရဲပေ။

ဒါကြောင့် ရွှေကြိုများမှတစ်ဆင့်ခေါ်လာသော လူများ၏ ရွှေငွေလက်ဝတ်ရတနာပစ္စည်းများကို ရွှေဆိုင်တန်းရှိ ပန်းတိမ်ဖိုမှာ သွားရောက်ကျိုပစ်ကာ မူလပုံစံပျက်အောင် ဖျက်ဆီးပစ်ကြသည်။ ပန်းတိမ်ဖိုမှ ရွှေကျိုလုပ်ငန်းသည်လည်း တရားဝင်မဟုတ်သောကြောင့် ခိုးကြောင်ခိုးဝှက် လုပ်ဆောင်ကြရသည်။

ဤကဲ့သို့ ရွှေကြိုလုပ်ငန်းတွင် အဓိကလုပ်ဆောင်နေသူမှာ နိုင်အောင်ဖြစ်သည်။ နိုင်အောင်က မဂိုလမ်းထဲတွင် ရွှေကြိုလုပ်ငန်းကို ငယ်ငယ်ကတည်းမှ လုပ်ကိုင်လာသူလို ကျွမ်းကျင်နှံ့စပ်သူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မန်းနီး (ခ) အေးမောင်ဆိုသူမှာ ရွှေပွဲစားတန်းဝယ် ပစ္စည်းမှန်သမျှ အကုန် အရောင်းအဝယ်လုပ်ပြီး ရှစ်စပ်က ဂျင်ဂျင်လည်သော ပွဲစားလူလည်တစ်ဦး ဖြစ်သည်။ ရွှေဆိုင်တန်းတစ်လျှောက်ဝယ် ပွဲစားယောင်ယောင်၊ ဝယ်ရောင်း ယောင်ယောင်ဖြင့် အကုန်၊ အစုံလုပ်သူ ဖြစ်သည်။

မန်းနီး (ခ) အေးမောင်၏ ဆွယ်တရားဟောမှု ကောင်းခဲ့လို့လည်း ယခုလို ဆေးစွဲသည့် အဆင့်ရောက်လာခဲ့ကြခြင်း ဖြစ်သည်။ မန်းနီးက ဘယ်က ရလာ သည်မှန်း မသိသော စီးကရက်တစ်လိပ်ကို လမ်းဘေးအုတ်ခုံပေါ်တွင် ထိုင်နေ ကြရင်း စမ်းသပ်သုံးစွဲခဲ့ကြသည်။

နောက်ပိုင်း ရွှေဆိုင်တန်းပတ်ဝန်းကျင်တစ်ဝိုက်မှာ မန်းနီးရောင်းသော စီးကရက်က အရောင်းအဝယ်ကောင်းလာသည်။ လိုချင်သူများကလည်း အငမ်း မရ လိုက်လံဝယ်ယူနေရသော အဆင့်မျိုး ရောက်လာသည်။

၎င်းစီးကရက်မှာ ဘိန်းဖြူမှုန့်ရောစပ်ထားသော စီးကရက်မျိုးဖြစ်သည်။ စီးကရက်သောက်သုံးမှု တစ်စတစ်စ များပြားလူသိများလာသောအခါ ခိုးကြောင် ခိုးဝှက် ပုန်းလျှိုးကွယ်လျှိုး ရောင်းနေရသည်။ ဒီတော့ စီးကရက်တန်ကြေး ကလည်း အဆမတန် တက်သွားတော့သည်။

ဒီလိုစီးကရက်ကို စွဲလမ်းနှစ်ခြိုက်မိနေသော အောင်ဇော်၊ နိုင်အောင်နှင့် မန်းနီး (ခ) အေးမောင်တို့သုံးဦးသည် ငွေကြေးပြေလည်သူများ မဟုတ်တော့ ဆေး ဝယ်သုံးရန် ခက်ခဲလာကြသည်။ မိမိတို့ မိဘပိုင်ပစ္စည်းများထဲမှ တန်ဖိုးရှိသော ပစ္စည်းများလည်း သူခိုးဈေးမှာ ဈေးနှိမ်ရောင်းပြီး ငွေရှာနေရသည်။ ကြာတော့ မိဘပစ္စည်းလည်း ထုခွဲစရာ ကုန်ခဲ့ပြီ။

ထိုအခါ မိမိတို့ အမြဲတမ်းသုံးစွဲနေသော ဆေးကို မမှီဝဲရသောအခါ ယင်းထ သည့် ဝေဒနာကို အလူးအလဲခံစားနေကြရသည်။ ဆေးကိုသာ အာသာငမ်းငမ်း တမ်းတနေကြသည်။ ဆေးမမှီဝဲရသဖြင့် လူတစ်ကိုယ်လုံး ယားယံသလို ဖြစ်ပေါ် ခံစားနေရာမှ လူသတ်ပစ်ချင်လောက်အောင် ဒေါသပေါက်ကွဲကာ စိတ်ကြမ်း ကိုယ် ကြမ်း ဖြစ်နေသည်။

ယခင်က ငွေကြေးအတန်အသင့် ရှာဖွေနိုင်သော လူငယ်များဖြစ်သဖြင့် မိမိတို့ တစ်နေ့တာ စားဖို့ထက် တစ်နေ့တာ ဆေးဖိုးရှာ၍ ရနိုင်မည့်နည်းလမ်းကို သာ ကြံဆနေခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့လို ဆေးသမားများအဖို့ ဆေးဝယ်ရန် ငွေကြေးအကြပ်အတည်း ဖြစ်ပေါ်နေသောအချိန်ဝယ် ငွေရနိုင်မည့်နည်းလမ်းကို မည်သို့ပင် ခက်ခဲပါစေ လုပ်ဆောင်ယူရန် လမ်းဘေးအုတ်ခုံလေးပေါ်ဝယ် ထိုင်ပြီးဆွေးနွေးတိုင်ပင်နေခဲ့ ကြလေသည်။

☼ ☼ ☼

[၄]

❑

"မင်းတို့ ငွေကြေးအခက်အခဲဖြစ်လာတော့ ဘယ်လိုလုပ်မလဲ"

"ကျွန်တော်တို့လည်း ငွေကို ဘယ်ကမှရှာမရဖြစ်ပြီး အကြံအိုက်နေ တုန်း ..."

နိုင်အောင်မှနေပြီး ...

"ဟော့ ... ဟိုကလာနေတဲ့ ချာတိတ်လေးက ပန်းတိမ်မှာ ရွှေကျိုသွား မှာကွ"

"သူ့ဘာသာသူ ရွှေကျိုသွားတာ ငါတို့က ဘာလုပ်ရမှာလဲ"

"မင်းတို့ တော်တော်တုံးတဲ့ ကောင်တွေပဲ။ လာ ငါပြောပြမယ်"

အဲဒီလိုပြောပြီး ကျွန်တော်တို့သုံးယောက် လမ်းဘေးအုတ်ခုံလေးပေါ်မှာ ခေါင်းချင်းဆိုင်လို့ တီးတိုးတိုင်ပင်ပြောဆိုနေကြတယ်။ ရွှေကျိုရန်သွားသည့် ချာ တိတ်လေးထံမှရွှေကို လမ်းမှဖြတ်လုရန် သုံးဦးသားတိုင်ပင်ခဲ့ကြသည်။

ဤကဲ့သို့ ရွှေကျိုရန် လာနေသော လူငယ်လေးအား နိုင်အောင်မှ လုပ်နေ သဘော နားလည်နေသောကြောင့် လက်ထောက်ချပြောဆိုရာမှ စိတ်ကူး ရ တရက်ပေါ်လာခဲ့သည်။ ၎င်းရွှေကျိုရန်ပစ္စည်းယူလာသော လူငယ်မှာ ကျော် မောင်ဆိုသူဖြစ်ပြီး လက်ထဲတွင် ပလတ်စတစ်အထုပ်လေးတစ်ထုပ် ဆွဲလာနေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဝင်းမောင်မှာ အသက်အရွယ်နှစ်ဆယ်ဝန်းကျင်ခန့်အရွယ် လူငယ်တစ်ဦးဖြစ်ပြီး ရွှေဆိုင်ကြီးတစ်ဆိုင်မှာ အလုပ်လုပ်နေသော လူငယ်လေးဖြစ်သည်။ ရွှေဆိုင်မှ လက်ဝတ်ရတနာပစ္စည်းများကျိုရန် စေလွှတ်ခဲ့ခြင်း ဖြစ်သည်။

မြို့လယ်ခေါင်ရှိ စတုတ္ထထပ်တွင် ရွှေကျိုပေးသည့် ပန်းတိမ်ဖိုက ရှိနေသည်။ နိုင်အောင်မှာ ရွှေအရောင်းအဝယ်လုပ်နေသည့် ရွှေဆိုင်ကြီးများ၏အထာကို သိနေသူဖြစ်သည်။ ရွှေဆိုင်ကြီးများမှ ရွှေတိုရွှေစများကို အတုံးအခဲဖြစ်သွားအောင် ပန်းတိမ်ဖိုမှာ သွားပြီးကျိုကာပုံဖျက်လေ့ရှိသည်။

"မင်းတို့နှစ်ယောက် သူ တက်သွားတဲ့လှေကားကနေ တက်လိုက်သွား။ ငါက လူသိဖြစ်နေတော့ တက်လိုက်လို့မဖြစ်ဘူး။ တိုက်လှေကားအောက်ကနေ လူသွားလူလာ စောင့်ကြည့်ပေးမယ် ဟုတ်လား"

"မန်းနီး မင်းက အဖော်လိုက်ခဲ့ကွာ။ ငါတစ်ယောက်တည်း ရှင်းလို့မရရင် နှစ်ယောက်အတူ ရှင်းတာပေါ့"

အောင်ဇော်က နိုင်အောင် အကြံပေးသည်ကို ထောက်ခံပြောဆိုသည့်အနေဖြင့် မန်းနီးကို သူနှင့်အတူလိုက်ခဲ့ရန် ခေါ်နေသည်။ မန်းနီးကလည်း သဘောတူသည့်အနေဖြင့် ခေါင်းညိတ်လိုက်သည်။

ရွှေကျိုရန် အထုပ်ဆွဲလာသော ကျော်ဝင်းမောင်သည် ၎င်းတို့သုံးဦးအနီးမှ ဖြတ်ကျော်သွားပြီး တစ်ဖက်တိုက် လှေကားပေါ် တက်သွားလေသည်။ ပန်းတိမ်ဖိုမှာ စတုတ္ထထပ်တွင်ရှိနေသောကြောင့် အောင်ဇော်က ထိုင်ရာမှ လျင်မြန်စွာ ထလိုက်ပြီး မန်းနီးကိုခေါ်ကာ နောက်မှကပ်လိုက်သွားနေသည်။

နိုင်အောင်မှာ တိုက်လှေကားရင်းနေရာမှာ စီးကရက်တစ်လိပ်ကိုထုတ်ကာ ဖွာရင်း လူသွားလူလာအခြေအနေကို စောင့်ကြည့်နေလေသည်။ မြို့လယ်ခေါင်ရှိ တိုက်ခန်းများမှာ နှစ်ပေလောက်သာကျယ်ပြီး အပေါ်ထပ်တွင် တိုက်ခန်းများမှာ တံခါးပိတ်ထား၍ မည်းမှောင်နေလေသည်။

ထိုစဉ် တတိယထပ် လှေကားအရောက်မှာ ရွှေကျိုလာသော ကျော်ဝင်းမောင်ကို အောင်ဇော်က မီလာသည်။ ကျော်ဝင်းမောင်မှာ မိမိအလုပ်ကိစ္စအတွက်သာ အာရုံစိုက်ပြီးလှေကားကို တစ်ထစ်ချင်းနင်းကာ စတုတ္ထထပ်ဆီ ဦးတည်သွားနေသည်။

www.burmeseclassic.com



ရုတ်တရက် မိမိပခုံးကို နောက်မှတက်လာနေသူက လှမ်းဆွဲလိုက်သဖြင့် အသားညိုညို လူတစ်ယောက်ကိုမြင်ပြီး ကြောင်ကြည့်နေစဉ် ...

"ဘာလုပ်တာလဲဗျ"

"မင်းလက်ထဲက ပစ္စည်းထုပ် ငါ့ကို ပေးစမ်း"

"ဘာလို့ ပေးရမှာလဲဗျ"

"အေးအေးဆေးဆေး အသာတကြည်တောင်းနေတာကို၊ ပေးမလား မပေးဘူးလား"

"မပေးနိုင်ဘူးဗျာ"

"ကဲကွာ ..."

"အား ..."

အောင်ဇော်မှာ ခြေသလုံးတွင် အမြဲဆောင်ထားလေ့ရှိသော စကောဘာဖြင့် ကျော်ဝင်းမောင်၏ ဝမ်းဗိုက်ဆီချိန်ရွယ်ပြီး ထိုးလိုက်စဉ် နာကျင်လွန်းသဖြင့် အသံထွက်သွားသည်။ မန်းနီးက ကျော်ဝင်းမောင်လက်ထဲမှ အထုပ်ကို ဝင်လုယူလိုက်သည်။

ကျော်ဝင်းမောင်ကလည်း မိမိတွင် အန္တရာယ်ရှိနေပြီကို့ နားလည်သွား၍ စကောဘာခေါ် သုံးမြှောင့်ချွန်ကိုင်ထားသော အောင်ဇော်ကို အတွင်းဝင်လုံးလိုက်လေသည်။ အောင်ဇော်နှင့် ကျော်ဝင်းမောင်တို့ နှစ်ဦးသား လှေကားပေါ်တွင် လုံးထွေးသတ်ပုတ်နေစဉ် မန်းနီးက အထုပ်ကိုယူပြီး လှေကားအောက်ပြေးဆင်းသွားသည်။

အောင်ဇော်မှာ အချိန်ကြာလျှင် ဘေးနီးချင်းတိုက်ခန်းမှ ကြားသိသွား၍ အပြင်ထွက်ကြည့်လျှင် အခြေအနေရှုပ်ထွေးလာမည်မို့ လက်ထဲမှ စကောဘာဖြင့် ကျော်ဝင်းမောင် ဝမ်းဗိုက်ဆီ ဆင့်ကဲဆင့်ကဲ ထိုးချလိုက်မှ ကျော်ဝင်းမောင်တစ်ယောက် လှေကားပေါ်မှာ အသံတိတ်ကာ အသက်ပျောက်သွားလေသည်။

ထို့နောက် လှေကားပေါ်မှ အောက်သို့ ကမန်းကတန်းပြေးဆင်းသွားလေတော့သည်။ သုံးဦးသား အခင်းဖြစ်နေရာမှ ခြေရာဖျောက်ပြီး လစ်ထွက်လာခဲ့ကြလေသည်။ ကျော်ဝင်းမောင် ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသော လက်ဝတ်လက်စားများနှင့် ရွှေကျိုရန် ယူဆောင်လာသော ရွှေများမှာ အလေးချိန်နှစ်ဆယ်သားခန့် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ရွှေကျိုရန်လာသော လူငယ်ကျော်ဝင်းမောင်ထံမှ သတ်ဖြတ်လုယက်ယူငင်လာသော ပစ္စည်းများကို ထုခွဲရောင်းချပစ်ရန် သုံးဦးသား တိုင်ပင်နေခဲ့ကြသည်။

☼ ☼ ☼

[၅]

❑

"နောက် ... ဘယ်လိုဖြစ်ပြီး အမှုကပေါ်သွားတာလဲ"

"အဲဒီရွှေငွေ လက်ဝတ်လက်စားတွေကို နိုင်အောင်ကပဲ တာဝန်ယူပြီး သူ့အသိရွှေဆိုင်မှာ ထုခွဲပေးခဲ့တယ်။ အဲဒီလို ထုခွဲခဲ့တဲ့ပစ္စည်းတွေကို ရဲအဖွဲ့က ခြေရာခံလိုက်ခဲ့ရာက အမှုမှန်ပေါ်ပေါက်သွားတယ်"

"ဒါဆို မင်းတို့ ဘိန်းဖြူတောင် မမှီဝဲဖြစ်ခဲ့ဘူးလား"

"ဘယ်နေမလဲ ... လူတွေကလည်း ဆေးချဖို့ အရမ်းလိုနေတော့ မန်းနီးက ရလာတဲ့ငွေထဲက ဘိန်းဖြူကို သွားဝယ်လာတယ်။ ကျန်တဲ့ငွေကို သုံးယောက်ခွဲယူလိုက်ကြတယ်"

"ဒါဆို မင်းတို့သုံးယောက်စလုံး ဆေးချနေတုန်း ဖမ်းမိတာပေါ့"

"ဟုတ်ပါတယ် ... မန်းနီးဝယ်လာတဲ့ဆေးနဲ့ ဆေးထိုးအပ်ကို ကျွန်တော်တို့ အမြဲဆေးလုပ်နေကျဘိ (နေရာ)မှာ တစ်လှည့်စီ လက်မောင်းမှာ ဆေးထိုးသွင်းပြီး ဇီလင်နဲ့ မှိန်းနေတုန်းမှာပဲ ရဲတွေရောက်လာပြီး ဖမ်းဆီးခေါ်ဆောင်သွားခဲ့တယ်"

"အင်း ... မင်းတို့အမှုကလည်း လွယ်တော့မလွယ်ဘူးကွ။ တပ်ထားတဲ့ပုဒ်မက ၃၀၂/၃၉၂ နဲ့ဆိုတော့ လုယက်လူသတ်မှုနဲ့ သေဒဏ်ချမှတ်ခဲ့တာပဲ"

ကျွန်ုပ်သည် မူးယစ်ဆေး၏ သားကောင်ဖြစ်နေသော အောင်ဇော်ကို ကြည့်ကာ စိတ်မသက်မသာပြောနေသည်။ အောင်ဇော်မှာ ကြိုးတိုက်ခန်းကို

www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီးချိန်မှ စပြီး ဆေးနှင့်ကင်းကွာနေသောကြောင့် လူပုံပန်းမှာ ပိန်လှီဖျော့တော့နေသည်။

ဒီလိုပါပဲ၊ ကြိုးတိုက်ခန်းထဲကို ရောက်လာကြသည့် ကြိုးသမားများမှာ အပြင်လောကတွင် နေထိုင်စဉ် လူတစ်ယောက်၏အသက်ကို ပဓာနမထားဘဲ စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်းမှာ ရက်ရက်စက်စက် သတ်ဖြတ်လာခဲ့ကြသူများသာ ဖြစ်သည်။

ယခု မိမိတို့ခံရမည့်အလှည့်သို့ ရောက်လာသောအခါ နှစ်ကာလ ကြာရှည်စွာ စိတ်ပိုင်းဆိုင်ရာ ဒုက္ခ၊ ကိုယ်ပိုင်းဆိုင်ရာဒုက္ခများကို တလှည့်ပြန်လည်ခံစားကြရမည်မှာ မလွဲကေန် ဖြစ်ပါသည်။

မူးယစ်ဆေးဝါးကို စတင်သုံးစွဲလာခဲ့မိရာမှ အချိန်ကြာမြင့်လာသောအခါ မသုံးစွဲရမနေနိုင်ဘဲ ဖြစ်လာကြသည်။ ထိုအခါ မူးယစ်ဆေးကို အလျင်မီအောင် မှီဝဲနိုင်ဖို့ ဆေးဝယ်ယူရမည့်ငွေကြေး အခက်အခဲ ဖြစ်ပေါ်လာသည်။

နောက်ဆုံး မိဘအိမ်မှ ပစ္စည်းများကိုလည်း ခိုးယူရောင်းစားခဲ့ကြရာမှ ရောင်းစရာ မကျန်တော့သည့်အခါ တစ်ပါးသူထံမှ ခိုးဝှက် လုယက်ရန် ကြံစည်လာခဲ့ကြလေတော့သည်။

ကျွန်ုပ်လည်း ကြိုးသမားအောင်ဇော်နှင့် အမှုတွဲနှစ်ယောက်ဖြစ်သော နိုင်အောင်နှင့် မန်းနီး(ခ)အေးမောင်တို့၏ မှုခင်းဖြစ်စဉ်ကို မေးမြန်းပြီး ကြိုးတိုက်ခန်းထဲမှ ထောင်ကျုံးဆီ ပြန်လာခဲ့လေသည်။

"ဘယ်လိုလဲ မောင်ကျော်တံ၊ ကြိုးသမားအောင်ဇော်တို့ အမှုတွဲသုံးယောက်ကို မှုခင်းဖြစ်စဉ် မေးလာခဲ့ပြီလား"

"ဟုတ်ကဲ့ ... ဆရာ"

"သူတို့က ဘယ်လိုအမှုအခင်းဖြစ်လာပြီး ခုလို ကြီးလေးတဲ့ ရာဇဝတ်မှုကြီးကို ကျူးလွန်လာခဲ့ကြတာလဲ။ ပြစမ်းပါဦး အမှုတွဲ"

ကျွန်ုပ်လည်း ကြိုးတိုက်ခန်းထဲမှ ကြိုးသမားသုံးဦး၏ အမှုတွဲဖြစ်စဉ်ရေးထားသောဖိုင်ကို ထောင်မှူးလေးအား ပေးလိုက်သည်။ ထောင်မှူးလေးက ကျွန်ုပ် ရေးမှတ်လာခဲ့သောအကြောင်းအရာများကို အနုလုံပဋိလုံ သေသေချာချာ ဖတ်ရှုကြည့်ပြီးနောက် ...

www.burmeseclassic.com

www.burmeseclassic.com



"သူတို့သုံးယောက်စလုံးကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၃၉၂ နဲ့ သေဒဏ်ချမှတ်ခဲ့တာပဲ"

"ဟုတ်တယ် ... ဆရာ၊ သူတို့က ရွှေကျိုတဲ့ကောင်လေးဆီမှာ ပါလာတဲ့ ရွှေချိန်နှစ်ဆယ်သားနဲ့ ကောင်လေးကိုယ်ပေါ်မှာ ဝတ်ဆင်ထားခဲ့တဲ့ ရွှေငွေ လက်ဝတ်လက်စားတွေပါ ချွတ်လုပြီး လူကို သတ်ခဲ့ကြတာပါ"

"တော်တော်ရက်စက်တဲ့ကောင်တွေပဲဗျ။ ပစ္စည်းတွေ တန်ဖိုးကလည်း နည်းနည်းနောနောမဟုတ်ဘူး"

"ဒါပေါ့ ဆရာရယ်၊ မူးယစ်ဆေးဝါးကို မသုံးစွဲရရင် မနေနိုင်အောင် စွဲလမ်းလာကြတော့ ဆေးထနေတဲ့အချိန်မှာ မျက်ကန်းတစ္ဆေ မကြောက်၊ လုပ်ချင် ရာ လုပ်သွားကြတာပါပဲ"

"အေးဗျာ ... ဒီလို လုယက်၊ လူသတ်မှုမျိုးကို အယူခံရေးပေးရမှာ လွယ်တော့မလွယ်ဘူးဗျာ"

"ဟုတ်တယ် ... ဆရာ၊ ကျွန်တော်လည်း သူတို့အယူခံနှင့်ပတ်သက်ပြီး စီရင်ထုံးတွေ ဥပဒေအကိုးအကားတွေရှာဖွေပြီး တတ်နိုင်သမျှ အကောင်းဆုံးဖြစ် အောင် ရေးပေးရမှာပဲ"

ကျွန်ုပ်သည် အောင်ဇော်တို့အမှုတွဲသုံးယောက်အတွက် အယူခံကိစ္စကို ကြိုးစားပမ်းစားရေးပေးနိုင်ရန် တရားဥပဒေစီရင်ထုံးများနှင့် ရာဇသတ်ကြီးဥပဒေ စာအုပ်များကို ရှာဖွေဖတ်ရှုကာ မည်သို့မည်ပုံရေးသားရမည်ကို ကြံစည်တွေးတော နေခဲ့လေသည်။ ဒါကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ နှင့် ၃၉၂ တို့နှင့် သက်ဆိုင်သော အခန်းကဏ္ဍကို လေ့လာဖတ်ရှုကြည့်နေလေသည်။

ပုဒ်မ ၃၀၂ ။ ။ မည်သူမဆို လူသတ်မှု (ပုဒ်မ ၃၀၀) ကို ကျူးလွန်လျှင် ဤ ပုဒ်မအရ ပြစ်ဒဏ်ထိုက်သည်။ ပထမပိုင်း-ဒုတိယပိုင်းဟု ခွဲခြားခြင်းရှိသည်။

ပထမပိုင်း

(က) ကျူးလွန်သူသည်

| | |
|---|---|
| ကျွန်းဒဏ်ခံနေရသူဖြစ်လျှင် | လူသတ်မှုကိုကျူးလွန်လျှင် |
| (ခ) တင်ကူးကြံရွယ်ခြင်းရှိသူဖြစ်လျှင် | သေဒဏ်၊ ငွေဒဏ်ခံရသည် |
| (ဂ) ရနှစ်ခံထိုက်သည့် ပြစ်မှုကျူးလွန်နေစဉ် | |

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယပိုင်း

အခြားလူသတ်မှုဖြစ်လျှင် ကျွန်း (သို့မဟုတ်) ၁၀ နှစ်။

ရှင်းလင်းချက် – ပြုလုပ်မှုတစ်ခုသည် တင်ကူးကြံရွယ်သော ပြုလုပ်မှုဖြစ်သည်၊ မဖြစ်သည်ဆိုသော အချက်မှာ ကြောင်းခြင်းရာပြဿနာဖြစ်သည်။

ပုဒ်မ–၃၀၂ ။ ။ လုယက်မှုအတွက်ပြစ်ဒဏ်

ရိုးရိုးပထမပိုင်း (၁၀) နှစ်၊ ငွေဒဏ်
ပြည်သူသွားရာလမ်းတွင်
နေဝင်နေထွက်
} ဒုတိယပိုင်း (၁၄) နှစ်၊ငွေဒဏ်

ဟူ၍ ဖော်ပြထားလေသည်။ ယခု ကျူးလွန်လာခဲ့ကြသော အောင်ဇော်နှင့် အပေါင်းပါတို့သည် နေ့ခင်းကြောင်တောင် အများပြည်သူ သွားလာရာလမ်းပေါ်တွင် မှုခင်းတစ်ခုကို တင်ကူးကြံရွယ်ချက်ဖြင့် ပြစ်မှုကို ကျူးလွန်လာခဲ့ကြခြင်းဖြစ်သည်။

ကျွန်ုပ်လည်း သေဒဏ်ချမှတ်ခြင်းခံရသော အောင်ဇော်တို့အဖွဲ့အား သေဒဏ်မှ လွတ်မြောက်ပြီး အခြားတစ်သက်တစ်ကျွန်းပြစ်ဒဏ်သို့ ပြောင်းလဲပြင်ဆင်နိုင်ရန် အထက်ပါရာဇသတ်ကြီးဥပဒေပါပြစ်မှုနှင့် ပြစ်ဒဏ်ကို အသေးစိတ်လေ့လာဖတ်ရှုနေသည်။

ကျွန်ုပ်သည် အယူခံလွှာကို ဗဟိုတရားရုံးသို့ ဝင်ရောက်နိုင်ရန် အကောင်းဆုံး အခြေအနေသို့ရောက်အောင် ဥပဒေရှုထောင့်မှ ကိုးကားတင်ပြကာ ရေးသားတင်သွင်းခဲ့ရလေသည်။

ဤကဲ့သို့ သေဒဏ်ကျခံနေရသော ကြိုးသမားများအတွက် အယူခံကို ရေးပေးရသည်မှာ လွယ်တော့မလွယ်ပေ။ မိမိတို့ ကျူးလွန်လာသော ပြစ်မှုကြီးမှာလည်း အမှုသွားအမှုလာအရ အခြေအနေမှာမကောင်းပေ။ သို့သော်လည်း ဘရားကို နတ်စောင့်သည်ဆိုသောစကားနှင့်အညီ အစွမ်းကုန်ကြိုးစား၍ အကောင်းဆုံးဖြစ်အောင် ရေးသားပေးရခြင်းသာ ဖြစ်ပေသည်။

သို့သော်လည်း ကံကြမ္မာဆိုသည်မှာ မှန်းဆ၍မရနိုင်ကောင်းပါ။ ကျွန်ုပ် အယူခံဝင်ထားသည့်အယူခံလွှာကို ဗဟိုတရားရုံးမှ ပလပ်ခြင်းခံလိုက်ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ကြိုးသမားတို့၏ ကံကြမ္မာကို ကံတရားကပင် ဆန်းကြယ်စွာ ပြောင်းလဲသွားပြန်လေတော့သည်။ ယင်းမှာ စောဒကမှု ဆက်လက်တင်သွင်းထားနေဆဲအချိန်မှာ နိုင်ငံတော်လွတ်ငြိမ်းချမ်းသာခွင့် ပေါ်ထွက်လာလေသည်။

ထိုအခါ ကြိုးတိုက်ခန်းထဲဝယ် အယူခံတင်သွင်းထားကြသော ကြိုးသမားအားလုံးသည် တစ်သက်တစ်ကျွန်းပြစ်ဒဏ်သို့ ပြောင်းလဲပြင်ဆင်ခြင်း ခံရသည်ကြောင့် ကြိုးတိုက်ထဲမှ အားလုံးလွတ်မြောက်သွားနိုင်ခဲ့လေသည်။

ယခုလို သေဒဏ်ချမှတ်ခြင်းခံနေရာမှ လက်မတင်လေး ကံကြမ္မာက ပြောင်းလဲပြင်ဆင်ပေးခဲ့ခြင်း ဖြစ်ပါသည်။

"ကိုကျောက်တံရေ ... ကြိုးသမားတွေအတွက်တော့ ကံကောင်းထောက်မစွာ သေကံမရောက် သက်မပျောက်ဘဲ သေဘေးကနေ သီသီလေးပဲ လွတ်မြောက်သွားကြပြီပေါ့ဗျာ"

"ဟုတ်ပါတယ် ... ဆရာ၊ သူတို့ ပြစ်မှုတွေကလည်း ရက်[illegible] လုပ်ကြံသတ်ဖြတ်လာခဲ့ကြပေမဲ့ ကံတရားက ကယ်မ[illegible]လို့ အယူခံဝင်ထားတာ။ အခြေအနေ မကောင်းခဲ့ကြသူတွေမှာ ကံကောင်[illegible]ပဲခံရှာ"

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ဗျာ။ ကျုပ်တို့ ဝန်ထမ်းတွေ[illegible]ကလည်း ခုလို ကြိုးသမားအားလုံး သေဘေးက လွတ်မြောက်သွားမှလည်း ကြိုးပေးစီရင်ရမယ့် ဝဋ်ကကျွတ်သွားတာပေါ့"

"ဒါပေါ့ ဆရာ၊ လူဆိုတာ သေမိန့်ကျထားပေမဲ့လည်း သေနေ့စေ့မှ သေကြရတာပါ"

"ကဲ ... ကျုပ်လည်း ကြိုးတိုက်ခန်းထဲက ကြိုးသမားတွေကို ဝမ်းသာသွားအောင် ကြိုးတိုက်ထဲသွားပြောရဦးမယ်။ ခင်ဗျားလည်း လိုက်ခဲ့ပေါ့ဗျာ"

"ဟုတ်ကဲ့ ... ဆရာ"

ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးသည် ကြိုးတိုက်ခန်းလေးထဲဝယ် မျှော်လင့်ချက်ရောင်ခြည် ကင်းမဲ့နေရှာသော ကြိုးသမားများအား စိတ်ဓာတ်ကျနေရာမှ ခုလို လွတ်ငြိမ်းချမ်းသာခွင့်သတင်းကို ကြားသိစေရန် သွားရောက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ကြိုးတိုက်ခန်းလေးထဲဝယ် တိတ်ဆိတ်ငြိမ်သက်နေသည်။ လူတိုင်းမှာ သေမင်းခေါ်မည့်အချိန်ကို အားငယ်စိတ်လျှော့ကာ စိတ်ဓာတ် ပြိုဆင်းနေကြလေသည်။

ထောင်မှူးလေးမှ ကြိုးတိုက်ခန်းလေးထဲရှိ ကြိုးသမားအားလုံးကို ခုလို လွတ်ငြိမ်းချမ်းသာခွင့် အမိန့်စာကို ဖတ်ပြလိုက်သောအခါ အံ့သြဝမ်းသာစွာဖြင့် ပျော်ရွှင်မြူးတူးကခုန်နေကြသူများရှိသလို မထင်မှတ်သော ကံအကြောင်းတရား၏ အပြောင်းအလဲကို ကြားသိရသဖြင့် စိတ်မနိုင်ကြသူများမှာ အံ့အားသင့် ငိုကြွေးနေကြသူများလည်း ရှိလေသည်။

"ကဲ ... အားလုံးပဲ ခင်ဗျားတို့ကို ဘုရားသခင်က စောင့်ရှောက်ပေးလို့ သေမင်းနှုတ်ခမ်းဝကနေ သီသီလေး လွတ်သွားကြရတယ်လို့ အောက်မေ့ကြပေတော့"

"ဟေး ... ဝမ်းစမိုးကွ ... ဟား ... ဟား"

ကြိုးတိုက်ခန်းလေးထဲဝယ် ကြိုးသမားအားလုံး၏ ပျော်ရွှင်မြူးထူးစွာ ကခုန်အော်ဟစ်နေသံများက ဟိန်းဟိန်းထအောင် ဆူညံသွားလေသည်။

ကျွန်ုပ်လည်း ယခုလို ကြိုးသမားများအတွက် အယူခံလွှာကို ခက်ရာခက်ဆစ် ရေးသားတင်သွင်းထားခဲ့သော်လည်း မျှော်လင့်ချက်မရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းနေချိန်ဝယ် လွတ်ငြိမ်းချမ်းသာခွင့်အမိန့် မမျှော်လင့်ဘဲ ပေါ်ထွက်လာခဲ့သဖြင့် ကြိုးသမားတို့၏ အပျော်များက ကျွန်ုပ်၏ နှလုံးအိမ်ထိ ထိုးဖောက်စိမ့်ဝင်လာနေခဲ့တော့သည်။

တကယ်တော့ သေခြင်းတရားဟူသည် ရှောင်လွှဲမရနိုင်သော်လည်း သေဒဏ်အမိန့်ကို အားငယ်စိုးထိတ်စွာ စောင့်စားနေရချိန်ဝယ် ကံကြမ္မာသည် အရာရာကို ပြောင်းလဲပြင်ဆင်သွားခဲ့သည်သာ ဖြစ်ပါတော့သတည်း။

☼ ☼ ☼

စိုးတြဲအောင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



**အန္တိမလားရာ**

မန္တလေးမြို့တော်ကို မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေ နေရေးအတွက် ဘက်စုံတဟုန်ထိုး အကောင်အထည်ဖော် လုပ်ဆောင်နေပါသည်။

တစ်ချိန်က မန္တလေးမြို့လယ်၊ မြို့တွင်း၊ မြို့ပြင်သင်္ချိုင်းများတွင် လွန်ခဲ့သည့် တစ်နှစ်ကျော်ကျော်ကပင် သင်္ဂြိုဟ်မြေမြှုပ်ခြင်းကို ခွင့်မပြုတော့ပါ။ ၁၉၉၁ ခုနှစ်က မန္တလေးမြို့အဝင် ရန်ကုန်–မန္တလေးကားလမ်းဘေး မန္တလေး လေယာဉ်ကွင်းမြောက်ဘက် ဆင်ဖြူကန် မြန်မာသင်္ချိုင်းကို လုံးဝဖယ်ရှားဖျက်သိမ်းခဲ့ပြီး ဖြစ်သည်။ ရှာဟိုင်းသုသာန်ကိုလည်း ၁၉၉၄–ခုနှစ်၊ မတ် (၂၀) တွင် ဖယ်ရှားရှင်းလင်းခဲ့သည်။

မတ်လ (၂၅) ရက်နေ့က မန္တလေးအောင်မြေသာစံမြို့နယ်၊ သီရိမင်္ဂလာအရှေ့ရပ်ရှိ အုတ်သျှစ်ကုန်း မွတ်စလင်သင်္ချိုင်းကို ဖျက်သိမ်းပြီးနောက် သက်ဆိုင်ရာ တာဝန်ရှိသူများက မပြင်အပ်သော ဝေနေယျသတ္တဝါအပေါင်းတို့အား ကားပေါ်တင်ပြီး မန္တလေးနှင့် (၁၅)မိုင်ခန့်ဝေးသည့် ကြာနီကန်သုသာန်သို့ ပို့ဆောင်ခဲ့ပြီး ဖြစ်သည်။

မန္တလေးမောင်ယဉ်အေး

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

တစ်လောလေးက တစ်မိုးတွင်းလုံး ခြသံပေးနေခဲ့သည့် စာအုပ်သေတ္တာများ၊ စာအုပ်ထုပ်များ၊ စာအုပ်ပုံများကို တခုတ်တရ ရှင်းရလင်းရသည်။ နာဂစ်ဆိုသော ပန်းပွင့်ကလေးဖြင့် ပစ်ပေါက် ကလူကျီစယ်မှုခံခဲ့ရလေသော ကျွန်တော့်ချစ်သူ စာအုပ်များမှာ ပုံပျက်ပန်းပျက် ဒဏ်ချက်ပြင်းလှချည့်။ ဘယ်လိုမျှ သုံးမရနိုင်တော့သဖြင့် နမြောစုပ်တသပ်သပ် တသသဖြစ်လျက် လွှင့်ပစ်လိုက်ရသည်က သုံးပုံတစ်ပုံ။ ကျန်တစ်ပုံကလည်း ဖြတ်ညှပ်ကပ်စနစ်ဖြင့် ဖာဖာထေးထေး ပြုပြင်ဖုံးအုပ်ထားရသည်။ လက်ကျန်တစ်ပုံ၌ပင် တင်းပြည့်ကျပ်ပြည့် ဒဏ်ရာမစင်ချင်။ ရှင်းရင်းဖွရင်းက စိတ်မောလွန်းလှ၍ ရေနွေးကြမ်းတစ်အိုး ဘေးတွင်ချကာ ဟိုကသည်က ထွက်လာသည့်စာတိုပေစကလေးများကို ကောက်ယူဖတ်နေမိတော့သည်။

ကျွန်တော့် လုပ်ငန်းဒိုင်ယာရီ အဟောင်းကလေးထဲမှ စာရွက်ဖြတ်စကလေးတွေ ပြောခနဲသွန်ကျလာ၏။ တယုတယ ကောက်ယူလျက် အတိုင်ပင်ဟောင်း

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်ခဲ့လေပြီးဖြစ်သော သေသူတို့၏ ဝိညာဉ်များနှင့်လည်း ချက်ချင်းလက်ငင်း ပက်ပင်းကြီး မျက်နှာချင်းဆိုင်ရမည့်ကိစ္စ။ အလုပ်အကိုင် အစီအမံ အပေါက်အလမ်း မတည့်ခဲ့လျှင် တစ်ချီတည်းနှင့် ချောက်ပေါက်တိုး၍ ပွဲသိမ်းခရာသံပင် မမှုတ်လိုက်ရဘဲ အောင်ဖျာလိပ်ရမည့်ကိစ္စ။

ချက်ချင်းပင် အာခေါင်တွေခြောက်၍ ရင်တွေပူလာသည်။

ဆံစပ်က နားသယ်မွေး သုံးလေးမျှင်ပင် နေ့ချင်းညချင်း ဖြူကုန်ပြီထင့်။ ဝိုး ... စိတ်မောစရာ။

ဝေမာနိကဘုံသား ပရလောကမှ သရဲတစ္ဆေ၊ ပြိတ္တာ၊ မှင်စာတွေကို လက်ရှိနေရာမှသည် မန္တလေးမြို့ရဲ့ အရှေ့မြောက်ဘက် (၁၅)မိုင်ခန့်အကွာ အသစ်တည်ပြီး ကြာနီကန်သုသာန်သို့ ရွှေ့ပြောင်းပေးရမတဲ့။

ကိုင်း ... မည်သို့ရှိကြပါလေစ။ ကြုံဖူးကြားဖူးကြပါရဲ့လား။

ဤလောကီဘုံအနှမ်း၌ အိမ်ထောင်ပြောင်းရွှေ့၊ ဝန်ထမ်းပြောင်းရွှေ့၊ ဌာနပြောင်းရွှေ့၊ မြို့ရွာပြောင်းရွှေ့ စသည့်-စသည့် ဟိုရွှေ့သည်ပြောင်း သည်ပြောင်းဟိုရွှေ့ သည်အလေ့အလာတွေက ဘာမျှမဆန်း။ ကြုံဖူးပြီးသား၊ ကြားဖူးပြီးသား။ ကြုံနေရဆဲ ကြားနေရဆဲ။ ကြုံရဦးမည်။ ကြားရဦးမည်။ ယခုတော့ဖြင့် သည်သို့မဟုတ်ပေါင်ပါ။ တစ္ဆေသရဲတွေကို နေရာပြောင်းပေးရမည်တဲ့။ အံ့သြစရာလေတည့်မှ ကုန်နိုင်ဖွယ်။

ယခုလက်ငင်း ကိုယ်တွေ့ကိုယ်ကြုံ ကျွန်တော်တို့ လုပ်ကိုင်နေရသည့် အလုပ်ကပင် မန္တလေးမြို့၏ အဓိကရမြောက်ပြင်၊ အိုးဘိုရပ်ရှိ ခံကုန်းသုသာန်နှင့် မီးသင်္ဂြိုဟ်စက်ကြီးအား စနစ်တကျ ဖယ်ရှားရှင်းလင်း၍ မန္တလေးနန်းမြို့ကြီးထဲမှ အကျဉ်းထောင်ဟောင်းကြီးမှ အကျဉ်းသားများကို ပြောင်းရွှေ့နေရာချထားပေးနိုင်ရေးအတွက် ဗဟိုအကျဉ်းထောင် အသစ်ကြီးနှင့် အုပ်ချုပ်မှုအဆောက်အအုံများကို တက်သုတ်ရိုက်ဆောက်လုပ်ရန် စီမံကိန်းကြီး ဖြစ်နေသည်။

ခံကုန်းသုသာန်ကြီးက ကြာလေလှပြီ။ အိုလှ ဟောင်းလှပြီ။

ရွှာနေပြည်ထိုင် ရှေ့မီနောက်မီ သက်ကြီးဝါကြီးများ၏ ပါးစပ်ရာဇဝင်အရပင် သမနိရှည်လှပြီ။ သည်သုသာန်၏ မီးသင်္ဂြိုဟ်စက်ကြီးဘေး၊ အသုဘရှု ပရိတ်တရားတော်နာကြရသည့် အလျားပေ ၈၀၊ အနံပေ ၃၀ ရှိ သံကူကွန်ကရစ်တစ်ထပ်အုတ်တိုက် ဓမ္မသာလာကြီး၏ဦးထိပ်၌ အရိုးအိုးစေတီတော်မြင့်ကြီးတစ်ဆူ

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ သီပေါမင်းတရားကြီး၏ အဂ္ဂမဟေသီ စုဖုရားလတ်မိဖုရား ကိုးကွယ်သည့် ညောင်ကန်ဆရာတော်ဦးပိုး (ပြည်ဆရာတော်) ၏ အရိုးအိုးစေတီဟု ဆိုကြသည်။ ဆရာတော် ဘုန်းကြီးဘုရား ပျံလွန်တော်မူ၍ ခန္ဓာဝန်ချလေလျှင် နောက်ဆုံး မီးသင်္ဂြိုဟ်ပူဇော်သည့် အန္တိမအဂ္ဂိစျာပနသဘင်ကို ဤခံကုန်းသုသာန်မြေပေါ်၌ ကျင်းပခဲ့ပြီး အရိုးတော်ကောက်၍ အထိမ်းအမှတ်စေတီ တည်ထားကိုးကွယ်ခဲ့သည်တဲ့။ သည်စကား မှန်ကန်ကြောင်း လက်တွေ့မျက်တွေ့ အထောက်အထားများကလည်း ထုနှင့်ထည်နှင့် ရှိနေနှင့်သည်။ တောင်နန်းမတော်ဘုရား၊ မြောက်နန်းမတော်ဘုရားတဲ့။ ရတနာပုံခေတ်မီ ဗိသုကာလက်ရာဟန်နှင့် ဉာဏ်တော် ၄၅ ပေခန့်ရှိ စေတီတော်မြတ်ကြီးနှစ်ဆူက ထီးထီးမားမားကြီး ရှိ၍နေသည်။ မဟာဆီ မဟာသွေးတော်ဝင်နွယ်များပေမို့ သုသာန်မြေသို့ ခြေမချစကောင်း။ ကိုးကွယ်ရာဘုန်းကြီးဘုရား၏ အရိုးအိုးလွမ်းစေတီကို ပူဇော်ကန်တော့ရန် သုသာန်မြေနှင့် ခပ်လှမ်းလှမ်း တစ်မျှော်လောက်၌ ထိုစေတီကြီးများတည်ကာ နှစ်စဉ် ဝါဝင်ဝါထွက်နှင့် ပူဇော်ကန်တော့မြဲ ထုံးစံပါတဲ့။ သည်တော့ ရတနာပုံခေတ်ကပင်လျှင် သည်ခံကုန်းသုသာန်ကြီးက တည်ရှိနေခဲ့ပြီဟု ဆိုရာသည်။ သည်သို့ယူသော် ရကောင်း၏။

ပြီးလျှင် မီးသင်္ဂြိုဟ်စက်ကြီး။

မန္တလေးတစ်မြို့လုံး သေရေးခက်ခက်အတွက် အားကိုးအားထားပြုရာဌာနကြီး။ သည်ဘက်ခေတ် ၁၉၅၀ ဝန်းကျင်တွင် ပုဂ္ဂလိကတစ်ဦးတည်း အလှူဒါနရှင်ပုဂ္ဂိုလ်ကြီးတစ်ဦးက ကြီးမြတ်သော စေတနာသဒ္ဓါဖလဖြင့် တည်ဆောက်ခဲ့သည်။ အလှူရှင်က စိတ်ပြတ်သည်။ လုပ်ရပ်ကိုသာ ပဓာနပြု၍ မြို့ရွာလူထု၏ အကျိုးကိုသာ ငဲ့ခဲ့သည်။ သူ့အမည်ကိုသာ မဖော်ခဲ့ ကမ္ပည်းမထိုး၊ မော်ကွန်းမတင် ဂုဏ်မခံခဲ့။ နိုင်ငံကျော်ပြည်တော်ချစ် အထက်အညာမှ စာရေးဆရာမကြီး အမေလူထုဒေါ်အမာက 'မန္တလေးသူ မန္တလေးသားများ' စာအုပ်၌ ဖော်ထုတ်ရေးသားခဲ့၍သာ စတီးဘရားသားစာရေးကြီး၊ အသားစားရှောင်ကြဉ်ရေး အသင်းကြီး၏ ဥက္ကဋ္ဌ ဦးကျော်လှ လှူဒါန်းခဲ့ကြောင်းနှင့် ဆရာကြီး လူထုဦးလှက အထူးဝါယမစိုက် လုံ့လပြုဆောင်ရွက်ခဲ့ရကြောင်း သိကြရသည်။

ယခုခေတ်ကာလတွင်မူ အခြေအနေတွေက ပြောင်းလာသည်။ မြို့တွင်း မြို့ကွက်တွေက တိုးလာသည်။ မြို့မြေကွက်သစ်တွေ ဖော်ထုတ်ချဲ့ထွင်လာသည်။ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းကြီးတွေကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

"အဲ . . . ကျုပ် ဒကာရေ။ ဘုန်းကြီးကလည်း ငယ်ဖြူမဟုတ်။ တောထွက်ကြီး။ စာပေပရိယတ္တိဆိုတာကလည်း မကျေမညက်။ ကိုယ့်အမှတ်အသား တရားနှလုံးသွင်းလေးနဲ့သာ ကိုယ်ပျော်မွေ့နေတာဆိုတော့လည်း ခက်သား။ အင်း . . . ပရဘုံသား၊ ပေတဂတိလားကြရရှာတဲ့ ဖုတ်၊ ပြိတ္တာ၊ သရဲ၊ တစ္ဆေဆိုတာတော့ ကျုပ်တို့တွေ မမြင်သာ မကြားသာ။ မြင်ခွင့်ကြားခွင့်မရကြပေမဲ့လည်း သူ့လောကနဲ့ သူတော့ ရှိနေကြတာ ဘုရားဟောပါဠိတော်တွေထဲမှာ တိတိလင်းလင်း ရှိသားကပဲ။ လောကလူတို့ထုံးစံ သန့်ခနဲ နန့်ခနဲ ခြောက်ဟဲ့ လှန့်ဟဲ့ဆိုတဲ့ ဇာတ်လမ်းတွေကလည်း အမျိုးမျိုး။ အဖုံဖုံ ကြားဖူးနားဝ အရှိကြသားမဟုတ်လား။ သူ့အိုး၊ သူ့အိမ်၊ သူ့တို့ကမ္ဘာကို ဖျက်မယ်၊ သိမ်းမယ်ဆိုပြန်တော့လည်း မင်းမိန့်မို့ မလွန်ဆန်သာပေမဲ့ အိုးစား၊ အိမ်စားပေး၊ မြေစားသတ်မှတ် ပြောင်းရွှေ့ပေးမယ့် အစီအစဉ်ဆိုတာဟာ သဘာဝကျတဲ့ အလုပ်ကြီးဗျ။ လုပ်အပ်၊ လုပ်ထိုက်၊ လုပ်သင့်တဲ့ ကုသိုလ်အမှုကြီးရယ်။ နို့မို့ခများများမယ် တဝဲလည်လည်နဲ့ ဘယ်ဆီ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ဘယ်မှာခိုကပ်ကြရမတဲ့လဲ။ ကဲ ... သာဓုဗျာ ... သာဓု ... သာဓု။ အစိုးရမင်းများနဲ့တကွ ကျူပ်ဒကာများကို ဘုန်းကြီးက သာဓုခေါ်လိုက်ပါပေရဲ့"

ကျွန်တော် အားကိုးအားထားပြုလျက် ယာယီစခန်းထိုင်နေရာ အောင်ချမ်းသာ (အရှေ့ကျောင်း) ဆရာတော်ကြီး ဦးပဏ္ဍိတအား ပြေး၍ရှိခိုးဦးတင်လျှောက်ထားအပူကပ်မိရ၏။ ဆရာတော်က သည်သို့ ရိုးရိုးသာမိန့်သည်။

"တင်ပါ့ဘုရား ... သာဓုက နောက်မှခေါ်ဘုရား။ ဘယ်လိုစီစဉ်ရမလဲ။ ဘယ်လိုလုပ်ရင် ကောင်းမလဲ။ အဲတာသာ အရင်စဉ်းစားပြီး လမ်းညွှန်ပါဦးဘုရား။ တပည့်တော်က အုပ်ချုပ်ရေးနဲ့ စီမံခန့်ခွဲတာတွေတော့ မဖြစ်ဖြစ်အောင်၊ မရရအောင်၊ မတတ်တတ်အောင် လုပ်နိုင်ပါရဲ့။ ဒီပရလောကကိစ္စတွေ ဂမ္ဘီရတွေတော့ အလှမ်းမမီဘူး ဘုရား။ နားဝေးတယ်"

"အေး ... အေး။ ဘုန်းကြီးလည်း လုပ်ရိုးလုပ်စဉ် ဗုဒ္ဓဘာသာသာသနာရေး သာသနာမှုဆိုရင်တော့ အနည်းအကျဉ်းတီးခေါက်မိပါရဲ့။ ဒါပေမဲ့ ဒီကိစ္စကြီးကတော့ အင်း ... ဟဲ့ ... ဉာဏော"

"ဘုရား"

"အိုးဘိုရပ်ကွက်ထဲက ဒကာကြီးဦးဝင်း သွားခေါ်ချေဟဲ့။ အပြန်မှာ အောင်ချမ်းသာရွာထဲလှည့်ဝင်ပြီး ဘိုးကံထူးနဲ့ ရဝတဉက္ကဋ္ဌ မောင်စိန်မြင့်တို့ကို ဝင်ခေါ်ခဲ့စမ်း။ သွား ... မြန်မြန်လေး"

"တင်ပါ့ ဘုရား"

ဦးပဥ္စင်းကလေး ဦးဉာဏောဘာသခမျာ နေပူလောလောကြီးထဲ ခပ်သုတ်သုတ် ထွက်သွားရ၏။ အသွားအပြန် နာရီဝက် တစ်နာရီသာသာတော့ အနည်းဆုံး အပူမိရှာပေဦးမည်။ ရွာအမှုက ဘုန်းကြီးပတ်နေလေသည်။

"အိမ်း ... ရေနွေးကြမ်းသောက်ဦး ကျုပ်ဒကာ။ မောင်ဝင်းတစ်ယောက်ကဖြင့် သည်ကိစ္စ သည်အရေးကို ဖြေရှင်းနိုင်ကောင်းပေရဲ့။ သည်လိုလေ ဒကာကြီးရဲ့။ ဒီဒကာမောင်ဝင်းဟာ မန္တလေးမြို့က မြို့တွင်း၊ မြို့ပြင်သုသာန်သင်္ချိုင်း ရှိရှိသမျှ အနှံ့လိုက်ပြီး ဝေမာနိကပြိတ္တာဘုံသားတွေကို ရည်စူးလို့ အကျွတ်အလွတ်ဒါနပြုနေတဲ့ အဖွဲ့ဝင်တစ်ဦးဗျ။ သူတို့မှာတော့ နည်းလမ်းတစ်ခုခု ရှိမယ်ထင်ပါ"

"တင်ပါ့ ဘုရား"

ရင်ပူပူကို ရေနွေးပူပူဖြင့်သာ စိမ်နေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝိညာဉ်များသည် (ပြိတ္တာ၊ တစ္ဆေ၊ သရဲ)နှင့်ပတ်သက်၍ ရှေးနှစ်ပေါင်း ခြောက်ထောင်ကျော်ကပင် စတင်လျက် ယနေ့တိုင်အောင် လူတစ်ဦးသေဆုံးပြီး သည့်နောက်တွင် ၎င်း၏ ဝိညာဉ်သည် ပြန်လည်ထွက်ပေါ်လာခြင်း ရှိ မရှိကို ဆုံးဖြတ်ခြင်း မပြုနိုင်သေးပေ။ ပါးစပ်မှသာ မရှိသည့်ဘက်မှ ငြင်းခုံကြသော်လည်း စိတ်ထဲကမူ ဝိညာဉ်များရှိသည်ဟု အားလုံးမှ ယူဆထားကြသည်" တဲ့။

အောက်စဖို့ဒ်အင်္ဂလိပ်အဘိဓာန်တွင်လည်း ဤသို့အဓိပ္ပာယ်ဖွင့်၏။

"လူသား၏ ခန္ဓာကိုယ်မှ သီးခြားဖြစ်သော ရုပ်ဝတ္ထုမဟုတ်သည့် စိတ် (ဝိညာဉ်)ဖြစ်၍ မြင်စွမ်းနိုင်သော ပုံပန်းသဏ္ဌာန် (သို့မဟုတ်) သက်ရှိသတ္တဝါအား ၎င်းတို့တည်ရှိနေမှုကို သိသာထင်ရှားအောင် လုပ်ဆောင်ပြနိုင်သည့် ဝိညာဉ်ဖြစ် သည်တဲ့ ခင်ဗျာ။ ထိုပြိတ္တာ၊ တစ္ဆေ ဝိညာဉ်ဟူသည့် စကားလုံးမှာ ဆက်မွန်လူ မျိုးတို့၏ Gast/ Gest ဟူသော စကားလုံးမှ ဆင်းသက်လာသည်ဟု ဆိုပါသည်။ အင်္ဂလန်နိုင်ငံမြောက်ပိုင်းနယ်များတွင် ယခုတိုင် နာနာဘာဝ မကောင်းဆိုးဝါးများ ကို Guest ဧည့်သည်ဟု ခေါ်ဆဲဖြစ်သည်။

ဆိုချင်သည်က တစ္ဆေ၊ သရဲ၊ ဝိညာဉ်ကို သင်းတို့တွေလည်း ယုံကြည် ပေသည်ကိုး။ တစ္ဆေ၊ သရဲတို့ ပျော်မွေ့ရာ ဝိညာဉ်စံအိမ်ကြီးများပင် ရှိလေသေး သတဲ့။ ကမ္ဘာကျော်စုံထောက်ကြီး ရှားလော့ဟုမ်းကို ဖန်တီးရေးဖွဲ့ခဲ့သူ ဆာအာသာ ကိုနင်ဒွိုင်းသည်ပင်လျှင် ဝိညာဉ်လောကကို စွဲမြဲစွာယုံကြည်၍ ဝိညာဉ်ဓာတ်ပုံများ ကို တစိုက်မတ်မတ် မှတ်တမ်းတင်ခဲ့သူ ဖြစ်သည်။ ဟုတ်လည်း ဟုတ်သည့်လူ တွေ။ အံ့ဖွယ် အံ့ဖွယ်။

ဗုဒ္ဓဘာသာနယ်ပယ်တွင်မူ ပေတဂတိ (ပြိတ္တာဘုံဘဝ) နှင့် ပရဘုံ လောကသားတွေကို မှတ်တမ်းတင်ရေးသားချက်များ၊ ပါဠိတော်လာ အကြောင်း အတ္ထုပ္ပတ္တိများ များလှစွာသည်။ စေ့သွန်ရာ ညွန်းဖွဲ့၍ပင် ကုန်နိုင်အံ့မထင်။

ကျွန်တော်တို့က ဝိညာဉ် (တစ္ဆေ)ရှိခြင်း၊ မရှိခြင်း၌ အာရုံမကပ်ပြီ။ မိမိ ထမ်းရွက်ရမည့် လက်ငင်းတာဝန်၏ သဘောကိုလိုက်၍ သင့်ရာသင့်ရာ ဆုံးမပေ သော မိုးထိဆရာတော်ဘုရားကြီး ဦးဉာဏဘုရား၏ စကားတော်၌သာ သက်ဝင် မိသည်။ သည်သို့သာပါ။

"ဒကာကြီးရေ ... ပေတဂတိလို့ခေါ်တဲ့ ဝေမာနိက ဘုံဘဝရောက်နေ ကြရရှာတဲ့ သရဲ၊ ပြိတ္တာ၊ တစ္ဆေ မြေဘုတ်ဘီလူး၊ မှင်စာ (ကျတ်တစ္ဆေ)တွေ့ ဘဝ၊

www.burmeseclassic.com

www.burmeseclassic.com



ဘဝတွေဟာ တကယ်တော့ ဂမ္ဘီရကိစ္စမဟုတ်ဘူးကွယ့်။ ဖြစ်ရိုးဖြစ်စဉ်၊ ရှိရိုးရှိစဉ် ဘုံဘဝကလေးတစ်ခုမျှသာပဲ။ တို့များ လူ့ဘဝ လူ့လောကနဲ့ အသီးအခြားဖြစ်နေလို့ ထူးထွေအံ့သြနေကြတာ။ ဂမ္ဘီရ ဂမ္ဘီရဆိုတာ အင်မတန်ကျယ်ဝန်းနက်ရှိုင်းတဲ့ နိဗ္ဗာန်ကိစ္စမှာသာ ကျက်စားရာဖြစ်သတဲ့။ ရမ်းရမ်းပြီး ပြောမနေကြနဲ့။

"နောက်ရှိသေးတယ်၊ မင်းတို့အလွဲကြီး လွဲနေတာတစ်ခု။ သရဲတစ္ဆေဆိုတာ ကြောက်စရာမဟုတ်ဘူးဟဲ့။ သနားရမှာ သနားကြရမှာ။ စုတေစိတ်ကျခါနီး အာရုံနိမိတ် အစွဲအလမ်းများလို့ ကိုယ့်ထက်နိမ့်ကျတဲ့ အောက်ဘုံတွေမှာ ကူသူမဲ့ ကယ်သူမဲ့ ခိုကိုးရာမဲ့ ပြေးလွှားကျင်လည်နေရရှာတဲ့ ဒီဝေမာနိက ဘုံသားတွေခမျာ တို့လူ့ဘုံ လူ့လောကကို တည်မှီပြီး စားရသောက်ရသည်။ ကုသိုလ်နှလုံးသွင်းမှန်အောင် အကူအညီယူခွင့်ရကြတယ်။ သူတို့ကို ရည်စူးရည်မှန်းတဲ့ ကုသိုလ်အဖို့ကို အနုမောဒနာပြုခွင့်ရကြရင် ကောင်းရာသုဂတိဘုံကို လားကြရောက်ကြရတယ်။ ကျွတ်ကြ လွတ်ကြရတယ်။ ဒါကြောင့် ခိုကိုးရာမဲ့ ဒီပရဘုံသားတွေကို ခိုနားစရာ နေရာထိုင်ခင်း တကူးတက စီစဉ်နေရာချပေးတာဟာ ကုသိုလ်ရလှချည့်ပေါ့ဗျာ။ နတ်လူသာဓုခေါ်ချင်စရာချည်း။ ပိုပြီး ပြည့်စုံသွားအောင် သင့်တော်တဲ့ ရက်တစ်ရက်မှာ အကျွတ်အလွတ် ဒါနပွဲလေးပါ လုပ်ကြကွယ့်။ ဘုန်းကြီးဦးပဏ္ဍိကို ပင့်ခိုင်းလိုက်၊ တို့များလည်း ကြွလာပြီး ကုသိုလ်ယူဦးမယ်။ သာဓုကွယ် ... သာဓု ... သာဓု"

ဤသို့ဖြင့်သာလျှင် မိမိ၏ အလုပ်အပေါ် ယုံကြည်ရဲရင့်နိုင်ခဲ့ပါသည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါး၌ အညစ်အကြေးမတင်၊ ဖြူစင်လွန်းသည့် ကုသိုလ်မှုတွေဟု ဘဝင်ကျနိုင်ခဲ့ပါလေသည်။

၁၉၉၂-ခုနှစ်၊ ဇူလိုင် ၂၄။

မြင်းခြံမြို့မှ ဆရာအောင်နှင့် ဆရာတော်ဦးဇောတိပါလတို့ ကြွလာကြသည်။ အဘဦးဝင်း၏ ဆက်သွယ်ပေးမှုဖြင့် သုသာန်၊ သင်္ချိုင်းများ ဖျက်သိမ်းပြောင်းရွှေ့ရာတွင် အစစ စနစ်ကျနစေရန်နှင့် သရဲတစ္ဆေ ဘုတ် ပြိတ္တာများကို သင့်ရာတော်ရာ ပြောင်းရွှေ့ပို့ဆောင် ကုသိုလ်ယူရာ၌ ဦးစီးဦးဆောင်ပြုမည့် ဆရာနှစ်ပါးပင်။ အောင်ချမ်းသာကျေးရွာ အရှေ့ကျောင်း၌ နေရာထိုင်ခင်း စီစဉ်ကြရပါ၏။ ဆရာတော် ဦးပဏ္ဍိတက အစစအရာရာ ကူညီပံ့ပိုးပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဒကာကြီးရေ ... ကျုပ်တို့ ဝေယျာဝစ္စတွေအတွက် သိပ်အာရုံမထားနဲ့။ ဘုန်းကြီးတို့လည်း ကုသိုလ်ရှာယူနေရတာပဲ။ ခဏကလေး နားပြီးတာနဲ့ အလုပ်စလုပ်ကြရအောင်။ ဒကာကြီးမှာ ကားတော့ အဆင်သင့်ရှိရဲ့ မဟုတ်လား"

"တင်ပါ့၊ ဘယ်လိုကားမျိုးပါလဲ ဘုရား"

"အခုလောလောဆယ်က ဂျစ်ကားလိုမျိုး ကားသေးသေးတစ်စင်းနဲ့ အသုံးချဲ့စက်ပဲ လိုတယ်ဗျ။ နောက်သုံးရက်မှာတော့ ကုန်တင်ကားကြီး လေးငါးစီးလိုလိမ့်မယ်"

"တင်ပါ့ စီစဉ်လို့ရပါတယ် ဘုရား။ ဘယ်အချိန် အသုံးပြုမှာပါလဲ ဘုရား"

"ဒီကနေ့တော့ ညနေသုံးနာရီလောက်ကတည်းက စကြရမှာပဲဗျ။ ဒီသုသာန်မြေပေါ်မှာ ခိုကြ၊ မှီကြ၊ သိုက်မြုံဖွဲ့နေကြတဲ့ ဝေမာနိကဘုံသားတွေကို အရင် အသိပေးထားရမယ်လေ။ သူတို့တွေကို ကြာနီကန်သုသာန်ကို ပြောင်းရွှေ့မယ့်အကြောင်းပေါ့။ ဒီတော့မှ သူတို့တွေလည်း သိပြီး ပြင်ဆင်နိုင်မှာပေါ့။ သူတို့ကို လက်ခံနေရာချထားမယ့် ကြာနီကန်သုသာန်မှာရော ကြိုကြိုတင်တင် သူတို့အတွက် မြေနေရာ တောင်းခံစီစဉ်ထားပြီးပြီလား။ အဲဒါလည်း မင်းမိန့်နဲ့ တရားဝင်ဖြစ်ရမယ်နော်။ ဒီက ပြောင်းပေး ပို့ပေးပြီးမှ ဟိုလက်ခံမယ့်နေရာမှာ မင်းမိန့်ပြန်မထားရင် ခများများ ဒုက္ခရောက်ကြပေလိမ့်မယ်"

"ဩော် ... ဒုက္ခ ... ဒုက္ခ။ နာနာဘာဝ ဝိနာဘာဝ ပရဘုံသားတွေမှာလည်း တို့လိုပဲ ပုံစံ (၁၀)တွေ၊ သန်းခေါင်စာရင်းတွေများ ရှိနေကြသေးသလား မသိပါဘူး"ဟု အတွေးဝင်ကာ တစ်ကိုယ်တည်းပင် ပြုံးမိရသည်။ ဆရာတော် ဦးဇောတိပါလကလည်း ကျွန်တော့်အတွေးကို ရိပ်မိဟန်တူ၏။

"ဒကာထောင်မှူးကြီးရေ ... ဘုန်းကြီးတို့က ဇာချဲ့တယ်လည်း မထင်နဲ့ဗျ။ သူတို့မှာလည်း သူတို့ဘုံ သူတို့ဘဝ၊ သူတို့စည်းကမ်းကလေးတွေရှိရဲ့။ အထက်အထက်ဘုံတွေက အောက်အောက်ဘုံသားတွေကို အဆင့်ဆင့်ချုပ်ကိုင်လွှမ်းမိုးနိုင်ကြတယ်။ လောကဋ္ဌ ကိုးကွယ်အားထားရာ မိုဒိုကပ်ရောက်အပ်သော ပုဂ္ဂိုလ်များကို ဒေဝနတ်ဟု ဆိုအပ်၏တဲ့ဗျ။ ဒါကြောင့် ဥပပတ္တိနတ်ခေါ်တဲ့ နတ်ပြည်သာမက လောကလူများအားထားကိုးစားရာ မင်း၊ ရဟန္တာများကိုလည်း သမ္မုတိ


www.burmeseclassic.com

www.burmeseclassic.com



နတ်၊ ဝိသုဒ္ဓိနတ်လို့ ခေါ်တာပေါ့။ ကျုပ်တို့ လက်ရှိအလုပ်က လောကသမ္မုတိနတ်ဖြစ်တဲ့ အစိုးရမင်းများရဲ့ အမိန့်အာဏာကို တည်စေပြီးမှသာ ဆောင်ရွက်လို့ရမှာကလား"

"တင်ပါ့ အားလုံးအချိန်မီ အဆင်သင့်ဖြစ်အောင် တပည့်တော် စီစဉ်ပါ့မယ် ဘုရား'

"အေး ... အေး ... သာဓု ... သာဓု ... သာဓု"

"သူတို့ကို အမိန့်စာပြန်ရဦးမှာလား ဘုရား"

တကယ်ပင်မသိ၍ မေးမိရခြင်း ဖြစ်ပါလေသည်။ ကျွန်တော်တို့ ဝန်ထမ်းဘဝ၌ အကြောင်းတစ်စုံတစ်ရာကြောင့် ဝန်ထမ်းဘဝဖြင့် တာဝန်ထမ်းဆောင်ဆဲသေလွန်ခဲ့သူများအား ဌာနမှ ထုတ်ပယ်သည့်အမိန့်စာ၊ သွားလိုရာသို့ လွတ်လွတ်လပ်လပ် သွားနိုင်ကြောင်း အမိန့်စာကို တရားဝင်ထုတ်ပြန်ပေးရပါ၏။ အကျဉ်းသား အချုပ်သားများ ကွယ်လွန်လျှင်လည်း ထိုနည်းလည်းကောင်း။ ယင်းကိစ္စကို သတိရမိ၍ စိတ်ရှင်းအောင် မေးရခြင်းဖြစ်သည်။

"ဒီကနေ့တော့ ဘုန်းကြီးကပဲ မေတ္တာနဲ့ ပန်ကြားမှာပါ။ သုံးရက်ပြည့်တဲ့နေ့ ညနေမှ တကယ်ပြောင်းရွှေ့တော့မယ့် အချိန်ကျရင်တော့ ဒကာထောင်မှူးကြီးကိုယ်တိုင် အစိုးရမင်းများရဲ့ အမိန့်စာကို တရားဝင်ဖတ်ကြားပြီး အမိန့်ပြန်ပေးရမယ်ဗျ။ ဒါမှလည်း အာဏာစက်တည်မယ်လေ"

"တင်ပါ့"

ကြုံလေဖူးမှသာ ယုံချင်စဖွယ်ပါ ခင်ဗျာ။

လူသူလေးပါးကင်းဝေးသော သုသာန်သင်္ချိုင်းမြေ ဧက (၂၀၀) ခန့်ကွင်းထင်းထင်းပြောင်ပြောင်ကြီးထဲတွင် ဆရာတော် ဦးဇောတိပါလနှင့် ကျွန်တော်တို့အဖွဲ့က ဂျစ်ကားကလေးတစ်စီးဖြင့် ဟိုမှသည် သည်မှဟို ခေါက်တုံ့လူးလာအစုန်အဆန် လှည့်ပတ်ပြေးလျက် ဆရာတော်က အောက်ပါမေတ္တာရပ်ခံချက်ကို အသံချဲ့စက်ဖြင့် ရပ်ခံပန်ကြားနေပါတော့သည်။ ငုတ်တုတ်ကြီးထိုင်လျက် ငြိမ်ငြိမ်ဝပ်ဝပ်နာခံနေကြသည်က သင်္ချိုင်းတွင်းရှိ ဖြူနီကြောင်ကျား အလောင်းအုတ်ဂူကလေးများ။ ယာယီ အငြိမ်းစားရထားသော မီးသင်္ဂြိုဟ်စက်ကြီးက သူ့မီးခိုးခေါင်းတိုင် မည်းမည်းကြီးကို ကော့ပိုးလျက် ငေါင်းစင်းစင်းကြီးရပ်၍ ကျွန်တော်တို့လုပ်သမျှ ကြည့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခံကုန်းသုသာန်နဲ့ သုသာန်ဥပစာမှာ မှီတင်းနေထိုင်ကြတဲ့ ဝေမာနိက ဘုံသား ဒကာ၊ ဒကာမအပေါင်းတို့၊ သင်တို့ ဘုံ သင်တို့ ဗိမာန်တည်ရာ ဒီခံကုန်း သုသာန်မြေအား နိုင်ငံတော် အစိုးရမင်းများ၏ အမိန့်အရ ဖျက်သိမ်းပြီး သင် ဒကာ ဒကာမတို့အားလည်း ကြာနီကန်သုသာန်ရှိ သချိုင်းမြေတွင် ပြောင်းရွှေ့ ပေးရန် စီစဉ်ထားပြီး ဖြစ်တယ်။ ဒီကနေ့ကစ၍ နောက်သုံးရက်အကြာ ညနေပိုင်း မှာ ပြောင်းရွှေ့ပေးမှာဖြစ်လို့ ဒကာ၊ ဒကာမတို့ သိစေရန် ဘုန်းကြီးက ပြန်ကြား အသိပေးလိုက်တယ်။

"ဒီသုံးရက်အတွင်း သင်ဒကာ၊ ဒကာမတို့အား စားစရာ လှူဒါန်းပေး မှာဖြစ်ပြီး လာမယ့် (၂၇)ရက်နေ့ မနက် ဓမ္မသာလာကြီးအတွင်းမှာ အကျွတ်အလွတ် ဒါနပွဲကြီး ကျင်းပကုသိုလ်ပြုမှာဖြစ်လို့ သင် ဒကာ၊ ဒကာမအပေါင်းအား ဘုန်းကြီး က မေတ္တာရှေ့ထား ဖိတ်ကြားလိုက်တယ်"

ဆရာတော် ဦးဇောတိပါလနှင့် သူလုပ်နေပုံမြင်ကွင်းကို ရယ်စရာ ရှုး ကြောင်ကြောင်အလုပ်ဟု ထင်လိုက ထင်နိုင်ရာသည်။ သို့တစေ ဤလောက ဤကမ္ဘာ၌ ကျွန်တော်တို့ လူသားမျက်စိဖြင့် မြင်နိုင်စွမ်းမရှိသော အမနုဿတွေ၊ ပရဘုံသားတွေက အဆရာထောင် ပို၍ ပို၍ များသေးသည်တဲ့။ ကဲ . . . မြတ်စွာ ဘုရားဟော ဒေသနာတော်တွေကို မည်သို့ မျက်စိမှိတ်၍ ငြင်းနိုင်ကြမည်နည်း။

ကျွန်တော်တို့ကတော့ ရင်ထဲက နှစ်နှစ်ကာကာ ယုံကြည်စိတ်ဖြင့် လုပ် ကြသည်။

ထူးတာတွေ့ပြီးပြန်တော့ ဆန်းတာက လာချေသေးသည်။

"ဝေမာနိက အာဟာရဒါန"တဲ့။

ညနေ နေဝင်ရီတရောတွင် ဆန်ဖြူထမင်းကို အသားဟင်းတစ်ခွက်နှင့် သုသာန်မြေတွင် ကျက်စားမျိုးပေါ်ကြသော သရဲ၊ တစ္ဆေ၊ ဘုတ်၊ ပြိတ္တာ၊ မှင်စာ (ကျတ်တစ္ဆေ) တို့အား ရည်စူးလျက် ဖက်ကလေးသန့်သန့်တွင်ပုံလျက် ဖိတ် မန္တကပြု လှူဒါန်းကျွေးမွေးရခြင်း။ ဤသည်ကလည်း ခံကုန်းသုသာန်မြေအန္ဓ။

ကတ်သီးကတ်သတ်၊ ကိုးလိုးကန့်လန့် လူတချို့က "ထိုထို ဝေမာနိက ဘုံသားတွေက လှူဒါန်းထားသော အာဟာရထမင်းနှင့်ဟင်းကို တကယ်စားကြ သလား။ စားနေတာတွေရော တွေ့ရမြင်ရသလား"ဟု ကတ်ကတ်ဖွဲ့ဖွဲ့ မေးကြ သည်။ ဟုတ်ကဲ့၊ ကိုယ်တွေ့ကိုယ်ကြုံတွင်တော့ ကိုယ်ကောင်ထင်ရှား ငှက်ဘုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ထိုင်စားနေသည်ကိုမှ မတွေ့ခဲ့ရရိုး အမှန်ပါ။ သို့သော်လည်းတဲ့၊ ညနေပိုင်းက အလှူဒါနပြုထားခဲ့သည့် ထမင်းနှင့်ဟင်းတွေမှာ နောက်တစ်နေ့ နံနက်တွင်မှ ထမင်းလုံးတစ်စေ့ ဟင်းရိုးတစ်ဖတ်ပင်မကျန်အောင် တက်တက်စင်စင်ပြောင်။ သည်လောက်ကွင်းခေါင်ခေါင် အပြန့်ကျယ်ကြီး၌ ဘယ်ခွေး ဘယ်သတ္တဝါများက အရိုးအရင်းပင် မကျန်အောင် အားရပါးရ ပွဲတော်တည်ကြလေသလဲ။ စဉ်းစားရင်း အတွေးတွေ မှုးလဲချင်စရာ။ ပကတိဖြစ်ရပ်ကမူ ထိုသို့ပင် ကောန်ကြုံခဲ့ရပါလေသည်။

လေးရက်၊ လေးညတိုင်တိုင်ပင် သည်အာဟာရဒါနအလှူကို တကူးတက ကြိုးစားပြုခဲ့ကြရပါ၏။ ၂၄၊ ၂၅၊ ၂၆၊ ၂၇ လေးရက် လေးညနေ။

လူတို့ထုံးစံ ဓမ္မတာ။ အူမတောင့်မှ သီလစောင့်သည်ဆို၏ မဟုတ်လေလား။

ပရဘုံသား ကိုအဝှ၊ မအဝှာတို့အားလည်း ဗိုက်ပြည့်အောင် ဖြည့်တင်းပေး၍ ဝေးမြေခြား ခရီးမလွန်စေရအောင် ကြိုး၍ထိန်းထားခြင်းသဘောလည်း ပါလိမ့်မည်။ ဟိုမသွားရ၊ သည်မလာရ ကန့်သတ်ထားပြီးမှ အစာအာဟာရ စီစဉ်ကျွေးမွေးဖို့ကလည်း ဝတ္တရားတစ်ရပ်ဖြစ်၍နေသည် မဟုတ်ပေလား။

လာလာချေသေးတော့။

ဒုတပ်ကြပ်သံချောင်း။ ဘာသာခြား လူမျိုးခြား သူကိုးကွယ်ရာဘာသာကိုပင် စေ့စေ့ငုငု နားလည်မည့်ဟန်မမြင်။ သို့စင်လျက်၊ ယမကာနံ့ကလေး တသင်းသင်းဖြင့် မကြားနိုးနား ပြောလာချင်သေးသည်။ ဤသို့ . . .။

"အလကားပါကွာ။ အလုပ်မရှိ ကြောင်ရေချိုးနေကြတာပါ။ လူပဲဟာ သေရင် ပြီးပြီပေါ့။ ပွဲသိမ်းပြီပေါ့။ ဘာတစ္ဆေတွေ၊ သရဲတွေ ဖြစ်နေရဦးမှာလဲ။ ဖြစ်တော့ကောတဲ့။ ကိုယ်က လူပဲ၊ လူသေလို့ဖြစ်တဲ့သရဲကို ကြောက်နေရဦးမှာလား။ ကဲ . . . ပြောစမ်းပါဦး။ မင်း ဆရာတွေ တကယ်စွမ်းရင် အဲဒီသရဲတစ္ဆေတွေကို မျက်စိနဲ့ တပ်အပ်မြင်နိုင် ပြနိုင်ပါ့မလား။ သံချောင်းတို့ ဝါဒကတော့ "Seeing is believing" မြင်မှယုံမယ်ပဲ။ အေး . . . ငါကိုယ်တိုင် လက်တွေ့ မျက်တွေ့ မြင်ရတွေ့ရလို့ကတော့ မင်းတို့ ဗုဒ္ဓဘာသာထဲကိုဝင်ပြီး ဘုန်းကြီးတောင် ဝတ်လိုက်ဦးမယ်"

သည်မခိုးမခန့်စကားက လေနှယ်ပျံ့၏။

www.burmeseclassic.com

www.burmeseclassic.com



လောက၌ မျက်ကွယ်ပြုအပ်၊ လျစ်လျူရှုအပ်သည့် အရာတွေလည်း ရှိသည်။ ကြုံတုန်း တွေ့တုန်း ခဏတွင်း ချက်ချင်းရှင်းလိုက်မှ သံသယတွေ လင်းကျင်းသွားသည့်မျိုးလည်း ရှိတတ်သည်။ သံချောင်းကိစ္စကို ချက်ချင်းမငြိမ်း သတ်နိုင်ဖါက ကျွန်တော်တို့ လုပ်နေသည့်ကိစ္စကြီး၏ အနှစ်သာရသို့ မရောက်နိုင်။ လူထုတွေကိုယ်တိုင် သည်မြေ သည်ရပ်ဝန်းတွင် သံသယ ကင်းကင်းရှင်းရှင်း ခြေချနိုင်ဖို့ ခြေချရဲဖို့ အမှန်လိုအပ်နေသည်လေ။

သို့ဖြစ်၍ အနှီသူကောင့်သား ဖိုးသံချောင်းကို ခေါ်တွေ့၊ ခေါ်မေးရ၏။ သင်းကလည်း မငြင်းမကွယ်ပါ။ သင်း၏ အယူဝါဒကို ခပ်တင်းတင်းပင် ထပ်၍ ဆိုလာချေသေးတော့၏။ ကျွန်တော်က အဘဦးဝင်း၊ အဘဦးကံထူး ဥက္ကဋ္ဌနှင့် ဆရာအောင်တို့အား ကြည့်မိရတော့သည်။ သည်သတ္တဝါကို မည်သူကချွတ်ပ။

ဆရာတော်တို့က ပြုံး၍ဆိုသည်။

"ကျုပ်ဒကာလေးက တကယ့်ကို တစ္ဆေ သရဲ၊ ပြိတ္တာ၊ မှင်စာတွေကို မျက်စိနဲ့ တပ်အပ်မြင်ချင် တွေ့ချင်တာလား"

"ဟုတ်ကဲ့"

"မြင်ရပြီဆိုရင်ရော တကယ်စိတ်နှလုံးတုံးတုံးချပြီး ယုံကြည်နိုင်မှာလား"

"ဟာ ... ဒါတော့ ကိုယ့်မျက်စိကြီးနဲ့ ပက်ပင်းကြီးတွေ့မှဖြင့် ယုံပြီ ပေါ့ ဘုန်းဘုန်းရဲ့"

"ကိုင်း ... ဟုတ်ပြီ၊ သူတို့ရဲ့ ရုပ်အသွင်၊ ကိုယ်ကောင် ကိုယ်ထည်ကြီး တွေကို တကယ်မြင်ရပြီဆိုရင် ကြောက်မက်စဖွယ် ကြမ်းတမ်းတဲ့ သူတို့ ရုပ်သွင် တွေကြောင့် နှလုံးသွေးမခိုင်ရင် ရူးချင်လည်း ရူးသွားတတ်တယ်။ တချို့များ တအားအသည်းငယ်တော့ အကြောက်အလန့်လွန်ပြီး သေသည်အထိလည်း ဖြစ် သွားတတ်တယ်။ ဒကာလေးက တကယ်ကြည့်ရဲလို့လား"

ပုဂ္ဂိုလ်ကလေးထံမှ စကားမေးမရ။ စကားအတုံ့အတင်မဆိုနိုင်။ ငြိမ်၍ တွေ၍ စဉ်းစားနေသည်။

"လောကလူအများ ပြောပြောနေတဲ့ တစ္ဆေခြောက်တယ်။ သရဲခြောက် တယ်ဆိုတာဟာ တကယ်တော့ တမင်သက်သက် တစ်ဖက်သတ် ကြောက်လန့် အောင်ပြုတာက နည်းပါတယ်။ ဘူ့ဘုံ သူ့ဌာန သူတို့မိုရာကို ထိပါးကျူးလွန်

www.burmeseclassic.com

www.burmeseclassic.com



တာမျိုးကလွဲရင် ကြုံရခဲတွေ့ရခဲပါတယ်။ တကယ်က ကိုယ်ကလည်း ကိုယ်ခံသီလ အင်အား နည်းပါး၊ စိတ်အနေကလည်း ညှိုးငယ်နေတဲ့အခိုက် ကြုံကြိုက်တွေ့ဆုံကြရတဲ့အခါ သူတို့က မခြောက်မလှန့်သော်လည်း သူတို့အထည်ကိုယ်ကောင်ကြီးတွေကိုက လူသားတွေအဖို့ ကြောက်စရာကြီး ဖြစ်နေတော့ လန့်ကြတာပေါ့။

"တကယ်တမ်း ဝေမာနိက ပြိတ္တာဘုံသားတွေဟာ လူသားတွေကို အကူအညီတောင်းခံချင်လို့ ချဉ်းကပ်ကြတာ များပါတယ်။ အစားအစာ၊ ခိုကိုးမှီကွယ်ရာ တောင်းခံချင်လို့၊ သူတို့ကို ရည်စူးလှူဒါန်းတဲ့ ကုသိုလ်အဖို့ဘာဂကို သာဓုအနုမောဒနာပြုချင်လို့၊ သူတို့နဲ့ လူ့ဘုံ လူ့ဘဝတုန်းက သွေးနီးခဲ့၊ သံယောဇဉ်နီးခဲ့တဲ့ ပုဂ္ဂိုလ်တွေကို ကိုယ်ကောင်ထင်ရှားပြပြီး အကူအညီတောင်းကြတာပါ။ ဒါကိုတို့များတွေက လန့်ဟဲ့ ကြောက်ဟဲ့ဖြစ်ကြတာ။ ကဲပါလေ . . . ဒါတွေ ထားလိုက်ပါဦး။ တို့များမှာ ဒီပရလောကဘုံသားတွေကို ပကတိမျက်စိနဲ့ တပ်အပ်မြင်ရအောင် စီရင်နိုင်တဲ့ ဆေးတွေ ဝါးတွေရှိပါရဲ့။ ကျုပ်ဒကာ တကယ်ကြည့်ရဲမြင်ရဲရဲ့လား"

စကားမပြန်နိုင်၊ ငိုင်နေ၏။

ခက်တော့ခက်သား။ ပါးစပ်ယား၍ အသံကျယ်တတ်လေသော်လည်း တကယ့်အရေးကျ သေးတွေ ချေးတွေ ထွက်ကျမလောက် ကြောက်တတ်ကြသည့် လူ့သဘော လူ့မနော။ ထူး၍ မဆန်းတတ်လေပါ။

"ကဲပါလေ . . . ဒီလိုလုပ်ပါ။ မျက်စိနဲ့ မြင်မှရယ်လည်း မဟုတ်ပါဘူး။ တခြားနည်း သိနိုင်တာတွေ ရှိပါသေးတယ်။ သစ်ရွက်လှုပ်တာမြင်ရင် လေရှိတာ သိရသလိုပေါ့။ ကိုယ်တွေ့မျက်မြင်ဖြစ်အောင် ပြပေးပါ့မယ်။ ဒကာလေးသာ ညနေ သုံးနာရီ ထိုးအမီ ဒီကိုရောက်အောင် လာခဲ့ဖို့ မမေ့နဲ့ ဟုတ်လား"

"ကျွန်တော် မပြန်တော့ဘူး ဘုန်းဘုန်း။ ထောင်မှူးကြီးတို့ကို ကူရင်းနဲ့ ဒီမှာပဲ စောင့်နေလိုက်တော့မယ်။ ခုကိုပဲ နှစ်နာရီထိုးခါနီးပေါ့။ သိပ်မှ မကြာတော့တာ။

ဟုတ်သည်၊ ဟုတ်ပါလေသည်။

သည်ကနေ့ ဇူလိုင် (၂၇) ရက်။

www.burmeseclassic.com



နံနက် (၇) နာရီက ခံကုန်းသုသာန် ဓမ္မသာလာတွင် မိုးထိဆရာတော် ဦးဉာဏဘုန်းဘုရားကြီး ဦးစီး၍ ဦးပဏ္ဍိတ၊ ဦးဇောတိပါလ အပါအဝင် ပင့်သံဃာ (၉) ပါးဖြင့် အကျွတ်အလွတ် ကုသိုလ်ဒါနအလှူပွဲကို ကျင်းပပေးခဲ့ပြီးဖြစ်၏။ အဘဦးဝင်း၏ ဆက်သွယ်မှုဖြင့် မန္တလေးမြို့ပေါ် အကျွတ်အလွတ်ကုသိုလ်ဒါနရှင်များ အသီးသီးလာရောက်ကူညီဆောင်ရွက်ကြသည်။ အတန်အသင့် စည်ကားသော ကုသိုလ်တော်ပွဲခင်းလေး တစ်ခုသာပင်။

ယနေ့ညနေ (၃)နာရီ၌ ဝေမာနိက ဘုံသားများအား ပြောင်းရွှေ့ပေးမှုကို ဆောင်ရွက်ပါတော့မည်။ ခံကုန်းသုသာန် မီးသင်္ဂြိုဟ်စက်ကြီးအနီးတွင် တီအီး ကားကြီးနှစ်စင်း။ ဒေါ့ဂျစ်ကုန်တင်ကားကြီးနှစ်စင်းနှင့် ဇ/၄၃၉၇၊ ၈၂ ၇၉၈၉ အီး ၂၀၀၀ ကားနှစ်စင်းကို ပရဘုံသားများအား တင်ဆောင်ရန်အတွက် ရည်စူး၍ အဆင်သင့် ဆိုက်ရပ်ထားပြီးဖြစ်၏။

ဖျက်သိမ်းတော့မည့် သုသာန်သချိုင်းမြေ၌ အသံချဲ့စက်သံက ပေါ်လာသည်။ တပ်ကြပ်ကြီးဦးခင်မောင်၏ အသံဖြစ်၏။

"ခံကုန်းသုသာန်မှာ နေထိုင်ကြတဲ့ ဝေမာနိကပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့ ခင်ဗျား။ မကြာမီ သင်တို့ကို အသစ်နေရာ ချထားပေးတဲ့ ကြံ့နီကန်သုသာန်ကို ပြောင်းရွှေ့တော့မှာမို့ မီးသင်္ဂြိုဟ်စက်အနီးမှာ စုဝေးကြပါ ခင်ဗျား"

လူသာမန်တို့၏ ပကတိမျက်စိဖြင့် ကွင်းပြောင်ပြောင်သာဖြစ်သော သုသာန်မြေပေါ်၌ တာဝန်ကျဝန်ထမ်းများမှလွဲ၍ မည်သည့်အရိပ်အယောင်မျှ မမြင်မတွေ့ရ။ သို့ရာတွင် သုသာန်မြေ၏ ပြင်ပရွှေကျင်ချောင်းကမ်းနဖူး၌လည်းကောင်း၊ အောင်ချမ်းသာကျေးရွာဘက်ခြမ်း တောင်နန်းမတော်ဘုရားဝင်းတစ်ပိုက်တွင်လည်းကောင်း၊ လူတွေ လူတွေ ပိတ်ပိတ်သည်းသည်း ညွတ်သီးနေတော့၏။ စိတ်ပါဝင်စားသူ ပြည်သူလူထုများသာတကား။ သရဲ တစ္ဆေ မှင်စာ ပြိတ္တာတစ်ကောင်ကောင်ကိုများ အကောင်လိုက်ကြီး တွေ့ရလိမ့်နိုး အားခဲလာကြသည်ထင့်။ နေ့ခင်းကြောင်တောင်မှာပင် ရွှေမန်းသဘင် မောင်ချမ်းသာတို့၊ မိုးဝင်းတို့၊ ဇာတ်မင်းသားလေးမောင်သိန်းဇော်တို့ ဇာတ်ပွဲတွေထက် လူစည်နေချေ၏။ "ဩော် ... တို့လူမျိုးများ စပ်စုတတ်ပုံနှယ်၊ အံ့မခန်းစရာပါလား"ဟုသာ ဩချယ့်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒကာထောင်မှူးကြီးရေ နောက်ဆုံးအာဟာရဒါန ကျွေးတာလည်း ပြီးသလောက်ရှိပါပြီ။ အမိန့်ပြန်ပေတော့။ အမိန့်ဆိုတော့ရင် လေသံခပ်တင်းတင်း ခပ်ထန်ထန်လေးဖတ်ပျနော်။ ပျော့စိစိ၊ ချည့်နဲ့နဲ့ လုပ်မနေနဲ့ဦး"

"တင်ပါ့ ဘုရား"

ဆရာတော်ဦးဇောတိပါလက သတိပေးသည်။ ကိုင်း ... တစ်သက်တစ်ခါကြုံရသည့်အဖြစ်ဆန်းကို ခပ်ကြမ်းကြမ်းကလေး ဝင်ကရပါပြီ။ နိုင်ငံ့ဝန်ထမ်းပေကိုး။ တာဝန်က စေစားရာ ကျေပွန်ရမည်။

"နိုင်ငံတော်အစိုးရမင်းများ၏ အမိန့်အရ သင်တို့အား ကြာနီကန်သုသာန်သို့ ပြောင်းရွှေ့နေရာချထားပေးမည်ဖြစ်၍ ခံကုန်းသုသာန်သည် သင်တို့နှင့် လုံးဝ (လုံးဝ) သက်ဆိုင်ခြင်းမရှိတော့ကြောင်း သိစေရမည်။

"နိုင်ငံတော်အစိုးရမင်းများက စီစဉ်ပေးထားသော ယာဉ်များပေါ်သို့ ကောင်းမွန်စွာတက်ရောက်စီးနင်းပြောင်းရွှေ့ကြရန် သင်တို့အား ညွှန်ကြားလိုက်သည်"

ချွေးစေးများပင် ပြန်ချင်သည်။

"ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့" လုပ်၍သာ ခပ်တင်းတင်း စခန်းသွားနေရသော်လည်း 'ဘယ်အချိန် လက်အေးကြီးဖြင့် ဆွဲလိုက်လေမလဲ' ရင်ထဲ ကလိတိတိ ယားကျိကျိဖြစ်နေမိရသည်။

"ကိုင်း ... ကိုင်း ... ကားတွေရှေ့နောက်တန်းစီပါ။ ဟော့ ... ကိုရင်သံချောင်း ဘယ်ရောက်နေသလဲ။ တစ္ဆေ သရဲ ကိုယ်တွေ့ မြင်ဖူး ကြုံဖူးချင်တဲ့ ပုဂ္ဂိုလ်လေး ဘယ်ပြေးမလဲ"

"ဒီမှာ ... အဘ ဒီမှာ ရှိပါတယ်"

"ကဲ ... ဟိုရှေ့ဆုံးက ၈/၄၃၉၇ ပေါ်တက်လေကွာ။ အေး ... အေး ... ဟိုရှေ့ဆုံးမှာနေ။ မင်းမိတ်ဆွေတွေကို တင်တော့မှာ။ ကိုရင် ညပ်နေဦးမယ်။ မနေရဲတော့ဘူးဆိုရင်တော့ ပြောနော်။ မင်းဘာသာ တိုးဆင်းလာရမှာ မောင်။ ကဲ ... ဆရာတော် ရပြီ ဘုရား။ တင်လို့ ရပါပြီ"

ဆရာအောင်က ဆရာတော်ဦးဇောတိကပါလကို ရှိသေစွာ လျှောက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ကဲ . . . ဝေမာနီကဘုံသား ဒကာ၊ ဒကာမတို့။ သင့်ရာ သင့်ရာ နီးရာနီးရာ ယာဉ်တွေပေါ်ကို တက်ကြပါ။ ကားခေါင်းခန်းနဲ့ ကားခေါင်မိုးပေါ် မတက်ပါနဲ့။ ဘေးက တွယ်မစီးပါနဲ့။ အားလုံးဝင်ဆံ့အောင် ရှေ့ကိုတိုးကြပါ။ တက်ကြပါ။ ဟဲ့ . . . ဟဲ့ . . . ဟိုဒကာမ၊ ကလေးတွေ တို့လို့တွဲလောင်းနဲ့ ပြုတ်ကြကုန်ဦးမယ်။ အပေါ်က ကူကြပါကွယ်။ အို . . . ဟိုဒကာကြီးက အိုကြီးအိုမ တုန်တုန်ချိချိနဲ့ဟာ ဘယ်နှယ့် ကားနောက်ပေါက်မှာ တွဲလောင်းကြီးလုပ်နေရသတုံး။ မကြီးမငယ် တယ်ဆော့ချင်သကိုး။ တက်တက် တက်ကြ။ ကောင်းကောင်းစီးကြ"

ရုပ်မြင်သံကြားဆိုသည်က မြန်မာပြည်၌ ပေါ်လာသည်မှာ ကြာလေပြီဖြစ်၍ ကြည့်ရမြင်ရရိုးလှပြီ။ အီလှပါပြီ။ ယခု ဆရာတော် ဦးဇောတိပါလနှင့် ဆရာအောင်တို့ ကျင်းပပြသနေသည့် ဇာတ်ခန်းက ရုပ်မမြင်သံမကြား။ ထူးပေသည်၊ ဆန်းပေသည် မဟုတ်တုံလော။

"ဟော . . . ဟော . . . ကားဘော်ဒီတွေ ညိတ်ခနဲ ညိတ်ခနဲ လှုပ်နေတယ်။ ကားပေါ်ကို လူအုပ်ကြီးတက်လိုက်တဲ့အတိုင်းပဲ။ ဆရာရေ . . . ဆရာရေ ကြည့်ပါဦး။ ကားလေးထုပ်တွေ တဖြည်းဖြည်း ဆန့်လာပြီဗျ။ ဒီကားမောင်းရမှာ တောင် ကြက်သီးတွေထ ကျောတွေချမ်းလှပြီ"

ယာဉ်မောင်း တပ်သားဝင်းအောင် (ယခုထောင်မှူး)၊ ဒုတကရှိန်မြင့် (ယခုတပ်ကြပ်ကြီး)၊ တပ်သားခင်မောင်ညွန့် (ယခုတပ်ကြပ်)၊ ဇော်နိုင်၊ ကိုကိုဦး၊ ဒုတပ်ကြပ် တင်ရွှေတို့ ရင်သပ်ရှုမော အံ့ဩထူးဆန်း မျက်လုံးကြီးတွေ ပြူးကြရပါလေပြီ။ သူတို့တွေကို တင်ဆောင်မည့် ကားကိုယ်ထည်များမှာ ဟောင်းလောင်းကြီး မြင်နေရသော်လည်း ကြမ်းခင်းနှင့် ဘော်ဒီများ သိမ့်သိမ့်လှုပ်ခါလျက် ကား၏ဝန်ကို ထမ်းရသည့် လေးထုပ်များ တအိအိပိကာ အောက်သို့ဆန့်ကျလာနေသည်ကို တွေ့ရပါ။ ထူးထွေသည့် အံ့ရာသော်ပါတကား။

"အောင်မယ်လေး . . . လုပ်ကြပါဦး ကယ်ကြပါဦးဗျာ။ ဘာကောင်ကြီးတွေလဲ၊ အောင်မယ်လေး . . . တိုး . . . တိုးလာပြီဗျ။ ဆင်းပါရစေ။ အောက်ကို ဆင်းပါရစေဗျ။ အီး အီး တိုးလို့လည်း မရ။ ကျပ်ညပ်နေပြီ။ အမေရေ . . . ကယ်ပါဦး၊ ကြောက်လှပါပြီဗျ"

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်တကြား အော်သံကြီးကို ကြားရသည်။

''ဘာဖြစ်ပါလိမ့်'' သိချင်ဇောဖြင့် ပြေးရပြန်သည်။ တွေ့ပါ၏။ ၈/၄၃၈၇ ပေါ်၌ သူကောင့်သား သတ္တိခဲ ကိုရင်သံချောင်းတစ်ယောက် မျက်လုံးပြူး လျှာအပြူးသားထွက်လျက် အမေကယ်ပါ၊ အဘကယ်ပါ ဖြစ်နေသည်။ ကျွန်တော်တို့ မြင်နေရသည်။ ကားပေါ်တွင် သူတစ်ယောက်တည်း။ သူ့ခမျာမှာမူ ဘတ်စ်ကားကျပ်ကျပ်ကိုမူ တိုးစီးမိသည့် ကိုယ်ဝန်ဆောင်မအဇာနယ် တိုး၍မပေါက်။ ချွေးတွေ ဆီးကင်းလောက်ပေါက်ပေါက်ကျကာ မောကြီးပန်းဟိုက် ဖြစ်နေရှာ။ ဆရာအောင်နှင့် အဘဦးဝင်းက ကားခေါင်းခန်းပေါ်တက်လျက် မနည်းကူညီဆွဲတင်ယူကြရသည်။ ကဲ ... ကိုယ်တွေ့မျက်မြင် ကြုံချင်ဦးဟ နဖူးတွေ့ ဒူးတွေ့။

ပွဲက စည်ပါသည်။

မြိုင်ကလည်း မြိုင်လှသည်။

ဝေမာနိကဘုံသား ကိုအဇာ၊ မအဇာတို့ အပေါင်းအား ကားကြီးခြောက်စီး နှစ်ခေါက်ပြန်၍ စုစုပေါင်း ၁၂ စီးတိုက် ပြောင်းရွှေ့ပေးခဲ့ရပါ၏။

မယုံမရှိပါနှင့် ကိုယ်တွေ့ပါ ခင်ဗျား။

☼ ☼ ☼

[၅]

❑

''ဟော ဘုန်းဘုန်းနဲ့ ဆရာအောင်တို့ပါလား။ ဟိုနေ့က ကားကြီးဝင်းအထိ ထောင်ပိုင်ကြီးရဲ့ မာဇဒါဂျစ်နဲ့ လိုက်ပို့လိုက်တယ်ဆိုလို့ တပည့်တော်က ဆရာတော်များ ပြန်ကြွသွားပြီ ထင်နေတာ ဘုရား။ ဘယ့်နှယ် ပြန်မကြွရသေးဘဲကိုး။ ကြွပါ ဘုရား ... ကြွပါ''

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒကာထောင်မှူးကြီးရေ။ မြင်းခြံပြန်သွားတာလည်း အမှန်ပဲဗျ။ မြင်းခြံရောက်ခဲ့တာလည်း အမှန်ပဲဗျ။ တမင်သက်သက်ကို တစ်ခေါက်ပြန်ကြွလာခဲ့ရတာ"

"ဩော် ... အကြောင်းများ ထူးသလား ဘုရား"

"ထူးပီလားဗျာ၊ ထူးမှထူး။ ဟိုနေ့က ဝေမာနိက ဘုံသားတွေ ရွှေ့ပြောင်းရာမှာ ရေတံခွန်တောင်ဖက် အလည်လွန် ခရီးကျွံနေလို့တဲ့ဗျို့။ တစ္ဆေမသားအမိသုံးယောက် ကျန်နေခဲ့သတဲ့။ သူတို့နေစရာ ခိုကိုးစရာ ဘုံပျောက်နေပြီ။ အမြန်ဆုံးကြာနီကန်ကို ပြောင်းရွှေ့ပေးလှည့်ပါဆိုပြီး ညညအိပ်မရအောင် အိပ်မက်ပေးနှိပ်စက်နေလွန်းလို့ ဒီကနေ့ ထောင်မှူးကြီးတို့ကို ကားစီစဉ်ခိုင်းပြီး ထပ်ရွှေ့ပေးရအောင် လာခဲ့ကြတာ"

"ဆရာအောင်ကရော ခင်ဗျား"

"အတူတူပဲ ထောင်မှူးကြီးရေ။ ကျုပ်ကိုလည်း အိပ်မက်တွေ ထပ်ကာထပ်ကာ ပေးနေလို့ ဆရာတော်ဆီ ပြေးလျှောက်ပြီး လာခဲ့ကြတာ"

"ဗုဒ္ဓေါရေ ... မန္တလေးတောင်ပေါ်က ဗျာဒိတ်ရှုပ်ငယ်ပါ ကိုယ်တော်ကြီးကယ်ပါဘုရား"သည်သို့သာ ကိုယ့်နဖူးကိုယ်ပစ်ပစ်ထု၍ ဟစ်ဂျှာအော်လိုက်ချင်မိရတော့သည်။ ကြုံလေဘုံဖွေပါတကား။

"ဒါဖြင့် အခု သူတို့က ဘယ်မှာကပ်ရပ်နေကြသတဲ့လဲ ဘုရား"

"အိုးဘိုရပ်ကွက်ကနေ သုသာန်ဘက်ကူးတဲ့ အုတ်တံတားကလေးပေါ်မှာ အခြေအနေမဲ့ ဖြစ်နေကြလေရဲ့တဲ့ ဒကာကြီးရေ"

ကိုင်း ... ကောင်းကြရော။

ဤသို့ဖြင့်လျှင်။

၁၉၉၂ ခုနှစ်၊ ဇူလိုင်လ (၃၀) ရက်နေ့ ညနေပိုင်း၌ ယာဉ်မောင်းကိုကိုဦးမောင်းနှင်သည့် အီး-၂၀၀၀ ကားကလေးဖြင့် သင်းကွဲတစ္ဆေ မိသားစုတစ်သင်းအားလည်း တသီးတသန့် ကြာနီကန်သုသာန်သို့ ထပ်မံ၍ ပြောင်းရွှေ့ပေးခဲ့ပြန်ပါတည်း။။

လောကဌ် သတ္တဝါတို့၏ ကံလမ်းတို့ကား အဆန်းတကြယ်ရှိလှ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရပဟု ဆိုထုံးပြုကြသော လူ့ဘဝ၏ ဟိုမှာဘက်ဆီ၌ သိခက်နက်နဲသော ထွေထွေရာရာတွေ ပြောမဆုံးပေါင်၊ တောသုံးထောင်ပမာ ရှိနေသေးသည် ကား ကေန်။ ကောင်းကင်ကို လက်ဝါးဖြင့်ကွယ်ကာ ဖုံးအုပ်ထား၍ မရနိုင်ပေရာ။ တစ်ရံတစ်ခါ တောင်တောင်အီအီ ထွေထွေလီလီကလေးများ သန့်ခနဲ ကြားမိချေလျှင် နားစွင့်လိုက်ချင်မိတတ်သေးသည်။ ရင်ခုန်သံ မြန်လိုက်ချင်သေးသည်။

မကြုံကောင်း မကြားကောင်း 'ကြံကြီးစည်ရာ'တွေတဲ့ လားလေ။

(၁၉၉၂ ခုနှစ်က မန္တလေးထောင်သစ် အတွေ့အကြုံများကို အောက်မေ့လွမ်းတ ရေးဖွဲ့ပါသည်။)

☼ ☼ ☼

**ဓေယျမင်းသျှင်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❑

မြကြေးမုံထောင်ထဲကို ရောက်လာနေခဲ့တာပဲ သုံးနှစ်ကျော်လာခဲ့ပြီ။ ထောင်ဆိုတာမျိုးက ဒုစရိုက်သမားတွေအတွက်တော့ ပျော်မွေ့စရာနေရာမျိုး ဖြစ်ပေမဲ့ မြကြေးမုံတို့လို တစ်ကြိမ်တစ်ခါ အမှားလုပ်မိခဲ့တဲ့လူမျိုးတွေအတွက် ထောင်ထဲမှာ နေထိုင်ရတာ အနေကျပ်တာပေါ့ရှင်။

ဟုတ်မယ်လေ။ ထောင်ထဲမှာဆိုတာကလည်း လူတန်းစားအမျိုးမျိုး၊ စိတ်အထွေထွေရှိနေကြတာ မဟုတ်လား။ ကြည့်ပါဦး ရောက်လာနေကြတဲ့ မိန်းမတွေဆိုတာကလည်း မြင်လေလေရာ၊ ကြည့်လေလေရာ အထူးအဆန်းတွေချည်းပဲ။

ဘယ့်နှယ်တော် ထောင်ထဲမှာ ဒီလောက် နေရ၊ ထိုင်ရ စိတ်ကျဉ်းကျပ်နေနေရတဲ့ကြားထဲမှာ သူတို့မှာတော့ ဘာအပူအပင်သောကမှ မရှိသလိုပဲ။ တချို့က သီချင်းတကြော်ကြော် အော်ဆိုနေလားနေရဲ့၊ တချို့ကလည်း ဗိုင်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကခုန်ပြီး ပျော်မြူးနေကြရဲ့။ ဒီကြားထဲ ယောက်ျားတွေအကြောင်း ဇာချဲ့လို့ ဟားတိုက်ရယ်မောနေကြတာနဲ့ အရယ်အပြုံးမပျက် ပျော်ရွှင်မြူးထူးနေကြတာများ အံ့ဩမိပါရဲ့။

ကျွန်မအဖို့တော့ တဟီးဟီးတဟားဟား လုပ်နေကြတဲ့ မိန်းမတွေကို ကြည့်ပြီး သိပ်စိတ်ပျက်နေမိတာပဲ။ ဒီနေရာ ဒီဝန်းကျင်လောကကိုများ ဘာခုံမင်နှစ်ခြိုက်နေကြတာလဲ။ အပူအပင် အကြောင့်အကျမရှိ နေတတ်ထိုင်တတ်ကြတာ အံ့ရောပဲ။

စဉ်းစားကြည့်ပါဦး။ မနက်မိုးတောင် စင်စင်မလင်းတတ်သေးဘူး ဘာတဲ့ ထောင်ဖွင့်မယ် ထကြတော့တဲ့။ ဘယ့်နှယ်တော် ခုလို ဆောင်းတွင်းကြီးအချိန်မှာများ ကိုယ့်အိမ်ကိုယ့်ရာမှာဆို စောင်ခြုံကွေးလို့ ကောင်းနေတုန်း။ အိပ်ရာကနေ အစောကြီးထရမယ်ဆိုတော့ ဘယ်သူထချင်ပါ့မလဲ။

ဟုတ်တယ်လေ၊ ထောင်ထဲမှာက ကိုယ်နေချင်သလိုနေ၊ ထချင်သလိုထ နေလို့ရတဲ့ နေရာမျိုးမှ မဟုတ်တာ။ လူပေါင်းသောင်းခြောက်ထောင် စုဝေးနေကြရတဲ့ နေရာမျိုးဆိုတော့ တစ်ဦးတစ်ယောက်တည်း ကပ်ဖဲ့နေလို့ရတဲ့ နေရာမျိုး မဟုတ်ဘူး။

ထောင်ဥပဒေ၊ ထောင်စည်းကမ်းကြီးဆိုတာကြီးက ပြစ်မှုပြစ်ဒဏ် ဖြစ်ပွားလာလို့ ရောက်လာကြတဲ့ ရာဇဝတ်သားတွေကို စည်းနဲ့ကမ်းနဲ့ နေတတ်အောင်၊ နေနိုင်အောင် ချုပ်နှောင်တားဆီးထားတဲ့နေရာပဲ။

ဒီတော့ အများသူငါကြားမှာ အများတကာလို နေနိုင်၊ စားနိုင်အောင် ကျင့်ကြံအားထုတ်ရမှာက ကျွန်မတို့လို ရာဇဝတ်သားအကျဉ်းသူအားလုံးရဲ့ ဘဝတွေပဲ မဟုတ်လား။

နို့မို့ဆို ညကင်းဗာရာတွေရဲ့ အဆူအဆဲ၊ အငေါက်ခံနေရဦးမယ်။ မထင်လျှင် မထင်သလိုရိုက်တာ၊ နှက်တာခံနေရဦးမယ်။ အလကားအခြောက်တိုက် ဘယ်သူက ကိုယ့်အသား အနာခံချင်ပါ့မလဲ။ အများတကာလိုပဲ နေထိုင်တတ်ရမှာပေါ့။

ကိုယ့်အိမ်မှာဆိုလိုကတော့ အိပ်ရာကမထချင် ထချင်ထ၊ နိုးတာနဲ့မျက်နှာသစ်၊ သွားတိုက်၊ အိမ်သာတက်ရေကန်အသင့်၊ ကြာအသင့်ပဲ။ ခုဟာ ...

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါဘူး၊ အိပ်မှုန်စုံဖွားနဲ့ အိပ်ရာကမထချင်ပေမဲ့ ဖွတ်ပေထရပြီး အခန်းမျဉ်း တန်းဘေးမှာ နှစ်ယောက်စီ တန်းစီထိုင်နေကြရတယ်။

တန်းစီးကနေ မနက်ထောင်ဖွင့်ဝင်စစ်မယ့်လူတွေ ရောက်မလာခင် နှစ်ယောက်တစ်တွဲ တန်းစီထိုင်ခိုင်းထားပြီး လူရေတွက်ကြည့်နေတယ်။ တာဝန်ရှိသူတွေ ရောက်မလာခင် ကိုယ့်ဘက်က အမှားမရှိအောင် ကြိုတင်ပြင်ဆင်ထားတဲ့ သဘောပေါ့။

စဉ်းစားသာကြည့်တော့၊ မနက်စောစောစီးစီး အိပ်ရာကနေ ထလာကြတဲ့ မိန်းမတွေပုံစံကိုလည်း ကြည့်ပါဦး။ မျက်နှာပြင်ပေါ်မှာ သနပ်ခါးမရှိ ဘာမရှိ မျက်နှာအဆီပြန်ချည်းတွေနဲ့၊ တချို့များဆို ပါးစပ်ဘေးမှာ အာပုပ်ရည်စီးချောင်းကြီးက အထင်းသား၊ ဘယ်လောက်ရွံ့ရှာစက်ဆုပ်စရာ ကောင်းလိုက်မလဲ။

ဒီလိုပုံစံမျိုးတွေကိုများ ကိုယ်ရွှေယောကျ်ားတွေကို ခေါ်ပြလိုက်ချင်စမ်းတယ်။ ခင်ရယ်၊ မင်း ရုပါကာလေးက သိပ်ချော၊ သိပ်လှ၊ သိပ်ချစ်စရာကောင်းတာပဲလို့များ ဖြေချင်ကြဦးမလား။ မိန်းမတစ်ယောက်ရဲ့ အလှအပဆိုတာ အိပ်ရာနိုးထချိန်မှာကြည့်လျှင် အသိသာဆုံးပဲ။

ဘာဖြစ်လို့များ မိုးတောင်စင်စင်မလင်းသေးဘူး ဒီလိုမှောင်မှောင်မည်းမည်းကြီးအချိန်မှာ ဘယ်ကိုသွားရမှာမို့ စောစောထခိုင်းနေရတာလဲ။ ထောင်ဖွင့်ဖို့အရေးများ လာပြီး အိပ်ရေးပျက်အောင် ဒုက္ခပေးနေတယ်။

ဘယ့်နှယ်ညကပဲ ထောင်ပိတ်ထားခဲ့ပြီးလို့ သော့အထပ်ထပ် ခတ်ထားခဲ့တာပဲ။ ဘာလူကို ထပ်စစ်နေကြဦးမလို့လဲ။ ညက လူအတိုင်း ဗာရာကနေ သတင်းပို့လိုက်လျှင် ပြီးနေတာ၊ သက်သက်မဲ့ ဖယားရှုပ်ချင်ကြတာပဲ။

ညဦးပိုင်း ထောင်ပိတ်သွားပြီးကတည်းက အဆောင်ထဲမှာရှိနေကြတဲ့ အကျဉ်းသူတွေအားလုံးကို အခန်းအလိုက် အထပ်ထပ်ရေတွက်စစ်ဆေးပြီးသွားလို့ မှန်နေတော့ ထောင်ပိတ်ခဲ့ပြီပဲ။ ခုမနက်ကျမှ ညက လူပေါင်းအရေအတွက် မှန်မမှန် ပြန်စစ်ဆေးကြဦးမယ်တဲ့။ တော်တော်ဆီလို အပေါက်ရှာနေကြတဲ့ လူတွေပဲ။

ညဘက်ကြီး ဘယ်သူတွေကများ ခြေထောက်ပေါက်ပြီး လျှောက်ထွက်လည်နေကြမှာလဲ။ ကိုယ့်အိပ်ရာပေါ်မှာပဲ နံနံချဉ်ချဉ်တူးတူးနဲ့ ဖွတ်မိုတ်အိပ်နေခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြတာ။ ခုတော့ ဟုတ်ပါဘူး မရောင်ရာဆီလူးပြီး အိပ်ဆောင်ဖွင့် လူပေါ်၊ ရေတွက်ကြဦးမယ်တဲ့။

ညကတည်းက လူပေါင်းအရှိအတိုင်း ထောင်ပိတ်ထားခဲ့ပြီးသားဥစ္စာ။ ဘယ်သူက ပျောက်သွားမှာလဲလို့။ လူလည်း လျော့နည်းသွားတာမဟုတ်ဘဲ ထောင်ဖွင့်တဲ့အခါ လူထပ်စစ်ကြဦးမယ်တဲ့လေ။

ထောင်က လူတွေဟာ တော်တော်ဒုံးဝေးကြတာပဲ။ ချစ်တီးခေါင်းမှာ သန်းရှာနေကြသလိုလဲ။ အပေါက်အစကိုများတယ်။ ဒီလောက် တစ်ထောင်လုံးက အိပ်ဆောင်တွေကို သူတို့ပဲ သော့အထပ်ထပ်ခတ်လို့ ပိတ်ထားခဲ့ကြတာ။ ဘယ်သူက ညဘက်ကြီး အလည်လွန်သွားနေကြမှာလဲ။

အဲ ... သွားလို့လည်း မရပါဘူးတော်။ အပြင်ကနေ သော့ခလောက်ကြီးတွေနဲ့ သေသေချာချာ ပိတ်ထားခဲ့ကြတာ ဘယ်သူကများ ဖွင့်ထွက်သွားလို့ ရနိုင်ကြမှာပဲ။ မြကြေးမုံတို့လို ထောင်ကျသစ်တွေအဖို့ ထောင်ရဲ့ လုပ်နည်းလုပ်ဟန်တွေကိုကြည့်ပြီး ထောင်ကလူတွေဟာ ကြောင်ရေချိုးပေးနေကြသလိုပဲ။ ထောင်ထဲမှာက ကိုယ့်စိတ်ဆန္ဒအတိုင်း လုပ်လို့၊ ကိုင်လို့ မရဘူး။ နေလို့ ထိုင်လို့လည်း မရနိုင်တဲ့ ထောင်ပရဝုဏ်ပါလားလို့ သဘောပေါက်ခဲ့တယ်။

ခုတော့ မြကြေးမုံတို့ အကျဉ်းသူတစ်သိုက်မှာ အိပ်ချင်မပြေနိုင်သေးတဲ့ မျက်လုံးကြောင်တောင်တောင်ကြီးကို အတင်းဖြဲပြီး မျဉ်းတန်းဘေးမှာ နှစ်ယောက်တစ်တွဲ ထိုင်နေကြရတယ်။ လူက အိပ်ရေးမဝတော့ တစ်ချက် တစ်ချက် အိပ်ငိုက်သလို ဖြစ်နေတယ်။

အဲ ... ယောင်လို့များတော့ မျက်စိသွားမမှိတ်လိုက်၊ မအိပ်လိုက်လေနဲ့ ဖြန်းဆို ညကင်းဗာရာကောင်မတွေက ဝါးခြမ်းပြားနဲ့ ဖြန်းခနဲ ရိုက်တာ ခံနေရဦးမယ်။ ဘယ်လိုပဲ အိပ်ချင်စိတ်ကို ဖွတ်အတင်းအားခဲထားပေမဲ့လည်း သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ် မဟုတ်လား။ တစ်ချက် တစ်ချက် လွတ်ထွက်သွားပြီး အိပ်ငိုက်နေလို့ကတော့ ...

"ဟဲ့ ... ဟိုဖာသည်မ၊ နင်က အပြင်မှာ မိုးလင်းပေါက်အလုပ်ဆင်းလာပြီး ကားပေါ်ကျမှ တစ်လောကလုံးကို လူမထင်တဲ့ပုံစံမျိုးနဲ့ ကားပေါ်မှာ အိပ်ငိုက်နေသလိုမျိုး လာမချိုးနဲ့။ ပုံစံပေးထားတာ နားမလည်ဘူးလား"

ကဲ ... ကြည့်တော့ ညကင်းဗာရာမိသန်းရဲ့ စွာတေလန်နေတဲ့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက ခပ်တင်းတင်းထားပြီး ပါဝါအာဏာပြ ပြောဆိုနေမှုကို ထောင်ထဲမှာ မို့လို့သာ မတတ်သာလို့ ခေါင်းငုံ့ခံနေရတယ်။

အပြင်ဘက်မှာသာဆို ကြာသလားလို့ နပမ်းဖက်လုံးပြီး ဘယ်ပြန်ညာပြန် ပါးချလိုက်ပြီးသား။ သူတို့က လုပ်ပိုင်ခွင့်ရှိသူတွေဆိုတော့ ထောင်ထဲမှာ ဗာရာတန်းစီးဆိုတာ မော်မကြည့်ရဲတဲ့ လူတွေလေ။

ဒါပေမဲ့ ... ကျွန်မတို့က ရိုးရိုးသားသား လုပ်ကိုင်စားသောက်နေထိုင်ပြီး ကြီးပြင်းလာခဲ့ကြတာ၊ သူတို့လို ပန်းဆိုးတန်းဂုံးကျော်တံတားအောက်မှာ အခြေမဲ့ အနေမဲ့နေထိုင်ပြီး လူဖြစ်လာတဲ့ ဟာမတွေမဟုတ်ဘူး။ သူတို့လို မိန်းမရှင် အတန်းအစား မှတ်နေလား။

အင်းပေါ့လေ။ ဒင်းတို့ဘဝတွေကလည်း ဒီလို ဟိန်းနိုင် ဟောက်နိုင်မှ လည်း တစ်ညလုံး ညကင်းဗာရာတာဝန်ယူထားပြီး ကင်းစောင့်နေကြရတာဆို တော့ အပြောမခံနိုင်ဘူးလေ။ ထောင်ထဲမှာက တန်းစီးပြီးရင် ဗာရာတွေက အခရာ ပဲလေ။

အဲဒီလိုပဲ ဘုတ်ကိုင်ကလည်း ဘုတ်ကိုင်အလျောက် ပါဝါအာဏာရှိနေ ကြတာဆိုတော့ ဘယ်သူ့ကြောက်ရမှန်းတောင် မသိတော့ဘူး။ ကိုယ်က မနေ့ တစ်နေ့ကမှ ထောင်ကျလာတဲ့ ရိုးရိုးထောင်ကျအကျဉ်းသူသစ်ဆိုတော့ ရေလိုက် ငါးလိုက် နေရတာပဲ။

အဲ ... ဗာရာဖြစ်ဖို့ဆိုတာကလည်း လွယ်တယ်များ မှတ်နေကြသလား။ ထောင်ထဲမှာ သူလို ကိုယ်လို ထောင်ကျနေသူအချင်းချင်း ဗာရာဖြစ်ချင်တယ် ဆို အရည်အချင်းပြည့်မီဖို့ကလည်း လိုသေးတယ်။

ဗာရာတစ်ယောက်ဖြစ်ဖို့ဆိုတာ ထောင်ကျနေသားချည်း။ သုံးပုံတစ်ပုံ ထောင်ကျနေပြီးမှ ဗာရာလုပ်ပိုင်ခွင့်ရှိတာ။ လူတိုင်း ဗာရာဖြစ်ဖို့ မလွယ်ဘူးလေ။ ဒီလို ဗာရာတစ်ယောက်ကို ခန့်နိုင်ဖို့ဆိုတာ အနီးကပ်ကြီးကြပ်အုပ်ချုပ်နေတဲ့ တန်းစီးရဲ့ ထောက်ခံချက်က လိုသေးတယ်။ တန်းစီးကသာ ထောက်ခံပေးလို့ ကတော့ အိပ်ဆောင်မှူး ထောင်မှူးမမကလည်း လက်ခံပြီးသားပဲ။

အဲဒီတန်းစီးဆိုတာကတော့ အိပ်ဆောင်ထဲမှာ ထောင်ကျနေကြတဲ့ အကျဉ်းသူအားလုံးအပေါ်မှာ ဩဇာအာဏာအရှိဆုံးပုဂ္ဂိုလ်ပဲ။ တန်းစီးနေရာ တစ် နေရာရဖို့ဆိုတာက ပိုလို့ ခက်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ဆောင်မှူး ထောင်မှူးမမက ထောင်သက်ရှည်ကြာလွန်းနေတဲ့ အကျဉ်းသူမျိုးကို ဦးစားပေးတာ။ ပြီးတော့ ထောင်စည်းကမ်းဥပဒေကို မချိုးဖောက်ဘဲ ပျပ်ဝပ်ရိုကျိုးအနေမှန်သူမျိုးမှ အကျဉ်းသူအားလုံးအပေါ်မှာ ဩဇာအာဏာလည်း သက်ရောက်နိုင်မှ တန်းစီးရာထူးမှာ ခန့်ထားတာ။

ရိုးရိုးထောင်ကျအကျဉ်းသူဆိုတာကတော့ ထောင်ထဲမှာ ဝေလေလေ အုပ်စုပဲ ဖြစ်နေမယ်။ ဘောက်ဆင်းလာခေါ်လည်း လိုက်ရ၊ ပုံစံပေးနိုင်းတော့လည်း ပုံစံပြည့်မီအောင် လုပ်ရ၊ ကိုင်ရဆိုတော့ မလွယ်ပါဘူး။ ထောင်ထဲမှာက အတည်တကျ နေရာရမယ့် ဘုတ်ကိုင်လိုနေရာမျိုးမှာ ဣန္ဒြေရရနေနိုင်မှာ။

ထောင်ထဲမှာက လူရည်လည်မှ တန်ကာကျမှာ။ နို့မို့ဆို သူများခိုင်းဖတ်ပဲ ဖြစ်နေမယ်။ ကိုယ်က ခပ်တင်းတင်း၊ ဒေါင်းတင်မောင်းတင် ဆက်ဆံပြောဆိုနိုင်မှ လူတကာ ခိုင်းတာမခံရမှာ။

အဲဒီလိုမှ စည်းနဲ့ကမ်းနဲ့ ခပ်တင်းတင်းမနေလို့ကတော့ ဟိုလူက ခေါ်ခိုင်းလိုက်၊ ဒီလူက ခေါ်ခိုင်းလိုက်နဲ့ ဘောက်ဆင်းသံသရာပဲ လည်နေကြမှာမဟုတ်လား။

မြကြေးမုံလည်း ဘာထူးသေးလဲ။ ထောင်ထဲကို စထောင်ကျလာချိန်မှာ ထောင်ကျလူသစ်မှတ်ပုံတင်ပြီးသွားတာနဲ့ ဘောက်ဆင်းလိုက်မနေရသေးတယ်။ ဒါတောင် ထောင်မှူးကြီးက လေဘာချပေးခဲ့လို့ တော်သေးတယ်။ အိပ်ဆောင်စည်းကမ်းထိမ်းသိမ်းရေးဘုတ်မှာလေ။ တစ်လလောက် ဘောက်ဆင်းလိုက်နေရင်း ထောင်ထဲက အိုးဆားဗစ်မမကြီးတွေကို ပေးကျွေးပြီး နည်းနာတောင်းခံကြည့်တော့ လုပ်နည်းလုပ်ဟန် သဘောပေါက်သွားတယ်။

ခု စည်းကမ်းထိန်းသိမ်းရေးဘုတ်ကို ရောက်သွားမှပဲ ထောင်ထဲမှာ အလုပ်လုပ်နေကြတဲ့ ကောင်မတွေကို တုတ်ကလေးတစ်ချောင်းကိုင်ပြီး အလုပ်မြန်မြန်ပြီးစီးသွားအောင် လိုက်လံဆော်ဩနေရတယ်။

အကျဉ်းသူတွေဆိုတာ မိန်းမသားချည်းဖြစ်နေခဲ့ကြတော့ အလုပ်မှာအချောင်ခို၊ အပါးခိုနေကြတာ များတယ်။ ကိုယ်က စည်းကမ်းထိန်းသိမ်းရေးဘုတ်ကိုင်ဆိုတော့ အလုပ် လုပ်မလုပ် လိုက်ကြီးကြပ်ပေးနေရပြီး စည်းကမ်းနေတာထိုင်တာတွေ့လျှင် ပြောဆိုဆုံးမနေရတယ်။

www.burmeseclassic.com



တန်းစီးက နံနက်ပိုင်း ထောင်ဖွင့်ပြီးသည်နှင့် ထောင်ထဲက လုပ်ငန်းတွေမှာ ခိုင်းစေထားတဲ့ ဘုတ်အသီးသီးကို ဘောက်ဆင်းတွေ ခွဲဝေပြီး နေရာချပေးလိုက်တယ်။ လုပ်ငန်းဆိုတာကလည်း များများစားစား မရှိလှပါဘူး တောင်ယာဘုတ်၊ မီးလွှာ၊ သန့်ရှင်းရေး၊ ကြမ်းတိုက်၊ အထွေထွေသန့်ရှင်းရေးဘုတ်တွေမှာ နေရာချခိုင်းစေနေရတယ်။

ကျွန်မတို့ စည်းကမ်းထိန်းသိမ်းရေးဘုတ်ဆိုတာကလည်း လူလေးငါးဆယ်ယောက်ပဲ ရှိတယ်။ ထောင်ထဲမှာ အလုပ် လုပ်နေကြတဲ့အလုပ်ဆိုင်းတွေကို နှစ်ယောက်စီခွဲပြီး လိုက်လံစစ်ဆေးကြီးကြပ်နေရတယ်။

တကယ်တော့ စည်းကမ်းထိန်းသိမ်းရေး ဘုတ်ကိုင်ဆိုတာ ထောင်တွင်းပုလိပ်အဖွဲ့လိုပါပဲ။ လုပ်ငန်းခွင်တွေမှာ တကယ်အလုပ်လုပ်နေကြလား။ ဒါမှမဟုတ် အလုပ်မလုပ်ဘဲ အုပ်စုဖွဲ့ ဖဲဆုပ်ကစားနေမလား။ ချောင်ကြိုချောင်ကြားမှာ မိန်းမချင်း သံဝါသပြုနေမလားဆိုတာ လိုက်လံချောင်းမြောင်းကြည့်ရှုရတယ်။

တစ်ခါတစ်ရံ ထောင်အနောက်ဘက်မှာ အဝေမတည့်ကြလို့ ဝေစုလုနေကြတဲ့ နှစ်ပိုင်းတစ်ပိုင်း၊ ပိုင်းလုံးကောင်မတွေရန်ကလည်း တစ်မျိုး၊ ဟိုမရောက်ဒီမရောက် ယောကျ်ားလျာတွေက သည်းသည်းလှုပ်တွေလေ။ ကောင်မလေးချောချောတစ်ယောက်လောက်များ ထောင်ထဲရောက်လာပြီဆို ဒါငါ့ပစ္စည်း၊ သူ့ပစ္စည်းနဲ့ ခွေးသေလဒဆွဲနေသလိုပဲ။

ကောင်မလေးကို အီစီကလီလုပ်ပြီး ကျုံးသွင်းနေကြတာလည်း အမောပဲ။ တစ်ယောက်နဲ့တစ်ယောက် အစာငတ်ကြီးကျပြီး လုကြယက်ကြရင်း ခိုက်ရန်ဖြစ်ပွားနေကြပြန်ရော။

ဒီလိုအခြေအနေမျိုးဆို ကျွန်မတို့ စည်းကမ်းထိမ်းသိမ်းရေးလောက်နဲ့ ဖြေရှင်းလို့မရနိုင်တော့ တန်းစီးထံ ပြေးသတင်းပို့ရတာပေါ့။ တန်းစီးသိသွားလို့ကတော့ ယောကျ်ားလျာရော၊ ဘောပြားရော နားမလည်ဘူး၊ ဟန့်လို့ ရချင်ရ၊ မရလို့ကတော့ နှစ်ယောက်စလုံး ကုတ်ဆွဲပြီး ထောင်မှူးမရုံးတင်တော့တာပဲ။

အဲလို ရုံးတင်ခံရပြီဆို ကြီးလေးတဲ့အမှုမျိုး ဖြစ်ပွားက တိုက်ပိတ်ခံရတာပဲ။ အသေးအဖွဲကိစ္စလောက်ဆို ဆုမှတ်ရက် ဖြတ်တောက်ပစ်လိုက်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



မြကြေးမုံတို့လို စည်းကမ်းထိန်းသိမ်းရေး ဘုတ်တွေဟာလည်း အိပ်ဆောင်တစ်ခုလုံး ဂျင်ဂျင်လည်အောင် နှံ့နှံ့စပ်စပ် လိုက်လံစစ်ဆေးနေရတော့ မဟုတ်တာ လုပ်စားနေကြတဲ့ လူတွေအတွက် အနေမချောင်ဘူး။ ဒီလိုလှည့်ပတ်စစ်ဆေးနေမှုလည်း စိတ်ချလက်ချ ရှိမှာလေ။

ဒါကြောင့်လည်း စောစောပိုင်းထောင်ကျနေတုန်းကာလမှာ လေးငါးခြောက်လလောက်တော့ အိမ်ကလူကြီး ထောင်ဝင်စာ တစ်ပတ်တစ်ခါမှန်မှန်လာနေပါရဲ့။ ထောင်ထဲမှာ အစားအသောက်ဆင်းရဲနေမှာစိုးလို့ ငါးခြောက်၊ ငါးပိကြော်၊ မုန့်ပဲသွားရေစာတွေ ဝယ်ဝယ်ပို့ပေးရှာတယ်။

ခုနောက်ပိုင်း ထောင်ဝင်စာအလာကျဲသွားတယ်။ အင်းပေ့ါလေ ... သူ့မှာလည်း အလုပ်ကတစ်ဖက်နဲ့ဆိုတော့ ဘယ်အားအားယားယား လာနိုင်ရှာပါ့မလဲလေ။ သူက ကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့ လူဆိုတော့လည်း ခွင့်ရနိုင်မှာ မဟုတ်ဘူး။ နယ်လည်း ထွက်ရ၊ အိုဗာတိုင်လည်း ဆင်းရနဲ့ အလုပ်ထဲမှာ လုံးလည်ချာလည် လိုက်နေမှာပေ့ါ။

သူနဲ့ မြကြေးမုံ စတွေ့ကြတုန်းကလည်း မြကြေးမုံအသက် ဘာရှိဦးမှာလည်း ဆယ့်ခုနစ်၊ ဆယ့်ရှစ်လောက်ပဲ ရှိဦးမယ်။ ဆယ်တန်းကို ဖြေမလို့ လုပ်နေတုန်း သူနဲ့ရိုးရာ လိုက်ပြေးခဲ့ကြတာလေ။ ဒီတော့ ပညာရေးမှာ တစ်ပိုင်းတစ်စဖြစ်သွားကြတယ်။

သူ့မိဘတွေကလည်း အဆင်ပြေပြေနဲ့ စီးပွားရေးသမားတွေလေ။ သားလေးတစ်ယောက် ပညာတတ်ဖြစ်အောင် ကျောင်းထားပေးခဲ့ရာက ခုလို အရွယ်ငယ်ငယ်လေးနဲ့ အိမ်ထောင်ကျသွားတယ်ဆိုတော့ ဘယ်စိတ်ကောင်းကြပါ့မလဲ။

နောက်ဆုံး သူ့အဖေ အသိကုမ္ပဏီမှာ ဝင်လုပ်ကိုင်ပြီး အခြေကျသွားမှ ကျွန်မတို့ လင်မယားစားဝတ်နေရေး အဆင်ပြေသွားတယ်။ ကျွန်မကလည်း ဈေးရောင်းဈေးဝယ်လုပ်နေတော့ လင်မယားနှစ်ယောက် သီးသီးသန့်သန့်ပဲ တိုက်ခန်းငှားနေနိုင်လာခဲ့ကြတယ်။

အိမ်ထောင်သက်လေး ဆယ်နှစ်ကျော်လောက်မှာ မြကြေးမုံလည်း ဈေးထဲမှာ ငွေတိုးပေးစားနေခဲ့ရာက ငွေတိုးချေးတဲ့ မိန်းမတစ်ယောက်နဲ့ ခွန်းကြီးခွန်းငယ် စကားများ ရန်ဖြစ်ခဲ့ကြတယ်။ နောက်ဆုံးနှစ်ဖက်စလုံး လက်ပါလာသည်ထိ ဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကလည်း ငွေချေးတဲ့ မိန်းမက ကိုယ့်ငွေပြန်မဆပ်သည့်အပြင် စကားများ စိန်ခေါ်လာလို့ နောက်ဆုံးလက်ပါသွားပြီး နီးရာအထည်ဆိုင်ပေါ်က ကတ်ကြေးနဲ့ ထိုးထည့်ပစ်လိုက်တာ ဒဏ်ရာရသွားရာက ဆေးရုံပေါ်မှာ ရောက်မှပဲ ဆုံးသွားခဲ့တော့တယ်။ အဲဒီလူသေမှုပုဒ်မ ၃၀၄ (က) နဲ့ ထောင်ခုနစ်နှစ် ကျသွားခဲ့တယ်။

အမှုဖြစ်စအချိန်တုန်းကတော့ မြကြေးမုံ အသက်မှ သုံးဆယ်ဝန်းကျင်ပဲ ရှိဦးမယ်။ ခုတော့ ထောင်ကျနေခဲ့တာပဲ သုံးလေးနှစ်ရှိနေပြီ။ နိုင်ငံတော်လာရင်တော့ စောစောလွတ်သွားနိုင်တာပေါ့။

ဘာပဲဖြစ်ဖြစ် ထောင်ထဲမှာ အနေအထိုင် ဆင်းရဲတယ်ဆိုပေမဲ့ ကျန်းမာရေးကိုပဲ ဂရုစိုက်နေရတယ်။ ထောင်ထဲမှာ မကျန်းမာလို့ နေထိုင်မကောင်းလျှင်ဖြစ်စေ၊ မီးဖွားလိုလျှင်ဖြစ်စေ ထောင်ဆရာဝန်ကြီးတွေက ဆေးကုသပေးနိုင်လျှင် တော်ရဲ့။ သူတို့ ကုသလို့မလွယ်တဲ့ ရောဂါမျိုးဆို အပြင်ဆေးရုံထုတ် ကုသပေးခဲ့ကြတယ်။

မြကြေးမုံ ထောင်ထဲရောက်လာမှပဲ လူတွေကို ကြည့်ပြီးတော့ တော်တော် တရားသံဝေဂတွေ ရနေတယ်။ တချို့များဆို ဘာမဟုတ်သည့် ငွေလေး မဖြစ်စလောက်ကို လုလို့၊ ခိုးဝှက်လို့၊ လူသတ်လို့ ထောင်ထဲရောက်လာခဲ့ကြတယ်။

တကယ်တော့ လူတိုင်းဟာ လောဘ၊ ဒေါသ၊ မောဟတရားတွေ မကင်းနိုင်ခဲ့ကြလို့ မဖြစ်သင့်တာတွေဖြစ်ပြီး ထောင်ထဲကိုရောက်လာခဲ့ကြတာပါလား ဆိုတာ တွေးတောနေမိတယ်။ ငါ့ဝမ်းပူဆာမနေသာတော့လည်း ရာဇဝတ်မှုကို ကျူးလွန်ဖို့ ဝန်မလေးကြတော့ဘူးလေ။

ဒီလို တရားရစရာကောင်းတဲ့ နေရာမျိုးမှာ ထောင်ကဖွင့်လှစ်ပေးထားတဲ့ 'ဓမ္မဟိတသုခဂေဟာ' တရားစခန်းလေးမှာ ဗုဒ္ဓဘာသာအခြေခံသင်တန်းမျိုး အပတ်စဉ် ဖွင့်လှစ်သင်ကြားပေးနေတော့ အကျဉ်းသူတွေရဲ့ သောကတစ်စိတ်တစ်ဒေသ ပြေငြိမ်းအောင် ကျင့်ကြံပွားများနိုင်တာပေါ့။

ကိုယ်ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဒုက္ခရောက်နေချိန်မှာ ဗုဒ္ဓရဲ့ အဆုံးအမတွေ၊ ဩဝါဒတွေကို နာရ၊ ကြားရ၊ သင်ယူရတော့ အကျဉ်းသူ

www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ အကျင့်စရိုက်ဆိုးတွေကို အနည်းနှင့်အများ ထိန်းကျောင်းပေးရာ ရောက်တာပေါ့။

တကယ်တော့ လူဆိုတာကလည်း တဒင်္ဂဖြစ်ပေါ်လာတဲ့ မနောစိတ်မှာ ဒေါသပေါက်ကွဲစရာအဖြစ်မျိုးနဲ့ ရင်ဆိုင်ကြုံတွေ့ရသည့်အခါ မိမိစိတ်ကို မထိန်းချုပ်နိုင်ကြလို့ အမှားကို ကျူးလွန်လာခဲ့ကြတာပဲ။

ဒီတော့လည်း ပြစ်မှုပြစ်ဒဏ်တွေ ဖြစ်ပွားလာပြီး ထောင်ကြီးထဲကို ရောက်လာခဲ့ကြတာပဲ။ အမှန်ဆို မိမိစိတ်ကလေးကို သိမ်မွေ့နူးညံ့အောင် ပြုပြင်ဆုံးမထိန်းသိမ်းနိုင်ကြမယ်ဆို ထောင်ထဲကို ရောက်လာစရာအကြောင်း မရှိဘူး။

ခုတော့ ထောင်ထဲမှာ အကျဉ်းသူတွေရဲ့ အကျင့်စရိုက်ကို ပြုပြင်နိုင်အောင် 'ဓမ္မဟိတသုခဂေဟာကျောင်း'လေး ဖွင့်လှစ်ပေးထားပြီး စခန်းဝင်လိုကြတဲ့ ယောဂီအကျဉ်းသူတွေဟာ အများကြီး စာရင်းပေးနေကြတယ်။

တချို့ကလည်း မိမိမှားခဲ့ကြသည့်အမှားကို နောင်တတွေ ရနေကြလို့ ခုလိုမျိုး ဒုက္ခတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရချိန်မှာ မိမိစိတ်ကလေးဖြူစင်လာအောင် သိမ်မွေ့နူးညံ့လာအောင် တရားအားထုတ်နေကြသူတွေရှိသလို တချို့ကလည်း ထောင်ကြီးထဲမှာ အလုပ် မလုပ်ချင်ကြတော့ အလုပ်သက်သာအောင် အပါးခိုပြီး တရားစခန်းဝင်မယ်လို့ စာရင်းပေးခဲ့ကြတယ်။

တကယ်တော့ အကျဉ်းသူအားလုံးရဲ့ အမိုက်မှောင်ဖုံးလွှမ်းနေတဲ့ ကိလေသာစိတ်ကို ခဝါချဆေးကြောသန့်စင်နိုင်အောင် သက်ဆိုင်ရာက တရားစခန်းဖွင့်စီစဉ်ပေးခဲ့တာပါ။ တချို့ကတော့ ထောင်သံသရာလည်နေကြသူများပီပီ တရားစခန်းအကြောင်းပြပြီး အချောင်ခိုချင်လို့ တရားစခန်းဝင်ကြသူက များတယ်။

သက်ဆိုင်ရာက စေတနာရှေ့ထားပြီး ထောင်ထဲမှာ တရားစခန်းတွေ ဖွင့်လှစ်ပေးလို့ အကျဉ်းသူအားလုံးကို လစဉ် ဓမ္မဟိတသုခဂေဟာစခန်းကနေ တရားပြပေးတဲ့ ပြင်ပသာသနာ့ဝင်ဘုန်းကြီးရဟန်းနှင့် လူပုဂ္ဂိုလ်တွေကို ပင့်ဖိတ်ပြီး တရားတွေပြပေးတယ်။ တရားတွေ ဟောပေးတယ်။

ကိုယ်က ပြင်ပမှာနေထိုင်ရစဉ်ကာလတုန်းမှာ မိသားစုတာဝန်တွေနဲ့ မလစ်ဟင်းကြလို့ တရားစခန်းမဝင်နိုင်၊ ဥပုသ်သီလ်မဆောက်တည်နိုင်ခဲ့ဘူးလေ။ ဟော ... ထောင်ထဲလည်း ရောက်လာရော မိမိတို့ပြစ်မှုကြွေးတွေ ပေးဆပ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင်လို့ ဆောင်ရွက်ပေးခဲ့တော့ ဘယ်လောက်ကောင်းလိုက်တဲ့ အကြံအစည်လဲ။

ပြင်ပလောကမှာ နေထိုင်ခဲ့စဉ်ကာလ မအားမလပ်လွန်းလို့ ဘုရားမေ့၊ တရားမေ့နေကြသူတွေဟာ ထောင်ကျလာမှပဲ ကောင်းမှုကုသိုလ်တွေကို လုပ်နိုင်လာကြတယ်။ ရပ်ကွက်ထဲမှာ နိဗ္ဗာန်ဆော်တွေက ဥပုသ်သီလ ဆောက်တည်ကြဖို့ လိုက်လံနှိုးဆော်ပေးတာတောင် ဘယ်မှာ တစ်ရက်တစ်လေတောင် ဥပုသ်မစောင့်နိုင်ခဲ့ကြဘူး။

ခုလို ထောင်ထဲရောက်လာတော့မှပဲ ဗုဒ္ဓ ကယ်ပါဘုရားလို့ဆိုပြီး ကောင်းမှုကုသိုလ်ကို လုပ်ရကောင်းမှန်း သိလာခဲ့ကြတယ်။ အပြင်မှာ လွတ်လွတ်လပ်လပ်တရားစခန်းဝင်ကျင့်ကြံအားထုတ်နိုင်ကြပါလျက် အိမ်ထောင်ရေးဝန်တွေ ပိပြီးတော့ဘုရားမေ့၊ တရားမေ့ဖြစ်နေခဲ့ကြတယ်။

ထောင်ထဲကိုရောက်လာမှပဲ တရားသံတွေ ဝေဝေစည်စည် ကြားလာနေရတယ်။ ထောင်ပိတ်ပြီးချိန်တိုင်း အိပ်ဆောင်ထဲမှာ တန်းစီးကိုယ်တိုင် တရားတော်တွေ တိုင်ပေးပြီး နေ့စဉ် ဘုရားရှိခိုးနေကြတယ်။ ခုလို ကောင်းမှုနယ်ပယ်ထဲကို ရောက်လာတော့မှပဲ ဘုရားမှန်း၊ တရားမှန်း သိလာခဲ့ကြတယ်။

ညစဉ်ညတိုင်း အမျိုးသမီးဆောင်ထဲမှာ ဓမ္မစကြာရွတ်ကြရတယ်။ မေတ္တာသုတ်အပါအဝင် ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်ဖတ်တတ်လာတယ်။ ဒီတော့လည်း ဘုရားမေ့၊ တရားမေ့နဲ့ မိသားစုစားဝတ်နေရေးဆိုတဲ့ ဝဲဩဃသံသရာကြီးထဲမှာပဲ ဆုံလည်နွားပမာ တရစ်ဝဲဝဲ ကျင်လည်နေကြတဲ့ ဘဝဆိုးက လွတ်မြောက်လာခဲ့ကြတယ်။

အဲဒီလို ဗုဒ္ဓရဲ့ အဆုံးအမတရားတွေကို ထဲထဲဝင်ဝင် နာယူမှတ်သားခွင့်ရလာမှပဲ မိမိတို့ စိတ်အဇ္ဈတ္တသန္တာန်မှာ အမှောင်ဖုံးနေတဲ့ ကိလေသာအညစ်အကြေးတွေကို ဖြူစင်သန့်ရှင်းလာအောင် ကျင့်ကြံပွားများနိုင်လာတယ်။

ဒါမှလည်း မိမိတို့ ကျူးလွန်လာခဲ့တဲ့ ပြစ်မှုတွေကို ဆေးကြောသန့်စင်လို့ ရမယ်။ နောက်စိတ်သဘောထားတွေ နူးညံ့ပျော့ပျောင်းလာပြီး သိမ်သိမ်မွေ့မွေ့ နေတတ်ထိုင်တတ်လာမယ်။ ကိုယ့်ဘဝမှာ စွန်းထင်းနေသည့် အမည်းစက်ကြီးကို ခြေဖျက်နိုင်လာကြမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ရောက်တုန်းရောက်ခိုက်လေးမှာ အကျိုးရှိရှိ နေနိုင်အောင် တရားစခန်းကို အပတ်စဉ် အသုတ်လိုက် ဖွင့်လှစ်ပေးနေခြင်းဖြစ်တယ်။ ထောင်ထဲကို ရောက်လာမှပဲ ကုသိုလ်ကောင်းမှုကို လုပ်ရကောင်းမှန်း နားလည်သဘောပေါက်လာကြတယ်။

ခုတော့ အိပ်ဆောင်ထဲမှာ လစဉ်ဖွင့်လှစ်ပေးနေသည့် ဓမ္မဟိတသုတဂေဟာကျောင်းလေးမှာ အကျဉ်းသူလေးတွေဟာ အပေါ်ဖြူအောက်ဖြူပုံစံအကျႌလုံချည်ဝတ်ဆင်လို့ တရားစခန်းဝင်နေကြတယ်။ နောက်ပိုင်း သက်ဆိုင်ရာက ယောဂီရောင်ဝတ်စုံလေးတွေ စီစဉ်ပေးလာတော့ ပိုအဆင်ပြေသွားကြတာပေါ့။

ဒီလို ကောင်းမှုကုသိုလ်နောက်ကို တစိုက်မတ်မတ် လုပ်ကိုင်ပြီးတော့ သံသရာမှာ ဘဝအကျိုးပေးကောင်းအောင် ကျင့်ကြံပွားများအားထုတ်လာခဲ့လို့လားမသိဘူး မြကြေးမုံ့အတွက် လာခြင်းကောင်းသောအကျိုးကျေးဇူးတွေကို ခံစားလာခဲ့ရတယ်။

အဲဒါကတော့ နိုင်ငံတော် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကြော်ငြာ ထွက်ပေါ်လာပြီး နိုင်ငံတော်သမ္မတကြီးရဲ့ မေတ္တာ၊ စေတနာတွေနဲ့ အကျဉ်းထောင်ကြီးထဲမှာ ပြစ်ဒဏ်ကျခံနေကြရသည့် အကျဉ်းသား၊ အကျဉ်းသူများကို ကျင့်–၄၁၁ ဆိုသည့် ပုဒ်မဖြင့် ကျခံပြီး ထောင်နေသား သုံးပုံတစ်ပုံကျခံပြီးသွားသူများကို ထောင်ထဲမှနေ လွှတ်ပေးခဲ့တယ်။

ဒီလိုအချိန်မျိုးမှာ တစ်ထောင်လုံး ပျော်လိုက်ကြသည်မှာ ဝက်ဝက်ကွဲအောင်ပါပဲ။ လွတ်ပြီဟေ့ဆိုသည့် အကျဉ်းသား၊ အကျဉ်းသူများ၏ နှုတ်မှ အော်ဟစ်သံတွေဟာ ဟိန်းဟိန်းထနေတယ်။

ဘယ်လောက်ပျော်စရာကောင်းလိုက်သည့်ဖြစ်ခြင်း၊ ကွဲကွာနေကြတဲ့ မိသားစုဝင်တွေ တပေါင်းတစည်းတည်း ပြန်လည်ဆုံတွေ့ရတော့မှာပါလားဆိုသည့် ဝမ်းသာကြည်နူးခြင်းတွေနှင့် အားလုံးပျော်နေကြတယ်။

မြကြေးမုံ့လည်း မတတ်သာလို့သာ ထောင်ထဲမှာ နေနေခဲ့ရတယ်။ ခုလို လွတ်ပြီးလည်းဆိုရော တစ်စက္ကန့်၊ တစ်မိနစ်လေးတောင် ထောင်ထဲမှာ မနေချင်ဘူး။ အပြင်ဘက်မှာရှိနေတဲ့ မောင့်ရင်ခွင်ထဲကို အပြေးခိုဝင်လိုက်ချင်တာပေါ့။

ဒီလောက်မွန်းကြပ် လှောင်ပိတ်ခံနေရသည့် ထောင်သံသရာကြီးထဲမှာ ဘယ်နေနိုင်ပါ့မလဲ။ နှစ်ပေါင်းကြာရှည်အောင် လှောင်ချိုင့်စံဘဝမျိုးနဲ့ နေနေရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝဋ်ဒုက္ခဆိုးကြီးက ကျွတ်ပြီလွတ်ပြီလေ။ ခုလို လှောင်ချိုင့်စံတံခါးကြီးကို ဖွင့်ပေးလိုက်တော့ သာယာလှပလွန်းသည့် မိုးကောင်းကင်ယံကြီးဆီ အဟုန်ပြင်းပြင်းနဲ့ ပျံသန်းလိုက်ချင်တယ်။

ဒီလိုအချိန်မျိုးမှာဆို မောင့်ကို သိပ်သတိရတာပဲ သိလား။ မောင်လည်း ကျွန်မ လွတ်ပြီဆိုသည့်သတင်းကို ကြားကြားချင်း ပျော်ရွှင်မြူးတူးနေသည့် မျက်နှာနှင့် ကဆုန်ပေါက်ပြီး အပြေးရောက်လာမှာပဲနော်။ ခွဲခွာနေခဲ့သည့် ရက်ကာလတွေအတွက် မောင့်ကို အတိုးချပြီး ချစ်ပစ်လိုက်မယ်ဆိုသည့် ခွန်အားတွေက ရင်မှာ တဖွားဖွားပေါ်ပေါက်လာနေတယ်။

တကယ်ပါ မောင်ရယ်။ ကျွန်မရင်ကို နားစွင့်ကြည့်စေချင်တယ်။ မောင့်ကို လွမ်းလို့ တဖျတ်ဖျတ်ခုန်နေတဲ့နှလုံးကို မောင် ကြားစေချင်လှတယ်။ မောင်တစ်ယောက် နေမှကောင်းပါရဲ့လား။ ကျွန်မ မရှိတဲ့အချိန်မှာ မောင့်ဘဝလေး အဖော်မဲ့နေသလို အထီးကျန်ဆန်နေမလားလို့ တွေးပူနေမိတယ်။

မောင်တစ်ယောက် နိုင်ငံတော် လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့ သတင်းဦးဦးဖျားဖျား ကြားမိနေမှာပါနော်။ ခုလို လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့ သတင်းမျိုးကို ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းတွေကနေ ထုတ်လွှင့်ဖော်ပြပေးနေခဲ့တာကိုများ မကြားခဲ့လို့လား။ မဖတ်ရလို့လား ကျွန်မမှာတော့ မောင်လာပြီး ကြိုနေမှာပဲဆိုပြီးတော့ မျှော်လင့်ဝမ်းသာနေမိတယ်။

မြကြေးမုံတို့က လွတ်ချိန်တန်လို့ လွတ်လာခဲ့ရတာ မဟုတ်ဘဲ နိုင်ငံတော်ကနေ လွတ်ငြိမ်းချမ်းသာခွင့်ပေးသည့်အထဲမှာ ကိုက်ညီနေသူဆိုတော့ ရုတ်တရက် လွတ်လာခဲ့ရတာလေ။

ဒီလို ဝမ်းသာစရာသတင်းကို မောင်မှ ကြားပါလေစ၊ သိပါလေစရယ်လို့ စိုးရိမ်ပူပန်ပွားနေမိတယ်။ မောင် ကျွန်မဆီကို ထောင်ဝင်စာလာမတွေ့ခဲ့တာပဲ ဘယ်လောက်ကြာခဲ့ပြီလဲ။ ကျွန်မကတော့ မောင်တစ်ယောက် အလုပ်တွေကြားမှာပဲ ဝန်ပိနေလေမလားဆိုပြီး အားငယ်နေမိတယ်။

တကယ်ဆို မောင် ဒီသတင်းမျိုးကို တစ်နည်းနည်းနှင့်ကြားမိနေမှာပါ။ ဒါတောင် ကျွန်မ ရှိနေသည့်ထောင်ကို ဘာဖြစ်လို့ မရောက်လာခဲ့ရတာလဲကွယ်။ မောင်ရယ် ကျွန်မကိုများ မုန်းနေပြီလား၊ မေ့နေပြီလားကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မောင် ရောက်မလာခဲ့ဘူး။ ထောင်ထဲက အကျဉ်းသူတွေရဲ့ မျက်နှာတွေမှာ ထောင်က လွတ်ရတော့မယ်လည်း ဆိုရော ပြုံးပျော်ရွှင်မြူးနေကြတဲ့ အပျော်မျက်နှာကိုယ်စီနဲ့ရယ်။ ကျွန်မမှာတော့ ပြုံးရင်းနဲ့ မျက်ရည်လည်နေရတဲ့ အဖြစ်မျိုးပေါ့။

ထောင်ထဲက အကျဉ်းသူတွေကို အသုတ်လိုက် ထောင်ဘူးဝတံခါးကနေ လွှတ်ပေးနေတယ်။ ပြင်ပက ဆွေမျိုးသားချင်းတွေဆိုတာ သူတို့ရဲ့ သက်ဆိုင်ရာ ဆွေမျိုးတွေ ထောင်ကျနေရာက ချက်ချင်း လွတ်တော့မယ်လည်းဆိုရော အပြေးအလွှား လာကြိုနေခဲ့တာများ အုန်းအုန်းထနေတာပဲ။

ဒီအထဲမှာ မောင်မပါလာတော့ ကျွန်မ အားငယ်သွားမိတာပေါ့ရှင်။ ထောင်ရှေ့ လမ်းမပေါ်မှာတော့ ထောင်ထဲက လွတ်လာကြမယ့် လွတ်လူတွေကို ဝမ်းသာအားရ ကြိုဆိုနေကြလို့ တစ်ဦးကိုတစ်ဦး ဖက်ပွေ့နှုတ်ဆက်နေကြတာများ ပျော်စရာကြီး။

ကျွန်မမှာသာ ညှိုးညှိုးငယ်ငယ် မျက်နှာလေးနဲ့ ကျွတ်ကျွတ်အိတ်ထုပ်လေးဆွဲလို့ နွေးကွေးလေးလံနေတဲ့ ခြေထောက်တွေနဲ့ အားငယ်နွမ်းလျစွာပဲ လျှောက်လှမ်းနေခဲ့ရတယ်။ မိမိဘဝက နွေးနွေးထွေးထွေးနှုတ်ဆက်လက်ကမ်းကြိုဆိုမည့်သူ မရှိလေတော့ စိတ်ပျက်လက်ပျက် နွမ်းလျစွာပဲ ခေါင်းငုံ့ပြီးလျှောက်လာနေမိတယ်။

တကယ်တော့လည်း မိမိထောင်ထဲကို ဝင်လာကာစ အရွယ်တုန်းကလို ဆူဆူဖြိုးဖြိုး၊ မို့မို့တင်းတင်းမရှိတော့တဲ့ ခန္ဓာကိုယ်အရွယ်အစားကို မောင်သာ လာကြိုလျှင်လည်း မှတ်မိချင်မှ မှတ်မိနိုင်တော့မယ်။ မောင့်အတွက် စိတ်ပျက်စရာဖြစ်လောက်အောင် ပုံစံပြောင်းလဲသွားတဲ့ ကျွန်မကို လက်သင့်ခံဦးမှာလား ကွယ်။

ကျွန်မက အသက်သုံးဆယ်လောက်မှာ ထောင်ကျလာခဲ့တာဆိုတော့ ခုလို လွတ်မြောက်ချိန်မှာ သုံးဆယ်ကျော်လွန်နေပြီ။ မိန်းကလေးတို့ဘာသာဘာဝဆိုတာ နှစ်ဆယ်နဲ့သုံးဆယ်ကြားအချိန်အခါမှာပဲ ခန္ဓာကိုယ် ဖွံ့ဖြိုးမှုရှိပြီး ထွားထွားဝင့်ဝင့်ရှိနေတာ။ ခုလို သုံးဆယ်ကျော်လာချိန်မှာတော့ အရွယ်ကော် တင်းတိတ်ဟိုင်းလို့ အပျိုဟိုင်းကြီး ဖြစ်နေပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ထောင်ထဲဝင်လာကာစအချိန်တုန်းကလို ထောင်ကို ထောင်ဝင်စာလာတွေ့ပြီး မောင်ပို့ပေးတဲ့ အစာအာဟာရတွေနဲ့ ဆူဆူဖြိုးဖြိုး တောင့်တောင့်တင်းတင်းရှိနေပေမဲ့ မောင် မလာခဲ့တာကြာတော့ စားဝတ်နေရေးကအစ ချို့တဲ့ပြီး အစာအာဟာရလည်း ကောင်းကောင်းမမှီဝဲနိုင်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာကလည်း ချွတ်ခြောက်ယိမ်းယိုင်လာလို့ ဖြူကာပြာကာ ကျနေပြီလေ။

ဘာပဲဖြစ်ဖြစ် မောင့်အပေါ် ကျွန်မ ချစ်ခဲ့တဲ့ ချစ်ခြင်းမေတ္တာတွေကတော့ ရင်မှာ အပြည့်ပါမောင်။ တစ်ရွေးသားမှ မောင့်အပေါ် အချစ်မလျော့ခဲ့ပါဘူးကွယ်။ ကျွန်မ ရင်ထဲမှာ ထာဝရပွင့်လန်းနေတဲ့ ချစ်မေတ္တာပန်းတွေက မောင့်အတွက်ဆိုလျှင် ထာဝစဉ်ရှင်သန်ပေါက်ဖွားနေမှာပါ မောင်ရယ်။

တစ်ဦးနဲ့တစ်ဦး အခြေအနေအရ မတတ်သာလို့ ခပ်ခွာခွာလေး နေနေရတာပေါ့။ ဒါပေမဲ့ ကျွန်မ နှလုံးသားနေရာမှာတော့ မောင်ကလွဲပြီး ဘယ်သူ့ကိုမှ အစားထိုးမရပါဘူးကွယ်။ မောင်နဲ့ကျွန်မ ရှုးရှူးမိုက်မိုက် အရွယ်လောက်မှာ အချစ်ဆိုတာကို ဘာမှန်း နားမလည်ခင်ကတည်းက မောင့်ကို ရူးရူးမိုက်မိုက် ချစ်ခဲ့ရတာပါ။

အချိန်ကာလတွေ ကြာညောင်းလာတော့လည်း မောင့်အပေါ်မှာ တစ်စတစ်စနဲ့ သံယောဇဉ်တွေ တွယ်တာနှောင်ဖွဲ့မိလာရော။ ဒီလို ရစ်ပတ်ပျိုးနေတဲ့ ကျွန်မ မေတ္တာအပေါ် မောင် ဥပေက္ခာပြုသွားမယ်ဆိုလျှင်လည်း ရှိပါစေတော့ မောင်ရယ်။

မောင်ကတော့ ကျွန်မအပေါ်မှာ ဟိုတုန်းကလို နှစ်နှစ်ကာကာ အချစ်မျိုးတွေနဲ့ ချစ်နိုင်ပါဦးမလားကွယ်။ ကျွန်မကို မုန်းနေပြီလား၊ မေ့နေပြီလား။ မောင် ခုလို အချိန်မျိုးမှာ ရောက်မလာပုံထောက်လျှင် မောင် ကျွန်မအပေါ် ထားတဲ့ သံယောဇဉ်တွေ ပြတ်တောက်ကုန်ပြီလားဆိုတဲ့ သံသယစိတ်တွေ ဝင်လာရပြီပေါ့။

မောင် ကျွန်မကို မချစ်ချင်တော့လို့ စွန့်ခွာထားပစ်ခဲ့ပြီဆိုလျှင်လည်း ရှိပါစေတော့ မောင်ရယ်။ ဟိုတုန်းက ချစ်ခဲ့ဖူးတဲ့ သံယောဇဉ်နှောင်ကြိုးလေးတွေနဲ့ သတိတော့ ရနေပါဦးလားကွယ်။

ကျွန်မဘဝမှာ မောင့်ရဲ့ စွန့်ပစ်ခွာသွားခြင်းကိုများ လက်ခံရမလားဆိုတာ မယုံမရဲ အတွေးတွေ ချာချာလည်ရင်း ကျွန်မတို့နှစ်ယောက် တင်ဘဝ

www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ခဲ့ကြတဲ့ ချစ်ဗိမာန်တိုက်ခန်းလေးဆီ အပြေးအလွှား သွားရောက်ခဲ့တယ်။

မောင်အလုပ်တွေ မအားလပ်နိုင်လွန်းလို့များ ကျွန်မဆီကို အကြို မထောက်နိုင်တာလားဆိုသည့် စိုးရိမ်သောကတွေ ရင်မှာပွေ့ပိုက်လို့ တိုက်ခန်းလေးရှိ ငါးလွှာဆီ တက်လာခဲ့တယ်။

ဒါပေမဲ့ ...မြကြေးမုံ မျှော်လင့်အားကိုးယုံကြည်ကိုးစားနေတဲ့ မောင်ကတော့ ရှိမနေပါဘူး။ မောင် အလုပ်သွားနေလို့များ တိုက်ခန်းတံခါးကို သော့ခတ်ပိတ်ထားတာနေမှာပါဆိုပြီး အိမ်ရှင်ဆီကို အကျိုးအကြောင်းသွားမေးတယ်။

အိမ်ရှင်အဒေါ်ကြီးကို အကျိုးအကြောင်းမေးကြည့်ခဲ့တော့မှပဲ ဒီတိုက်ခန်းမှာ မူလငှားထားတဲ့လူက အခန်းပြန်အပ်သွားလို့ သော့ခတ်ပိတ်ထားခဲ့တာကြာပြီတဲ့လေ။ ကျွန်မ ရင်မောသွားရပြီကောကွယ်။

မောင့်ကိုတွေ့ဖို့ ဘယ်လိုလိုက်ရှာရပါ့မလဲ။ ကျွန်မကို ထားခဲ့ပြီး ခြေရာဖျောက် လစ်ပြေးသွားခဲ့ပြီလား။ မောင်ရှိတတ်မယ့်နေရာ အနှံ့တွေကို မောင်ပျောက်ရှာပုံတော် ဖွင့်နေမိတယ်။

မောင့်မိဘ၊ မောင့်သူငယ်ချင်းတွေအားလုံးက မသိပါဘူးဆိုသည့်အဖြေကိုသာ တညီတညွတ်တည်း ပြောကြားလာတော့ မောင် ကျွန်မ မတွေ့အောင်ခြေရာဖျောက်ရှောင်တိမ်းသွားပြီဆိုတာ သဘောပေါက်နားလည်လာတော့တယ်။

ဟင် ဒါဆို မောင် ဘယ်ရောက်နေပြီလဲ။ ကျွန်မတို့နှစ်ဦးသား အတူတကွ ပေါင်းသင်းနေထိုင်ခဲ့တဲ့ ချစ်စံအိမ်လေး ပျောက်ဆုံးသွားခဲ့ပြီပကောကွယ်။ ကျွန်မကို စွန့်ပစ်ထားခဲ့ပြီး မောင် ခြေရာလည်းဖျောက်၊ ရေလည်း နောက် လုပ်သွားခဲ့ပြီလား။ မောင် ဘယ်ဆီကိုများ ရောက်နေပြီလဲ။ ဘယ်မှာလဲ သစ္စာရှင်ရယ်ဆိုပြီး ကျွန်မမှာတော့ ရှာလိုက်ရတာ ဖတ်ဖတ်မောနေပြီ။

ကျွန်မ မရှိတော့သည့်အခိုက်အတန့်မှာ မောင်တစ်ယောက်တည်း အထီးကျန် ဆန်နေခဲ့လို့ အဖော်မွန်သစ် ရှာသွားခဲ့ပြီလား။ မိဘတွေ ရင်ခွင်ထဲကိုများ ကျွန်မကိုစောင့်ရင်း ပြန်နေလေမလားဆိုသည့် အတွေးများနှင့် ချာချာလည်နေခဲ့ရပြီကောကွယ်။

ခုတော့ ကျွန်မတစ်ယောက်တည်း ထောင်က လွတ်လာပြီးကတည်းက တစ်နေ့လုံး မောင်ပျောက်ရှာနေရတာနဲ့ ဖတ်ဖတ်မောနေပြီ။ မောင် ရှိနိုင်မယ့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်တွေမှာလည်း မောင့်သတင်း လုံးဝမကြားရဘဲ အစအန ပျောက်နေတယ်။

ညနေစောင်းလောက်မှာတော့ မောင့်ကို ရှာဖွေနေရသည့်ဇောနှင့် ဝမ်းဗိုက်က ဆာလောင်မွတ်သိပ်ရမှန်း မသိတတ်တဲ့ ဝမ်းဗိုက်ထဲက တကျွတ်ကျွတ် မြည်သံထွက်နေပြီး ဝမ်းဟာနေပြီလေ။ ဒီတော့မှ ထောင်ထဲက ထွက်လာကတည်းက ဘာမှမစားခဲ့ရသေးသည့် ဝမ်းဗိုက်က ဆာလောင်မွတ်သိပ်လာနေပြီ။

လက်ထဲမှာ ကျစ်ကျစ်ပါအောင် ကိုင်ဆုပ်ထားသည့် လွတ်လူလက်မှတ်နှင့် လမ်းစရိတ်ပေးလိုက်သည့် ငွေနှစ်ကျပ်ကို တွေ့မြင်တော့မှ ကမန်းကတန်း လမ်းဘေးက အကြော်ဆိုင်မှာ အကြော်နှစ်ခုဝယ်စားလို့ ဝမ်းဗိုက်အာဟာရကို ဖြည့်ရတော့တယ်။

အကြော်ဆိုင်မှာ အကြော်နှစ်ခုဝါးရင်း လမ်းဘေးရေအိုးစင်က ရေကို တစ်ဝသောက်ပစ်လိုက်တယ်။ ဩော် . . . ဒီလိုညနေခင်း ခြေခင်းလက်ခင်းသာတဲ့ ညနေပိုင်းမှာ ထောင်ထဲမှာဆို ထမင်းဘုတ်က ထမင်းဝေနေပြီ။ ကိုယ့်အတွက် ပုံစံတစ်ပုံစံကို ယူပြီးတော့ ငါးပိလေးမြှုပ်လို့ အားရပါးရ ပလုတ်ပလောင်းစားနေရပြီ။

ထောင်ထဲမှာဆိုတာက ဘာအပူအပင်မှ မရှိဘဲ အချိန်တန်လျှင် ထမင်းနှစ်နပ်ကို အေးအေးချမ်းချမ်း စားသောက်နေရတာ။ ပြင်ပလောကကို ရောက်လာမှပဲ အစားအသောက်အတွက် ပူပင်ကြောင့်ကျနေရပြီ။ အေးအေးလူလူ ဘေးမသီရန်မခဘဲ နေနေခဲ့ရတဲ့ ထောင်ထဲကိုပဲ လွမ်းချင်သလိုလိုရယ်။

ခုတော့ ထောင်က လွတ်လာခဲ့ပြီပဲလေ။ ပြင်ပကမ္ဘာမှာတော့ ဘယ်မှာ စိတ်ချလက်ချနေလို့ ရပါ့မလဲ။ အထူးသဖြင့် မိန်းကလေးတစ်ယောက်တည်း လမ်းမကြီးပေါ်မှာ ခြေသလုံးအိမ်တိုင် လျှောက်သွားနေရတော့ အန္တရာယ်များလှတယ်။ တော်ကြာ မသူတော်တွေနဲ့များ တွေ့သွားလျှင် ခက်ရချည်ရဲ့။

အမျိုးကောင်းသမီးလေးတွေရဲ့ ဘဝက ပြင်ပလောကမှာ တစ်ယောက်တည်း ယောင်လည်လည်နဲ့ လျှောက်သွားနေခဲ့တာကို ထောင်ထဲက ပန်းဆိုးတန်း မိသန်းတို့လို အတန်းအစားထဲကလို မှတ်နေလျှင် မလွယ်ကြောဘဲ။

ဒါကြောင့် မိမိဘဝလေး ခေတ္တခဏနားခိုစရာကို ရှာဖွေကြည့်လိုက်တော့မှ ဘုရားရိပ်၊ တရားရိပ် ဝေစည်နေတဲ့ ရွှေတိဂုံဘုရားအနီးပတ်ဝန်းကျင်ကို

www.burmeseclassic.com



ရောက်နေခဲ့မှန်း သတိပြုမိတော့တယ်။ ဘာပဲဖြစ်ဖြစ် အေးအေးဆေးဆေးရှိနေနိုင်တဲ့ ဘုရားကုန်းမြေပေါ်မှာ မိမိ အခိုက်အတန့် နားခိုရင်း ရှေ့ဆက်ဘယ်လို စခန်းသွားလျှင် ကောင်းမလဲလို့ ဆုံးဖြတ်ခဲ့တယ်။

ကျွန်မ ဘုရားခြေတော်ရင်း လှေကားကနေ ဘုရားပေါ်ကို တရွေ့ရွေ့ တက်လာနေတယ်။ အဲဒီအချိန်မှာ ဘုရားကုန်းတော်ပေါ်ကနေ တဖြည်းဖြည်း ဆင်းလာနေသည့် စုံတွဲတစ်တွဲကို အောက်ခြေကနေ လှမ်းမြင်နေရတယ်။

ဟိုတုန်းကတော့ ကျွန်မလည်း မောင်နဲ့နှစ်ယောက်ရွှေလက်တွဲလို့ ပျော်ခဲ့ရသည့် ဘဝလေးကို ပြန်လည်သတိရနေမိတယ်။ မောင့်ရဲ့ အကြင်နာ၊ မောင့် အယုအယတွေနဲ့ တသိမ့်သိမ့် ရင်မှာ ခံစားပျော်ခဲ့ရတယ်လေ။ ဒီလို စုံတွဲလေးကို မြင်ရပြန်တော့ မောင့်ကို သတိရသလိုလို၊ လွမ်းချင်သလိုလိုရယ်။

ကျွန်မ ဘုရားပေါ်ကနေ ဆင်းလာနေသည့်စုံတွဲလေးကို အားကျလို့ စူးစူးစိုက်စိုက် လှေလာအကဲခတ်ကြည့်နေမိတယ်။ အို ... ကျွန်မ ရင်တွေ ဗလောင်ဆူသွားအောင် ရင်မှာ လစ်ဟာသွားသလို ခံစားလိုက်ရတယ်။ ဘုရား တန်ဆောင်းက တိုင်ကြီးဘေး ပြေးကပ်နေရာယူလို့ ပုန်းကြည့်နေခဲ့တယ်။

ဟုတ်ပါတယ်၊ မောင်မှမောင် အစစ်ပါလားကွယ်။ ကျွန်မ မျက်ဝန်းထဲမှာ ဘယ်သောအခါမှ ပျောက်ပျက်မသွားနိုင်တဲ့ မောင့်ပုံရိပ်ကို ဘယ်မမှတ်မိဘဲ နေပါ့မလဲကွယ်။ အစကတော့ မောင်နဲ့ တူလိုက်တာလို့ အမှုမဲ့အမှတ်မဲ့ ကြည့်နေမိတာ။ လား ... လား ... ခုမှပဲ မောင်မှမောင်အစစ်ပါဘဲ။

ခုတော့ သင်းက ကျွန်မနေရာမှာ နောက်တစ်ယောက်ကို အစားထိုးနေပါပြီကော။ ကြည့်စမ်းပါဦး ... ဆံပင်ကုတ်ဝဲ ကောင်မလေးတစ်ယောက်နဲ့ လက်ချင်းချိတ်လို့ ပြုံးပျော်ရွှင်မြူးနေကြတာများ အသည်းဆတ်ဆတ်နာတယ်။ လုပ်ရက်ပါပေ့ မောင်ရယ်။ ကျွန်မ မရှိတော့တာနဲ့ အရာရာကို မေ့သွားပြီပေါ့လေ။

ကျွန်မ ထောင်ကျသွားခဲ့တာနဲ့ပဲ အဆက်ဖြတ်ထားခဲ့ပြီးတော့ နောက်လူအသစ်နဲ့ ရွှေလက်တွဲလို့ ချစ်ပွဲဝင်နေခဲ့ပြီပေါ့။ ဟိုတုန်းကတော့ ကျွန်မကို တစ်နေ့ မမြင်ရလျှင် မနေနိုင်ဘူးလို့ ရှူးမတတ်ပြောခဲ့တဲ့စကားတွေ ခုတော့ မုသားတွေမှန်း ကျွန်မ နားလည်လိုက်ပါပြီ မောင်။

မောင်တို့ယောကျ်ားတွေရဲ့ နှုတ်ဖျားက ပြောလာခဲ့တဲ့ မာယာစကားတွေကို ယုံခဲ့မိတာ ကျွန်မ အမှားပါ။ ပလီပလာ ချစ်စကားတွေပေါ်မှာ သာယာမိန်းမူး

www.burmeseclassic.com



ကျေနပ်နေမိတဲ့ ကျွန်မတို့ မိန်းမသားတွေကပဲ အ,လို့ နလို့လားဆိုတာ ကျွန်မ ကိုယ်တွေ့ကြုံမှပဲ ယုံလိုက်ပါပြီ မောင်ရယ်။ ခုလို ကျွန်မ မျက်စိရှေ့မှောက်မှာ ဘွားခနဲ ရင်ဆိုင်ကြုံတွေ့လိုက်ရမှပဲ ဒေါသတွေ ရင်မှာ တလိပ်လိပ်တက်လာနေ တယ်။

ကျွန်မ ရင်ထဲမှာ တောက်လောင်နေသည့် ချစ်မီးလျှံတွေကို ကျွန်မ ဘယ်လိုများ ငြိမ်းသတ်ရပါ့မလဲ။ ဖွဲမီးပမာ တမြေ့မြေ့ လောင်ကျွမ်းနေသည့် ဒေါသ အစိုင်အခဲတွေကို ကျွန်မ ချွန်းအုပ်မရနိုင်အောင် တုန်လှုပ်ချောက်ချားလာနေ တယ်။

မထူးပါဘူးလေဆိုပြီး စိတ်ရှိလက်ရှိ ပြေးပြီး ကောင်မဆံပင်ကို ဆွဲလို့ ပါးကို ဘယ်ပြန်ညာပြန်ရိုက်ပြီး 'ဟဲ့ ... လင်ခိုးမ'လို့ ဆိုဆဲကာ [illegible]ပြီးရိုက်ရလျှင် ကောင်းမလားဆိုသည့် စိတ်မိုက်စိတ်ရိုင်းတွေ တလူလူလွင့်ပျံ့နေခဲ့မှာပဲ [illegible] ...

"တုံ ... တုံ ... တုံ ... တုံ"

ဆိုသည့် အုန်းမောင်းရိုက်ခတ်သံကြီး ရုတ်တရက် မြည်[illegible]ကြီး ကို နားစည်မှာ ကြားလာနေရတယ်။ ဘုရားခြေတော်ရင်းမှာ တည်ခေါက်ထား သည့် ဘုန်းကြီးကျောင်းက အုန်းမောင်းခေါက်သံဟာ သတိလက်လွတ် ဖြစ်မတတ် ခံစားနေရသည့် နှလုံးအိမ်ဆီကို သတိပေးသံလိုလို ဖြစ်သွားတယ်။

ဒီအချိန်မှာပဲ ကျွန်မ ခေါင်းထဲကို အလင်းတန်းတစ်ချက် ပြန့်လွင့်ဝင် ရောက်လာနေတယ်။ ဟိုတုန်းက ညနေ ထောင်ပိတ်ပြီးသွားချိန်မှာ ခေါက်နေ သည့် ရွှေရင်အေးသံချောင်း ခေါက်သံကို ဂတ်မကြီးပေါ်ကနေ အချက်ပေးခေါက် နေတာ ပြေးသတိရသွားတယ်။

ကျွန်မတို့ အကျဉ်းသူတစ်သိုက် ညနေထောင်ပိတ်ပြီးသွားသည့်အခါ အိပ်ဆောင်ထဲမှာ နေ့စဉ် ဘုရားဝတ်တက်နေရတာကို ပြေးသတိရလာမိတယ်။ ထောင်ထဲမှာ ရောက်နေခိုက် ဓမ္မဟိတသုခဂေဟာကျောင်းလေးမှာ တရားစခန်း လစဉ်ဝင်နေခဲ့တာတွေကို အမှတ်ရလာနေတယ်။

ဒီတော့မှ သတိလက်လွတ် တရားလက်လွတ်ဖြစ်တော့မှာပါလားဆို သည့် အသိတရားတွေ ဝင်လာတယ်။ ကျွန်မ ကျင့်ကြံပွားများအားထုတ်လာခဲ့ သည့် တရားတွေ နေ့စဉ်ရွတ်ဆိုနေကြ မေတ္တာသုတ်ပရိတ်တရားတော်တွေက ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



သတိလက်လွတ် ဖြစ်သွားသည့် စိတ်သမ္ဘဖဉ်ကို အချိန်မီ ထိန်းသိမ်းနိုင်လာတယ်။

ခုချိန်မှာတော့ ဂျင်းစိမ်းနဲ့ မိသာလင်လို သူကြင်မှ ကိုယ်ကြင်မှာပေါ့လေ။ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်အောင် ထိမ်းသိမ်းစောင့်ရှောက်နိုင်ရမယ်လို့ ဗုဒ္ဓတရားတော်တွေကို ထောင်ထဲမှာ သင်ယူမှတ်သားလာခဲ့ပြီပဲ။

ကိုယ်က ကိုယ်ကျင့်တရားပျက်ပြားလို့ ထောင်ကျနေခဲ့တာမှမဟုတ်ဘဲ။ ကိုယ့်ငွေကို ချေးထားပြီး ပြန်မဆပ်နိုင်လို့ တစ်ဦးနှင့်တစ်ဦး ကတောက်ကဆ စကားများခဲ့ရာက ခြေလွန်လက်လွန် ဖြစ်သွားခဲ့ရတာပဲ။ ကိုယ့်လိပ်ပြာ ကိုယ် သန့်ပါတယ်။ ဒင်းက အသစ်မြင်လို့ ချစ်ချင်သွားတာကိုလည်း သွားပြီးကဏ္ဍကောဇ လုပ်မနေချင်တော့ပါဘူး။ ရှိပါစေတော့ မောင်ရယ်၊ မောင်မချစ်တော့လို့ ထားခဲ့လျှင်လည်း ကျွန်မဘဝက ဘာတတ်နိုင်မှာလဲလေ။

ကျွန်မ ထောင်ကျသွားခဲ့ရသည့် ဒီအမည်းစက်ကြီးကို မောင် ရွံရှာသွားခဲ့တာလား။ ကျွန်မ အနေအထိုင်မတတ်လို့ လော်လီဖောက်ပြန်ခဲ့လို့လား။ မောင်သေသေချာချာ ပြန်စဉ်းစားကြည့်ပါဦးကွယ်။ ကျွန်မလို ထောင်ထွက်တစ်ယောက်ကို လက်တွဲခေါ်ရမှာများ ရှက်ရွံ့သွားပြီလားကွယ်။

တကယ်တော့ လူ့လောက လူ့နယ်ပယ်ကြီးထဲမှာ နေထိုင်ကြစဉ် အခိုက်မှာ လူဆိုတာ တစ်ကြိမ်တစ်ခါတော့ မှားတတ်ကြတာချည်းပါပဲ။ ကျွန်မဘဝလေး ဖြူစင်သန့်ရှင်းတုန်းကတော့ ကျွန်မကို ချစ်လှပါချည်ရဲ့ဆိုပြီး အရှုံးအမှူး စွဲလမ်းခဲ့လို့ ခိုးရာလိုက်ပြေးခဲ့ကြတာလေ။

ခုတော့ အသစ်တွေ့သွားလို့ အဟောင်းကိုမေ့သွားပြီဆိုလျှင်လည်း ရှိပါစေတော့ မောင်ရယ်။ မမျှော်လင့်တဲ့ ကံကြမ္မာအလှည့်အပြောင်းမှာ ကျွန်မဘဝကတော့ ထောင်ကျခဲ့ဖူးသွားပြီလေ။

ဘာပဲဖြစ်ဖြစ်ပေါ့ မောင်ရယ်။ လူ့ဘဝကြီးထဲမှာ လူဖြစ်လာကြတုန်း အခိုက်အတန့်မှာ မုန်းတီးနာကြည်းမှုတွေနဲ့ မပေးဆပ်လိုတော့ပါဘူး။ ကျွန်မ တစ်ခါမှားခဲ့ပြီးလို့ နောင်တတွေ ရနေပါပြီ။

မောင်မှ မလိုချင်တော့လို့ စွန့်ပစ်ထားခဲ့ပြီပဲ။ ကျွန်မ ထောင်ကျသွားခဲ့ရတဲ့ အမည်းစက်ကြီးကြောင့် မောင့်ပတ်ဝန်းကျင်၊ မောင့်အသိုင်းအဝိုင်းကြားမှာ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာငယ် အပြောခံရမယ့် အဖြစ်မျိုးကိုလည်း ကျွန်မ မဖန်တီးချင်တော့ပါဘူး ကွယ်။

ရှိပါစေတော့ မောင်ရယ်၊ ကျွန်မတို့ မိန်းမသားတွေရဲ့ဘဝက ဆူးပေါ် ဖက်ကျလည်း ဖက်ပေါက်ရသလို၊ ဖက်ပေါ်ဆူးကျလည်း ဖက်ပဲပေါက်ခဲ့ရတဲ့ ဘဝမျိုး။ မောင် မျှော်မှန်းထားသလိုမျိုး ကျွန်မဘဝက ထောင်ထွက်တစ်ယောက်ပါ မောင်။

ကျွန်မအဖို့တော့ ထောင်ထဲကို မမျှော်လင့်ဘဲ ရောက်သွားခဲ့တော့မှပဲ လူတွေရဲ့ဘဝ၊ လူတွေရဲ့အကြောင်းကို ဂဃနဏ လေ့လာသိရှိခဲ့ရပြီမို့ ထောင်က ပေးခဲ့တဲ့ သင်ခန်းစာတွေနဲ့ပဲ ကျွန်မကို ခိုင်မာရပ်တည်နိုင်လာအောင် ပြုပြင်ပြောင်းလဲသွားမှာပါ။

ကျွန်မ စိတ်ဓာတ်တွေ ရင့်ကျက်လာနေပါပြီ။ ကျွန်မ ခွန်အားတွေ ပြည့်မောက်နေပါပြီ။ ရှေ့ဆက်ပြီး ကျွန်မဘဝလေး ခိုင်မာရပ်တည်နိုင်အောင် ဘယ်လိုကြိုးစားရုန်းကန်လှုပ်ရှားရမယ်ဆိုတာကို သဘောပေါက်နားလည်သွားပါပြီ။

ကျွန်မ အသက်အရွယ်လည်း ကြီးလာပြီဆိုတော့ ထောင်ထဲက အတွေ့အကြုံတွေနဲ့ ဘဝမှာ ရင့်ကျက်လာပါပြီ။ ငယ်စဉ်အရွယ်တုန်းကလို စိတ်လိုက်မာန်ပါ လုပ်ချင်စိတ်တွေ စွန့်လွှတ်ခဲ့ပါပြီ။ ကျွန်မဘဝကို ပဲ့ပြင်ထိန်းကျောင်းပေးတဲ့ တရားဓမ္မတွေနဲ့ပဲ ကျွန်မဘဝ ရှင်သန်ပါတော့မယ် မောင်ရယ်။

နောက်ဆုံး ကျွန်မစိတ်ကို ပိုင်ပိုင်ထိန်းချုပ်နိုင်လိုက်တာဟာ ဘုန်းကြီးကျောင်းထဲက ခေါက်လိုက်သည့် အုန်းမောင်းခေါက်သံလေးကပဲ သတိသမ္ပဇဉ်ကို ထိန်းချုပ်ပေးလိုက်နိုင်တာ ဖြစ်ပါတယ်။

ကျွန်မ တိုင်ကွယ်ကနေ ငေးမျှော်ကြည့်နေတုန်းမှာပဲ မောင်တို့ စုံတွဲကတော့ ဘုရားခြေတော်ရင်းကို လှေကားတစ်ထစ်ချင်း နင်းလို့ ရွှေလက်တွဲပြီးတော့ ဆက်လျှောက်သွားနေကြတယ်။ မောင်တစ်ယောက် ပြုံးပျော်ရွှင်မြူးနိုင်ကြပါစေ။

ကျွန်မ မောင်တို့စုံတွဲကို ငေးမျှော်ကြည့်နေရင်း ဒီဘဝတစ်သက် မောင်နဲ့ အဝေးကြီး ဝေးကွာသွားကြပါပြီကောလို့ ရင်ထဲမှာ တမြေ့မြေ့ခံစားလာခဲ့ရတယ်။ ကျွန်မ ကျင့်ကြံပွားများအားထုတ်ခဲ့တဲ့ တရားသဘောတွေနဲ့ ဘယ်လိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ဆေးကြောသန့်စင်စင် သံယောဇဉ်တွယ်ခဲ့ဖူးတဲ့ ချစ်ဦးသူပါလားလို့ အသိစိတ်တွေကတော့ ခေါင်းထဲမှာ တဝဲလည်လည်ရယ်ပါ။

ကျွန်မလည်း ပုထုဇဉ်လူသားပါ မောင်ရယ်။ ကိုယ့်အသည်းတွေက ဘယ်လောက်ပဲမာမာ၊ နာကြည်းနေတယ်ပဲ ပြောပြော ကျွန်မရဲ့ မျက်ဝန်းလေးထဲမှာတော့ မိန်းမသားတို့ဘာသာဘာဝ မျက်ရည်မိုးလေးတွေ ဝေ့သီနေခဲ့တာကိုတော့ မောင်တစ်ယောက် သိနိုင်တော့မှာ မဟုတ်ပါဘူး။

ဘယ်လိုပဲ ကိုယ့်ကိုယ်ကိုယ် ဟန်ဆောင်ထားပေမဲ့ ရင်ထဲက ပျံ့လွင့်လာသည့် ကြေကွဲရှိုက်သံလေးကိုတော့ မောင်တစ်ယောက် ကြားပါလေစကွယ်။ တကယ်တော့ ကျွန်မက ထောင်ထွက်တစ်ယောက်ပါ မောင်ရယ် ...။

☼ ☼ ☼

ထောင်မှူးမမ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

မှိုင်းပြနေသော တောင်တန်းကြီး။ တောင်တန်းကြီးရဲ့အောက်မှာတော့ ကျွန်မ ချစ်တဲ့ ချင်းတွင်းမြစ်ကြီး။ ကျွန်မချစ်တဲ့ ချင်းတွင်းမြစ်ကြီးက ဒီတစ်ခါတော့ လှပတဲ့ မင်းသမီးလေး 'က'သလို နွဲ့နှောင်းမနေပါဘူး။ ညင်သာတဲ့ ရေစီးသံလေးနဲ့ သာယာတဲ့ ဂီတသံတစ်ခုကိုလည်း မဖန်တီးပါဘူး။ (ဒေါသခက်ထန် ရန်လိုပေါက်ကွဲ) သံစဉ်တွေ အားလုံးပေါင်းစပ်နေတဲ့ သိပ်ကြမ်းတဲ့ ဂီတသံစဉ် တစ်ခုကို တီးခတ်လို့ပေါ့။

ဝသန်ကာလရဲ့အောက်မှာ ချင်းတွင်းမြစ်ကြီးက ဒီလိုပဲ ပေါက်ကွဲတတ်သတဲ့။ ကမ်းပြင်တစ်ခုလုံး ရေတွေအပြည့်။ ရေစီးသံက အောင်စည်အောင်မောင်းတွေ တီးခတ်လို့။ ကျွန်မ ချင်းတွင်းမြစ်ကြီးကို ငေးကြည့်နေမိ၏။ ရန်လိုနေပေမဲ့လည်း ချင်းတွင်းမြစ်ကြီးကတော့ လှပနေဆဲပါပဲ။ ခန့်ညားနေဆဲပါပဲလေ။

ဒီနေ့ လခထုတ်ရက်မို့ ကျွန်မတို့တစ်တွေ စိုပြည်နေကြ၏။ သုံးမိုင်မြေမှ မမြင်ရတဲ့ လက်ဖက်ရည်ဆိုင်မှာ ထိုင်၊ တစ်လလုံးလုံး တမ်းတရတဲ့ အီကြာ



www.burmeseclassic.com

www.burmeseclassic.com



ကွေး ပူပူနွေးနွေး၊ ပေါက်စီဖွေးဖွေး ဖြူဖြူကြီးတွေ၊ ကြွပ်ရှပူနွေးနေတဲ့ ထပ်တရာတွေ စားပြီး ကျွန်မရဲ့ ကိုယ်ပိုင်ကမ္ဘာလေး လုပ်နေကြ၏။ မြစ်ကမ်းနဖူးရဲ့ လက်ဖက်ရည်ဆိုင်မှာ ကျွန်မတို့ သုံးမိုင်မှ ဝန်ထမ်းတွေ၊ တောကနေ မြို့တက်လာတဲ့ တိုက်ဂေါ်တွေလို အရာရာ ကြည့်မဝ ရှုမဝ ဖြစ်နေကြ၏။

ပခုက္ကူထောင်မှလာသော အညာသားဝန်ထမ်းများ၏ ရေနွေးကြမ်းအားပေးမှုကို ဆိုင်မှကောင်လေးက မျက်စောင်းခဲနေပေပြီ။ ဒါလည်း ကျွန်မတို့အုပ်စု မခွာသေး။ ရောင်စုံထီးကြီးအောက် ပန်းနုရောင်ခုံလေးတွေပေါ်ထိုင်၊ မြစ်ပြင်က တိုက်ခတ်လာတဲ့ လေနုအေးကို ရှူရှိုက်ပြီး ပေလီစတိုင်၊ ချောင်းသာစတိုင် ဖမ်း၍ ဂိုက်ပေးကြမ်းနေကြ၏။ ဒုထောင်မှူးကတော် ဒေါ်ရေဗက္ကာကလည်း ဒါနတွေ ကောင်းနေ၏။

"လက်ဖက်သုပ် ချဉ်စပ်တစ်ပွဲ"

သူ့အသံ မဆုံးသေး ရေနွေးကြိုက်အညာသားက ရေနွေးဘူး မြှောက်ပြပြီး . . .

"ရေနွေးတစ်ဘူးပါ ထည့်ခဲ့ဟေ့"

စားပွဲထိုးကလေးက စိတ်ပေါက်လာပုံရ၏။ ရေနွေးဘူးကို နှစ်ဘူးကိုင်ပြီး လာချ၏။

"ကြိုက်သွားပြီဟေ့ . . . စီးကရက် လာချဦး"

ကောင်လေး ပေစောင်းစောင်းထွက်သွားတော့ ကျွန်မတို့အုပ်စု ကြိတ်ရယ်ကြ၏။ အညာသားက အသားမည်းပါတယ်ဆိုမှ သနပ်ခါးက အဖွေးသားနှင့် တဟဲဟဲရယ်ရင်း ရေးနွေးငွဲ့သောက်နေကြသည်။ သူတို့အုပ်စု အသုပ်စားနေပေမဲ့ ကျွန်မမျက်ဝန်းအစုံက ချင်းတွင်းမြစ်ကြီးမှ ခွာပြီး အဖြူရောင်ဒန်းလေးဆီသို့။ ကျွန်မတို့စားပွဲမှ ခြေလှမ်းငါးလှမ်းခန့်သွားရင် အဖြူရောင်ဒန်းလေးဆီကို ရောက်၏။ ဒါန်းလေးက မျက်နှာငယ်စွာ စီးမယ့်သူမရှိ။

ဟိုဘက်စားပွဲဝိုင်းမှ ခန္တီးသူများကလည်း ခေတ်နောက်ကျမနေပါ။ ဂျင်းဘောင်းဘီရှည်၊ ဘောင်းဘီဒူးဖုံး၊ ဂျင်းဘောင်းဘီတိုများနှင့် ကျောက်စိမ်းမြေ၏ တိုးတက်မှုကို လှစ်ပြနေ၏။ ရွှေထွက်၊ ကျောက်ထွက်တဲ့ နယ်မြေလေ။ ရန်ကုန်မြေက ခေတ်ရှေ့ပြေးနေတယ်ဆိုတာလောက်တော့ ရယ်တာပေါ့ ဖြစ်ခဲ့မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



အမေဘေး ကျီတိုက်နေသော ဒေါ်ရေဗက္ကာ၏ကလေးကို ကျွန်မ စည်းရုံး လိုက်သည်။

"သား ... လာ ... အန်တီနဲ့ ဒန်းသွားစီးရအောင်"

ကလေးက နှစ်ခါ မစည်းရုံးရပေ။

"ဆရာမကတော့ လုပ်ပြီ။ လာပါ ... လက်ဖက်သုပ်စားပြီးမှ သွား"

"လက်ဖက်သုပ်က သုံးမိုင်မှာလည်း စားရတာပဲ။ ခဏလေး ကလေး ကို ဒန်းစီးခိုင်းလိုက်ဦးမယ်"

အမှန်တော့ ကလေးစီးချင်တာ နည်းနည်း။ ကျွန်မက စီးချင်နေတာပါ။

☼ ☼ ☼

[၂]

❑

မြစ်ကမ်းနဖူးက ဒန်းဖြူလေးပေါ် လွှဲယမ်းစီးနေသော ကျွန်မ။ အပျော် ကြီး ပျော်နေ၏။ ကြီးလေးတဲ့ တာဝန်တွေ၊ အမြဲတမ်း စောင့်ကြည့်နေရတဲ့ ငှက်ဖျားခြင်တွေ၊ အငြိုးတကြီး ရှာတတ်လွန်းတဲ့ မိုးစက်တွေ၊ နေဝင်ဆည်းဆာအလှ မှာ အိပ်တန်းပြန်ကြတဲ့ ဗျိုင်းဖြူတွေကို အထီးကျန်ဆန် ငေးမောကြည့်ခဲ့ရသော ကျွန်မလေ။ သတ္တိခဲဘွဲ့တစ်ခု ဆွတ်ခူးဖို့ အားတင်းနေရသော ကျွန်မ။ အလွမ်း ဝေဒနာလေးတွေ ရင်မှာ တီးခတ်လာတော့လည်း ဝေ့ဝဲလာတဲ့ မျက်ရည်စများကို ထိန်းချုပ်ဖို့ ကြိုးစားနေရတဲ့ ကျွန်မပါ။

တစ်ခါတလေကျတော့လည်း ကိုယ်လုပ်ချင်ရာ လုပ်ရတဲ့ ဆန္ဒလေးက တကယ်စိတ်ချမ်းသာစရာ ကောင်းတာပဲ။ 'ဘဝ'ကို တာဝန်နဲ့ ပေါင်းစပ်ထားတော့ 'ဆန္ဒ'ဆိုတာ စိတ်ကူးပါ။ တကယ့်လက်တွေ့ အကောင်အထည်ဖော်ဖို့ နည်း တယ်လေ။ နည်းပါးတဲ့ 'ဆန္ဒ' တစ်ခုအောက်မှာ ကျွန်မ ဒန်းလေးစီးနေတော့ ရယ်စရာများ ဖြစ်နေမှာလား။

www.burmeseclassic.com

www.burmeseclassic.com



''ဆရာမရေ ... ဒီမှာ သရက်သီးမှည့်တွေ ကောင်းလိုက်တာ။ ဝယ်ရအောင်''

''ဝယ်ပါ ... ဒါ ပင်မှည့်တွေ။ သဘော်လာမှာမို့ ခူးလာတာ။ တစ်လုံးမှ (၅၀) ထဲ''

ကြည့်စမ်း ... နားရှိလို့သာ ကြားရတယ်။ ဒီလောက်ဝင်းမှည့်ပြီး အလုံးကြီးတဲ့သရက်သီး တစ်လုံးမှ (၅၀) တဲ့။ ကုန်စျေးနှုန်းက လောကတစ်ခုလုံး သကြားစံအိမ်ထိ မာနကြီးနေတာ။ ဒီသရက်သီးရောင်းတဲ့ အဒေါ်ကြီး သဘောကောင်းလှ၏။ သိကြားမင်းကြီးက သနားလို့ လူယောင်ဖန်ဆင်းပြီး လွှတ်လိုက်တာများလား။

ကျွန်မကလည်း သုံးမိုင်မှာ မစားရတာမို့ လောဘတကြီး ဝယ်၏။ ဆွမ်းတော်ကပ်ဖို့၊ ကျန်ခဲ့တဲ့ သူငယ်ချင်းတွေ မျှဝေပေးဖို့၊ ပြီးတော့ ရေဆေးပြီး အားရပါးရ ကိုက်စားနေမိ၏။ လေးလေးနဲ့ ချိုမြပြီး လတ်ဆတ်လှ၏။ ပင်မှည့်မို့လား မသိ စားလို့မဝပေ။

☼ ☼ ☼

# [၃]

❑

''သဘော် လာပြီဟေ့''

တစ်ဦးတစ်ယောက် အော်သံကြောင့် ကျွန်မတို့ လူစုကွဲသွား၏။ ဒုထောင်မှူးကတော်က သူ့ခင်ပွန်း သဘော်နှင့်ပါလာမှာမို့ ကလေးဆွဲပြီး ပြေးလေပြီ။ မုံရွာထောင်မှ ကိုသန်းမြိုင်ကလည်း ကျွန်မကို မစောင့်။ သူ့ဇနီးနှင့်သား ပါလာမှာမို့ ချီတက်သွားပြီ။ ကျွန်မကလည်း အားကျမခံ။ သရက်သီးမှည့်စာရင်း သူတို့နောက် လိုက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ခန္တီးရဲ့ကမ်းတစ်ဖက်မှာ လူအုပ်ကြီးက တိုးမပေါက်။ တညင်းသီးအိတ်တွေကလည်း ဆိပ်ကမ်းအပြည့်။ တညင်းသီးထွက်သောမြို့မို့ ခန္တီးမြို့မခေါ်ဘဲ တညင်းသီးမြို့လို့ အမည်ပေးလို့ပင် ရနိုင်သည်။ သင်္ဘောကြီးက တဖြည်းဖြည်း ကမ်းကို ကပ်လာလေပြီ။

"ကိုကြီးကျော် ××× တို့ကိုကြီးကျော် ××× ထူးလည်းထူးတယ် ××× မူးလည်းမူးတယ် ××× တို့ကိုကြီးကျော်"

သင်္ဘောပေါ်မှ ထွက်ပေါ်လာသော မြူးကြွနေသည့်တေးသံ။ သင်္ဘောပေါ်မှ လူအုပ်ကြီးကလည်း ကမ်းပေါ်မှ ကြိုလာသူများကို လက်ယမ်းပြနေ၏။ ဒီဘက်ကမ်းကလည်း လူတွေအပြည့်အသိပ် ကျွန်မ သရက်သီးမှည့် ကိုက်စားရင်းနဲ့ တွေးနေမိ၏။

"လူကြီးတွေရောက်လို့ လာကြိုနေတဲ့အတိုင်းပဲ။ ငါသာ တစ်ချိန်က ဘုရင့်သမီးတော်တစ်ပါး ဖြစ်ခဲ့ရင် ဒီလိုလာကြိုကြမယ်နဲ့ တူတယ်"

အတွေးကတော့ ခပ်မြင့်မြင့်။ တညင်းသီးအိတ်ကို မှီပြီး သင်္ဘောကြီးကို ငေးကြည့်နေမိ၏။

"ဒီလောက်ခေါင်းပါးတဲ့ သုံးမိုင်ထားခဲ့ပြီး ငါ သင်္ဘောကြီးနဲ့ မုံရွာပြန်လိုက်သွားရင် ကောင်းမလား"

အတွေးစုံ၊ အငေးစုံနေသော ကျွန်မ။ ခေါ်သံတစ်ခုကြောင့် စားလက်စ သရက်သီးလွတ်ကျမလို ဖြစ်သွား၏။

"ဆရာမ ••• ဘယ်သူ့လာကြိုတာလဲ"

တွေ့ရလိမ့်မယ်လို့ မထင်မှတ်ထားသူတစ်ယောက် တွေ့လိုက်ရ၏။ သူမပါလား။ လှလို့၊ လန်းလို့။

"သင်္ဘောပေါ်မှာ ဝန်ထမ်းတွေပါလို့ လာကြိုတာလေ။ နေပါဦး ••• ပြန်မှာဆို မပြန်ဘူးလား"

"မပြန်တော့ဘူး ••• ဆရာမရယ်။ ဒီမှာပဲ အဆင်ပြေနေတယ်။ ကျွန်မ အိမ်ထောင်လည်း ပြုလိုက်ပြီ"

ဩော် ••• မပြန်တဲ့အပြင် ယောက်ျားတောင် ရလို့ပါလား။ ကျွန်မကလည်း မမေးမဖြစ် မေးခွန်းကို မေးလိုက်၏။

"ကောင်းကောင်းမွန်မွန်ဆိုတော့ ဝမ်းသာပါတယ်။ ဟိုဟာတွေ မသုံးပဲနဲ့တော့နော်။ လုပ်တုန်းပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်တော့ဘူး ... ဆရာမရဲ့။ ရိုးရိုးသားသားပဲ လုပ်စားတာပါ။ ဆရာမတို့ဆီလည်း မရောက်ဖြစ်ဘူး။ သတိရတယ် ဆရာမ"

သဘော်ကပ်လာပြီမို့ အဆင်းအတက်ကြားမှာ လူက ပိုရှုပ်လာ၏။

"သွားမယ်နော် ... ဆရာမ၊ အားလုံးကို သတိရကြောင်း ပြောလိုက်ပါဦး"

လက်ပြနှုတ်ဆက်သွားသော သူမကျောပြင်ကို ငေးကြည့်ရင်း သူမနှင့် ဆုံဆည်းခဲ့သော အတိတ်ကို ကျွန်မရောက်သွား၏။ သူမက ... ဟုတ်ပါတယ် သုံးမိုင်မြေရဲ့ နရသိန်မှာ နားခိုခဲ့တဲ့ မူးယစ်ဆေးမှု ... မကြွေပင်။

☼ ☼ ☼

## [၄]

❑

အညာသူကျွန်မ ခန္တီးနရသိန်ရောက်တော့ ကြောင်စီစီဖြစ်နေ၏။ ပုဒ်မတွေက မူးယစ်ဆေးဝါးမှုတွေများ၏။ လူမျိုးက အစုံ။ မြေပြန့်ထောင်တွေမှာလို မဟုတ်။ ရှမ်း၊ ကချင်၊ နာဂတွေ များ၏။ ပြောလိုက်ကြတဲ့ စကားတွေ။ ကျွန်မမှာ ကိုးရိုးယားကား ကြည့်နေရသလို။

ခေါင်မာယား - ထမင်းလာပြီ။ (ရှမ်းစကား)

အူးနီးဝူနော် - နေကောင်းလား။ (နာဂစကား)

ရှိစပ်အားမို - ထမင်းစားပြီးပြီလား (နာဂစကား)

ခေါက်ကျင်ယာလေး - ထမင်းစားမယ်။ (ရှမ်းစကား)

ဖောက်စန်းကျင်း - ဘာဟင်းလဲ (ရှမ်းစကား)

ရှမ်းမနဲ့ နာဂတွေ စကားပြောသံတွေကြား ကချင်ကလည်း ပါသေး၏။

ခရှင်းနာ - ရေချိုးမယ်။

ဖွန်းခဂျော့နာ - အပင်ရေလောင်းမယ်။

www.burmeseclassic.com

www.burmeseclassic.com



ခန္တီးရောက်တာ နှစ်နှစ်မပြည့်သေး။ ဒေသစိမ်း၊ နေရာစိမ်း စကားသံ တွေကလည်း ကျွန်မတို့အတွက် စိမ်းနေသေး၏။ စားချင်တာ မစားရတာမျိုး၊ ငှက်ဖျားမြေမို့ ခြင်ကြောက်ရတာတစ်ဖုံ၊ သူတို့စကားတွေကို နားမလည်တာက တစ်နည်းမို့ အနေအထိုင်မကျသေးတာတော့ အမှန်ပင်။ ဒီကြားထဲ ရှားရှားပါးပါး ဘုတလင်မှာ ကျသူပါလာ၍ စကားစမည်ကြသေး၊ သူက ပြဿနာနှင့်။ သူမ အမည်က မကြွေ။ မူးယစ်ဆေးဝါးရောင်းဝယ်မှု ပြစ်ဒဏ် (   )နှစ်တဲ့။ တစ်နေ့ ရေကန်ဗာရာရောက်လာ၏။ မျက်နှာမကောင်း၊ ဒေါသလည်း ထွက်နေပုံရ၏။ ကျွန်မကို လာတိုင်ခြင်းဖြစ်သည်။ ရေကန်ဗာရာဆိုသည်က ရေကန်သန့်ရှင်းရေး အကျဉ်းသူများ အလှည့်ကျရေချိုးခြင်းများကို တာဝန်ယူရသူ။

"ဆရာမရယ် ... စဉ်းစားကြည့်ဦး၊ လူပါးဝလွန်းတယ်။ အီထွေးရဲ့အကျီ က ရေကန်ထဲ ကျသွားတယ်။ အီထွေးရဲ့ အကျီအကြောင်းလည်း သိသား ကြောင်တောင်တောင်ရယ်။ မကြွေလာတိုင်လို့ ကျွန်မ ရှင်းပေးပြီးသား။ နောက် မကျစေနဲ့လို့ ပြောလိုက်ပြီးသား။ အဲဒါကို မကြွေက ပြောသတဲ့။ ရေတွေကို အကုန် သွန်ပြီး လဲပေးဖို့ ထောင်နောက်မှာ ပြောနေသတဲ့လေ"

☼ ☼ ☼

[၅]

❑

မကြွေကို ကျွန်မ ခေါ်ခိုင်းလိုက်၏။ တော်တော်နှင့် ပေါ်မလာပေ။ ရောက် တော့လည်း အကြောက ပေစောင်းစောင်း၊ ဒေါသထွက်နေသူ၊ ပိုပြီး ပေါက်ကွဲ စရာပင်။

"ဒါ ကျွန်မပြောတာ အမှန်ပဲ။ မကျေနပ်ရင် ခေါ်ရှင်းပေါ့"

ခံရတဲ့သူတွေ ဒေါသမထွက်ဘဲ သူက ဒေါသနဲ့။ ဒါတွင်မကသေး တဟီး ဟီး ငိုချလိုက်သေးသည်။ ဒီထက်ဆိုးတာက ငိုရင်းဖြင့် 'ဘိုင်း' ခနဲ လဲသွားခြင်း

www.burmeseclassic.com

www.burmeseclassic.com



ပင်။ ကျွန်မတို့တစ်တွေ ကြောင်ကြည့်နေကြ၏။ အကြောင်းမသိသူများဆိုလျှင် ကျွန်မတို့ကပဲ တစ်ခုခု လုပ်လိုက်သလို။

တောင့်တောင့်ကြီးဖြစ်ပြီး မေးလို့မရတော့။ ကျွန်မတို့တစ်တွေ ချွေးပြန်ပြီး ဆေးမှူးပြေးခေါ်ရ၏။ ဆေးတစ်လုံးထိုးပြီးမှ အင်းအင်းအဲအဲ လုပ်လာသည်။ ပြီးတော့ ဆေးမှူးရှေ့ အော်ငိုပြလိုက်သေး၏။ ပြောခံရတာမှန်ပေမဲ့ ကျွန်မတို့ ငြိမ်နေကြ၏။ တာဝန်ခံသိလျှင် ကျွန်မတို့ ရှင်းပြရမည်။ သုံးရက်လောက်မထဘဲ ပေပြီးအိပ်နေ၏။ ဘာတစ်ခုမှ ထပြီးမလုပ်ပေ။ ကျွန်မတို့လည်း ထပ်ပြီး အော်ငို မေ့လဲနေမှာမို့ ဘာမှမပြောဘဲ အသာကြည့်နေလိုက်သည်။ နေကောင်းတော့ သူက သနပ်ခါးအဖွေးသား၊ လည်တခါခါ၊ ခေါင်းတခါခါနဲ့ သူပဲ သူတော်ကောင်း။ ဒါက ခန္တီးမြေမှ မကြွေ၏ ရိုက်ချက်ပင်။

သူမ အငို၊ အမေ့၊ သရုပ်ဆောင်မှုအောက်မှာ ကျွန်မတို့ဆရာမတွေ အောင့်သက်သက်ခံလိုက်ရသည်။ ဘာမှရှင်းပေးချိန်မရ။ အပြစ်ပြောချိန်မရ။ ဩော် ... ရိုးရှင်းတဲ့ တိုင်းရင်းသားတွေကြားမှာ စုန်းပြူးကလည်း ပါသေးတာပဲ နော်။

''ဆရာမက မကြွေအကြောင်းမသိလို့ တစ်ခါကလည်း အခန်းလူကြီး အတင်းချတာ သူပဲ။ အခန်းလူကြီးနဲ့ စကားများပြီး ရုံးရောက်တော့ ဘာမှတောင် မမေးရသေးဘူး တက်ပြီး မေ့သွားလို့ ကျွန်မတို့ ဝိုင်းမ,ခဲ့ရတာလေ။ သူက ဒီလို ပဲ မာယာတော့ များတယ်။ စကားရှုပ်တာလည်း သူပဲ။ ကျွန်မတို့ဖြင့် သူ့လို မလုပ်တတ်ဘူး''

ကချင်တိုင်းရင်းသူ ဂျာဘောက်၏ ရင်ဖွင့်သံပင်။ ဆရာဝန်လာတိုင်း သူမကို ပြပေး၏။ တော်သေးသည်။ ကျွန်မရောက်ပြီး ရှစ်လလောက်မှာ သူမ လွတ်သွား၏။ ကျွန်မတို့ ဆရာမတွေ ဝမ်းသာလို့မဆုံးပေ။ နို့မို့ရင် သူမ၏ အငို၊ အမေ့၊ ဒဏ်ကို ဘယ်လောက်ခံရမလဲ မသိပေ။

အခုတော့ သူမ အညာမြေဘုတလင်ကို မပြန်ဘဲ ခန္တီးမြေမှာ ပျော်နေတယ်ဆိုပဲ။ တော်သေးတယ်။ မူးယစ်ဆေးဝါးပြန်မရောင်းလို့။ ပြန်ရောင်းပြီး နရသိန် ရောက်ရင် ကျွန်မတို့ ပြန်လည်ဆုံစည်းကြဦးမယ်။ ကျွန်မကတော့ စကားရှုပ်ပြီး ထိုင်ငိုတတ်သော၊ တက်တတ်သော သူမနှင့် မဆုံဆည်းလိုပေ။ ဘယ့်နှယ် ကိုယ့် အပြစ်နဲ့ကိုယ် ထောင်ကျလာပြီး နောင်တမရဘဲ ဘဝတူအကျဉ်းသူတွေကို စိတ် ရှုပ်အောင် လုပ်ရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



လွတ်လူ ကြေညာတဲ့နေ့ကလည်း ကြည့်။ သူမငိုပြီး တက်သွားပြန်သည်။ သတိရလို့မေးကြည့်တော့ ဝမ်းသာလွန်းလို့ ဖြစ်သွားတာပါတဲ့။ ကျွန်မတို့ဆရာမ တစ်စု သူမကို စောင့်ကြည့်ရတာ အလုပ်တစ်ခု။ စကားရှုပ်တတ်၍ ရန်ဖြစ်မှာ တစ်မျိုး၊ ငိုပြီးတိုင်း တက်မှာကြောက်ရတာတစ်နည်း။ သူမ လွတ်တော့ သူမ ထက် ကျွန်မက ပိုပြီးဝမ်းသာနေ၏။ လွတ်တဲ့နေ့ သူမက ဆရာမတွေကို နှုတ်ဆက်လို့။

“မကြွေ ...ကိုယ့်နေရပ်ကို ရောက်အောင်ပြန်နော်။ မူးယစ်ဆေးဝါးတွေ ပြန်မလုပ်နဲ့တော့။ ကိုယ်က ကျန်းမာရေး မကောင်းဘူးလေ”

ကျွန်မ စကားအဆုံးမှာ သူမ ငိုဖို့ မျက်ရည်ထွက်လာလေပြီ။ တက်သွားရင် ဒုက္ခ။ ဒါပေမဲ့ အဲဒီနေ့က သူမ မတက်ပါ။

☼ ☼ ☼

[၆]

❑

ကျွန်မ အတွေးစကို ရပ်တန့်ချိန်မှာတော့ သင်္ဘောကြီးပေါ်မှာ ဆူညံသံတွေ တိတ်ဆိတ်သွားပါပြီ။ သင်္ဘောပေါ်မှ ပါလာကြသော အညာကုန်များကို ကမ်းနားဘေးမှာ ချခင်းရောင်းကြ၏။ မုံရွာထွက် မြေပဲဆားလှော်၊ မျှစ်ချဉ်၊ ခရမ်းချဉ်သီး၊ အာလူး၊ ကြက်သွန်နီတွေက ဆိုင်ပေါ်မှာ ပုံဟီးလို့။ ဈေးကလည်း ခန္တီးဈေးနဲ့ တစ်ဝက်နီးပါးချိုတာမို့ အားပေးလိုက်ကြတာ ပွဲတော်ကြီးတမျှပင်။ သင်္ဘောဆိုက်မှ ခန္တီးမှ ခန္တီးဒေသခံတွေ အများစု ဈေးချိုချို စားကြရစမြဲ။ တော့လည်း ခန္တီးမြို့ခံတွေ တစ်ဆင့်ပြန်ရောင်းမယ့် ဈေးသည်တွေ စောင့်နေကြခြင်းပင်။ တော်တော်များများ မမြင်ရသော ဂေါ်ရခါးသီး၊ မုန်လာဥ၊ ရုံးပတီ

www.burmeseclassic.com

www.burmeseclassic.com



သီးများကို ဝယ်ကြ၏။ သနပ်ခါးတုံး (၂၀၀၀) နှုန်းပါ ကပ်နေ၍ ကျွန်မတို့ သနပ်ခါးကို ရွှေတာလိမ်းနေရ၏။

အခုတော့ မုံရွာမှ သနပ်ခါးစစ်စစ်များ ပါလာ၍ ကျွန်မတို့စိတ်တိုင်းကျ ဝယ်ရပေပြီ။ မုံရွာမှ အညာကုန်များကို တောင်ပေါ်ဒေသမှသူတွေ အားပေးကြသလို ခန္တီးမြေရဲ့ ဒေသထွက် တညင်းသီးအိတ်များကိုလည်း မုံရွာကို ပြန်လိုက်ရန် တင်နေပေပြီ။

အမှန်တော့ ဝသန်ရာသီမှာ အချိန်မှန်ရောက်လာတဲ့ သင်္ဘောကြီးက မြေပြန့်နဲ့ တောင်ပေါ်ဒေသ၏ ထွက်ကုန်များကို အပြန်အလှန် ဖလှယ်ဆက်သွယ်ပေးနေတဲ့ ချစ်စရာကောင်းတဲ့ သင်္ဘောကြီးပါပဲလေ။

လူတွေအားလုံး ခုလို စက်လှေပေါ်ရောက်တော့ ကျွန်မတို့ ငွေတစ်ပြားမှ မရှိတော့။ ဒါပေမဲ့ တစ်လစာလုံလောက်စွာ ဝယ်လာပြီမို့ စိတ်ပူစရာမလိုပေ။ စက်လှေက ချင်းတွင်းမြစ်ကြီးရဲ့ အပေါ်မှ ခုတ်မောင်းလို့။ စက်လှေဦးမှ စတိုင်နဲ့ ထိုင်နေသော ကျွန်မလည်း မှိုင်းပြာနေတဲ့ တောင်တန်းကြီး ကြည့်လိုက်၊ ကမ်းတစ်ဖက်တစ်ချက်မှာရှိတဲ့ ရိုးသားသန့်စင်တဲ့ ရှမ်းရွာလေးတွေကြည့်ရင်း လောကကြီးကို မေ့နေ၏။ ချင်းတွင်းမြစ်ကို ဖြတ်တိုက်ပြီးလာတဲ့ လေအေးအေးလေးတွေ ကျွန်မဆံနွယ်ကို ဆော့ကစားလို့လေ။ အမိမြေရဲ့ ရင်ခွင်ထဲမှာရှိတဲ့ တောင်တန်းကြီးတွေ၊ ချင်းတွင်းမြစ်ကြီး၊ ချစ်စရာတိုင်းရင်းသားတွေနဲ့ နွေးထွေးခံစားခွင့်ရတဲ့ ကျွန်မ ဘယ်လောက်ကံကောင်းလဲဟင်။

BURMESE CLASSIC

မြန်မာပြည်ထဲက လှပတဲ့ ပန်းချီကားတစ်ချပ်ထဲမှာ ကျွန်မကလည်း ပါဝင်ခွင့်ရတဲ့ ရောင်စုံဆေးစက်လေး တစ်စက်ပေါ့။ အခုတော့ ကျွန်မ အတိတ်ကိုလည်းမေ့၊ အနာဂတ်ကိုလည်းမေ့၊ ငိုတတ်၊ တက်တတ်တဲ့ မကြွေကိုလည်းမေ့။ ပစ္စုပ္ပန်မှာ ပျော်ရွှင်နေတဲ့ လူသားတစ်ယောက်ဘဝကို ပိုင်ဆိုင်နေပြီလေ။ ကျွန်မက တိုင်းရင်းသားတွေ တောင်တန်းပြာကြီးတွေထဲမှာ အသစ်မွေးဖွားလာတဲ့ လူတစ်ယောက်ပေါ့။

လူသားသစ်မြန်မာပေါ့နော်။ တူထပ်တဲ့ မြို့ပြ တိုးတက်ခေတ်မီနေတဲ့ အလှတွေကြားမှာ လတ်ဆတ်တဲ့ လေကောင်းလေသန့်ကတော့ ရှားပါးမှာ အမှန်ပဲ။ ခေတ်ရှေ့ပြေးနေတဲ့ မြို့ပြအလှတွေကြားမှာ သဘာဝအလှတရားတွေနဲ့ တိုင်းရင်းသားတွေရဲ့ ရုပ်ပုံလွှာကို ရေးဆွဲဆဲ ပန်းချီကားတစ်ချပ်ကတော့ ရှားပါး

www.burmeseclassic.com

www.burmeseclassic.com



မှာပါ။ ပကတိအလှတရားတွေနဲ့ သက်ဝင်နေတဲ့ ပန်းချီကားကြီးက ကျွန်မအတွက် အမြဲကြည့်ခွင့်ပေးထားတဲ့ ကံကောင်းခြင်းလက်ဆောင်ပေါ့။ သဘာဝပန်းချီကား ကြီးကို ကြည့်ရင်း ကျွန်မကတော့ ခန္တီးမြေမှာ ပျော်နေဆဲပါ။ ဒါပေမဲ့ အညာရဲ့ အလှ ထန်းတောညိုညိုကြီးတွေ ရိုးသားပွင့်လင်းတဲ့ အညာမြေရဲ့ မြေပြန့်အလှ တွေကိုလည်း ကျွန်မ အမှတ်ရနေဆဲပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်မက ရိုးသား ဖြူစင်တဲ့ အညာသူတစ်ယောက် ဖြစ်နေလို့ပါပဲ။ ရိုးသားဖြူစင်ခြင်းက ကျွန်မ ပိုင်ဆိုင်ခွင့်ရှိတဲ့ တန်ကြေးထားတဲ့ 'ဂုဏ်'တစ်ခု ဖြစ်နေလို့ပါ။ ကျွန်မမှာ ပိုင်ဆိုင်မှု ဆိုတာ ဒီတစ်ခုတည်း ရှိပါတယ်လေ။ အရာရာတိုင်းကို ပညာ၊ ဓန၊ ရာထူးနဲ့ တိုင်းတာတတ်ကြတဲ့ လူသားတွေကြားမှာ ကျွန် မပျော်ပါဘူး။

အတ္တ၊ မာန၊ မစ္ဆရိယ မျက်လုံးစိမ်းတွေ မရှိတဲ့ တောင်တန်းပြာကြီးနဲ့ ဖြူစင်တဲ့ တိုင်းရင်းသားတွေရဲ့ ရင်ခွင်ထဲမှာ ကျွန်မ ပျော်နေတာ အဆန်းတော့ မဟုတ်ပါဘူး။ ရိုးသားခြင်း၊ ဖြူစင်ခြင်း၊ ငြိမ်းချမ်းခြင်းကို ကျွန်မက ဘဝလို့ သတ် မှတ်ထားလို့ပဲ။ ဒါ အမှန်တရားတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်မ သတ်မှတ် ထားတဲ့ 'စံ'အတွက်တော့ အမှန်တရားပါပဲ။ အတွေးစတွေ စုစည်းချိန်မှာတော့ ပကတိလက်ခံရမယ့် အမှန်တရားတစ်ခုက ကြိုဆိုနေပါတယ်။ အမြဲတမ်း မှန်ကန် တဲ့ အမှန်တရားကတော့ 'တာဝန်' တွေပါပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်မ ပျော်ပါသည်။ နိုင်ငံတော်အတွက် အုတ်တစ်ချပ် သဲတစ်ပွင့် ပေးဆပ်ခွင့်ရလို့ပါ။ ကျွန်မက နိုင်ငံတော် က ပိုင်တဲ့ နိုင်ငံ့သမီးပါ။ နိုင်ငံတော်ရဲ့ ပေးအပ်တဲ့ တာဝန်တွေကို ကျွန်မ ကျေရ မှာပါ။

BURMESE CLASSIC

☼ ☼ ☼

ရွှေသုန္ဒရီ(သလ္လာဝတီ)

www.burmeseclassic.com